
www.burmeseclassic.com

သော်တာဆွေ

# ဘွန္တော ကြက်သူခိုး



BURMESE CLASSIC .com

စိတ်ကူးချိုချိုပညာ တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၄၆၂/၂၀၀၁ (၅)
မျက်နှာဖုံးခွင့်ပြုချက် ၄၃၆/၂၀၀၁ (၆)

မျက်နှာဖုံးဒီဇိုင်း ဒ.ဓ.ဝ
ပုံနှိပ်သူ ဦးထွန်းထွန်းဦး
(၀၆၄၂၆)
အင်ကြင်းဦးပုံနှိပ်တိုက်
၁၅၊ တက္ကသိုလ်ရိပ်သာလမ်း
ဗဟန်း။ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ် ဦးတိုးဝင်း (၀၂၄၃၁)
နေလရောင်အော့ဖ်ဆက်
၁၁-လမ်း။ ရန်ကုန်။
ထုတ်ဝေသူ ဦးကျော်ဆန်း
ရဲအောင်စာပေ (၀၉၃၂)
အမှတ် ၂၊ ချွန်း၊ (၁) လမ်း။
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ပုံနှိပ်ခြင်း တတိယအကြိမ်
ဩဂုတ်လ၊ ၂၀၀၁ ခုနှစ်
အုပ်ရေ ၅၀၀
တန်ဖိုး ၃၀၀ ကျပ်
၄၀၀-ကျပ်

BURMESE CLASSIC .com

## ခင်မျိုးချစ်၏ အမှာစာ

ဝတ္ထုရေးသူအဖို့ အရေးကြီးသော ပစ္စည်းနှစ်ရပ်မှာ ဇာတ်လမ်းနှင့် ဇာတ်ကောင်ဖြစ်သည်။ ဝတ္ထုဖတ်သူများ၏ စိတ်တွင် ထိုဇာတ်မှန်းသိလျက်နှင့် 'တကယ့်အဖြစ်အပျက်များလေလား' ဟု ထင်ယောင်ထင်မှား ဖြစ်သွားစေနိုင်သည်။ ဝတ္ထုဇာတ်လမ်းကိုပင် တကယ့်အဖြစ်အပျက်ပမာ စာဖတ်သူ၏ စိတ်တွင်းဝယ် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ဒေါသဖြစ်ခြင်းဖြစ်ပေါ်လာအောင် ဆွဲဆောင်သွားစေနိုင်သည်။ ဝတ္ထုရေးသူ လက်စွမ်းထက်လျှင် ထက်သလို ဇာတ်ကောင်များသည် ဝတ္ထုရေးဆရာ၏ စိတ်ကူးအရိပ်အယောင်မျှသာမဟုတ်ဘဲ တကယ့်လူတွေကဲ့သို့ ထင်မြင်စေနိုင်သည်။ ဝတ္ထုတစ်ပုဒ်ကို ဖတ်ပြီးလျှင် 'ဒီလိုလူမျိုးတွေ တကယ်မရှိပါဘူးကွာ၊ ဝတ္ထုထဲသာ စာရေးဆရာရဲ့ စိတ်ကူးနဲ့လုပ်ထားလို့သာဖတ်နေရတာပါ' ဟု စာဖတ်သူ၏စိတ်၌



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သွားလျှင် ဝတ္ထုရေးဆရာသည် သူ၏ဇာတ်ကောင်ကို တကယ့်လူနှင့်တူအောင် အသက်မသွင်းနိုင်ဟု ဆိုရပေမည်။ ဝတ္ထုတစ်ပုဒ်၏ တောင်းခြင်းလက္ခဏာမှာ ဇာတ်ကောင်ပေါ်တွင် များစွာတည်နေသည်။

သော်တာဆွေ၏ 'ဘွန္တောကြက်သူခိုး' ဝတ္ထုကို ဝတ္ထုကောင်းတို့ ရှိအပ်သော အင်္ဂါများနှင့် ပြည့်စုံသည် မပြည့်စုံသည်ကို စံချိန်ထိုး၍ ကြည့်ရန်လိုပေသည်။ ဘယ်လို စံချိန်ထိုးမည်နည်း။ မမီလို့ ရှုံးကာမှ ရှုံးစေတော့၊ ကမ္ဘာ့စာပေတွင် ဝတ္ထုကောင်းဟု ထင်ရှား အသိအမှတ်ပြုထားသော ဝတ္ထုကြီးများနှင့် နှိုင်းကြည့်ရတော့မည်။ (မကျော်ရ ပြန်ရုံပေါ့ သော်တာဆွေရယ်၊ ယှဉ်မည့်ယှဉ် ထိပ်တန်းနှင့် ယှဉ်ကြရအောင်)

ကမ္ဘာ့ စာပေကောင်းစာရင်းဝင် ရှားလော့ဟုမ်းစုံထောက်ဝတ္ထုများမှာ ဇာတ်လမ်းအချိတ်အဆက်သည် အကွက်လည်လှသည်။ စာဖတ်သူများ၏စိတ်၌ကား ရှုပ်ထွေးဆန်းကြယ်သော ဝတ္ထုဇာတ်လမ်းကို သေချာစေ့ငုစွာမှတ်မိကျန်ရစ်ခဲ့ရန် ခဲယဉ်းပေသည်။ သို့သော် ဆေးတံကြီးခဲနေသည့် နှာခေါင်းချွန်ချွန်၊ စူးရှသော မျက်လုံးရှိသော စုံထောက်ကြီးရှားလော့ဟုမ်း (မြန်မာလို ဦးစံရှား) ကိုကား စာဖတ်သူ၏ စိတ်တွင် စွဲကျန်ခဲ့သည်။ စာရေးဆရာကြီး ဆာကွန်နန်ဒွိုင်းသည် သူ၏ဇာတ်ကောင်ရှားလော့ဟုမ်းကို အသက်သွင်းနိုင်ခဲ့သည်။

ရှားလော့ဟုမ်းသည် စာဖတ်သူတို့၏ စိတ်တွင် တကယ့်လူကဲ့သို့ မည်မျှစွဲသည်ကို သာဓကတစ်ခုက သက်သေခံသည်။ တစ်ရံခါသော် ပြင်သစ်ပြည်မှ ကျောင်းသားကလေးများ အင်္ဂလန်သို့အလည်





အပတ်လာကြရာ ခေါင်းဆောင်ဆရာဖြစ်သူက 'မင်းတို့ဘယ်ကို အရင်ဆုံးသွားကြည့်ချင်ကြသလဲ၊ ဝက်စမင်စတာ ဘုရားရှိခိုးကျောင်းလား၊ ဘတ်ကင်ဟမ်နန်းတော်ကြီးလား' ဟု မေးရာ ကျောင်းသားလေးများက 'ဘေကာလမ်းက ရှားလော့ဟုမ်းနေတဲ့ အိမ်ခန်းကို သွားကြည့်ချင်ပါတယ်' ဟု ဖြေကြသော ဟူသည်။

ကြက်သူခိုးဝတ္ထုဇာတ်ကောင်များဖြစ်ကြသော ကိုတက်ပုနှင်းမောင်နှံနှင့် သားကလေး ဟစ်တလုံးတို့ကို ရှုမဝမဂ္ဂဇင်း 'မြူပြာမှုလကျို' ဝတ္ထုတွင် စတင်တွေ့ခဲ့ရသည်။ 'ဦးကြီးမှူ' ဝတ္ထုတွင် သူတို့မိသားတစ်စုသာမက ဦးကြီးဖြိုး၊ အရိုးချစ်စုတို့နှင့် မိတ်ဆက်ခဲ့ရပြန်သည်။ ထန်းရေကလေး တမြုံမြုံနှင့် ကိုတက်ပု၊ ကြက်ခိုးတွင် ဝိဇ္ဇာဘွဲ့ရ ကိုတက်ပု၊ မြာကလေးတွေနှင့် နန့်တတ်သည့် ကိုတက်ပု၊ ကောင်းဟူသမျှကို စုံအောင် နည်းနည်းချင်း ဝါသနာကလေးပါတတ်သော ကိုတက်ပု၊ မယားနှင့် ယောက္ခမသာမက သားတော်မောင်ဟစ်တလုံး ကုမ္ဘာကိုပါ ကြောက်ရသည့် ကိုတက်ပုသည် စာဖတ်သူကို ရယ်ချင်အောင်၊ သူ့ကိုတစ်ခါတစ်ခါ အမြင်ကတ်လာအောင်၊ တစ်ခါတစ်ခါ သနားလာအောင်ဆွဲဆောင်နိုင်လေသည်။ သူ့ဇနီး မငွေမြိုင်ခေါ် မနော်ကလည်း ကြက်သူခိုးကတော် ပီသပါပေသည်။ 'မြူပြာမှုလကျို'ဝတ္ထုတွင် လင်ကကြက်ခိုးသွားတယ်ဆိုလျှင် အိပ်မှုန်စုံမွှားနှင့်ထ၍ ငရုတ်သီးထောင်းနေပြီးဖြစ်သည်။ လက်ညှိုးတွင် ဓားခုတ်ရာတွေ ဗရပွနှင့် မှင်စာကလေးလိုလို သွားကျိုးလေးနှင့် ကလေးဆိုး ဟစ်တလုံးကုမ္ဘာမှာလည်း စကားတတ်လှသည့်အတွက် ချစ်စရာကောင်းဖို့ နေနေသာသာ ဖင်ကလေးကို ခပ်စပ်စပ်ရိုက်ချင်စရာကောင်းလှသည်။ သူတို့တစ်တွေမှာ ကော်လိပ်ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



သား သူဌေးသား ဇာတ်လိုက်တွေ၊ ခေတ်သစ်မယ် အပျိုချော ဇာတ်လိုက်တွေ၊ ရုပ်စုံတိုဘရယ်ကိုး အစကလေးကို အကျီ ဘောင်းဘီ ချုပ်ဝတ်ပေးထားသည့် လူချမ်းသာ၏ ကလေးများကဲ့သို့ နှစ်သက်စရာ၊ မက်စရာတစ်ကွက်မှ မရှိချေ။ သို့သော် သူတို့တစ်တွေ၏ ထူးခြားချက်ကား တကယ့်ကျေးတောသူ ကျေးတောသားနှင့် တူလှသည်။ သရုပ်ပါလှသည်။ အသက်ဝင်သည်။

မြန်မာပြည် ကျေးတောရွာကလေးများရောက်သည့်အခါ ကလေးခါးထစ်ခွင်၍ ခေါင်းစုတ်ဖွားနှင့် ထွက်လာသော မိန်းမမှာ မငွေမြိုင်နှင့် ဟစ်တလုံးလေလား။ မျက်နှာသုတ်ပဝါ ခေါင်းပေါင်း၍ ဓားမတို ခါးညှပ်၍ထွက်လာသော ရွာသားမှာ ကိုတက်ပုများလား။ အကျီမပါ ကျောပြောင်ကြီးနှင့် တဲအိမ်ခါးပန်းတွင် ထိုင်ဆေးလိပ် သောက်နေသည့် လူကြီးကား ဦးကြီးဖြိုးများလားစသည်ဖြင့် စိတ်ကူးကစားချင်စရာ ဖြစ်တော့သည်။

ဤဝတ္ထုဇာတ်လိုက် ကိုတက်ပုသည် တကယ့်လူနှင့်တူ သည်။ အသက်ဝင်သည်။ ကျေးတောသားတစ်ယောက်ကို မြင်လိုက် တိုင်း ကိုတက်ပုကို သတိရသည်။ စာဖတ်သူ အဖို့ ကိုတက်ပုသည် သော်တာဆွေ၏စိတ်ကူးထဲက ဖန်ဆင်းလိုက်သော ကိုတက်ပုမဟုတ် တော့ဘဲ မြန်မာကျေးတောသားအစစ် ကိုတက်ပုဖြစ်နေသည်။

ဇာတ်လိုက်ကိုတက်ပုကဖြင့် အသက်ဝင်ပါပြီ။ ဇာတ်ဖြည့် ဇာတ်ရံများကို တစ်ဖန်ကြည့်ပြန်ရာ ဦးကြီးဖြိုး၊ အရီးချစ်စုတို့အပြင် တစ်ခါတလေမှ ပေါ်လာတတ်သော ဆန်သည်မကလေး ဖွားသက် ပင်လျှင် စာဖတ်ရသူစိတ်ထဲတွင် တကယ့်လူကဲ့သို့ မှတ်မိနေသည်။ ထန်းရေဝိုင်းတွင် တောသားတစ်စု နွားမတမ်းမ တင်ပဆုံသား





အရသာရှိပုံ ပြောနေကြသည်မှာ စိတ်ဝင်စားစရာကောင်းသလောက် တစ်ခါတစ်ခါ သိပ်ရိုင်းပါလား၊ တယ်ရက်စက်ပါလားဟု ဖတ်ရသူစိတ် ထဲတွင် ရွံသလို တွန့်သွားမိသည်။ တောသူတောင်သားများမှာ မြို့ကြီး သားများကဲ့သို့ ကာမဂုဏ် စည်းစိမ်ခံစရာတွေများများ မရှိရှာကြ။ သူတို့ဘာသာဘာဝအရသာ ယူရှာကြပေသည် တကားဟု သူတို့ အလုပ်ကို မကဲ့ရဲ့ မထောက်ခံဘဲ လျစ်လျူရှုလိုက်ခြင်းပင်လျှင် ဤ ဝတ္ထု၏အနုပညာဂုဏ်မြောက်သည်ဟု ဆိုချင်ပါသည်။ တောင်သူ လယ်သမား ကျောမွဲတွေဘက်က ရှေ့နေလိုက်ခြင်း၊ အသနားခံခြင်း မေါ။ သူတို့၏အခြေအနေကို 'အရင်းအတိုင်း' ပြနိုင်ခြင်းမှာ ဤဝတ္ထု ၏ထူးခြားချက်ဖြစ်ပေသည်။ ကိုတက်ပုသည် သူရဲကောင်း ဇာတ် လိုက်ကြီး၊ ဘုရားလောင်း ဇာတ်လိုက်ကြီးများလိုထည်ဝါ ခန့်ညားခြင်း မရှိ။ သာမန်လူဖြစ်၍ သူများနည်းတူ ကောင်းသည့်အခါကောင်း၊ ဆိုးသည့်အခါဆိုး၊ သူလိုငါလိုလူဖြစ်သည်။

BURMESE CLASSIC .com

ဘယ်လိုပင် ထန်းရေသောက်သောက်၊ ကြက်ခိုးခိုး ဥပုသ် တော့အနည်းဆုံးတစ်လတစ်ခါ ဟန်လုပ်လို့ဖြစ်ဖြစ် စောင့်ရရှာသည်။ ရှပ်အကျီလျှော်ပြီးသားကလေးနှင့် ရွာရက်လုံချည်ကလေးကို ဝတ်ကာ တဘက်ပျော့ကလေး ခေါင်းမှာပတ်၍ ခါတိုင်းလို အကျီမပါ ပုဆိုး ညစ်နှင့် အလုပ်ပင်ပင်ပန်းပန်း မလုပ်ရဘဲ အားအားယားယား ဟန် မျိုးဖမ်းရရှာသည်။ မယားလုပ်သူက ဆန်နို့ဆီဘူး သုံးလုံးခန့်ကို ထမင်းပန်းကန်ပြားထဲမှာ ခပ်မောက်မောက်ကလေးထည့်ပြီး အပေါ် က စံပယ်ကုံးကလေး ရစ်ခွေလို့၊ အဲဒါလေး လက်ကကိုင်ပြီး ဘုန်းကြီး ကျောင်းသွားဖို့ ပြင်ရှာသည်။ ထိုခဏတွင် ကြက်ခိုးထန်းရေသမား ကိုတက်ပုနှင့် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အယုတ္တ အနတ္တတွေ



www.burmeseclassic.com

www.burmeseclassic.com

ဆောက်ဆဲတတ်သော မငွေမြိုင်တို့မှာ သူတို့၏ ရိုးတွင်းခြင်ဆီ၌ စွဲနေသည့်ဗုဒ္ဓဘာသာမြန်မာ၏ ယဉ်ကျေးမှုကလေးများနှင့် မကင်းကွာကြောင်း တွေ့ရပေသည်။

ကိုတက်ပုသည် မြို့သို့ရောက်သောအခါ၌ ပတ်ဝန်းကျင်အခြေအနေ၏ တွန်းကန်နှိပ်စက်မှုကြောင့် တစ်မျိုးတစ်ဖုံ ပြောင်းလဲရရှာပြန်သည်။ 'ဖြူပြာမူလကျို'ဝတ္ထုတွင် ဟစ်တလုံးကုမ္ပဏီအား 'ရပ်ပြစ်ရှစ်ပါး' ပုံပြင် လက်သစ်ဖြင့် ချောခဲ့သည့် အာဝဇ္ဇန်းများသည် ဆရာမကလေး အရီနှင့် တွေ့သောအခါ ကဗျာဉာဏ် အာဘော်များအဖြစ်သို့ တစ်ဆင့်တက်လာခဲ့၏။ အရီ၏နိုင်ငံရေးတရားများ ပြောဆိုပုံမှာ ဝတ္ထုထဲသို့ နိုင်ငံရေးစကား အတင်းပစ်သွင်းသည်နှင့် မတူဘဲ အာလာပ သလ္လာပပြောရင်းက ကိုတက်ပုသွားချေး ထူသည်တိုင် စကားစပ်မိသွားသည်။ ထိုမှတစ်ဖန် တောသူတောင်သားများ၏ မသိနားမလည်မှုကိုရောက်သွားရာ နိုင်ငံရေးစကားအဖြစ် ပြောင်းသွားပုံမှာ ယဉ်လှသည်။ ကိုတက်ပုနှင့်အရီ စကားလက်ဆုံကျနေစဉ် ဖွားသက်ရောက်လာလိုက်၊ နွားရောင်းမည့်သူ ရောက်လာလိုက်နှင့် ဖြစ်သွားပုံမှာ အရီ၏စကားများကို လက်တွေ့ ထောက်ခံနေသည်။

အရီ၏ နိုင်ငံရေးတရားကို ကိုတက်ပုသာမက စာဖတ်သူပါ စိတ်ပါသွားရသည်။

အရီသည် သော်တာဆွေ၏ဇာတ်ကောင်များတွင် စိတ်ကူးယဉ် ဖန်ဆင်းထားသော သူတစ်ဦးဖြစ်သည်။ စာရေးဆရာက ဖြစ်စေချင်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည်။ ကိုတက်ပုတို့ကဲ့သို့ သူလိုငါလို အရောင်အဆင်းမရှိ မွဲခြောက်ခြောက် ဇာတ်ကောင်တွေကြားထဲတွင် သူကအရောင်တောက်နေသည်။ တစ်ဇာတ်လုံး



ယောကျ်ားတွေက ထန်းရေသမား၊ ကြက်သူခိုး မိန်းမတွေကလည်း ငါးပိစပ်က အယုတ်တမာတွေဆဲ၊ လူတစ်ဖက်သား ကောက်ကျစ် ညှဉ်းဆဲနေသူတွေချည်းဆိုလျှင် အဘယ်မှာ ကောင်းနိုင်ပါတော့မည်နည်း။ အရိုဝင်လာလိုက်ပုံမှာ အကုသိုလ်တွေ ဗရပွေနေသည့် အမှောင်ထုထဲတွင် အားယူ၍ မှိတ်တုတ်မှိတ်တုတ် နေရှာသော ကြယ်ကလေးနှင့် တူပေသည်။ နောက်ဆုံးတွင် ထိုကြယ်ကလေး၏ အလင်းရောင်သည် အမှောင်ထုကိုလွှမ်းမိုး အောင်မြင်သွားပုံမှာ စာဖတ်သူ ဘဝင်ကျပီတိဖြစ်ဖွယ်ကောင်းပါပေသည်။

မနှစ်မြို့စရာ အနိဋ္ဌာရုံတွေကိုမူတည် ဇာတ်အိမ်ဖွဲ့ရေးရင် အရီကဲ့သို့ အလင်းရောင်ပေးသည့် ဇာတ်ကောင်တစ်ဦးဝင်အောင်သွင်းလာပုံမှာ အမှတ်မဲ့ကြည့်လျှင် သာမန်လက်ရာဟု ထင်စရာရှိသည်။ သို့သော် ထိုလက်ရာမှာ ပညာသည်၏လက်ရာဖြစ်ကြောင်းကို သက်သေပြလိုသည်။ (ခွေးကောင်လေး . . . မင်းသိပ်သွေးကြီးမသွားနဲ့ဦး၊ ဘုန်းပိလို့ဝမ်းတျလဲငါမတတ်နိုင်ဘူး. . . )။

လူ့လောကတွင် ကြောက်ဖွယ်လိလိ အကုသိုလ်များ မိုးမွှန်သည့် ဇာတ်လမ်းများကို ဇာတ်ကွက်ဆင်၍ ရေးရာတွင် ရှိပ်စပီးယားသည် အလွန်ရက်ရက်စက်စက် နိုင်လှသည်။ မိဘကို ပြစ်မှားနှိပ်စက်သူ၊ ကျေးဇူးရှင်ကို ရက်ရက်စက်စက်သတ်၍ မင်းလုပ်သူ၊ တစ်ဇာတ်လုံး မှောက်မထား၊ လင်သတ်၊ မကောင်းကြံအစရှိသည်ဖြင့် အမျိုးမျိုးသော အနိဋ္ဌာရုံများဖြင့် တင်းကြမ်းပြည့်ဇာတ်များကို ရေးရာတွင် စာဖတ်သူ၏စိတ်တွင် လောကကြီးဟာ အကုသိုလ်တရားတွေပြည့်နေတာပဲ၊ ဆောက်တည်ရာမရနိုင်တဲ့ အမှောင်ထုကြီးပဲဟု ထင်မသွားစေရန် အလင်းရောင်ပေးသည့် ဇာတ်ကောင် တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com




ထည့်ပေးတတ်သည်။ ထိုဇာတ်ကောင်သည် တစ်လောကလုံး ရှုံးသွင်၍ ဖြစ်ချင်ရာ ဖြစ်နေသော်လည်း ကျောက်တောင်ပမာတည်တံ့၍ နောက်ဆုံးအားလုံး သေကြေပျက်စီးသောအခါ သူ့လက်ထဲတွင် အလင်းရောင် မီးပွားကလေး ကျန်နေခဲ့သည်။ ထိုမီးပွားကလေးသည် နောင်ခါ မီးရှူးမီးတိုင်ဖြစ်ကာ လူ့လောကကို အလင်းရောင်ပေးစေရန် ဖြစ်သည်။

သော်တာဆွေသည် ရှိပ်စပီးယားကို မဖတ်ဘူးဟု ထင်သည်။ ဤသို့ရေးလိုက်ခြင်းမှာ သော်တာဆွေ ရှိပ်စပီးယားလောက် တော်သည်ဟု မဆိုလိုပါ။ သော်တာဆွေ၏လက်ရာသည် ပညာသည်တို့၏ လက်ရာဖြစ်ကြောင်းကိုသာ ထင်ရှားစေခြင်းဖြစ်သည်။ သူ အမှတ်မထင်ဆွဲလိုက်သော ကလောင်ချက်သည် ပညာသည်၏ လက်ရာဖြစ်ကြောင်း သူ့ဘာသာသိချင်မှလည်း သိမည်။ ထိုလက်ရာမျိုးတို အကဲခတ်သူကကြည့်၍ ဝတ္ထုကို ဝေဖန်ရခြင်းဖြစ်သည်။ ထို့ကြောင့် ပင်လျှင် ဤ 'ဘွန္တောကြက်သူခိုး' ဝတ္ထုမှာ ဝတ္ထုကောင်းတို့၏ အင်္ဂါနှင့် ပြည့်စုံပါသည်ဟု ထင်မြင်ယူဆမိပါကြောင်း။

ခင်မျိုးချစ်






www.burmeseclassic.com

www.burmeseclassic.com



၁

ရုသတ္တာ ဒုလ္လဘာသည် ရခဲဘိခြင်း ရစဉ်တွင်းဝယ် အရင်းမပျက် ပျြတ်ထွက်အောင် ဆောင်ရွက်ကြလော့၊ ဒါနကိုပြု သီလကိုစုကာ ဝနာကိုစီးဖြန်းပါမှ သံသရာဤစခန်းက လွတ်လမ်းကို မြင်တော့ ည်၊ ဘွဲ့ဆွောသပုရိသအပေါင်း-သူတော်ကောင်းတို့'

ကျွန်တော်တို့အိမ် မြောက်ဘက်ဆီမှ ဤအသံ ပေါ်ထွက် သည်။ လင်းအားကြီးဘက်၏ အရှက်တက်လုနီးတွင် ရွာပြေ နေအိမ်ခြေ၏ ဆိတ်ငြိမ်ခြင်းကို ဖောက်ထွင်းလိုက်လေသည်။ နေ့သည် ဥပုသ်နေ့ပါတကား၊ နံနက်ခင်းလေပြည်လည်း ချိမ့္မေ့း မြလှသည်။

ကျွန်တော်တို့ရွာ ဆရာတော်ဘုရားကြီး၏ အစီအမံဖြင့် ပြည့်လကွယ် ရှစ်ရက်ဥပုသ်နေ့ နံနက်ခင်းများ၌ လင်းကြက်မတွန် စ၍ ကာလသား လူငယ်များကို နိုဗ္ဗာန်ဆော်စေသည်။ လျှောက် ဘ်ရန် စာတိုပေစ ကလေးများကို ကျက်စေသည်။ တစ်ယော



www.burmeseclassic.com

www.burmeseclassic.com

တစ်လှည့် အော်ရန်၊ နှစ်ယောက်တစ်တွဲတွဲပေးထားသည်။ 'ဘွဲ့ဆွေ သပုရိုသအပေါင်း သူတော်ကောင်းတို့' ဆိုသောအပိုဒ်ကျသောအခါ သံပြိုင်ကြိတ်လိုက်ရသည်။ ဆိုသားကျနေသမို့ မြိုင်ဆိုင်ဝေဆာလှ သည်။ တစ်ယောက်တည်း အော်စဉ်မှာလည်း သံနေသံထားကျ သာတော်ငံ့သာယာရှိလှပေသည်။ ဘုန်းဘုရား ရေးပေးသော စာ လေး များလည်း (ကိုယ့်ဆရာမို့ ကိုယ်ဆိုတော့) ကောင်းလှပေ နားထောင်စမ်းပါဦးလော့။

'သင် . . . အခုနောက်မကျ ရောက်ခဲ့ရသည် လူ့ဘဝမှာ သင်လိုရာစခန်းရွှေ့ဆက်၍ မြန်းနိုင်သည့် လမ်းခွခရီးဆုံးတည်၊ ဤခရီးဆုံမှာ သာသနာရောင်လင်း၊ ပြောင်ပြောင်ဝင်းသမို့ သင်တို့ ကံကောင်းလှသည်။ ထကြွနိုးကြား မြတ်တရားကို အားထုတ်ကြ ကုန်လော့ . . . ဘွဲ့ဆွေ သပုရိုသသူတော်ကောင်း အပေါင်းတို့'

'ဟော့. . .'

ကျွန်တော် အာမေဋိတ်သံနှင့်အတူ မြည်လိုက်မိသည်။

ယခုလို နံနက်မိုးသောက်ယံဘက်တွင် ဤလိုစာသံပေး တရားသံတို့ကို ကြားရသူတို့မှာ ဘဝင်ငြိမ့်၍ ပီတိဆိမ့်ပေမည်၊ ရတနာသုံးပါး သတိရကာ ဘုရားပုထိုးကိုထ၍ ရှိခိုးကြပေလိမ့်မည်၊ ကျွန်တော်မူကား ဘွဲ့ဆွေသပုရိုသ မဟုတ်သူပီပီ သောက်လွဲစိတ် ပေါက်မိကာ . . .

'ဟော့ . . . မနော်. . . . မနော်. . .'

ခပ်အုပ်အုပ် အသံဖြင့် လက်ဝဲဘက်တွင် အိပ်နေသော ကျွန်တော့်ဇနီးသည် အုံမာဒါနီရယ်လို့ လက်နှင့်တို့လိုက်ရာ. . .

'ဘာရဲဂျ ကျွန်တော်ပါ'



သားတော်မောင် ဟစ်တလုံး၏ ငေါက်ဆတ်ဆတ်အသံ ပေါ်ထွက်လာသဖြင့် 'ဟင်. . . သောက်ကမြင်းမသားလေး ဘယ် အချိန်များ ကြားပြန်ဝင်အိပ်နေပါလိမ့်' ဟု စိတ်ထဲမှ ရေရွတ်လိုက်ပြီး သူ့ အပေါ် လက်ကျော်၍ တစ်ဖက်သော တင်ပါးဆုံကို လှမ်းပွတ် လိုက်ရကာ. . .

'ဟော့. . . မနော်. . . မနော်'

'ဘာတုန်းတော့ ကလေးတွေနိုးနေပြီ၊ ကျုပ်ဒီဘက်က အငယ်ကို နို့တိုက်နေရတယ်၊ သူ့ . . . ဟင်း . . . ဘုရားပုထိုးတော့ ရှိခိုးမယ်စိတ်မကူးဘူး'

'အို နင်ကလဲ မဟုတ်ပါဘူးဟ၊ စကားပြောချင်လို့ပါ'

'ဘာများတုန်း'

'ခု အော်လာတဲ့အသံ ကြားတယ်မှတ်လား'

'ကြားသားပဲ'

'နောက်ပိုင်းမှာ အင်ဖူးအသံ ပျောက်နေတယ်။ မှိုနီရိုး တစ်ယောက်တည်းအော်နေရတယ်၊ အမှန်က မှိုနီရိုးရဲ့ 'မနုသတ္တ ဒုလ္လဘ' ပြီးတဲ့အခါမှာ အင်ဖူးက 'ငါးပါးပဥ္စသီ' ကိုအော်ဖို့ကွ၊ အခု မှိုနီရိုးကပဲ နောက်တစ်ပုဒ် ဆက်အော်ရတယ်၊ အဲဒီတစ်ပုဒ်အဆုံးမှာ အင်ဖူးရဲ့ 'ဘွဲ့ဆွေ' သံပြိုင်မပါဘူးကွ'

'အဲဒါ ဘာဖြစ်လဲ၊ အို. . သွတ်. . သွတ်. . သွတ်. . . သွတ် ကလေးကလဲ နို့ကိုသွားဖုံးနဲ့ ကြေးလိုက်တာ'

'သွားပေါက်ခါနီးပြီမို့ ဟာပဲကွာ၊ ငါစိတ်ထင်တော့ အင်ဖူး ဟာ တစ်အိမ်အိမ် ကြက်ဝင်ခိုးပြီကွ'

'အို. . တော့မလဲ မဟုတ်တာတော်၊ နိဗ္ဗာန်ဆော်ရင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ယ် ဒိုးပါ့မလား'

'အမယ်. . . ငါက ဒီကောင့်ဓာတ်သိကွ၊ အရင်တစ်ပတ်တ သူနဲ့ငါနဲ့ အတွဲကျတုန်းကလေ 'ကိုလေးတက်ပုတစ်ယောက်တည်း ဆက်အော်သွားစမ်းပါဗျာ' တဲ့။ 'ရရင် တစ်ယောက်တစ်ဝက်' ဆိုပြီး နောက်ဖေးလမ်းကြားထဲ ခိုးသွားတာ၊ မကြာဘူး ဒေါ်ဇာနုအိမ်က ကြက်မတမ်းလေးရလာလို့ အဲဒီမနက် တို့တစ်ခြမ်းစားလိုက်ရတယ် မဟုတ်လား'

ဤတွင် ကျွန်တော့် မိန်းမသည် တစ်ဖက်မျက်နှာလှည့်၍ ကလေးနို့တိုက်နေရာမှ လက်နောက်ပြန် ကျွန်တော့်ပေါင်တွင်းကြော ကို ဆွဲလိမ်လိုက်ရာ၊ သူ့မှာလည်း အမှတ်တမဲ့မို့ ကျွန်တော့်နည်းတူ ကြားက သားတော်မောင် ဟစ်တလုံးပင် ဖြစ်နေပြန်ရာ ငချွတ်ကလေး မခံရပ်နိုင်တော့ဘဲ. . .

'အမယ်လေး. . ခင်ဗျားတို့နှစ်ယောက်ကြား နေရတာကျ တစ်ယောက်က ကုတ်လိုက်၊ တစ်ယောက်ကဆိတ်လိုက်နဲ့ကြာရင် ကျုပ်သေရပါလိမ့်မယ်' ဟုဆိုပြီး တစ်ဖက်သို့ထပြေးလေ၏။

သူ့အမေပင် ရယ်မိကာ ဟစ်တလုံးကျွန်တော့် ကိုယ်ပေါ် ကျော်သွားသည်၌. . .

'ဟိုလူကြီး ဒီဘက်ကိုတိုးစမ်း'

'တိုးပါတယ်ဗျာ'

ကျွန်တော်သည် ဤနေရာမျိုး၌ မိန်းမ ပေါင်တွင်းကြော လိမ်တာတော့ အင်မတန်သဘောထားကြီးသူ ဖြစ်ပါသည်။ ကျွန်တော့် မိန်းမသည် လက်နောက်ပြန်ပင် ဆွဲလိမ်ကာ. . .

'ဒါနဲ့ အဲဒီကြက်သားတုံးက ကိုယ်ပြောတော့ ကိုမောင်ခိုကြီး



အိမ်က ကြက်မကလေးဆို၊ သူ့မိန်မ မမြစ်ကလေးမီးနေတာ ငါးခူ ငါးသိုး ရေတ်ကောင်းဖိုးရအောင် တစ်ခြမ်းခွဲရောင်းတာ၊ သုံးဆယ့်ငါး ကျပ်သားလောက်ရှိတာ၊ သုံးမတ်တည်းနဲ့ပဲရတာ သိပ်တော်တာပဲဆိုလို့ ချုပ်ပိုက်ဆံလက်ငင်း ထုတ်ပေးလိုက်ရပါလားဟင်. . . ဆန်ပေါက် ဆနဲ့ တစ်ပြည်ခွဲပေးပါရစေ ဆိုတာတောင် မရဘူး'

'အို . . . ဒါတော့ကွာ ဟဲ . . . ဟဲ . . . တို့ဘွန္တောရင်း ကြက်ခိုးတာပေါ်တော့လည်း ဘယ်ကောင်းမလဲ။ နို့ပြီး ပိုက်ဆံသုံးမတ် ဆလဲ ကိုယ်က အိမ်မှာ ဟင်းကောင်းကလေးရှိရင် ထမင်းမစားခင် အန်းရည်လေးဘာလေး ချလိုက်ချင်သေးတာပဲကိုးကွ . . ဟဲ ဟဲ ဟဲ ဟဲ. . . ဟိတ်. . ဟိတ်. . မနော်. . မနော်. . တကယ်နာတယ်ကွာ'

သူ့လက်ကို ချုပ်ကိုင်လိုက်ရပြီး ကျွန်တော့်ကျောဘက် ဆောက်နေသော ဟစ်တလုံးအား 'ဟေ့ လူလေး၊ စောစောစီးစီး မျက်နှာ သစ်ပြီး တင်းကုပ်ထဲဆင်း နွားသေးတင်ချေပါလားကွာ'

'ဟင့်အင်းဗျာ. . မနက်အချောကြီး ချမ်းတယ်'

'ဒီရာသီများ ချမ်းနေရသေးလားကွာ၊ မင်းကြီးရင် လယ် လုပ်စားမယ်ဆို၊ လယ်ထွန်တော့ စောစောထနိုင်အောင် ခုနှစ်ထဲက ကျင့်မှပေါ့ကွ'

'ဟင့်အင်းဗျာ. . ခညားကြီးညဏ် ကျွန်တော်ဓါပါတယ်'

'မင်း . . . ဖအေထက်သားတစ်လကြီးကလေးချည်း လုပ်ချင်တယ်။ လူကြီးစကားများတော့ ဘယ်တော့မှ နားမထောင်ဘူး'

'ထောင်တင့်မှ ထောင်မယ်ဗျ၊ ခင်ညားကော ကျွန်တော့် ပကားနားထောင်လို့လား'

'ဘာများ ငါကမင်းစကား နားမထောင်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'ညကလေ အိမ်ကကြက်ကလေး ရိုက်ချက်ကျွေးပါ ချိုတာလေ'

'ဟာ ဒါကတော့ ဘယ်ဖြစ်မလဲကွာ၊ ညီညီလေး ခမဲကြက်ကွ၊ နို့ပြီး တစ်အိမ်လုံးမှ ဒီတစ်ကောင်တည်း ရှိတော့တာ၊ မျိုးဆက်ကလေးထားဦးမှာပေါ့'

ကျွန်တော်သည် ကိုယ့်သားလည်း အစားသရဲသည်ဖြစ်၍ အိမ်တွင် ကြက်မသုံးလေးမ အမြဲမွေးထားလေ့ရှိပါသည်။ စားကြက်မပြတ်ခဲ့ပါချေ။ သို့ရာတွင် ကျွန်တော်တို့တောရွာ နှစ်စဉ်ထုံးစံအတိုင်း နွေလယ်လောက်အပူပြင်းထန်ချိန်၌ ကြက်နာကျ၍ အိမ်တိုင်းလိုလိုပင် ကြက်မျိုးပြုတ်မတတ်ဖြစ်ကုန်သည်။ ကျွန်တော့်အိမ်၌ နာပြီးသေ၍ ချည့်နဲ့ကျန်ခဲ့သော ကြက်ကလေးသုံးလေးကောင်လည်း သားတော်မောင်၏ အိပ်ရာဝင် ပူဆာချက်ကြောင့် သတ်ကျွေးရ၍ ကုန်ခဲ့ပါပြီ။ ယခုလက်ရှိ အုန်းခွံမလေးတစ်ကောင်တည်း မနော်အမေ ကျွန်တော့်ယောက္ခမကက်ကက်လန်မကြီးက ကျွန်တော်တို့၏ နောက်ကဖေ်လေးသူ့မြေးကလေးကို ခမဲပေးထား၍ ကျန်ရှိနေခြင်းဖြစ်ပါသည်။ သည်ကြက်များရိုက်စားလိုက်မိရင်တော့ ယောက္ခမကြီး ထဘီဒူးဆစ်မှပြီး ဆူလိုက်မယ့်ဖြစ်ခြင်းဗျာ၊ တွေး . . . မတွေးဝံ့ပါဘူး။ ထို့ကြောင့် ဤကြက်မကလေးကို ဟစ်တလုံးက ပူဆာပြီဆိုလျှင် ကျွန်တော်တို့ လင်မယားနှစ်ယောက်မှာ ကိုယ့်သားကိုယ်ပင် ရှိခိုးမတတ် တောင်းပန်ခြင်းအမှု ပြုရလေ့ရှိပါသည်။

'မနုသတ္တာဒုလ္လဘာသည် ရခဲဘိခြင်း ရစဉ်တွင်းဝယ်'

ဤအသံသည် ကျွန်တော်တို့အိမ်ကို ကျော်လွန်သွားချေပြီ။

'ဟော့ . . . ဟော့ . . မနော်၊ မှိုနီရိုး တစ်ယောက်တည်း သူရတဲ့





ခေါင်ပုဒ်ဘွဲ့ တစ်လှည့်စီ ကြိတ်နေပြီကွ၊ အင်ဖွးတော့ ဘယ်အိမ်များ ထင်ခိုးနေပါလိမ့်'

'ဘယ်အိမ်ခိုးခိုးတော် . . . ကျွန်မကျော ဟောဒီနား ကုတ်ပေးစမ်းပါ'

ဤအခိုက်တွင် ကျွန်တော်တို့ ခြေရင်းဆီမှ . .

'ဝုတ် . . . ဝုတ်'

ကျွန်တော် နားစွင့်ထောင်ကာ . . .

'ဟော . . ရန်လုံဟောင်တယ်ဟေ့'

ခွေးဟောင်သံနှင့် မရှေးမနှောင်းပင် လူခြေသံလိုလိုကြားရသည်။

'ဟား . . ငါတို့အိမ်က ကြက်မများ ဝင်ဆွဲမလား'

ကျွန်တော် ပုဆိုး ဖိုသီဖတ်သီနှင့် ကပျာကသီထကာ . .

'မနော် . . လုံ့ . . လုံ့ . . ဘယ်မှာထားလိုက်မိလဲကွ'

'တော့ခေါင်းရင်း တိုင်မှာပဲ မဟုတ်လား'

'မတွေ့ဘူးကွ . . မီးခြစ် ခြစ်စမ်းပါဦး'

'မီးခြစ်တောင် ဘယ်ရောက်ပါလိမ့်၊ ဒီကလေး နို့တစ်ဖက်နဲ့ အင့် . . အင့် . . တွေ့ပြီ'

'ပေး . . ပေး . .'

ကျွန်တော် မီးခွက်ကိုထွန်းလိုက်မှ လုံ့ကို အိပ်ရာခြေရင်းတွင်သွားတွေ့သည်။

'ငါ့သားက လုံ့ကိုယူယူ မကစားပါနဲ့ပြောတယ်ကွာ'

'ဘတူယူကဂျားလို့လဲဗျ၊ ညီညီလေး လေးဖက်ထောက်သွားတော့ လုံ့လဲကျမှာစိုးရတယ်ချိုပီး ခင်ညားကြီးပဲ ရွှေ့ထားလိုက်တာယ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်လား'

'အေး. . အေး. . ဟုတ်ပါတယ်ကွာ၊ ငါမေ့လို့'

ပြောပြောဆိုဆိုနှင့် ကျွန်တော် အိမ်အောက်ရောက်လာခဲ့သော အခါတွင် ကျွန်တော်နောက်ကျလေပြီ။ အိပ်တန်းပေါ်၌ ကြက်မကလေးမရှိတော့ပြီ။ ကျွန်တော်တို့ အိမ်တောင်ဘက်ဆီမှ အင်ဖူး၏အော်သံကိုကြားရလေသည်။

'ပါနာတိပါတ် သူ့သက်သတ်ခြင်း၊ အဒိန္နဒါန သူ့ဥစ္စာ ခိုးယူခြင်း၊ မုသာဝါဒါမဟုတ်မမှန်လုပ်ကြံပြောဆိုခြင်း၊ ကာမေသုမိစ္ဆာစာရ သူတစ်ပါးသားမယားကို ပြစ်မှားခြင်း၊ သုရာမေရိယာ သေရည်သေရက်ကို သောက်စားခြင်းတည်းဟူသော မကောင်းမှုတို့မှ ဝေရာမဏီသိက္ခာပဒံရှောင်ကြဉ်ရန် ပဋိပါတ်သိက္ခာပုဒ်တော် အကျင့်မြတ်ကို မပြတ်ဆောက်တည်ကြကုန်လော့ ဘွန္တော္ကသပုရိသအပေါင်းသူတော်ကောင်းတို့'

မှိုနီရိုးနှင့် နှစ်ယောက်ယှဉ်ကာ သူကအော်သွားစဉ် ကျွန်တော်က နောက်မှ ကြံရွက်လှံတိုကလေးကိုကိုင်ကာ သုတ်သုတ်သုတ်သုတ်နှင့်ပြေးလိုက်သွားသည်။ ခွေးမသား လက်ပူး လက်ကြပ်မိရင်တော့ကွာ. . မိလဲ မိမှာပဲ၊ ဒီအချိန် ဘယ်သူမှ ဝင်မထားနိုင်သေးဘူး။

အဆင်သင့်ပင် သူ့ဘွန္တော္ကအဆုံး၌ သူ့ကိုမိ၍. .

'ဟော့ အင်ဖူး'

ခပ်ငေါက်ငေါက် အော်လိုက်ရာ ငနဲ ဆတ်ခနဲ လှည့်ကြည့်ပြီး. .

'ဟာ. . လန့်လိုက်တာဗျာ၊ ကိုလေးတက်ပု ဘာတုန်းဗျ'





'ဘာတုန်းဗျလုပ်မနေနဲ့၊ မင်းအချင်းချင်းတောင် မရှောင်ဘူး ဖြန်ပေး၊ ဘယ်မလဲ ငါ့ကြက်မ'

သူ့အံ့အားသင့်ဟန်ပြုလျက်. .

'ဟာ ဘယ်ကြက်မလဲဗျာ'

'ဘယ်ကြက်မလဲဗျာ လုပ်မနေနဲ့'

သူသည် ပုဆိုးတစ်ထည်စည်း တစ်ထည်ခြုံဖြစ်လေရာ. . .

'မင့်ပုဆိုးခြုံ ဖွင့်လိုက်စမ်း'

'ဟာ ချမ်းလို့ ခြုံထားတာပါဗျာ'

'ဟေ့ . . . ရှည်မနေနဲ့'

ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော် သူ့ပုဆိုးခြုံကို ဆတ်ခနဲဆွဲချလိုက်လေသည်။

သို့သော် ကျွန်တော်မျှော်လင့်တာကို မတွေ့ရလက်မဲ့ဖြစ်နေ၍ သူကပင် အသံမာကာ. .

'ကိုလေးတက်ပုက ကျွန်တော့်ကို ဘာကြောင့် အရမ်းစွပ်စွဲရတာလဲဗျာ'

'ဟေ့ အင်ဖူးရာ၊ မင့်လက်ထဲခုမတွေ့ရပေမယ့်လို့ မင်းပဲဆိုတာ ငါအတပ်သိပါတယ်ကွ၊ မင်းအသံဟာ အတော်ကြာကြီး ပျောက်နေတယ်၊ မှိုနီရိုးတစ်ယောက်တည်းချည်းအော်နေတာ ငါကြားတယ်'

'ဒါက ကျွန်တော် ခလုတ်တိုက်မိတာ နာနေလို့ပါဗျ၊ မယုံ မှိုနီရိုး မေးကြည့်ပါ'

'အောင်မယ် ငါ့မယုံ ငါ့မယားမေးကြည့်ဆိုတဲ့ အပေါက်မျိုးတွေ လုပ်မနေပါနဲ့၊ မင်းတို့ချင်း ရှယ်ယာအစုစပ်ဖြစ်မှာပဲ'



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် မှိုနီရိုးက. . .

'အမယ် . . . ကိုတက်ပုကြီး၊ ခင်ဗျား ကျွန်တော့်ကိုတော့ ဒီလိုထည့်ပြီး မစွပ်စွဲနဲ့၊ ဘုန်းကြီးကြီး လျှောက်လိုက်မယ်ဗျ၊ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်တစ်လှည့် လျှောက်အော်လာတာ တစ်ရွာလုံးက သိတယ်ဗျ'

'အေးပေါ့ကွာ၊ လက်ပူးလက်ကြပ်မဟုတ်တော့ ခံရတာပေါ့'

ဘုန်းကြီးကြီးလျှောက်လိုက်မယ် ဆိုကတည်းက ကျွန်တော်သူတို့ကို အလုပ်ပျက်အောင် ဆက်မေးမနေဝံ့တော့ပါ၊ ဘာသာသာသနာကိစ္စကိုးဗျ။ စိတ်ထဲ အခဲမကျေနှင့်ပင် အိမ်သို့ ပြန်ခဲ့ရပါသည်။

ရောက်၍ အကျိုးအကြောင်း ပြောပြသည်၌ ကျွန်တော့်ကို အဆူပူဆုံးမှာ ဟစ်တလုံးဖြစ်ပါတော့သည်။

'ကောင်းတယ် တူများခိုးတွားတာ ဝမ်းတာတယ်ဗျ၊ ကျနော်က ရိုက်ချေးပါချိုတော့ချင့် ဘာရေးညာရေးနဲ့ ခညားကြီးတို့ ဖင်ကောင်းကျယ်လိုက်ကြတာ ခုတော့ ပက်လယ်ချိတေးလဲ'

'ဟ . . . လူကလေးရာ သိပ်အော်မနေပါနဲ့ကွ၊ ငါ့လဲ မင်းအဖေပဲ မင်းလို စားချင်တာပဲ၊ ဒါပေမယ့် မင်းအမေကြီး ဝယ်ပေးထားတဲ့ ခမဲကြက်မို့ဟော့၊ မင်းအဘွား အာကျယ်မကြီးကြောက်လို့ကွ၊ ကိုယ့်သားကိုယ်ပေးထားတဲ့ ခမဲကြက်ဖြစ့်လဲ ဘာမှအရေးမကြီးဘူး။ ဒါမျိုးအမွေးတူတာရှာပြီး နောက်ထပ်ပေးနိုင်တယ်။ ခုတော့ မင်းအဘွားအာကျယ်မကြီးဟာ ခုတောင် ဘာပြောမယ် မသိသေးဘူး'

'ဒါတော့ ကိုတက်ပုရယ်၊ လူခိုးသွားတာတော့ ဘယ်တတ်နိုင်မလဲ၊ သေချင်းဆိုး ကာလနာတွေကလဲတော်'





'အိမ်လူခိုးခံရတာကို ယောကျ်ားလုပ်တဲ့လူ ဆူဦးမှာပဲကွ၊ ...အမေတာတ် ငါကသိတယ်၊ အမှန်တော့ မင်းသိတဲ့အတိုင်း ခွေး...ောင်သံကြားကြားချင်း ငါထတာပဲ၊ မီးခြစ်ရှာရတာနဲ့ လုံ့ရှာရတာနဲ့ ...နည်းကလေးကြာသွားတာ'

'ဒါကျွန်မကြည့်ပြောပါမယ်ရှင်'

'အေးဟာ သမီးယောက္ခမ ရန်ဖြစ်တဲ့ကိစ္စမှာ မယားက ...ယ့်ဘက်ပါတော့ တစ်အားတက်စရာပဲ၊ ဒါနဲ့ မနော်ရေ. . ငါခုမှ ...ကူးရပြန်တယ်။ ဒီကောင်ဟာ ခွေးဟောင်ပြီး ငါအိပ်ရာက ထတာ ...သိသွားလို့ ကြက်ကိုသူနဲ့တစ်ပါတည်း ယူမသွားဘဲ တစ်နေရာရာ ...လည်လိမ်ပြီး ဝှက်ခဲ့လိမ့်မယ်။ ဟောဒီ ခြံနောက်ဖေးအနီးအနား ...ဖြစ်ရမယ်။ ဒီတော့ ငနဲဟာ မိုးမလင်းခင်တော့ ပြန်ယူရဦးမှာပဲ။ ...ဒါငါသွားချောင်းနေမယ်ကွာ'

ပြောပြောဆိုဆိုနှင့် ကျွန်တော်အိမ်ပေါ်ကဆင်းရာ ဟစ်တလုံး ...

'ဟော့ . . . ဖေဖေ၊ ကျွန်တော်လဲ လိုက်မယ်'

'ဟာ . . . မလိုက်နဲ့ကွာ မြေပါးကင်းပါး ခြေလက်စိုးရိမ်ရ...ယ်'

အချိန်မှာ အရုဏ်တက်၍ လင်းကြက်တွေ လှိုင်လှိုင်တွန်လေပြီ။ ကျွန်တော်တို့၏အိမ်နောက်ဖေးဝါးရုံတွေ၊ သရက်ပင်တွေ ...ာက်၌ အလင်းပျောက်တွေဝင်လေပြီ။ ကျွန်တော့်အိမ်ခြံစည်းရိုးမှ ...ွက်၍ နောက်ဖေးခြံကျယ်ကြီးထဲရောက်သောအခါ၌ လှုပ်တုတ်လှုပ်တုတ်လျှောက်သွားသော သဏ္ဌာန်တစ်ခုကိုမြင်ရ၍ ကျွန်တော် အပြေးကလေးလိုက်သွားရာ ဘယ်သူဘယ်ဝါ၏ ပုံပန်းဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့ကွဲကွဲသိနိုင်လောက်အောင် နီးကပ်သွားသည်၌ . . .

'မုတ်ဆိတ်ပျားစွဲတာပဲဟ'

ကျွန်တော်ဝမ်းသာအားရ ဖြစ်သွားကာ ခပ်အုပ်အုပ် အသံဖြင့် . . .

'ဟေ့. . ပန်းစုံ'

ဆောင်မကလေးသည် ရုတ်တရက် လန့်ဖျပ်သွားဟန်ဖြင့် ဆတ်ခနဲလှည့်ကြည့်ပြီး . . .

'ဟင် . . . ဦးလေးကိုတက်ပုကြီး'

'ဟဲ့ . . . ငါ့ကိုဦးလေးမခေါ်ပါနဲ့လို့ ပြောပေါင်းများလှပြီ နင်ဘယ်သွားမလို့လဲ၊ နင့်ခေါင်းပေါ်က ခံတောင်းကြီး ချစမ်းပါဦး'

'ဟင့်အင်း . . . ကျွန်မဈေးသွားမလို့'

'နင် ဈေးသွားမှာက နင်တို့အိမ်နောက်ဖေးတည့်တည့်က မထွက်ဘဲနဲ့ ဘယ့်နှယ်ဒီအပိုင်းရောက်လာတာလဲ'

'ဟောဒီ လမ်းဆုံက အရိုးလေးဒေါ်သဲပွင့်ကြီး လာစောင့်တာ'

'စောပါသေးတယ်၊ ဒီမိန်းမကြီး လာဦးမှာ မဟုတ်သေးပါဘူး ခဏတဖြုတ် ထိုင်စမ်းပါဦး'

'ဟင့် . . . ကိုတက်ပုလွှတ်ပါ၊ ကျွန်မအရင်လို မဟုတ်တော့ဘူးရှင့်'

'ပန်းစုံကလဲဟယ်၊ မတွေ့ဘူးတဲ့လူချင်းကျနေတာပဲ၊ နင့်ကို ငါတကယ်ချစ်တာဟ သိရဲ့လား'

'ဟင်အင် . . . ဟင့်အင်၊ လွှတ်. . ကိုတက်ပု လွှတ်'

'အမယ်လေးဟယ် . . . ဒီပါးကလေး နမ်းရုံလေးများ ပဲ့သွားတာကျနေတာပဲ၊ ခဏထိုင်ဟယ်၊ မှန်း . . . နင့်ခေါင်းပေါ်က





ခံတောင်းကြီးချ'

'အိုး. . အိုး. . မလုပ်နဲ့ကိုတက်ပု၊ ဟိုမှာ အရိုးလေး ဒေါ်သဲပွင့်ကြီးလာနေပြီ'

တောက် . . . အရေးကောင်း ဒိန်းဒေါင်းဖျက်၊ မြွေပွေးကိုက် သေမယ့်ဟာမကြီး (ကန်တော့ပါရဲ့) ကျွန်တော်လစ်ခဲ့ရပါတော့သည်။

အချိန်ကောင်း၊ နေရာကောင်း၊ အစာကောင်းကလေးတွေ့ လျက်သားနဲ့ တောက် . . . ငတ်ချင်တော့ မသဲပွင့်ကြီးရာ ကွမ်းတစ်ရာ ညက်လောက်များ နောက်ကျလိုက်ပါတော့။

ကျွန်တော့်စိတ်ထဲ တဖျစ်တောက်တောက်နှင့် ကြက်သူခိုး အင်ဖူးကို ဝါးရုံရိပ်အောက်မှ ထိုင်စောင့်နေပါသည်။

ဤနေရာ၌ စကားအဆင်သင့်၍ အင်ဖူး၏ အတင်းကို ပြောရဦးမည်။

'အင်ဖူး' မှာ သူ၏နာမည်ရင်းမဟုတ်ချေ။ မူလ ပထမ သူ့မိဘများမှည့်စဉ်က ကွယ်လွန်သူ ဘုရားဒကာ စိန်ကြီး၏ နာမည်ကိုယူ၍ မောင်ဘိုးစိန်ဖြစ်ပါ၏။ နောက်အရွယ်ရောက်၍ ကြက်ခိုး နာမည်ကြီးသည်၌ ကြက်ခိုးဘိုးစိန်ဟု ခေါ်တွင်၏။

ထိုမှတစ်ဖန် တစ်ညသ၌ ရုတ်တရက်ဉာဏ်လျင်မြန်သော လူကြီးတစ်ယောက်၏ အိမ်က ကြက်ကိုဝင်ခိုးရာချောင်းဟန့်သဖြင့် လူကြီးနိုးကြောင်းသိ၍ သူရုတ်တရက်ထွက်မပြေးဝံ့ဘဲ ကြက်ကို လူကြီးလည်ပင်းညှစ်ကာ စပါးပုတ်ကွယ်မှာ ဝပ်နေရ၏။ ဤအခိုက် လူကြီးသည် ကြက်အိပ်တန်းကိုဆင်းကြည့်၍ ကြက်ပါသွားမှန်း သိသောအခါ၌ အသက်ကကြီးတော့ အော်လား လိုက်လားလည်း မပြုလိုသဖြင့် အောက်ပါအတိုင်း ရေရွတ်သည်ဟူသတတ်။

www.burmeseclassic.com



'တောက် . . . ကွာ၊ ငါဒီကြက်မလေး အင်ဖူးနဲ့ ချက်စား မလို့ထားတာ အင်ဖူးအဆင်မသင့်သေးလို့ စောင့်စောင့်နေရတာနဲ့ လူခိုးခံရတာနာသကွာ၊ ဟိုကောင်ကလေးတွေကလဲ အင်ဖူးခူးခဲ့ပါဆို တာ တစ်နေ့လာမယ် တစ်နေ့လာမယ်၊ ခုတော့ ဝတ်တာကောင်းတယ် လခွီး . . . ငါက အင်ဖူးနဲ့ ကြက်သား ဘယ်လောက်ကောင်းသလဲ ဆိုတာ သူတို့သိသွားအောင် ချက်ကျွေးမလို့ဟာ ဒါလူတိုင်းသိတာ မဟုတ်ဘူးကွ'

သူ့အမယ်ကြီးကိုပြောသည့် အဟန်မျိုးဖြင့်။

နောက်တစ်နေ့နံနက် ဆွမ်းခံထွက်ချိန်၌ ကြက်သူခိုး ဘိုးစိန် မှာ ရုတ်တရက်ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ ကြက်သားဟင်းကို အိုးပါနောက်ဖေးကြမ်းပြင် လွှင့်ပစ်မိတော့သတည်း။ သူ့အရိပ် အခြည်ကို ချောင်းမြောင်းကြည့်ရှုနေသော အဆိုပါလူကြီး ဟက်ဟက် ပက်ပက်ရယ်လေသတည်း။ အကြောင်းမှာ အင်ဖူးသည် ကြည့်တော့ သာ ထွေးထွေးနုနု ကွေးကွေးလုလုနှင့် အင်မတန်ချိုဆိမ့် သင်းပျံ့မည် ထင်ရသည်။ သို့သော် ဟင်းချက်လိုက်သောအခါ၌ကား တမာ ခွေးတောက်တို့ထက် တက်တက်စင်အောင် ခါးသတည်း။

ယင်းအဖြစ် ပျံ့လွင့်ပေါက်ကြားသွားသောအခါ၌ (အဆိုပါ လူကြီးစကားပြောဝါဒဖြန့်ကလည်းကောင်း၏) ကြက်သူခိုး ဘိုးစိန်မှာ နာမည်ရင်းပျောက်ကွယ်ပြီး အင်ဖူးဟုသာ ခေါ်တွင်တော့သတည်း။

'ဟင်း . . . ခုတစ်ခါတော့ ခွေးမသားမျိုး 'အင်ဖူး' ကနေပြီး နိမိတ္တက၊ အနာရွှတ်ထလို့မို့ 'ဖင်စူး' ဖြစ်ရမယ်ပေါ့ကွာ' ဟု ကျွန်တော် သည် လက်က ကြံရွက်လှံသွားပြားပြား ကလေးကို လက်နှင့်ပွတ်ကာ သူ့ကိုစောင့်သတည်း။





သို့သော် မိုးစင်စင်လင်းသည် အထိခနဲ့မျိုး၏ အရိပ်အခြည် ကိုမျှ မမြင်ရချေ။ နောက်ဆုံး၌ ကျွန်တော် လက်လျှော့ကာ ပြန်ခဲ့ ရပါ၏။

'တောက် , . . ဒီဟာတော့ ငါအခံပြင်းဆုံးပဲ မနော်ရာ၊ ခွေးမသား ဘယ်နေရာထားခဲ့ပြီး ဘယ်လိုပြန်လှည့်ယူတယ်ဆိုတာ စဉ်းစားမရဘူး။ ငါနောက်ဖေးခြံထဲက စောင့်မယ်ဆိုပြီး အိမ်ပေါ်က ဆင်းလာတော့ ရွာတောင်ဖျားမှာ သူတို့အော်သွားတာကြားရတုန်းပဲကွ'

'ရှင် မိုးလင်းမှ သစ်ပင်ကြို သစ်ပင်ကြားတွေ လျှောက် ကြည့်သေးလား'

'ကြည့်တယ်၊ တို့ခြံခေါင်းရင်း အထွက်ဝနဲ့ ဟိုမချမ်းမြ နောက်ဖေးတည့်တည့်က သရက်ပင်မြစ် ခွကြားမှာ အမွေးနည်းနည်း တွေ့တယ်။ အဲဒီသရက်ပင်အောက်က ဟာကလည်ပင်းမွေးတွေကွ၊ ကြက်မသေတော့သေပါပြီလေ၊ ဘယ်သူ့အိမ်မှာ ဘယ်အချိန်ချက်စား မလဲဆိုတာသာ မသိရတယ်၊ ငါအခုမနက် ရွာထဲလျှောက်ပြီး အနံ့ခံ အကဲခတ်နေချင်တယ်ကွာ၊ ဒါပေမယ့် မအားဘူး။ ဒီနေ့မှ ဥပုသ် မစောင့်ရင် ဘုန်းကြီးကြီးက ငါ့ကိုကြိမ်နဲ့တုပ်ရိုက်လိမ့်မယ်'

အကြောင်းမှာ ဆရာတော် ဘုရားသည် ကျွန်တော်တို့ လူငယ်များအား တစ်လမှာ ဥပုသ်လေးရက်ရှိသည့်အနက် အနည်း ဆုံး တစ်ရက်မျှ စောင့်ရမည်။ နို့မဟုတ် နွားကြိမ်နှင့်ဆော်မည်ဟု အမိန့်ထုတ်ထားပါ၏။ ယနေ့သည် လကွယ်နေ့၊ လွန်ခဲ့သော သုံး သီတင်းက ကျွန်တော်တစ်ခါမျှ မစောင့်ခဲ့ရသေး။ ထို့ကြောင့် ကျွန်တော်မှာ ဤနေ့သည် အခါကျပ်ရက်ကျပ်ကြီးဖြစ်နေပါ၏။ ဒါကို ကျွန်တော့်ဇနီးလည်းသိပေရာ. . .



www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် ရှင်စိတ်ဖြောင့်ဖြောင့်သာ ဥပုသ်သွားစောင့်လေ၊ ကျွန်မပဲလျှောက်အကဲခတ်လိုက်မယ်၊ မီးဖိုချောင်ကိစ္စဆိုတော့ ကျွန်မတို့ မိန်းမသားကသာပြီး မေးရစမ်းရလွယ်တာပေါ့'

'အေးကွာ. . ဟုတ်ပြီ၊ ဒီမှာမနော်၊ ကြက်သားဟင်းချက်တဲ့အိမ်တွေ့ရင် ရှင်းရှင်းပဲ၊ ကျွန်မတို့ ကြက်ပျောက်လို့ဆိုပြီး ခြေထောက်ရိုးသာ တောင်းကြည့်ကွာ၊ တို့ကြက်မကလေး ခြေထောက်မင်းမှတ်မိတယ်မဟုတ်လား၊ ဘယ်ဘက်ခြေခုံမှာနဲ့ ညာဘက်ဒူးဆစ်အောက်နားမှာ အမည်းကွက်ဧက်ကလေးတွေပါတယ်'

'ကျွန်တော်မှတ်မိတယ်အဖေ'

'အေး. . . ဒါဖြင့် လူကလေးမင်းပါအတူလိုက်သွားကွာ၊ ဒီမှာမနော် တခြားလူအိမ်မှာ တွေ့နေရင် ဘယ်ကရသလဲ၊ ဘယ်ကဝယ်သလဲ ချော့မေး၊ အေး. . . သူ့အိမ်မှာနဲ့ မှိုနီရိုးအိမ်မှာဆိုရင်တော့ ငါ့ကို ကျောင်းလိုက်ပြီးသာခေါ် ကွာ၊ ဥပုသ်ကြီးနဲ့မက ဘာပဲဖြစ်ဖြစ် ခွေးမသား အရင်မဇာနဲ့အိမ်က ကြက်ခိုးတာပါဖွင့်ပြောပြီး ဘုန်းကြီးကြီးကိုလျှောက်မယ်၊ သူကြီးအိမ်ကို တိုင်မယ်၊ ချီး. . အချင်းချင်းကတုံးပေါ် ထပ်ကွက်တာတော့ မခံနိုင်ဘူး'

*



၂

ကျွန်တော်သည် ရုပ်အင်္ကျီလျှော်ပြီးသားကလေးနှင့် ရှာရက်လုံချည်တစ်ရေချကလေးကိုဝတ်ကာ တဘက်ပျော့ဖတ် ကလေးကိုခေါင်းမှာပတ်၍ အတော်ပင် သပ်သပ်ရပ်ရပ်ရှိနေချေပြီ။ ကျွန်တော်တို့ မင်္ဂလာဆောင်တုန်းက ဝယ်တဲ့စားပွဲတင်မှန် (သားတော်မောင် ဟစ်တလုံး၏ ထိုးချက်ကြောင့် ကွဲအက်၍တော့ နေပါပြီ) ၎င်းမှန်ကို ဖုန်သုတ်ပြီး ကိုယ့်ရုပ်ကိုယ်ကြည့်လိုက်တယ်။ 'အမယ် တက်ပုတို့က ဒီလိုဆင်ထိုက်ပြင်လိုက်တော့ အတော်နှပျို တုန်းပါကလား'

ခါတိုင်းနေ့မျိုးဆိုလျှင် အင်္ကျီဝတ်ရိုးလား၊ ပုဆိုးညစ်ပတ်ထပ်ပင် တစ်ထည်စည်း တစ်ထည်ပေါင်းနှင့် ဘယ်တော့မှ မဆုံးနိုင်တဲ့ အိမ့်တာဝန်တွေကို တစ်နေကုန်တစ်နေခန်းလုပ်ရတယ်။ သြော် . . . ဒီနေ့မျိုးဆိုတော့ အနားလည်းရ ကုသိုလ်လည်းရပေ့။ ညနေ့သော် ညစာမစားရတာက ခက်လှတယ်၊ ဒါပေမယ့် ကျုပ်တော့ အရင် ထတွယ်တာပဲ။

ဤအချိန်၌ ကျွန်တော့် အုံမာဒါနီသည် ဆန်နို့ဆီဘူးနှစ်လုံးခန့်ကို ထမင်းပန်းကန်ပြားထဲမှာ ခပ်မောက်မောက်ကလေး ထည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အပေါ်က အိမ်ရှေ့ပင်ကပွင့်တဲ့ စံပယ်ပန်းကုံးကလေးကို ရစ်ခွေ၍ ထားလို့။

'ကိုတက်ပုရေ . . . ဟောဒီပန်းကလေးတွေ ရှင်ကိုယ်တိုင် ဘုရားမှာ ကပ်လိုက်ပါနော်'

'ဟောဒီ ပန်းဒကာမကလေးဟာ ဖြစ်လေရာဘဝမှာ ဤ စံပယ်ပန်းလို ဖြူဖြူဖွေးဖွေးပြီး ကြူကြူမွှေးပါစေဆိုတဲ့ ဆုတောင်း ပေါ့နော်'

အလို့ ကျွန်တော့်မယား၏ မျက်စောင်းကလေးဟာ ချစ် ရာ ကောင်းတုန်းပါပဲကလား။

ထို့နောက် ကျွန်တော်သည် ဤနေရာ ထိုနေရာတို့၌ ဟိုမှောက်သည်လှန် လုပ်နေရာမှ . . .

'ဟော့ . . . မနော်ရေ ပုတီးကောကွ'

'မသိတော့လား၊ ရှင်အရင်လက ဘယ်နေရာ ပစ်ထားလို့ လဲ'

'အဲဒါ မသိတော့လို့ပေါ့ကွ'

'တော့သားများ ယူဆော့မလား၊ သူ့ခေါ် မေးကြည့်ပါဦး'

'ကောင်လေး ဘယ်များဆင်းသွားပါလိမ့်' ကျွန်တော်အိမ် ရှေ့လှမ်းကြည့်လိုက်ရာ 'ဟဲ့ ကြည့်စမ်း . . ကြည့်စမ်း၊ လူကလေး ဒီရဲတင်းပုဆိန်ယူပြီး ထန်းပလပ်ကို မခုတ်နဲ့ပြောနေတာ'

'ခုတ်တော့ ဘာဖြစ်ရဲဂျ'

ကြက်ကိစ္စနဲ့ပတ်သက်ပြီး သူ့ကျွန်တော့်ကို စိတ်မျက်နေ သည်။

'ပုဆိန်ကြီးက လေးတော့ မင့်ချော်ချက်ရှမှာစိုးလို့ ပြောတာ





ဟေ့'

'ခြခြဂျ'

'ကဲ . . . ဒါဖြင့် မင့်သဘောပဲ၊ ငါ့ပုတီးများ ဘယ်တွေ့မိလဲ ဆော့ ပြောပါဦး'

'ကျွန်တော်က ခုညလိုမှနေ့တိုင်း တရားအားမထုတ်နေတာ၊ ဘယ်တိမရဲဂျ'

'အောင်မယ် . . . ငါသတိရပြီ၊ မင်းဟိုနေ့က ကြောင်မ ပုတီးနဲ့ ချည်ပြီး မြင်းလုပ်ကစားနေတယ် မဟုတ်လား'

ဤတွင် သူ့အမေက မီးဖိုချောင်ထဲမှ . .

'ကိုတက်ပုရေ . . . တိုးတိုးရှင့်၊ လူများကြား ရှက်စရာကြီး ဟော့ဒီမှာ တွေ့ပြီ၊ ငါးပိချက်အိုးအောက်က ကရွတ်ခွေထဲက'

'ပြုတ်သတ်များနေသေးလားဟယ်၊ ပုတီး ၁၀၈ လုံးလဲ ဘယ်လောက်များရှိတော့လဲ မသိပါဘူး'

'မပြုတ်သေးဘူးရှင့်'

ဤတွင်မှ ကျွန်တော့်မှာ ဥပုသ်စောင့်သွားရန် အတောင် အလက်စုံချေပြီ၊ လှူဖွယ်ဝတ္ထု ပန်းကန်ကိုညာလက်ဝါးပေါ်မှ၍ အိုးမည်းများသုတ်သင်ပြီးသော ပုတီးကိုဘယ်ဘက် လက်ကောက် ဝတ်မှာ ရစ်ပတ်ကာ အိမ်ပေါ်မှဆင်းခဲ့တော့၏။

အောက်ရောက်မှ ကိုယ့်ဝမ်းအတွက်ကို သတိရပြန်ကာ . .

'ဒီမှာ မနော်ရေ၊ ခုမနက် ဥပုသ်ဆွမ်းအတွက်တော့ ဖွယ်ဖွယ်ရာရာကလေး လုပ်ပါကွာ'

ကျွန်တော့် မိန်းမသည် ကလေးတစ်ဖက်၊ ဆေးပေါ့လိပ် တစ်ဖက်နှင့် ပြုံးစနဲ့နဲ့ကလေး ထွက်လာကာ . . .



www.burmeseclassic.com

www.burmeseclassic.com


'ဒီမှာ ဆရာတက်၊ ကိုယ့်အချင်းချင်းပဲ ဥပုသ်ဆွမ်းတွေ ဘာတွေ လုပ်မနေပါနဲ့ကွယ်၊ ရှင်ဘယ်တော့များ ညစာလွှတ်သလဲ'

'ဟဲ့ . . . ဟိုဘက်အိမ်ကကြွားပါဦးမယ်၊ ညစာမလွှတ်ကော ခုမနက်မှာ ဘုန်းကြီးရှေ့ထိုင် ပုတီးကိုင်ပြီး ပါးစပ်က ပွစိပွစိ လုပ်နေရတာက မသက်သာဘူးကွ၊ ဟင်းသည် ကျွေးသည်ကလေးများလာ . . . ဝယ်ပါကွာ'

'ဝယ်နိုင်ပေါင်တော်၊ ယင်းတိုက်ရွက်ဟင်းချို၊ ငါးပိရေနဲ့ သခွပ်ရိုးခြောက်တို့စရာပဲ၊ ဥပုသ်စောင့်ရတယ်လို့ ဒီနေ့မှ ရှင့်ပါးစပ်က ထုံးပြီး မစားနိုင်ဘူးဆိုလဲ နေရော'

'ငါလဲခွီးတဲ့ . . . သွားမယ်ကွာ'

ကျွန်တော် စိတ်ပျက်ပျက်နှင့်ခေါင်းလှည့်အထွက်

'တွား . . . တွား . . . ခညားကြီး အိမ်ကကြက်မတော့' ဟု ဆိုပြီး သားတော်မောင် ဒေဝဒတ်က ရဲတင်းပုဆိန်နှင့် ရွယ်သောကြောင့် ကျွန်တော်ဗိမ္ဗိသာရကြီးမှာ ကျောင်းတော်ဝိဟာသို့ အမြန်လစ်ခဲ့ရပါတော့သည်။

*

နံနက်ခင်းမို့ ရွာတွင်းမှာ အေးမြသာယာတုန်းပါ။ ရွာရိုးတစ်လျှောက်မှာ နှစ်အိမ်ခြား သုံးအိမ်ခြားတို့မှ ဆန်ဖွပ်မောင်းထောင်းသံ၊ ရက်ကန်းစင်တို့မှ လက်ခတ်သံ၊ အိမ်ရှင်ယောကျ်ားကြီးများ၏ ထင်းခွဲလွှဆွဲသံ၊ ထန်းသမားတို့၏ ထန်းပင်များတို့မှ သီးရင့်ရိုက်သံ၊ မိုးတစ်ပြိုက်နှစ်ပြိုက်ရွာပြီမို့ လယ်သမားတို့ရဲ့ ထယ်တုံး ထွန်တံပြင်တဲ့အသံ။



ဤအသံများကို စုပေါင်းပြီးတော့ဖြင့် မိတ်ဆွေတို့လို မြို့ကြီးသား လူယဉ်ကျေးများကတော့ 'ကျေးရွာ၏ဂီတ' လို့ ဆိုကြမယ်ပေါ့။ သို့သော် ဤအသံများကိုပေါ်ထွက်စေတဲ့ လူများမှာတော့ မသက်သာရှာကြပါဘူး။

ဆန်ဖွပ်သမကလေးတွေက ခုမနက်စာ ထမင်းချက်မီအောင်တဲ့ဗျ။ ရက်ကန်းသမတွေကိုလည်း 'လက်ခတ်သံ ကျွန်းဖိုသားသောင်းတိုင်ကကြား' ဆိုတဲ့ သီချင်းနဲ့ ဘုရားလှူဖို့ မသိုးသင်္ကန်းများရက်နေတယ် မအောက်မေ့ကြနဲ့ သူပိုင်ချည်းမဟုတ်ပါဘူး။ သူ့ကို လက်ခစားငှားတဲ့လူ အထည်သိမ်းလာရင် အချိန်မီပေးနိုင်အောင်တဲ့ဗျ။ ချွေးတပြိုက်ပြိုက်နဲ့ ထင်းခွဲလွှတိုက်နေတဲ့ လူကြီးများကတော့ အိမ်မှုကိရိယာ မိုးမရွာမီ ပြီးအောင်တဲ့ဗျ။ ဟိုထန်းသမားကြီးကိုလဲ အလကား သူ့အပျော်အပါးသောက်စားဖို့ လုပ်နေတယ် မအောက်မေ့နဲ့ဦး၊ သူက သက်စွန့်ဆံဖျား ထန်းတက်ပြီး အသက်မွေးရတဲ့လူ။ အခုလေ သီးနှုရိုးတံတွေဖြတ် ထန်းဖိုလက်ငုတ်လောက်သာ ကျန်တော့လို့ သီးရင့်ခိုင်တံကို အမြန်နှံ့နေရတာခင်ဗျ။ ဒါမှ သူမိုးတွင်းစာကလေး ရပေမယ်။ လယ်သမားတွေကိုတော့ အထူးပြောစရာလိုမယ် မထင်ပါဘူး။ နွေပေါက်ရင် သူတို့ဖို့ ဝမ်းစာလေး မလောက်မငှထားပြီး မိတ်ဆွေတို့ မြို့ကြီးသားတွေစားဖို့လေ၊ ခုနယ်ထဲက ပြင်ကြ ဆင်ကြရပြီ။

'တောသားတွေ ဆင်းရဲကြမှာပေါ့၊ အသိဉာဏ်မှ မရှိကြတာဘဲလို့ ဆိုချင်ဆို ကျုပ်တို့က ခံဖို့အသင့်ပါပဲ။ သို့သော် ကျုပ်တို့လို အသိဉာဏ်မဲ့တဲ့လူတွေ မရှိရင်ဖြင့် ခင်ဗျားတို့ ရွှေမြို့တော်သူ ရွှေမြို့တော်သား ခါနာပြတ်လို့ မာလကာဈာန်ကြွကုန်ကြလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ နည်းနည်းပါးပါး သက်ညှာကြပါဗျာ။ ကျုပ်တို့တောကလူများ မြို့ဈေးဝယ်တက်လာရင် လယ်တောအမဲတဲ့ဆိုပြီး သိပ်သိပ်မနှံ့ လိုက်ကြပါနဲ့ ဒီကတော့ ခံဘက်ကချည်းပါပဲ။ ဘာမှနားမလည်ရှာကြပါဘူး'

*

'ဟော့ . . . မောင်တက်ပု၊ ဥပုသ်စောင့်လားကွ'

'ဟုတ်ကဲ့ ဦးကြီးဘိုးဆင်ရေ၊ နို့ ဦးကြီးဘိုးဆင်ကော'

'ငါတော့ ဒီတစ်ပတ်အိမ်စောင့်ကျသကွာ၊ မင့်အရီးများ သွားကြလေရဲ့။ ခြံထဲက သစ်ပင်လေးတွေ စိုက်စ ကြက်မောင်းစရာ ဝင်းကာစရာကလဲရှိတာနဲ့ဟေ့၊ အေး . . . သွားဟ သွားဟ၊ ဒါမှ ကိုယ့်ဖို့ပါသကွ၊ ရေဘူးနဲ့ ဖိနပ်မပါ နွေအခါမှသိမတဲ့၊ ဒါနဲ့ သီလမပါ သေခါမှသိမတဲ့'

'ဟုတ်တာပေါ့ ဦးကြီးဘိုးဆင်ရာ'

ဦးကြီးဘိုးဆင်အိမ်မှ လွတ်မြောက်ခဲ့သော် ပီသာငါးဆယ် ကျော်ထွက်မည်ဟု ခန့်မှန်းရသော သူ့ဝက်ကြီးကို အရိပ်တကြည့် ကြည့်နှင့် စိတ်ကူးယဉ်ကာ ဝက်စာ ပိန်းရိုးစင်းနေသော ကိုဆတ် ကလေးအား . . .

'ဗျို့ . . . ကိုဆတ်ကလေး၊ ခင်ဗျာ့ကောင်ကြီး ဘယ်တော့ ပေါ်'

'ဟိုက်' ကျွန်တော်စကားမဆုံးမီ ရှုတ်တရက် သတိရပါ သည်။ ငါ ဥပုသ်စောင့်သွားမှာပါကလား၊ ကိုဆတ်ကလေးကတော့ အဖြေပေးလေပြီ။



'ဖိန်းနွဲခါဟေ့ . . . မင်းလာကွာ၊ အုတ်ရှစ်ပင်ရွာအတွက် ငါးတွဲလောက် မင်းတာဝန်ယူကွာ'

'ဟယ်' မေးမိတော့မှဖြင့် မထူးတော့ပါဘူးကွာ၊ သီလလဲ ယူရသေးတာမှ မဟုတ်တာ။

'ကောင်းပြီလေ . . . ကျွန်တော်လာခဲ့မယ်၊ ဘယ်အချိန်လဲ'

'မနက်ရောင်းမီ ညနေတစ်စောင်းပေါ့'

ကျွန်တော် ဝက်ဖျက်တာထဲမှာ လက်သည်ပါရမည်။ ဝမ်းတွင်းသား၊ ခေါင်းသားနှင့် ခြေထောက်ရိုးများ စားရသည်။ နောက် တစ်နေ့၌ တစ်ပိဿာတွဲများကို လက်သည်တွေခွဲဝေ၍ ဟိုရွာ သည်ရွာ သွားရောက်ရောင်းရသည်။ အုတ်ရှစ်ကုန်းရွာမှာ ကိုဆတ် ကလေး ဆွေမျိုးများရှိ၍ ကျွန်တော့်ကို လွှတ်ခြင်းဖြစ်သည်။ ဆွေမျိုးတို့မည်သည် ကိုယ်ချင်းပဲဟာဆိုပြီး အကြွေးယူ၏။ နောက်ပြီး အတောင်းရခက်၏။

'အမယ် . . . ဦးကြီးဖြိုးတို့ကတော့ ဇိမ်ပါပဲလား'

အရီးချစ်စုလင် ကျွန်တော့် ဘကြီးဖြိုးကိုကား မိတ်ဆွေ မှတ်မိကောင်း မှတ်မိပါလိမ့်မည်။ ကျွန်တော့်အား ဦးကြီးမှူဟူသော မှုတစ်ခုချပေးခဲ့ဖူးသူဖြစ်သည်။ ယခုသူသည် နံနက်စောစောဝင် ထန်းရည်ကျည်တောက်ကို နံဘေးမှာ ထောင်၍ အုန်းမှုတ်ခွက်နှင့် ကြိတ်နေသည်။

'အေး . . . ဟိတ် . . . တက်ကလေး၊ တစ်ခွက်လောက် မော့သွားပါဦးလား'

'ဘယ်ဖြစ်မလဲ ဦးကြီးရာ ဥပုသ်စောင့်သွားရမှာတို့'

'မင်းသီလမှ မယူသေးတာဘဲကွ၊ ယူပြီးမှ မ[illegible]



www.burmeseclassic.com

www.burmeseclassic.com



နေရတာ'

'ဖြစ် မထင်ပေါင်ဗျာ ပါးစပ်ကနံနေပါ့မယ်၊ ဦးကြီးတို့တော့ အသက်ငါးဆယ်ကျော်တော့ ဘုန်းကြီးမပြောတော့ဘူး ဥပုသ်မစောင့်ချင်လဲနေရပြီ၊ ထန်းရည်ကလေးသောက်ပြီးဇိမ်ပဲ'

'မဇိမ်နဲ့မောင် ဒီထန်းရည်သောက်ပြီး ရိုးထိပ်က လယ်ကလေးမှာ ဆောက်မြစ်တွေသွားပေါက်ရမှာကွ၊ ဒါကြောင့် နေပူခံကလေးလုပ်နေရတာ'

ကျွန်တော်ဆန်ခွက်ကလေးတမမနှင့် ဆက်လျှောက် ခဲ့ရာ. .

'ဟာ . . . ဘယ့်နှယ်ဦးကြီးဘိုးသင်း စောစောစီးစီး လှည်းတစ်စီးနဲ့ ဘယ်အချိန်ကများ အိမ်ကထလာလဲ'

အကြောင်းမှာ ဦးကြီးဘိုးသင်းရွာသည် ကျွန်တော်တို့ရွာနှင့် နှစ်တိုင်ခရီးမျှဝေး၏။ ဦးကြီးဘိုးသင်းသည် စိတ်ချမ်းသာစွာနှင့်. .

'ဟာ . . . ပြောမပြောချင်ပါဘူး တက်ပုရာ တာလမ်းက ကျောက်စရစ်ခဲပုံ နှစ်ပုံလောက်လှည်းနဲ့တိုက်ယူမလို့ ၄ နာရီ လောက်မောင်းခဲ့တာ တာတစ်လျှောက်မိုးသာ စင်စင်လင်းရော ကျောက်ခဲပုံမတွေ့ရဘူးကွ၊ ငါ့အရင် ယူသွားတဲ့ လူတွေက ရှိနေတာကိုး၊ ဟောဒီမင်းတို့အပိုင်းရောက်မှ တွေ့တော့တယ်၊ ဒီတော့ လူမြင်သူမြင် ဖြစ်နေပြီ။ ဒါကြောင့် ခုည မင်းတို့ရွာမှာနေပြီး သန်းခေါင်ကျော်လောက်ကျောက်ခဲတင်ပြန်မယ်လို့ကွ'

'နေပါဦး၊ ကျောက်ခဲက ဘာလုပ်ဖို့တုန်း ဦးကြီးရဲ'

'ဟာကွာ . . . ငါ့အိမ်ဟောင်းကြီး နေမဖြစ်တော့လို့ပြင်တာ တိုင်သစ်မဝယ်နိုင်တော့ တိုင်ဟောင်းတွေပဲ အောက်ခြေကဖြတ်ပြီး က,ကတစ်ခဲ့ရတယ်ကွ၊ အဲဒါ ရွာထဲကျောက်စည်လုပ်ရောင်းတဲ့





သူငယ်တွေဆီက ဈေးထားတဲ့ကျောက်စရစ်ခဲ ပြန်ပေးဖို့ကွ၊ နို့မင်းကလဲ ကျောင်းဥပုသ်စောင့်လား၊ ငါ့တူက တယ်လိမ္မာနေပါလားဟေ့'

'ဟာ . . . လိမ္မာတာတော့ မပြောပါနဲ့တော့ ဦးကြီးရာ'

'အေး . . . လိမ္မာတာ ကောင်းတာပေါ့ကွ၊ ဦးကြီးတော့ ဒီအသက်ဒီအရွယ်ရောက်မှ တာလမ်းမက သံဃိကပစ္စည်းခိုးရတဲ့အဖြစ် ရောက်နေတယ်ဟေ့၊ အင်တိုင်းလဲသွားတိုက်မပေးနိုင်ဘူးဟ၊ သူတို့လိုပဲ'

*

ကျွန်တော်သည် လမ်းတွင် ဟိုပြောသည်ပြောနှင့်လေဖောခဲ့ကာ ကြောမီ ကျောင်းတော်မဟာသို့ ရောက်ခဲ့ပါတော့သည်။

အလို . . . မြို့က ဦးမြတ်ချမ်းတို့ဒေါ်အေးဆင့်တို့ အိမ်သားတွေလဲ လာကြပါလား၊ အမယ် မြို့သူ ကောင်မလှလှကလေး တစ်ယောက်လဲ သူတို့အိမ်သားတွေထဲ ပါလာတယ်ဟေ့၊ အမောက်ထောင်ထောင်၊ နှုတ်ခမ်းနီနီ၊ နားသံသီးတွဲလောင်းကလေးနဲ့ သူ့အသားရောင်နဲ့ နိုင်လွန်အကျီပါးကလေးကလည်း၊ အဟိဦးပဥ္စင်းကလေး မျက်စိကျွတ်ကျမှာစိုးရတယ်၊ ကောင်မလေး အသားအရေကလဲ စိုစိုပြည်ပြည် ဝဝကစ်ကစ်၊ ကြည့်စမ်း . . . မအေပေးမျှနှိုက်ရိုးတို့ သာအေးတို့ အောင်ခတို့ လူသိုက်က အနားတရစ်ရစ်နေကြပါလား၊ ကွမ်းအစ်တည်သလိုလို လက်ဖက်ရည်ပွဲချသလိုလိုနဲ့ အေးလေ . . . ပိုးကြပန်းကြပေါ့ကွာ၊ မင်းတို့အချိန်နဲ့ မင်းတို့အရွယ်ပေကိုး . . . ။



www.burmeseclassic.com

ဦးမြတ်ချမ်းနှင့် ဒေါ်အေးဆင့်တို့မှာ မူလပထမက ကျွန်တော်တို့ရွာက ဖြစ်ပါသည်။ သို့သော် သူတို့မှာ ပစ္စည်းဥစ္စာ ချမ်းသာသူများဖြစ်၍ ယခုလို ခေတ်မကောင်းသည့် တောရွာမနေဝံ့ တော့ဘဲ မြို့သို့ပြောင်းရွှေ့သွားရခြင်းဖြစ်ပါသည်။ သူတို့သည် မကြာ ခဏပင် ဥပုသ်နေ့များ၌ လှူဖွယ်ဝတ္ထုအစုစုနှင့် ဥပုသ်စောင့်ပြန် လာတတ်ကြသည်။ ရွာက ဆရာရင်း တပည့်ရင်းပေကိုး။

အနှီလို သူတို့လာကြပြီဆိုလျှင် ရွာက လူကြီးအချို့နှင့် သူတို့လှူသိုက်သာ ဘုန်းကြီးအနားမှာ ဝိုင်းအုံနေကြသည်။ ဒီက ဂျီးသာယာတို့ အရီးဗွေးတုပ်တို့ လူစုဖြင့် နောက်ချောင်ကုပ်၍ နေရ ပေသည်။

ကျွန်တော်သည် အရောက်လည်းနောက်ကျ၊ လူပုံလူပန်း ကလည်း တယ်မခန့်လှသဖြင့် မရွံ့မရဲနှင့်ပင် လူတောထဲခပ်ကုပ်ကုပ် ကလေး လျှောက်သွားရာ . . .

'အံမာ . . . မောင်တက်ပုကလဲ ဥပုသ်စောင့်လာသကိုး လာကွ၊ ဒီဘက်ကို'

ဦးမြတ်ချမ်းကိုယ်တိုင်က လှမ်းခေါ်လိုက်သံကြားရတော့ လူကို အတော်ကလေး မျက်နှာထားရဲပြီး သူတို့လှူသိုက်ဆီသို့ ဆိုက် ရောက်ခဲ့ပါတော့၏။ ၎င်းတို့လူစုကို ပြုံးကြည့်နှုတ်ဆက်ပြီး လက်ထဲက ဆန်ပန်းကန်ကိုရှေ့မှာချပြီး ဘုန်းကြီးဝတ်ပြုစဉ် . . .

'ဟင် . . . စံပယ်ပန်းကလေးတွေက လတ်ကလတ်သန်နဲ့ မွှေးလိုက်တာဟယ်' ဟူသော အနှီကောင်မကလေး၏ အသံကို ကြား ရသည်၌ ကျွန်တော့်မှာ လောဘဇာကြောင့်မသိ နှုတ်မှရေရွတ်နေ သော ဗုဒ္ဓံပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိတွေစိတ်ထဲမှ ပျောက်





ပျောက်သွားကာ ပန်းရှိသမျှ အကုန်လုံးလက်ခုပ်နှင့်ကျုံးပြီး ပြုံးပြုံး ကြီးပေးလိုက်ချင်စိတ်သာ ပေါ်သွားပါတော့၏။ ဘုရားကိုစူးပါရ ဆရာရဲ့။

သို့သော် ဘယ်ဖြစ်မှာတုန်း၊ အိမ်က မရှေ့နော်က ဘုရားကို တင်ဖို့ပေးလိုက်တာ၊ အို . . . ဒီလိုလူတွေမရှိဘူးဆို ပေးချင်ပေးလိုက် ဦးမှာ လူ့စိတ်ဟာ မျောက်စိတ်ဆိုတာ တယ်မှန်။

'ဘယ့်နှယ်လဲ၊ မောင်တက်ပုတို့ အိမ်သူအိမ်သားတွေ ကျန်းမာကြရဲ့လား'

ကျွန်တော် ဘုန်းကြီးဝတ်ဖြည့်အပြီး ဦးမြတ်ချမ်းက ပဋိ သန္ဓာရ ပြုသဖြင့် တင်မဆစ်တုပ်နှင့် သူ့ဘက်လှည့်ကာ . . .

'မာကြပါတယ်၊ နို့ . . . ဦးလေးချမ်း အိမ်သားများကော'

'ဟောဒီ မြင်တဲ့အတိုင်းပဲ၊ ပုစုခရု အကုန်ပါခဲ့ရဲ့'

ကျွန်တော့်မှာ လူစေ့သက်စေ့ လှည့်ကြည့်ပြုံးပြရပြီး အငယ် ဆုံး အကောင်လေးအား . . .

'ဟေ . . . ကိုမှတ်ကလေးက မြို့သားဖြစ်ပြီး ဝလို့လှလို့ ပါလား' ဟု ဟိုကောင်မကလေးကိုကြည့်ရင်းပြောလိုက်မိပါသည်။ စိတ်ထဲကတော့ ဘာရယ်လို့မဟုတ်ပါ၊ ပုထုဇဉ်နော ဥမ္မာတကော ကြည့်ကောင်းလို့သာ ကြည့်တာပါဗျာ။

'ဒါနဲ့ . . . မောင်တက်ပု၊ မင်းမြို့များ မရောက်ဘူးလား ရောက်ရင် တို့အိမ်ဝင်ပါထွက်ပါကွာ၊ ဟိုမှာလာပြုစား သောက်နေချင် လဲနေပေါ့'

'ဟုတ်ကဲ့'

ကျွန်တော့်မှာ ဤလိုလူကြီးနှင့် ဘုန်းကြီးရှေ့မှောက်တွင်

www.burmeseclassic.com



ခပ်ဆွံ့ဆွံ့။

ဦးမြတ်ချမ်းလိုလူက ကျွန်တော်လိုကောင်အပေါ် ဤမျှ ဖော်ရွေနေကြတာ ကြည့်ပြီးတော့ဖြင့် ဒီလူကြီးတယ်သဘောကောင်းပါလားလို့ မအောက်မေ့လိုက်ပါနဲ့ဦးခင်ဗျ၊ အကြောင်းကရှိပါသေးတယ်။ ဒီလိုပါ၊ သူဟာ အခုမြို့မှာ ရောက်နေပေမယ့် သူတို့ ငှက်ပျောခြံ၊ သရက်ခြံတွေကရွာမှာ ကျန်နေပါတယ်။ ဒါတွေကို ကျွန်တော်တို့လိုလူငယ်လက်ဆော့ခြေဆော့ ကောင်လေးတွေက သူတို့ သောက်မြင်ကတ်ပြီး အလကားသက်သက် ဖျက်ဆီးပစ်မှာစိုးလို့ဗျ။ ကျုပ်ကလည်း လူပါးသိသားပေါ့။ ဒါကြောင့်သူက ကျွန်တော့်ကို တရေးတရာ စကားပြောနေတာပါ။

'မင်းတို့ အသုံးအစားကော ချောင်လည်ရဲ့လားကွ၊ စပါးဈေးလဲ သုံးပိဿာ လယ်ခတွေကလဲ အရင်လိုမဟုတ်ဘူး။ လယ်ခွန်နှစ်ဆပေးရတာ'

'ဒါပေမယ့် ကုန်ဈေးတွေက အဆမတန်ကြီးတော့ မထူးပါဘူး ဦးလေးချမ်းရာ'

'ထူးပ့ါမလား' ကိုယ်တော်ကြီးသည် မူလက ကွမ်းညှပ်နှင့် တဖြောက်ဖြောက် ညှပ်နေသော ကွမ်းသီးစိတ်များကို ပါးစပ်ထဲပစ်သွင်းလိုက်ပြီး၊ လူစကားထဲဝင်လေပြီ။ 'နင်တို့ကလေးတွေက လက်ထဲပိုက်ဆံကလေးရှိရင် ထန်းရေကလေး တမြမြ၊ အရက်ကလေးတမြမြနဲ့ ဘာမှ ဘုရားမှန်းတရားမှန်း သိတာမဟုတ်ဘူး မြတ်ချမ်းရ၊ သူဒီနေ့ကျောင်းလာတာမှ တစ်လတစ်ခါမှ ဥပုသ်မစောင့်ရင် ရိုက်မယ်ဆိုလို့နို့မဟုတ်ရင် မလာသေးဘူး။ အခု သူလာတာလဲကြည့်ဦးလေ။ ဒီလထဲမှာ ဒီနေ့နောက်ဆုံးလကွယ်နေ့'





ဦးမြတ်ချမ်းတို့ အိမ်သားများက ကျွန်တော့်ကိုကြည့်၍ ရယ်ကြသည်။ ကျွန်တော်ရှက်ပါသည်။ လူ့လောကထဲမဝင်ဘူးသော ဘုန်းတော်ကြီးကား သူ့ထုံးစံအတိုင်း ဆက်လက်၍ကြိမ်းမောင်းလေသည်။

'လူကလေးတွေက ချမ်းသာပ့ါမလား။ အတိတ်ဘဝက ကုသိုလ်မရှိခဲ့၊ အခုပစ္စုပ္ပန်လဲ ဒါနမပြုချင်။ နင်တို့ကပြောဦးမယ်။ ဒီလို မလှူတာလို့၊ အေး . . . မရှိလို့မလှူ၊ မလှူလို့မရှိတာဟာ၊ လှူတယ် တန်းတယ်ဆိုတာက နည်းတာများတာကိုပြောတာ မဟုတ်ဘူး၊ စေတနာသာ ပဓာန၊ စေတနာကောင်းရင် ညောင်စေ့ကလေးက ညောင်ပင်ကြီးဖြစ်တာမျိုးဟာ၊ ခုမြတ်ချမ်းတို့ချမ်းသာတာ ဘာကြောင့်လဲသိလား၊ အတိတ်ဘဝက ကုသိုလ်ကံလဲပါတယ်။ အခုပစ္စုပ္ပန်မှာလဲ အလှူရေစက်လက်နဲ့မကွာဘူး။ ဘုရား တရား သံဃာကိစ္စမှာလဲ နင်တို့သိခဲ့တဲ့အတိုင်းပဲ ဘယ်လောက်လှုလဝီရိယရှိခဲ့သလဲ'

ဘုန်းဘုရားစကားကို ကျွန်တော်မျိုး မငြင်းလိုပါ၊ မငြင်း နိုင်ပါ။ ဦးမြတ်ချမ်းကို ကျွန်တော်တို့ရွာ ရှေ့ခေတ်ကောင်းတွင် နေစဉ်တုန်းက ကျွန်တော်သတိရပါသည်။ သူတို့အိမ်ရှေ့မှာ ခရီး သွားတို့ နားအပန်းဖြေနိုင်ရန် အမိုးနှင့် ထိုင်ခုံများရှိသော ဇရပ်ကလေးဆောက်ကာ သန့်ပြန့်အေးမြသော ရေအိုးစင်ကလေးထားပါသည်။

ငင်းဇရပ်လေး မျက်နှာစာမှာ (အာဂန္တု သံဃာတော်များ ဆွမ်းလုပ်ကျွေးပါသည်။ (ပုံ) ဒကာ မြတ်ချမ်း၊ ဒကာမ မအေးဆင့်) ဟု ဆိုင်းဘုတ်ရေးထားပါသည်။ ဤဆိုင်းဘုတ်မျိုးကို ဘယ်နေရာ ဘယ်ဌာနမှာ မိတ်ဆွေတွေ့ဖူးပါသနည်း။ စေတနာ ထက်သန်လှတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်ချမ်း ဇနီးမောင်နှံမို့သာပေါ့၊ အစိပ္ပာယ်မှာ 'ခရီးကျဲလာသော ဘုန်းကြီးဧည့်သည်များရောက်လာပါက ဆွမ်းကျွေးရန်အသင့်' ဟု ဆိုလိုသည်။ (ဆယ်နှစ်ကြာလို့မှ ဘုန်းကြီးဘယ်နှစ်ပါး လာစားမည် ဆိုတာတော့ မိတ်ဆွေစာရင်းတွက်ကြည့်တော့)

ထိုပြင်ရပ်ရွာ တရားဒေသနာကိစ္စနှင့် စပ်လျဉ်းလည်း ... မဖြစ်မီ ၃-၄ နှစ်လောက်က အသံကောင်း၊ အဟောကောင်း ... ကထိက ကိုယ်တော်များခေတ်စားစဉ်၊ ဘယ်ဘုန်းကြီး တရားကောင်း သဟေ့ဆိုလျှင် ဦးမြတ်ချမ်းကိုယ်တော်ထံပါးသွား၍ ရွာကိုမရရအောင် ပင့်ဆောင်သည်။ ထိုကိုယ်တော်ကြွလာမည့်ရက်ချိန်း ရခဲ့ပြီဆိုလျှင် ... ပင် ဘယ်ကိုယ်တော် ဘယ်နေ့ရာမှာ ဘာတရား ဟောပါ လိမ့်မည် ... ရွာနီးချောက်စပ်ကို မောင်းကြေးနင်းခတ်စေသည်။

သူဆောက်ထားသော တရားမဏ္ဍပ်ကလည်း ကျယ်ပြန့် ... ခမ်းနား၏။ တရာဟောပလ္လင်ကလည်း သပ္ပာယ်လှ၏။ ဘယ်လော... ငွေကုန်လူပန်း ဆောင်ရွက်သော သူပေနည်း။ ဒီလူမျိုးမရှားလား ... ခင်ဗျာ့။

အချိန်တန်လျှင် ပရိသတ်သည် မဏ္ဍပ်ပင် လျှံလေ၏။ ထိုခေတ် (၁၉၃၅-၃၆-၃၇) တရားပွဲများသည် နွားလှည်းတွေ ညဈေး တန်းတွေနှင့် ဇာတ်ပွဲကဲ့သို့ စည်ပင်လေသည်။ ကိုယ်တော်များက လည်း ဇာတ်မင်းသားသာအောင် အသံကျကျနှင့် အဆွဲအငင် အလှည့်အပဲ့ အဖွဲ့အနွဲ့ကောင်းလှသည်။ တရားတော်များကလည်း 'စိန်ခြူးကြာညောင်' 'ထောင်ရောင်နေ' 'လာပါ လာပါ မကြည်ရဲ့လို့' ...

ကိုယ်တော်သည် ပထမပိုင်း၌ကြည်နူးစရာ အဖြာဖြာတွင် ... သောလုံး၊ ရှင်လုံးများနှင့် အလှူရေစက် လက်နှင့်မကွာဖို့ကို ဖိသွန်ပြီး





...ဆောက် 'ခေတ္တရပ်ဆိုင်း ဟတ်ဗဒိုင်း' ဟူ၍ အားလပ်ချိန်ပေးလိုက်၏။ ...အခါ၌ ဦးမြတ်ချမ်း၏ လက်စွဲတပည့်များက (ကျွန်တော်လဲ ...ခဲ့ဖူးသပေါ့) မောင်းထောင်ခွက်ကိုယ်စီကိုင်ပြီး 'ဂျလောင် ... ဂျလောင်'နှင့် ပရိသတ်ထဲ အလှူခံဆင်းရ၏။

ယင်းကာလ၌ ရွှေကျိုးကန်း၊ ငွေဇီးကွက်၊ စိန်တစ်တီတူး (ကိုယ်တော်တို့၏ တရားဟော၍ရသော နာမည်များဖြစ်၏) စသော ကိုယ်တော်တို့မှာ မူလပထမ ပင့်စဉ်ကပင် ပလ္လင်ဆင်းငွေချေ မည်၍ ...ည်မျှဟူ၍ စရန်တစ်ဝက်ပင် နှက်ခဲ့ပြီ ဖြစ်သောကြောင့် 'ရတနာ ...သုံးပါး ဂုဏ်ကျေးဇူးပါပဲဟေ့၊ ငါဘယ်တော့ မရှုံးဘူး' ဟု ဦးမြတ်ချမ်းက ပြောဖူးပါသည်။

ဩော် ... ပိုက်ဆံကြေးငွေ ပြည့်စုံတဲ့လူဆိုတော့ ဘာလုပ် ...လိုက်၊ လုပ်လိုက်၊ အောင်မြင်တင့်တယ်လို့မို့ ရွာပြေမှာ သတင်းလှပေ ...သပ။ သူချမ်းသာတာကလဲ ကုသိုလ်ကံဆိုတာ ဟုတ်ပါလိမ့်မယ်။ ...ထမအစဦးတုန်းကဆိုရင် သူလိုငါလိုပဲတဲ့၊ ဦးကြီးဖြိုးတို့နဲ့ သက်တူ ...ရွယ်တူမို့ ဦးကြီးဖြိုးကပြောပြဖူးတယ်။

'မြတ်ချမ်းတို့ ချမ်းသာတာတော့ မပြောနဲ့ဟေ့၊ ရသမျှ ...စားရက် မသောက်ရက် တယ်စုတာပဲ၊ ပိုက်ဆံရဖို့ဆိုလဲ အင်မတန် ကြံကြံဖန်ဖန် ကြိုးကြိုးကုတ်ကုတ် လုပ်တယ်။ ငါတော့ သူတို့ ...လင်မယားအိတ်ထဲမှာ တံစဉ်းကလေးတစ်လက်နဲ့ လွှပါးကလေးတစ် ...ချောင်း အမြဲတမ်းရှိတယ်လို့ ချင်ဆိုသကွ'

'ဟင် ... သူတို့က ညအိမ်တွေ ဘာတွေဖောက်တတ်ခိုး ...တတ်လို့လား'

ကျွန်တော်ငယ်စဉ်က မေးမိပါသည်။



www.burmeseclassic.com

'ခိုးတာထက် ဆိုးသမောင်၊ အဲဒီတံစဉ်နဲ့ လှပါးကလေးက သူတို့အားအားရှိရင် ပိုက်ဆံတစ်ပြား နှစ်ပြားမှတ်လို့ ခွာခွာနေတာကွ'

ကျွန်တော်လူလားမြောက်၍ သိတတ်သော အရွယ်ရောက်သည်၌ သူတို့လင်မယားမှာ အိမ်ကြီးရခိုင်နှင့် လယ်ပိုင်ချောင်းပိုင်နှင့်ဖြစ်နေချေပြီ၊ ရပ်ရွာတွင် လူချမ်းသာဟု နာမည်ရှိ၏။ ငွေတိုးချေးသည်။ စပါးပေး ပေးသည်။ ရွှေပေါင်ခံသည်။ ခေါင်းရွက်သည်ဈေးသည်မကလေးတွေကို နေ့ပြန်ပေး ပေးသည်။

နောက်ဆုံး၌ အတိုချုပ်ကိုပြောမည်။ တစ်ရွာလုံးတွင် အခြေခံဝမ်းစာစပါး၊ ကျွဲ နွား ပြည့်ပြည့်စုံစုံမရှိ၊ တစ်နှစ်လုံးလုပ်ပြီးသည်၏ အဆုံးမှ တစ်နှစ်စာရသော လူများနှင့် တစ်နေ့လုံးလုပ်ပြီးသည်၏ အဆုံးမှ တစ်နေ့စာရသော လူဆင်းရဲများ၏ လုပ်အားသည် သူတို့အတွက်သာ ဖြစ်လာတော့၏။

သူတို့သည် တစ်စတစ်စနှင့် အမြင်ကျယ်လာလေရာ ရပ်ရွာတွင် ဤသို့အားထုတ်ရုံမျှ အားမရတော့ဘဲ ရှိသောလယ်ကိုပြန်၍ ချစ်တီးထံငွေချေးပြီး တစ်သုတ်ပြီး တစ်သုတ်လယ်တွေဝယ်ကာ လယ်သီးစားခများ ချလေ၏။

ဘုန်းဘုရားပြောသည့်အတိုင်း အလှူရေစက်လည်း လက်နှင့်မကွာခဲ့။ သားမြေး ရှင်ပြုချိန်တန်ပြု၏။ ဘုရားကိုးဆူကပ်သည့်အခါ ကပ်၏။ သံဃာတော်များ ဆွမ်းလုပ်ကျွေးခြင်းများလည်း ပြု၏။ ပဋ္ဌာန်းဒကာလည်း ခံခဲ့လေသည်။

တစ်ခုသော သက္ကရာဇ်၌ကား ဦးမြတ်ချမ်းသည်ရှိသမျှ ပစ္စည်းအားလုံးကို သားသမီးတို့အား ရုတ်တရက်နာမည်လွှဲပေးလိုက်ခြင်းဖြင့် ရသေ့ရဟန်းပြုကာ တောထွက်တော့ မည်လားဟု





အောက်မေ့ကြရလေသည်။ သည့်အတိုင်းမှန် ဘုရားအလောင်းပါပေဟု သာဓုအနုမောဒနာ ပြုသည့်လူများက ပြုကြကုန်လေသည်။ သို့သော် မဟုတ်ပါ။ ချစ်တီးကြွေးများကို ဒေဝါလီခံလိုက်ခြင်းမျှ ဖြစ်ပါ၏။

ယခုကား ဦးမြတ်ချမ်း ဦးမြတ်ချမ်း နာမည်ကြီးတစ်လုံးနှင့် ကျွန်တော်သို့ ရွာသာမက မြို့ပေါ်မှာပင် ထိပ်သီးထဲက ဖြစ်နေပေသည်။ ဘုန်းဘုရားပြောမယ်ဆိုလည်းပြောစရာပ၊ ချီးမွမ်းထိုက်ပါပေသည်။ အမွန်း တင်ထိုက်ပါပေသည်။

ယခုလှူဖွယ်ဝတ္ထု အစုစုတွေက ဆရာတော်ရှေ့မှောက်မှာ ခင်းကျဲနေသည်။ နို့ဆီဘူးက နှစ်လုံး၊ ငါးသေတ္တာက တစ်ဘူး၊ ဘုရားဆိပ်ပါတဲ့ ရောင်စုံဖယောင်းတိုင်ထုပ်ကြီးက တစ်ခု၊ ခင်ဗျားတို့မြို့ပေါ် ကိုးလင်းဘတ်ခေါ်မလား၊ ဆင်တံဆိပ် မုန့်သေတ္တာကြီးက တစ်လုံး၊ နို့ပြီး ငါးရံ့ခြောက်တြီးက သုံးပြားတောင်ပဲ။

ထိုမျှမကသေး၊ ယနေ့နံနက်စာသည် သူတို့ပါ ဒီမှာစား၍ ဘုန်းဘုရားကိုလည်း ဆွမ်းကပ်မည်ဖြစ်သောကြောင့် ကြက်သားတွေ၊ ဝက်သားတွေ၊ ကြက်သွန်ဥကြီးတွေ ဘာတွေ ညာတွေက တောင်းကြီးနှင့် တစ်လုံးပါခဲ့သေးသည်။

ကျွန်တော့်အားလည်း ဦးမြတ်ချမ်းကိုယ်တိုင်က သူတို့နှင့်အတူ ဥပုသ်ဆွမ်းစားပါဟု ဘိမန္တက ပြုသောကြောင့် ဖိုးတက်ပုအကြည်ဆိုက်ပြီး အိမ်က မရွှေနော်အား 'သခွပ်ရိုးပြုတ် ငါးပိချက်နှင့် ဆင်းတိုက်ရွက်ဟင်းချို နင့်ဟာနင်မျို' တော့ဟု လူကြုံစကား ပါးလိုက်တော့၏။

*

www.burmeseclassic.com



## ၃

သူတို့မြို့ချက် ချက်တဲ့ ဝက်ရိုးပြုတ်ဟင်းချိုက ကြွက်နားရွက်တွေ မြူစွမ်တွေ၊ ကြက်သွန်ဥကြီးတွေခတ်လို့ အင်မတန်ချို။ ကြက်သာ ကလဲဗျာ ဆီများများနဲ့ မဆလာတွေ၊ သစ်ဂျပိုးတွေ၊ ကလအုပ်ရွ တွေ ဘာတွေခတ်တော့ တယ်မွှေးပြီးအရသာရှိတာပဲ။ ဝက်သားဟင် ဆိုတာကဖြင့် သူတို့မြို့ချက် ချက်တာ တစ်မျိုးပဲဗျာ၊ ညိုပြီး အိ အီလည်း မအီဘူးဗျ။ ဒီအထဲ ပုစွန်ခြောက်နိုင်နိုင်၊ ကြက်သွန် ကြီးလှိုင်လှိုင်နဲ့ ဆီချက်တွေရွှဲနေတဲ့ သရက်သီးသုပ်က ပါသေးတေ သိပ်အဆင်ပြေတာပေါ့။ နို့ပြီး ငါးပိလိမ္မော်ကြော်ကလဲ ခင်ဗျား မြို့ခေါ်တော့ 'တလချောင်'ဆိုလား၊ ပုစွန်ခြောက်ကများတော့ သိ ကောင်းတာပဲ၊ ကျွန်တော်ဖြင့် အိမ်တောင်ထုပ်ယူသွားချင်သေးတယ် ဒါပေမယ့် ဘယ်သင့်လျော်မလဲဗျာနော်။ ဩော် . . . သူတို့မြို့ လူချမ်းသာတွေများတော့ ဒါမျိုးတွေ နေ့တိုင်းစားနေမှာပဲလို့ အော မှန်းမိတယ်။ ကျုပ်တို့တောသားများဖြင့် ဖင်ထဲရွှံ့တစ်ခွဲသားဝင်အော နွားနဲ့ဖက်ရုန်းရပြီး ချေး . . . စားရတော့ တစ်ခါလာ ငါးပိချ





င်းရွက်ပြုတ်၊ တစ်ခါလာ ငါးပိချက် ဟင်းရွက်ပြုတ်၊ ဒါ 'တံပဲ' ရမှာနော် ဟုတ်လားဟင် . . .

အဲဒီနေ့ဖြင့်ဗျာ . . . တစ်သက်မှာတစ်ခါကြုံ ရတနာပုံ တဲ့ တက်ပုခေါ် ရမှာပေါ့၊ စားကောင်းလိုက်တဲ့ဖြစ်ခြင်း။ ဆန်နို့ဆီ သုံးလုံးချက်ထက်တော့ မအောက်ဘူး ထင်လိုက်တာပဲ၊ မှန်တာ ပြောပါရစေ၊ ရှက်လဲ ရှက်ပါရဲ့။ ဘုန်းကြီးကြီး ဝက်သားတုံးသွား မြုပ်အောင် ကိုက်ကိုက်ပြီး ဘုန်းပေးနေတာ မြင်ကတည်းက ျွန်တော့်မှာ သွားရည်တကျွင့်ကျွင့် ဖြစ်နေတာ၊ ဘုန်းကြီးတွေ လှုချေလား ကြာပဲ ကြာလှပြီ၊ ကြက်သားမှ ကျန်ပါဦးမလား' လို့ များလှူတာကို ကြားကဲ မနာလို ဝန်တိုမိစ္ဆာဖြစ်မိတာ အမှန်ပါပဲ။ တို ကိုယ်စားလို့ ဝိုက်ပြည့်မှ 'အင်း . . . ငါတော့ ငရဲကြီးမှာပဲ' ို့ သတိရတယ်။

ကျုပ်တို့ ထမင်းဝိုင်းမှာ ရွာကလူ သုံးလေးယောက်ပါသေး တယ်။ ကိုဖိုးသက်ဆိုတဲ့ လူနဲ့ကျွန်တော်နဲ့ ဟင်းခွက်မှာ လက်ချင်းဆုံ ဆုံနေလို့ ရယ်ရသေးတယ်။ ဒီကိုဖိုးသက်လဲ ကျွန်တော်တို့ရွာမှာတော့ ချမ်းသာပေါ့။ ဒါပေမယ့် ဦးမြတ်ချမ်းအမအစတော့ မကောင်းပါဘူး။ ငွေ ၅၀ဝိ ထင်ပါရဲ့။ လယ်ပေါင်တစ်လ ၅ ကျပ်တိုးနဲ့ ချေးထားတာ နှစ်ရှိပြီ၊ အတိုး ၃၀ဝိ သာ နှစ်စဉ်ပေးနိုင်တယ်။ အရင်းမကျေသေး ဘူး။ ဗို . . . ကျုပ်တို့ရွာမှာတော့ ဦးမြတ်ချမ်းကျေးဇူးကင်းတဲ့ လူရှားပါတယ်လေ။ တချို့အပေါင် မရှာဘဲနဲ့တောင် တစ်လတစ်ရာ နှစ်ကျပ်တစ်ဆယ်တိုးနဲ့ ချေးသေးတာပဲ။ ဦးမြတ်ချမ်းတို့က (သူ့ထမင်းစားရတာနဲ့ သူ့အကြောင်း အကောင်းပြောနေတယ်လဲ အောက်မေ့နဲ့၊ ကျွန်တော်က မှန်တာပြောတာ) အင်မတန် ရက်ရော



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ၊ ကိုယ့်ရွာကဆိုတော့ ယုံရတဲ့လူဆိုရင် သွားချေးပေးလိုက်တာပဲ။ ကျွန်တော်တောင် အရင်တုန်းက အဲ . . . အဲ . . . ဟစ်တလုံးမွှေးတဲ့နှစ်ပေါ့။ ငွေတစ်ရာ အပေါင်မရှိတစ်လ ၁၀ိ တိုးနဲ့ ချေးလိုက်ရသေးတယ်။ တစ်နှစ်ကျော်ကြာတယ်။ လစဉ်အတိုးသာ ပေးနိုင်ပြီး အရင်းမဆပ်နိုင်တာ တော်ပါပေတယ်။ မောင်မင်းကြီးသား သည်းခံရှာတယ်။ သက်တော်ရာကျော်ရှည်ပါစေဗျာ။

စကားစပ်မိတာနဲ့ သူ့ကျေးဇူးတွေ လျှောက်ပြောနေလိုက်ရတာ ဘယ်များရောက်ပါလိမ့် အဲ . . . အဲ . . . အဲဒီနေ့ကဖြင့် ဒီလို ထမင်းကောင်း ကောင်းစားရဖို့ ဖန်လာအောင် ဘုန်းကြီးကြီး ဥပုသ် အတင်းစောင့်ခိုင်းတာပဲ ကျေးဇူးတင်လိုက်ရသေးတယ်။

ထမင်းစားပြီးတော့ ကော်ဖီရေ အချိုလဲသောက်လိုက်ရသေးတယ်ဗျ။ နောက်ပြီးတော့ ဦးမြတ်ချမ်း မြို့ကပါလာတဲ့ ထားဝယ် ဆေးလိပ်ပါးစပ်ခဲပြီး ဇရပ်ပေါ်မှာ ဥပုသ်နှပ်တော့တာပဲ။

ဆေးပြင်းလိပ် တစ်ဝက်လောက်အကျမှာ မှေးခနဲပျော်သွားပြီး ဘယ်လောက်ကြာတယ်မသိပါဘူး။ ဒွေးလေးမယ်မြင့် လာနှိုးတာနဲ့ နိုးရတယ်။

'ဟဲ့ . . . တက်ပု . . . တက်ပု . . . ထစမ်း၊ နင့်အိမ်မှာ နင့်ယောက္ခမနဲ့ နင့်မိန်းမ ဆူနေကြတယ်'

'ဘာဆူနေကြတာလဲ'

'ကြက် . . . ကြက် . . . ကြက်သူခိုးပေါ်ပြီဆိုလားပဲ၊ ဥပုသ်ကြီးနဲ့မို့ ငါမေးလား , စမ်းလား မလုပ်ခဲ့ပါဘူး၊ လမ်းဖြတ်လာရင်း ကြားခဲ့တာပါပဲ'

ကျွန်တော်အိပ်ရာမှ ဝုန်းခနဲထပြီး ဆေးလိပ်တိုတစ်ဖတ်





ငုတ်တီးတစ်ဖက်ကိုင်ပြီး တစ်ခါတည်း လစ်ခဲ့တော့တာပဲ။ ဒွေးလေးမယ်မြင့်ကတောင် 'ဟဲ့ နင့်မှာ ဥပုသ်ကြီးနဲ့ သတိထား' လို့ လှမ်းမှာလိုက်သေးတယ်။

ဒါပေမဲ့ ဘယ်ရမလဲ။ ကျွန်တော်တို့ လူငယ်ဆိုတော့ ဒါမျိုးမှာ တရားလက်လွတ် ငှက်တောင်ကျွတ်ဖြစ်တာပေါ့။ ပုဆိုးကျွတ်မကျန်ခဲ့အောင်တောင် မနည်းကြီးခိုင်ခိုင် စည်းခဲ့ရတယ်။

ကြက်ခြေထောက်ရိုး ဘယ်မှာတွေ့သလဲ။ ဒီကြက်သူခိုး ဘယ်သူလဲ။ တက်ပုအကြောင်းတော့ ကောင်းကောင်းကြီးသိစေမပေါ့။

ကျွန်တော် တမူးရှူးထိုးနှင့်အိမ်ပြန်ရောက်၊ အိမ်ပေါက်ဝင်ပြီဆိုပဲ ကျွန်တော့်မိန်းမက သူ့အမေကြည့်ပြီး . . .

'အမေ . . . ဟိုမှာပြန်လာပြီ'

ကျွန်တော်က မဆိုင်းမတွပင် သူတို့အနားရောက်သွားပြီး . .

'အေးဟ . . . ဒွေးလေးမယ်မြင့်ပြောလို့ ချက်ချင်းထလာခဲ့တာ၊ ကဲ . . . ဘယ်လိုက ဘယ်လိုတွေ့ခဲ့ကြတာလဲ၊ ဘယ်သူလဲပြောစမ်း'

သို့သော် ကျွန်တော့်မှာ တစ်မုဟုတ်ချင်းအတွင်း၌ အံ့ဩခြင်းကြီးမက အံ့ဩရတော့သည်။ မျက်လုံး မျက်ဆန်ပြူးရပါတော့ သည်။ ကျွန်တော့်ယောက္ခမသည် တစ်ဖက်သို့ လှည့်သွားပြီး ထွီခနဲ တံတွေးထွေးလိုက်၏။ ကျွန်တော့်မိန်းမမျက်နှာသည် ပြောင်ပြောင်ပြောင် ဖြစ်ကာ အလွန်စက်ဆုပ်သော အမူအရာနှင့် . . .

'အမယ်လေး . . . ကိုတက်ပု၊ ရှင့်ဟာရှင် လုံလုံပြီအောက်မေ့နေသလား၊ ရှင့်ကိုယ်ရှင် တယ်တော်လှပြီလို့ ထင်နေတုန်းပဲလား ပြောစမ်း ပြောစမ်း ပြောစမ်း'



www.burmeseclassic.com

www.burmeseclassic.com



ခြေဆောင့်၍ ဒေါသသံပါကာ ပို၍ပို၍ကျယ်လာသည်။ နောက်ဆုံး အလုံးကားကုန်း၍ အော်လိုက်သည်။ ကျွန်တော်မျက်နှာ သေကလေးဖြစ်ကာ အသံကလေး ညောင်နာနာနှင့် . . .

'ဟဲ့ ဘာတုန်းဟ'

'ဟင် . . . မေးတုန်းပဲလားဟဲ့၊ သေချင်းဆိုးရဲ့ . . . ကာလနာရဲ့ . . . မြွေပွေးကိုက်ရဲ့ . . . နင်လုပ်ပုံတို့မသိတော့ဘူး အောက်မေ့နေတုန်းပဲလား ဟဲ့'

'ဟဲ့ . . . သမီးရဲ့၊ သူ့အကွက်ဆင်ထားလိုက်တာကလဲ လုံလှပြီ ထင်စရာပေါ့ဟယ်'

ယောက္ခမကြီးက ခွန်းထောက်ပြုလိုက်၏။

'ဒီကိစ္စမျိုးမှာ သူ့ရွှေဉာဏ်တော်ကလဲ ကြီးမြင့်တော်မူလှပါပေတယ်။ တကတဲ သူ့ခမျာမျာ စိတ်ကောင်းစေတနာကောင်းနဲ့ နိဗ္ဗာန်ဆော် လျှောက်အော်နေတာပဲ၊ ဟော . . . ဘယ်သူ့အသံပျောက်သွားပြီ၊ ကြက်ဝင်ခိုးတာဖြစ်ရမယ်ကွနဲ့။ တစ်ဖက်သားကို ခုစုံလုပ်လိုက်သေးတယ်။ နောက်ပြီးတော့ ရန်လုံဟောင်တယ်ဆိုပြီး သူ့ဟာသူဆင်းသွား၊ အမယ် . . . ဒီဆင်းသွားခါနီးမယ်လေ အချိန်နည်းနည်း နောက်ကျလို့ မမီလိုက်ဘူးဆိုတဲ့အဖြစ် ရောက်အောင်ပေါ့။ သူ့လှုံသူ ခြေရင်းဘက်ဝှက်ထားပြီး မီးခွက်ထွန်းခိုင်းရတာနဲ့ ကလေးမာန်ရတာနဲ့ ကြီးပါတယ်ရွှေဉာဏ်တော်ကတော့ အတုလ် အတုမရှိထဲကပါပဲ'

'နှော့ပြီး ဟို သူငယ်များလဲ လိုက်မေးသေးဆို'

ယောက္ခမကြီး စကားခင်းလိုက်၏။

'မေးသေးသတဲ့လေ၊ မေးပြီးမှ အိမ်ပေါ်တစ်အောင့်တနား





ပြန်ရောက်သေးတယ်။ ဘာဘာညာညာပြောနေပြီး ဟိုကောင်မ ရောက်ချိန်တန်လောက်မှ. . . "

ကျွန်တော့်ရင်ထဲတွင် ဒိန်းခနဲ၊ လှမှာ ဆတ်ခနဲဖြစ်သွားကာ

'ဟဲ့ မနော်၊ ဘယ်ကောင်မလဲ'

'ဩော် . . . မသိရှာသေးဘူး။ ကိုတက်ပုကို ကျွန်မ ပြောရဦးမှယ်လား။ ပြောရတာပေါ့တော်။ ပြောရတာပေါ့။ သေသေချာချာ နားသောတဆင်တော်မူပါနော်၊ ဒီနာမည်ကလေးကို ကြားချင်လှပေမယ်။ ကြားချင်လှပေမယ်။ မပန်းစုံတဲ့ရှင်၊ နာမည်ကလေးက မပန်းစုံတဲ့။ ကြားရတာများ တယ်နားဝင်ချိုသနော်။ ကိုတက်ပု ထပ်ကြားချင်သေးသလား။ ကျွန်မထပ်ပြောဦးမယ်လေ၊ မရေမ၊ ပဓောက်နငယ်သတ်ဝစ္စနှစ်လုံးပေါက်ပြီး စလုံးချောင်းငင်သေးသေးတင်ရတဲ့ မ-ပန်း-စုံတဲ့ရှင်။ သိပလား ကိုတက်ပု။ တောင်ပိုင်းက ဒေါ်ညှပ်ကြီးသမီးလေ။ ဟိုလူတော်တကာနဲ့ အရုပ်ပျက်မကလေးပေါ့ကိုတက်ပုရဲ့' ဟုဆိုပြီးမှ သူ့အသံရွာကျော်အောင် အော်ပြန်ပါသည်။

'တကတဲတော် ယောကျ်ားမဖောက်ပြားရဘူးလို့ မဆိုနိုင်ပါဘူး။ သူ့မောင် ကိုယ့်မောင် အချောင်ရလုပ်ကြတာချည်းပေါ့။ အခုသူ့မတော့ရှင် ကိုယ့်ရင်သွေး နီတာထွေးလေး ခမဲပေးထားတဲ့ ကြက်မှခိုးပေးပြီးမှ ဖောက်ပြားရသတဲ့၊ အရသာခံရသတဲ့'

ကျွန်တော်မျက်လုံးပြူး မျက်ဆန်ပြူးနှင့် လက်ဝါးတား၍

'ဟော့ . . . ဟော့ . . . နေပါဦး။ မင်းဒီစကား ဘယ့်နှယ်ကြောင့် ဒီလိုပြောနိုင်တာလဲ'

'ဩော် . . . ပြောနိုင်တဲ့အကြောင်း လျှောက်တင်ရဦးမယ်လားကိုတက်ပုရဲ့'



www.burmeseclassic.com

www.burmeseclassic.com



'လျှောက်တင်လိုက်ပါသမီးရယ်၊ သူ့ခမျာတို့မသိရှာဘူး အောက်မေ့နေတာ'

ချစ်ယောက္ခမကြီးက ဝင်တောပြန်၏။

'လျှောက်တင်ရတာပေါ့ အရှင်ရယ်၊ သေသေချာချာ နာခံတော်မူပါ။ အရီးလေး သဲပွင့်နဲ့ ပန်းစုံက အခုမနက်ဈေးအတူတူ သွားဖို့ ချိန်းထားသတဲ့။ မူလအစီအစဉ်က အရီးလေး သဲပွင့်က ပန်းစုံအိမ်သွားပြီး သူတို့နောက်ဖေးပေါက်က ထွက်ကြဖို့ပြောထားသတဲ့။ သို့သော်လဲ မနက်စောစော အရီးလေး သဲပွင့်သူတို့အိမ်ရောက် သွားတဲ့အခါမှာ ပန်းစုံမရှိတော့ဘူး။ မချမ်းမြအိမ်နောက်ဖေးက သရက်ပင်ကြီးအောက်လိုက်ခဲ့ပါလို့ မှာထားခဲ့ကြောင်း သူ့အမေပြော လို့ အရီးလေးသဲပွင့်လိုက်လာတဲ့အခါမှာ ရှင်က ကိစ္စမပြီးသေးဘူးတဲ့။ ဟိုက ခံတောင်းခေါင်းပေါ် ရွက်ပြီးလို့ သွားမယ်လုပ်နေတာတောင် ရှင်က ဖက်နမ်းတော်မူတုန်းတဲ့။ ရှင်ဟာ ဒါမျိုးအင်မတန်ကဲတယ်၊ ကျွန်မသိတယ်'

ကျွန်တော် မျက်လုံးပြူကာ . . .

'ဟယ်'

'မဟယ်နဲ့ ကိုတက်ပု။ ရှင်ဟာ ဒီကိစ္စမျိုးဆိုရင် ဘယ်တော့မှ ရပ်တန်းက မရပ်ချင်သေးဘူး။ ဟိုက ရုန်းနေတာတောင် အရီးလေး သဲပွင့်လာမှ လွှတ်လိုက်သတဲ့'

ကျွန်တော်မျက်နှာကို အပြင်းအထန်ရှုံ့ကာ . . .

'ဟ . . . . ဒါတွေနင့်ဘယ်သူကပြောတာလဲဟ'

'ဘယ်သူကဖြစ်ရဦးမလဲ။ ရှင့်ကောင်မ ဖက်နမ်းနေတုန်းက ဘယ်သူလာတာမြင်မှ လွှတ်လိုက်သလဲ'





'ဟာ . . . ဒီမိန်းမကြီးဟာ မမြင်မကန်းနဲ့ ရမ်းသမ်းပြီး တော့'

'ကဲ . . . ကဲ . . . အရီးလေး သဲပွင့်က ဝေလီဝေလင်း ချိန်မှာ မျက်စိမွဲမွဲမို့ အမြင်လွဲတယ်ထားပါဦးတော့၊ အိမ်ကကြက်မ လေး ပန်းစုံခံတောင်းထဲ အဝတ်နဲ့ ထုပ်ပါတာတာကော ဘာပြော ချင်သေးသလဲ'

'ဟင် . . . နင့်ဘယ်သူပြောတာလဲ'

'ဘယ်သူပြောရဦးမလဲ။ ဒီကောင်မကလဲ အတင့်ရဲလိုက် တာ၊ ထဲရောက်လို့ ကိုအီစမန်ကြီးအိမ် ကြက်ဝင်ရောင်းတော့ ရီးလေးသဲပွင့်နဲ့ အတူတူတဲ့၊ အရီးလေးသဲပွင့်က ဒီက ကြက်မ လေးမှန်းဘာကြောင့် သိသလဲကောမေးချင်သေးသလား။ အဲဒီ ကြက်မကလေး ဟော့ဒီသူ့မြေးကလေး ခမဲပေးဖို့ အရီးလေး သဲပွင့် တ တစ်ကျပ်ခွဲနဲ့ ဝယ်ရတဲ့ကြက်ရှင့်။ ကဲ . . . သိပလား။ ရှင် ယ်ဝတ်လုံခေါ်ပြီး ထုချေချင်သေးသလဲ'

ကဲ . . . အမှုအခင်းသွားတော့ အထင်းသားပေါ်ပါပြီ၊ အဖြစ် ဆိုးလိုက်ဘိခြင်း၊ ကျွန်တော်နဲ့ပန်းစုံတွေ့လိုက်ရပုံတော့ မိတ်ဆွေ တဲ့အတိုင်းပါပဲ၊ ကြက်သူ့ခံတောင်းထဲပါသွားတာတော့ ဘယ်လို ည်းနဲ့ဆိုတာ မစဉ်းစားတတ်တော့ဘူး။ သူတို့စွပ်စွဲချက် အခြေအမြစ် လည်း ခိုင်လုံလိုက်တာ၊ ကျွန်တော်က ကျွန်တော့် မယားထံ သနားခံရပါတော့သည်။

'အမှန်တော့ ငါနင်စွပ်စွဲသလို မဟုတ်ပါဘူးမနော်ရယ်၊ ကြက်မ ပန်းစုံဘယ်လိုရလာသလဲဆိုတာကို သူ့မေးကြည့်ပါဦး'

'အမယ်လေး ကိုတက်ပုရယ်' သူခပ်ဟက်ဟက်ကလေး သ်သွမ်းသွေးလိုက်ပြီး 'ရှင့်အကြံဉာဏ်ဟာ ဒီနေရာမှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဆန်ကောလော်ကမ့်ှ ဇောက်မနက်ပါလား။ ရှင်တို့ချင်းဘယ်ညီ အချိတ်အဆက်နဲ့ ဘယ်သို့ဘယ်ပုံပြောဖို့ဆိုဖို့ တိုင်ပင်ထားတာ ကျွန်မကပဲ ရှင့်ဟာမကို သွားမေးရဦးမလား။ ဟား . . ဟား . . . ဟား . . . ဟား . . . '

မရွှေနော်၏ အော်သံရယ်သံများကြောင့် အိမ်နီးပါးနားများ နားစွင့်ကြချေပြီ။ အချို့မှု အိမ်သို့ပင်လျှောက်လာပြီး သောက်လိုက် ကန်းဆိုးမသိစွာ မေးကြမြန်းကြတော့၏။

'အမယ်လေး . . . လောကမှာ ပြောရမှာတော့ ရှက်စရာ ပါ မကြိတ်ဆုံရယ်၊ ဟောဒီ ကျွန်မလင် သူတော်ကောင်းကိုထက်ပု လေ သူအခု ဥပုသ်စောင့်က ပြန်လာတာမကြာသေးဘူးရှင့်။ ကြည့် အခု လက်မှာတောင် ပုတီးရှိသေးတယ်'

ရွှေပွဲလာတို့က ကျွန်တော့်ဘက် လှည့်ကြည့်ကြရာ ကျွန်တော်၌မှ လက်က ပုတီးသတိရပြီး 'ဟယ်' ဟု အော်မိကာ ပုတီးကို မြွေကိုင်မိသလို ဆတ်ခနဲလွှင့်ပစ်လိုက်မိတော့၏။ ရွှေပွဲလာ တို့ သဘောကျသည်။ ဤတွင် ကျွန်တော့်မယားက စကားဆက်၏။

'အဲဒီသူတော်ကောင်း သူမြတ်လောင်းကြီးကပေါ့ရှင် . . ဟောဒီဘွားအေက သူ့မြေးကို ခမဲပေးထားတဲ့ကြက်မကိုခိုးပြီး အရပ် ပျက်မနဲ့ ပျော်ပါးရသတဲ့၊ မချမ်းမြတို့အိမ်နောက်ဖေးက သရက်ပင် ကြီး အမြစ်ဆုံပေါ်မှာ တော်တော်ပဲ အီလိုက် ဆိမ့်လိုက်မှာပဲ'

ကျွန်တော် နားရှက်ကာ. .

'ဟဲ့ . . . မနော် . . . တော်ဟယ်'

'မတော်နိုင်ဘူးရှင့် . . . မတော်နိုင်ဘူး။ ပြောစရာရှိတာ ပြောရဦးမယ်။ ကိုယ့်လင်မို့ ကိုယ်သိပါရဲ့'





ဟယ် . . . အထုပ်ဖြေဟဲ့။

ကျွန်တော် ဒေါသထွက်ကာ . . .

'ဟဲ့ . . . မိနော် တော်ဆိုနေတာကို'

'ဟဲ့ . . . မတော်နိုင်ဘူးဟဲ့ ငပုတက်ရဲ့'

'အမယ် . . . နင်ကများငါ့ကို ငပုတက်လေး ဘာလေးနဲ့ နှောင့်နဲ့ပေါက်လိုက်လို့ တစ်အောင့်လောက် မေ့သွားရော့မယ်'

'အမယ် . . . နင်ကငါ့သမီးများ ထိကြည့်စမ်း'

ဟောဗျ . . . ယောက္ခမကြီးဝင်ပြီ၊ သူ့ခါးထောက်ကာ သူ့ဗိုက် ရူးရူးကြီးက ကျွန်တော့် မျက်နှာရှေ့ဝဲလာသည်။ အင်း သူ့ဒါကြောင့် တစ်ထောင့်က ဆေးပေါ့လိပ်ကြီး တစောင်းခဲ့ပြီး စောင့်နေတာကိုး။ ဒီနေရာက သူ့အကွက်။ သို့သော် ကျွန်တော်က လက်လျှော့လိုက် တော့ ငနဲမကြီး ပြန်လှည့်သွားတယ်။ သည်တော့ သူ့သမီးက တအား တက်ပြီး ရှေ့ဆက်တာပေါ့။

'မေးလို့ရှိမှ လိပ်ပတ်လည်အောင် ပြောရဦးမယ်။ ဥပုသ်နေ့ မနက် အရုဏ်တက်မှာ ထူးမြတ်တဲ့နတ်သြဇာ မှီဝဲလိုက်ရလို့ လူနုံး ချည့်ပြီး နေထွက်တော့မှ ယိုင်တိုင်ယိုင်တိုင်နဲ့ အိမ်ပြန်လာတော်မူ တယ်'

'ဟယ် . . . ဝါပြန်လာတာ ယိုင်တိုင် ယိုင်တိုင်လဲ မဟုတ်ပါ ဘူးဟယ်'

ကျွန်တော်က ဝင်ဖောက်လိုက်ရာ ဤမှ သူက ပို၍အကွက် ကောင်းရပြီး . . .

'အမယ်လေး ဟုတ်ပါတယ် . . . ဟုတ်ပါတယ် ကျွန်မ စကားပြောမှားသွားပါတယ်။ ကိုတက်ပုမယိုင်ပါဘူး။ သူက ဒါမျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ဉာဏဗလ ကာယဗလကောင်းတဲ့ လူရှင့် . . . မကြိတ်ဆုံ ရဲ့'

ဟင် . . . ကြည့်စမ်း . . . ကြည့်စမ်း၊ ဒါမျိုးက ကိုယ့်လင် ကိုယ်သိ သိုသိုသိပ်သိပ်နဲ့ တိတ်တိတ်နေရမယ့် ကိစ္စမျိုး မဟုတ် ပါလား။

'ဟဲ့ . . . မနော်၊ မအေးစိန် လေသံမျိုးတွေ ထွက်လာ ပါလား'

ကျွန်တော်တို့ ရွာ့တောင်ပိုင်းက ပန်းပဲသမား မယား မအေးစိန်ဆိုတာလည်း သူ့လင်နှင့် ရန်ဖြစ်လျှင် ဤသို့ပြောတတ်ပါ သည်။

'ဟုတ်တယ်ရှင့် . . . ရှင့်လိုလူကို မအေးစိန် လေသံမျိုးပဲ ပြောရမယ်။ ရှင်က သူ့လင်ကိုတောက်တဲ့နဲ့ ဘာထူးသေးသလဲ။ ရှင်တို့နှစ်ယောက် သောက်ဖော်သောက်ဖက်၊ စားဖော်စားဖက်၊ ကြံဖော် ကြံဖက်တွေ မဟုတ်လား'

'ဟဲ့ . . . မဆိုင်တဲ့လူကို ဆွဲမထည့်နဲ့'

'ရှင့်လူထိလို့ နာသလား၊ ဆွဲထည့်တော့ ဘာဖြစ်သလဲ။ ကြည့်စမ်းပါဦး မကြိတ်ဆုံရယ်၊ ကိုယ့်ကိစ္စ အောင်မြင်မှပဲ အေးအေး ဆေးဆေး မပြီးသေးဘူး။ ကျွန်မတို့ သားအမိနှစ်ယောက်ကို ဒုက္ခ ပေးခဲ့သေးတယ်။ သူဥပုသ်စောင့်သွားခါနီးမှာ ဒီနေ့မနက်ရွာထဲ ဘယ်အိမ် ကြက်သားချက်သလဲ လျှောက်စုံစမ်းတဲ့၊ တွေ့ရင် ခြေထောက်ရိုးတောင်းကြည့်တဲ့။ ဘယ်လိုအမှတ်အသားပါတယ်၊ ဘာညာနဲ့၊ ဒါနဲ့ ကျွန်မတို့သားအမိမှာ သူ့စကားအဟုတ်ကြီးလုပ်ပြီး ရွာထဲလျှောက်အနံ့ခံပြီး မေးမြန်းရတယ်။ ကိုချစ်စရာကြီးအိမ်မှာ အားလဲနာပါရဲ့။ ကြက်သားဟင်းချက်တယ်ဆိုလို့ မလှတင်ဆီ





ခြေထောက်ရိုးတောင်းကြည့်ခဲ့ရသေးတယ်။ အဲဒါဟော့ . . . ဒီကျွန်မ းသရဲကလေး ဟစ်တလုံးကလဲ 'ဒီကြက်ခြေထောက်ဟာ တ်တော့ မဟုတ်ဘူးဗျာ။ ဒါပေမယ့် ပြန်မယူပါနဲ့တော့။ ကျွန်တော် းပစ်လိုက်တော့မယ်' ဆိုပြီး ပြောပြောဆိုဆိုနဲ့ ဂျွတ်ဂျွတ်မြည် အောင် ဝါးစားပစ်လိုက်မယ်လို့ မလှတင်သား ဖိုးပေနဲ့ လိုက်လုရင်း ဖြစ်မယ် လုပ်ကြသေးတယ်'

'ဖအေ့သား . . . ဖအေလိုပဲ၊ သရဲကိုအော'

ယောက္ခမကြီးက ဝင်နှောက်သည်။ ကျွန်တော်ခေါင်းငုံ့ တ်သည်။ ကျွန်တော့်မယား စကားဆက်သည်။

'ဒီရွာစဉ်လျှောက် ဟင်းစုံစမ်းရတဲ့ဒုက္ခ ဘယ်ကျမှ စခန်း း်သလဲဆိုတော့ အရိုးလေးသဲပွင့် ဈေးက ပြန်လာလို့ စကားစပ်မိ တော့မှပဲ ရပ်နားရပါရောရှင်။ ကောင်မက ကြက်မလေးရောင်းတာ င်တျပ်တစ်မတ်ရသတဲ့။ အဲဒါ သူ့အိတ်ထဲပါခဲ့တာနဲ့ ဖြည့်ပြီးတော့ င်လွှန်တစ်ဝတ်စာ ဆယ့်ငါးမူးနဲ့ ဝယ်သတဲ့။ ဩော် . . . ကျွန်မ င်က သူ့ဟာမ နိုင်လွန်ဆင်ချင်လွန်းလို့ မပြည့်တာ ဖြည့်ဝယ်ဖို့ မ်ကသားကလေး ခမဲပေးတဲ့ကြက်မ ခိုးပေးရတာကိုး၊ တော်ပါ တယ်ရှင် . . . တော်ပါပေတယ်'

ယောက္ခမကြီးသည် တစ်ထောင့်ကထပြန်၏။

'ဒီဖြည့်ဝယ်ရတဲ့ ကြက်ဖိုးတင် ဘယ်ဟုတ်မလဲ။ အရင်က ကောင်မလေးလက်ထဲ ရောက်နေတဲ့ ပိုက်ဆံကော သူပံ့ပိုးထားတာ စ်မှာပေါ့'

'ဟုတ်မှာပေါ့ အမေရယ်၊ ဒီအကျီလောက်တင် ကမယ် ဟုတ်ဘူး။ ဟော . . . အမေ' ကျွန်တော့်မိန်းမ မျက်လုံးမျက်မှန်



www.burmeseclassic.com

www.burmeseclassic.com



တွေ ကျယ်လာကာ

'ကျွန်မ သတိရပြီ၊ အရင်ဟောဒီ အမေ့မြေးမလေး အခေ
လုပ်ပေးတဲ့ လက်စွပ်ကလေး ပျောက်တာကော'

ဟယ် . . . လုပ်ကပြီ။

'အင်း . . သင်းရှိမှာပေါ့'

ယောက္ခမကြီးက ဆို၏။

ကျွန်တော် ဆတ်ဆတ်ထိဖြစ်ကာ . . .

'အမယ်လေး . . . ဘုရားစူးရပါစေရဲ့ . . . မဟုတ်ရပါဘူး
ဗျာ'

'အလိုလေး . . . မောင်တက်ပုရယ်၊ ငါ အသက်ငါးဆယ်
ကျော်ပါပြီ၊ ကျွန်တော်ခိုးပါတယ်လို့ပြောတဲ့သူခိုး တစ်ခါဖူးမှ မတွေ့
ခဲ့ဖူးသေးပါဘူး'

ကဲ . . . ပိတ်ကရောဟ၊ ငြိမ်သာခံရော့။

သမီး 'ဒါလောက်တောင် ဖြစ်တာမျိုးတော့ ကြားကြားဖူး
ပေါင်တော်၊ ကိုယ့်ရင်သွေး ကိုယ့်သားသမီးပစ္စည်းမှပဲ မသိတော့ဘူး'

မအေ 'တဏှာကိုအေ့ တဏှာ'

သမီး 'သူကတော့ တဏှာမကပါဘူးအမေရယ်၊ နှစ်ဏှာ
သုံးဏှာ၊ လေးဏှာ၊ ငါးဏှာ၊ ခြောက်ဏှာ'

မအေ 'အေးလေ သူ့ဟာသူ ဏှာတစ်ရာပဲဖြစ်ဖြစ်
ငါလုပ်ပေးတဲ့ ငါ့မြေးပစ္စည်း လာလာထိတာက ခက်လှတယ်၊ ကိုယ့်
လုပ်စာနဲ့ ကိုယ်ဏှာဖို့ကောင်းတယ်'

သမီး 'အမယ်လေး . . . သူ့လုပ်ခကော ဘာရှိလို့လဲ
အမေရယ်၊ မငတ်ရုံစား မပေါ်ရုံဝတ်နေရတာပဲ'





မအေ 'ညည်းက ဒီလင်ပဲပေါင်းနေတာကိုအေရဲ့'

ဟော . . . လုပ်ကပြီဗျ။ ယောက္ခမများ သမီးနဲ့သမက်
ဖြစ်ရင်တော့ ဘယ်တော့မှ ဖျဉ်ဖို့များဖြင့် စိတ်မကူးကြဘူး။
မယား ခွဲပစ်လိုက်ဖို့လောက်သာ ကြံကြံနေကြတာပဲ။ ဘယ်လို
ဝါမကြီးမှန်း မသိပေါင်ဗျာ။ သည်က ကောင်တွေမှာဖြင့် မယား
ယောက်ရဖို့ ရှာလိုက်ရ၊ ကြံလိုက်ရ၊ ဂေါ်လိုက်ရတဲ့ဖြစ်ခြင်း။
ဆင်မသင့်ရင် ဖိနပ်ရိုက်များတောင်ခံလိုက်ရပါသေးတယ်။ သူတို့
သမက်ဆိုတာ မှိုပေါက်သလို အလိုလိုဖြစ်လာတယ် အောက်မေ့
ကြတယ်။ ညစ်တီးညစ်ပတ်က ပြောလိုက်ကြသေးတယ်။

'ယောက္ခမနိမ်နင်းရေးပါတီ တို့မြန်မာပြည်ဆိုတာတော့
ဦးမှပါပဲ။ သမက်ပေါင်းစုံညီလာခံခေါ်မယ်ဗျို့'

အင်း ကိုယ့်ဆန္ဒပြနေရတာနဲ့ သူတို့စကားစတောင်
ယ်ရောက်သွားပါလိမ့်။ အဲ . . . အဲ . . . သူ့သမီးက . . .

'ကျွန်မက သူ့မက်လို့ပေါင်းနေတာ မဟုတ်ဘူးရှင်။ ဟောဒီ
သားကလေးတွေ ဖတဆိုး ဖအေကွဲလေးတွေဖြစ်နေမှာစိုးလို့ပါ'

ဤတွင် ဓားဆိုးမကလေးကိုင်လျက် တိုင်တစ်တိုင် မှီကာ
ကြီးတွေ ပြောစကားပေ၍ နားထောင်နေသော သားတော်မောင်
စ်တလုံးက သူ့အကွက် ဝင်လာသည်ဖြစ်၍ . . .

'အမေ . . . ဒီအဖေမျိုးနဲ့များ ကွဲကွဲဗျာ၊ ကွာတာပစ်လိုက်၊
ရကားလူ့တဏှာကြီး၊ ဘုန်းကြီးကျောင်းမှာလဲ ဟိုမြို့ကလာတဲ့
တီးကောင်မလေးအနားမှာ တွားတချွဲချွဲနဲ့ နေတာပဲတဲ့၊ မောင်ပု
ကြီးက ကျောတယ်'

အမယ်လေး . . . ကြည့်စမ်း . . . ကြည့်စမ်း၊ ကိုယ့်သား ဖေပါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဒီလိုနှိပ်တော့ ကျွန်တော်ဒေါသထွက်ကာ . . .

'ဟဲ့ကောင်လေး . . . ဘာနင်လူကြီးတွေ စကားထဲ ဝင်ပြောရသလဲ၊ နင်သေချင်သလား'

'ခင်ညာကြီး မဟုတ်ဘူးလား'

ကျွန်တော် ရှက်လည်းရှက် ဒေါသလည်း ထွက်လာကာ

'ကြည့်စမ်း . . . ဖအေသတ်မယ့် ဒေဝဒတ်ကလေးပါလား'

မယားလည်း အနိုင်ခံရ၊ ယောက္ခမလည်း ကြောက်ရဖြစ်နေသော ကျွန်တော်မှာ သားကျမှပဲ အရှက်ပြေ အစွမ်းပြရတော့မည်ဖြ ခွေးမသားလေးရိုက်ရန် တစ်ဟုန်တည်းနေရာမှအထ ယောက္ခမက ကြားဝင်လာတဲ့ပြီး . . .

'ဟော့ . . . ငါ့မြေး လက်ဖျားနဲ့မထိနဲ့'

လူချင်း မျက်နှာချင်း ဟပ်မိကာ . . .

'ကျုပ်သား ကျုပ်ဆုံးမမယ်'

'အမယ် . . . နင်လို့ဟာက ဆုံးမမယ်ဆိုတဲ့စကား သုံးရသလား၊ ကလေးက နင့်ပြန်ဆုံးမတာဟဲ့'

'လူကြီးတွေကြားထဲ ဘာဝင်ပြောရတာလဲ'

'သူကပြောတာ ဟုတ်နေလို့ နင်နာတာမဟုတ်လား'

'ဖယ်ဗျာ . . . ကျုပ်သားကျုပ်ရိုက်မယ်'

'မဖယ်ဘူးဟဲ့ . . . မရိုက်ရဘူးဟဲ့'

'ဘယ့်နှယ် . . . ဟင်၊ ခင်ဗျားသမီးတုန်းကလဲ ငါ့သမီး မထိနဲ့၊ ကျုပ်သားကျပြန်တော့လဲ ငါ့မြေးမို့လို့၊ ဟင် . . . ကျုပ်မှာ ဘုန်းကြီးပျံလဲမမီ ထီးတင်တာလဲမမီ၊ ကြားက မျောက်သစ်ကိုင်းလွတ်ဖြစ်နေပါရောလား၊ ခင်ဗျားက ကြားက ခွတုတ်ခလောက်





ဆန်မကြီးပါလား'

'အမယ် . . . နင်ကများ ငါ့ခလောက်ဆန်မကြီးလေး၊ ဘာလေးနဲ့ နင်တော်တော်မိုက်ရိုင်းပါလား'

'မိုက်ရိုင်းတယ်ဗျာ . . . မိုက်ရိုင်းမယ်'

'မိုက်ရိုင်းတော့ ဒီလိုဆုံးမတယ်ဟယ်'

'ဖြောင်'

ကျွန်တော့်ဇက်ပိုးကို အုပ်လိုက်သည်။

'ဟင် . . . ခင်ဗျားကြီးကလား ကျွန်တော့်ကို'

ကျွန်တော် ရုတ်တရက် မှန်ထူသွားကာ ရှေ့ပွဲလာတို့ ရှေ့မှာ ယောက္ခမအနှက်ခံရတယ်ဆိုတော့ ရှက်လည်းရှက်တာကိုး။ သူ့ကိုယ်ကြီးကို ဆောင့်တွန်းလိုက်မိပါသည်။ အင့်ခနဲ ဖင်ထိုင်ကျသွားရာမှ အလျှင်အမြန် ပြန်ထပြီး . . .

'ဟင် . . . နင်ငါ့ကို လုပ်တယ်ပေါ့'

ပြောပြောဆိုဆို အာဂယောက္ခမကျွန်တော့်လည်ပင်း ဝင်ဖျစ်တော့သည်။

'အမေ . . . လုပ် . . . လုပ်'

သမီးက ထလာသည်။

'အဘွား . . . ချ . . . ချ'

သားကပါ ဝင်တွယ်သည်။

ခဏတွင်း၌ကား ကျွန်တော့်မှာ သုံးယောက်နှင့်တစ်ယောက်သတ်ရတော့သည်။

ကျွန်တော်တို့ ယောကျ်ားများက ကိုယ့်ကိုယ်ကို ကာကွယ်ခုခံမှုတစ်ပါး ကိုယ့်မယား ကိုယ့်သား ကိုယ့်ယောက္ခမကို နှာနာ



www.burmeseclassic.com

www.burmeseclassic.com



ကြည်းကြည်း မလှုပ်ရက်ကြပါ။ သူတို့ကတော့ တက်အားသမျှ ဆော်ဘိ၏။ မယားက လက်သီးနှင့် တဖုံးဖုံးထု၏။ ငုံ့ကိုက်၏။ သားတမားဆိုးမနှင့် တဒုတ်ဒုတ်တေ၏။ ယောက္ခမကြီးက သူချထားတဲ့ ဆေးပေါ့လိပ်ကြီးပြန်ကောက်ပြီး မီးရဲရဲနှင့် ကျွန်တော့်ကျောပြင်ကို တဖွားဖွားထိုး၏။

ကြားမကောင်း မြင်မကောင်း၍ အနီးပတ်ဝန်းကျင်က လူများလာရောက် ဖျဉ်ပြီးသောအခါတွင် ကျွန်တော့်မှာ ဒဏ်ရာ ဒဏ်ချက်များနှင့် သွေးတွေထွက်လို့ပေါ့။

မိန်းမချင်းက သူတို့ကိုတား။ ယောကျ်ားပိုင်းက ကျွန်တော့်ကိုဆွဲ။ သည်တော့မှ ကျွန်တော်က ဖိရုန်းရင်း . . .

'လွှတ်ကြဗျာ . . . လွှတ်ကြဗျာ၊ ဒါတွေ အကုန်သတ်ပစ်မယ်'

'ဟာ . . . မလုပ်နဲ့ တက်ပု၊ လွန်မယ် . . . လွန်မယ်'

နောက်က ဆွဲအားကောင်းလေ ရှေ့က ရုန်းအားကောင်း လေ။

'ဟာ . . . လွှတ်ကြဗျာ . . လွှတ်ကြဗျာ၊ ဘာဖြစ်ဖြစ်'

သို့သော် ထုံးစံမို့ ကုန်းသာ ရုန်းနေရသည်။ တကယ်လွှတ်လိုက်မှာလဲ စိုးရိမ်သေး။ တော်ပါသေးရဲ့၊ ဘုရားသိကြားမလို့ မောင်မင်းကြီးသားများ ကျေးဇူးပါပဲ၊ မလွှတ်ကြပါပေဘူး။

ယောက္ခမပါတီကလဲ ကျွန်တော်လွှတ်လာရင် ထပ်ဆော်ကြဦးမလို့ အကျီလက်မောင်းတွေ ပင့်လို့ ထဘီတိုတိုတောင်းတောင်း ဝတ်ထားကြလို့။

ကျွန်တော့် အုံမာဒါနီက . . .

'ဟဲ့ . . . နင့်ကို မပေါင်းဘူးဟဲ့၊ ကွာမယ်'

'ငါကလဲ ကွာမယ်ဟေ့'





အောက်ကျမခံသာပြန်ပြောလိုက်ရသည်။ စိတ်ထဲကတော့ . . .

ဤအချိန်တွင် ဦးကြီးဖြိုးလည်း ရောက်နေကာ . . .

'ဟဲ့ နင်တို့ဟာက အကွာမြန်လှချေလား။ ဘယ်လိုဖြစ်ကြတာတုန်း'

အုံမာဒါနီက ဟန်ချီချီနှင့် . . .

'ကိုယ့်တူပဲ ကိုယ်မေးကြည့်တော့၊ သူ့အပြစ်သူပြောပါစေ၊ ကျွန်မတို့တော့ ပါးစပ်သနလို့ မပြောတော့ဘူး'

'ဟဲ့ . . . ကောင်မလေး၊ နင်အပြောကလွန်လှချည်လား'

'ကိုယ့်တူ အပြစ်လွန်ထားတာတော့ မသိသေးဘဲကိုး'

'ငါ ကြားသင့်သလောက် ကြားပြီးပါပြီ၊ နင်တို့ဟာတအပြစ်က မြန်လှတယ်၊ ဒီနေ့ဆိုတာ အခါကြီးရက်ကြီး၊ တက်ပုလဲနက်က ဥပုသ်စောင့်သွားလို့၊ တကယ်ဆို မနက်ဖြန် သူဥပုသ်ပါထွက်မှ'

ဦးကြီးဖြိုး စကားမဆုံးမီ မကက်ကက်လန်က ဖြတ်၍

'အမယ်လေးတော် သူတို့တူ ဥပုသ်စောင့်သွားတာပဲ အဟုတ်ကြီးမှတ်လို့၊ ဒီမှာ ပြောပါရစေ၊ သူနဲ့ကျွန်မနဲ့ ညားတာ ကလေးနှစ်ယောက်ရပါပြီ၊ ဘုန်းကြီးက ဥပုသ်မစောင့်မနေရဆိုလို့ ကျောင်းသွား သီလယူပေါင်းလဲ များလှပါပြီ။ အဲဒါဝိကာလဘောဇနာနဲ့ အဗြမ္မစရိယာဆိုတာ ဘာလဲလို့ သူ့ကို မေးကြည့်ကြစမ်းပါ'

ကျွန်တော်မျက်လုံးပြူကာ၊ ဟယ် . . . ပါတီနှစ်ခြမ်းကွဲတော့ တက်သင်ဥတွေပေါ်ပြီပေါ့။ ပါတီသမားထုံးစံအတိုင်းပဲ၊ သူ့ဘက်လည်း ပြန်နှိပ်ဦးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့ . . . ငါမသိဘဲနေပါ့မလား၊ သိတာပေါ့ဟ၊ ဝိတာလ ဘောဇနာဆိုတာက နေ့လွဲညစာ စားခြင်းဟ၊ ကဲ . . . ငါဥပုသ်စောင့်တဲ့နေ့ ညစာစားတော့ ဘယ်သူက ခူးခပ်ပေးသလဲဟ'

'အမယ် . . . ဒါက ရှင်က ဆာတယ်ဆိုလို့ ခူးပေးရတာပေါ့'

'အေး . . . အဲလိုပဲ မှတ်လိုက်ပါ'

ကျွန်တော် တစ်လုံးချင်း ခပ်ပိုင်ပိုင်ကြီးပြောချလိုက်ပါသည်။

ငနဲမ မျက်လုံးဝိုင်းဝိုင်းလည်သွားကာ . . .

'အမယ် ကြည့်စမ်း ကြည့်စမ်း၊ စကားတင်စီးသွားလိုက်တာ၊ ဟဲ့ . . . သေချင်းဆိုးရဲ့၊ ကာလနာရဲ့၊ မြွေပွေးကိုက်ရဲ့၊ မျက်ပေါက်ကျဉ်းရဲ့'

'ဟဲ့ . . . မျက်ပြူးမရဲ့၊ ဇီးကွတ်မရဲ့၊ နှာခေါင်းချွန်မရဲ့၊ လင်းကွင်းတစ်ခြမ်းတည်းတီးလို့ မပြည်ဘူးဆိုတာ နင့်အမေကို မေးကြည့်ဦးဟဲ့'

'ဟဲ့ ငါ့အမေကိုနင်စကားထဲ ထည့်မပြောနဲ့ဟဲ့ အယုတ်တမာကောင်ရဲ့၊ ဖုတ်ပြိတ္တာကောင်ရဲ့၊ တိရစ္ဆာန်ကောင်ရဲ့'

'ဟဲ့ . . . တစ်တီတူးမရဲ့၊ ပေါင်တံရှည်မရဲ့၊ ခြေသလုံးကြီးမရဲ့၊ ပြော . . . ဘာဖြစ်သလဲဟ'

ကျွန်တော့် ဆွေမျိုးများပါရောက်နေ၍ ဖေ့အောက်ကျမခံသာ ပြန်ပြောနေရပါသည်။ ကျွန်တော့်စကားတွေ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းတော့ မသိပါ။

'ဟဲ့ . . . အကောင်၊ တဏှာ လူယောင်ဆောင်နေတဲ့ အကောင်၊ နင့်ငါမပေါင်းဘူးဟဲ့၊ ကွာမယ်ဟဲ့'

'ကွာဟဲ့၊ ကွာဟဲ့၊ နင်ကတော့ ဘာက လူယောင်ဆောင်



နေသလဲ ငါမပြောတတ်ဘူး'

'လာ . . . အမေ သူကြီးအိမ် ခုသွားမယ်'

ကဲဆိုးချင်တော့ နှစ်ဖက်သော ဆွေမျိုးတွေက ကျွန်တော်တို့ နှီးမောင်နှံ နှစ်ယောက်စလုံးကိုပဲ သောက်မြင်ကတ်ဟန်တူသည်။ ဘယ်သူကမှ တားမယ့်လူမရှိ။

သူကြီးအိမ်ရောက်တော့လည်း သူကြီးမင်းက . . .

'ဟဲ့ . . . မသင့်တာဟယ်၊ စဉ်းစားပါဦး' ဟု တစ်ခွန်းတည်းသာ ဝတ်ကျေ ဝတ်ကုန်ပြောပြီး ကျွန်တော့်မိန်းမက . . .

'ကျွန်မတော့ သူနဲ့ ဘယ်နည်းနဲ့မှ မပေါင်းနိုင်တော့ဘူး တစ်သက် အပြတ်ပါပဲ' ဟုပြော၍ ကျွန်တော်ကလည်း အောက်ကအံ . . .

'ကျွန်တော်ကလဲ နှစ်သက်၊ သုံးသက်ပြတ်ပါတယ်ခင်ဗျာ' ဟုသာ မနည်းဖျစ်ညှစ်ပြောလိုက်ရပါတယ်။ သူကြီးမင်းက ဘာမှ ရှေ့မဆက်တော့ဘဲ လင်မယားကွာရှင်းစာ ဖြတ်ပိုင်းသာ ကောက်ရေးတော့တာပဲ၊ ဘယ်လောက်များ ဆိုးတဲ့သူကြီးလဲလို့၊ တကယ်ဆို နှစ်ခွန်း သုံးခွန်းလောက်တော့တားပါဦး တဲ့လား။ ကျွန်တော်က သူ့စကားကိုနားမထောင်ဘဲ နေမတဲ့လား၊ မိကောင်းဖခင်သားပဲ၊ ဒီလောက်မိုက်ရိုင်းတဲ့လူမှ မဟုတ်ဘဲ။

ခုတော့ ဘယ်တားမလဲလေ၊ သူက ငွေငါးကျပ် အပင်း ဗို့ရတာကိုး။

*



www.burmeseclassic.com

www.burmeseclassic.com



၄

ဟယ် . . . ကွာမယ်၊ ကွာမယ်ဆိုတုန်းက မတားကြတာက အရပ်က၊ တကယ့် တကယ်ကွာပြီးလို့ လွမ်းရတော့ ငါပါလားဟဲ့။ ဟင် . . . ဘယ်သူက လွန်ကြသလဲ၊ တကယ်ဆို မလျှော်ပါဘူး မောင်တက်ပူ ရယ်၊ မနော်ရယ်လို့' ဝိုင်းတားကြပါတော့တဲ့လား။ ခုတော့ သူတို့မှာ ပါးစပ် အပ်နဲ့ချုပ်ထားသလို မြုံလို့ အရပ်အားကိုးလို့တော့ ဘယ်တော့မှ မဟန်ပါဘူးလေ။

လွမ်းပြီဗျ၊ လွမ်းပြီ။

မိတ်ဆွေတို့က အောက်မေ့ကြလိမ့်မယ်။ (စာကြောင်းချင်းနီးနေတာနဲ့) မင်းတို့ဟာက ဘယ်လောက်များကြာသေးလို့လဲလို့၊

ကြာပြီလားဗျ၊ ကြာပြီလား။ စက္ကန့်တွေကို မိနစ်ကစား မိနစ်တွေကို နာရီကမျိုး နာရီတွေကို ရက်ကဝါးလို့မို့ စုစုပေါင်း အင်းလက်ချိုးရေလိုက်ဦးမယ်၊ တစ်၊ နှစ်၊ သုံး။ အမယ်လေး သုံးရက်တောင် ရှိသွားပါပြီလား။ ဘုရား ဘုရားကြာလှပြီကော။

ကျွန်တော့်မယား မျက်လုံးရွဲရွဲ နှာတံပေါ်ပေါ်မကလေးကို တွေးပြီးလွမ်းတယ်။ သတ်ကြ ပုတ်ကြတုန်းက သူကိုက်လွှတ်လိုက်တဲ့





ကျွန်တော့်လက်မောင်းက သွားရာ အကွင်းကလေးကို ငုံ့ငုံ့နမ်းပြီး လွမ်းရတယ်။ သူတစ်ခါတလေ စိတ်ကောက်ပြီဆိုမှဖြင့် 'ဟင့် . . ဟင့်' ဆိုပြီး ခြေဆောင့်တတ်တဲ့ သူ့ပေါင်တံရှည်ရှည် ခြေသလုံး တုတ်ကက် ကက်ကလေးကို တွေးပြီး လွမ်းရတယ်။

'အမယ်လေး မငွေမြိုင်ရယ်' ကျွန်တော့်မယားက ခြေထိုး ခြေဆောင့် ကောင်းလို့ ဇာတ်မင်းသမီးကြီး မငွေမြိုင်လို့လဲ ကျွန်တော်က ချစ်စနိုးခေါ်တယ်၊ 'ငါတော့ လွမ်းတာနဲ့ သေရပါတော့မယ် ငွေမြိုင်ရယ်'

နွေနှောင်းရက်ကုန်လို့ ကဆုန်က နယုန်လအကူး၊ တောင်လေကသုတ်ဖြူး၊ မိုးဦးကျပြီဆိုမှဖြင့် ကျွန်တော်တို့ တောသူတောင်သားတွေမှာ တအားသစ်ရတယ်။ မနှစ်က ဖြစ်သမျှကို ဒီနှစ်အစမှာ ပြန်လှန်လို့တွေး တရေးရေး မြင်ရတယ်။ ကိုယ်အလုပ်မှားခဲ့တာ အသုံးလွန်ခဲ့တာတွေ ဆင်ခြင်ပြီး ဟင် . . . ဒီတစ်မိုးတော့ ကြိုးပမ်း လိုက်မဟဲ့၊ သားကလေးတွေ ရှင်ပြုဖို့ငွေစုရမယ်။

လင်က ထွန်ထိုးထွန်တံပြင်၊ မယားက စပါးဖျားလှမ်း သင်းခြမ်းတွေ ထင်းစင်ပေါ်တင်တာတင်၊ လင်က ကြိတ်ထိုးတော့ မယားက ဆန်ခါချလို့ ဆန်ပြာရတယ်။

ဟင် . . . တွေးမိပါသေးတယ်။ ကြိတ်ထိုးတဲ့အနား ကြက်အားလာလို့ 'လူကလေးရေ ကြက်မောင်းလိုက်ပါ ဆိုမှဖြင့် တကတည်း တစ်တလုံးက အသေပစ်တော့တာပါပဲဗျာ။ သူများအိမ်က ကြက်ဆို လဲ အလျော်ပေးလို့ ဟင်းစား၊ ကိုယ့်အိမ်က ကြက်များဆိုတော့ မီးဖိုဘေးအမြန်ရောက်၊ မအေးကြီးကတော့ ဗျစ်တီးဗျစ်တောက်နဲ့ ဒီလောက်တောင် ဟင်းအားသရဲရပါမို့လား'လို့။



www.burmeseclassic.com

www.burmeseclassic.com



ဟင် . . . ခုတော့ သည်သားနဲ့ သည်မယား၊ ကျွန်တော့် အနားမှာ မရှိတော့ပါလားဗျာ၊ ရှိပစ္စည်းတစ်ဝက်ခွဲလို့ သူတို့ အမေအိမ်သွားနေကြပြီ။

အို . . . ယောက္ခမကြီး . . . ယောက္ခမကြီး၊ အသင်သာ သမီးနဲ့ သမက်အကြား ဝင်မရှုပ်ခြားက ငါတို့လင်မယား ကွဲကြမည် မဟုတ်ပါတကား။ လင်နဲ့မယား လျှာနဲ့သွားမို့ ဖြစ်ပြီးခဏပြန်လို့ တည့်ကြမည် မဟုတ်ပါလား။

ခုတော့ ယောက္ခမကြားဝင်ရှုပ်လို့ ဗရုတ် ဗရုတ်ကွဲသွားကြရတယ်။ ယောက္ခမ ကြားဝင်တောလို့ ဒရာသောပါး ကွဲသွားကြရတယ်။ ယောက္ခမကြားဝင်အူလို့ ပြုပြုစုစုဖြစ်သွားကြရတယ်။ ယောက္ခမကြားဝင်ဟောင်လို့ မောင်နဲ့မယ်နှံ့ ဝေးသွားကြရတယ်။ လောက၌ ယောက္ခမတို့သည် ကြောက်စရာ သတ္တဝါမျိုးတွေပါတကား။ ဤကမ္ဘာမြေအပြင်ဝယ် ယောက္ခမတို့သည် မရှိအပ်။ သမီးများ အပျိုဖြစ်၍ လင်ယူတော့မည်ဆိုလျှင် ကမ္ဘာ့သမဂ္ဂသမက်အစည်းအရုံးက သင်းတို့ကို သတ်ပစ်ဖို့ ကောင်းသည်တကား။ သင်းတို့ကို သမီးချောချော မွေးပေးဖို့ သက်သက်သာ အသုံးချဖို့ ကောင်းသည်တကား။

သမီးလင်ရပြီဆိုလျှင် သင်းတို့အား လူ့ပြည်မှ ထွက်ခွာသွားကြစေကုန်သတည်း။ သွားကြစေကုန်သတည်း။

(ဤဆောင်ပုဒ်ကို သက်ရှိ သမက်အပေါင်းတို့ ရွတ်ဆိုကုန်ကြလော့၊ ကပ်ကြီးသုံးပါး ကျော်နင်းနိုင်အံ့၊ အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းအံ့။)

ဟယ် . . . သည်လို ကိုယ်တွစ်လျှောက်တည်း အိမ်ပေါ်





ထိုင်ငိုင်နေလို့လည်း မပြီးသေးပါဘူး။ ကြံနိုင် ဖန်နိုင်တဲ့လူဆီသွားဦးမှ၊

မိတ်ဆွေ။ ကျွန်တော့် ဦးကြီးဖြိုးကို မှတ်မိပါလိမ့်မည်။ ယခင်တစ်ခါ ကျွန်တော်တို့ လင်မယားကွဲစဉ်က သူပင် ပြန်ပေါင်းထုတ်နိုင်ရန် စီမံပေးခဲ့ဖူးသည်။

ထို့ကြောင့် ကျွန်တော်သည် ပုဆိုးတစ်ထည်စည်း တစ်ထည်ခေါင်းပေါင်းဖြင့် ဦးကြီးဖြိုးအိမ်ဆီသို့ လျှောက်ခဲ့သည်။

*

'တောက် . . . သုဝဏ္ဏသာမတို့နဲ့များ ကွာပါ့ကွာ'

အိမ်ရှေ့ရောက်လျှင် အဆင်သင့်ပင် တံစက်မြိတ်အောက်၌ ကျောပြောင်ကြီးနှင့် ဆောင့်ဆောင့်ထိုင်ကာ သူ့သားအား မာန်မဲနေသော ဦးကြီးဖြိုးကိုတွေ့ရပါသည်။ ကျွန်တော်ဝင်ပေါက်မှ အသာဝင်ခဲ့ကာ . . .

'သားအဖတွေ ဘာများဖြစ်နေလို့လဲ ဦးကြီးဖြိုးရ'

'ဟာ . . . ရေလေးတစ်ခေါက် သွားခပ်ပါဆိုတာကွာ၊ အလကား ပေတိပေကတ်လုပ်နေတယ်' ဟုပြောပြီး သူ့သားဘက် ပြန်လှည့်ကာ . . .

'နင်တော့လား . . . နင့်လိုကောင် များများ မွန်မယ်ဆိုရင် ဒုကုလနဲ့ပါရိကလိုတော့ 'ငါသား . . . သုဝဏ္ဏသာမသည် မြားဆိပ်ပျောက်စေသတည်း' လုပ်နေလိမ့်မယ် မအောက်မေ့နဲ့၊ 'ခွေးမသား စံနဂုတ်သည် ချက်ချင်း အသက်ထွက်စေသတည်း' ဆိုပြီး တစ်ချက်တည်း ဖနောင့်နဲ့ ပေါက်သတ်လိုက်မယ် . . . မှတ်ထား'

ဤစကားသွား စကားလာကို ထောက်ချင့်ရုံမျှနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေသည် ကျွန်တော့်ဦးကြီး လူရည်လူချင်းကို အကဲခတ်နိုင်လောက်ပြီ ထင်ပါသည်။

ဤဇာတ်တော်ကို အခြေပြု၍ ကျွန်တော့်ဦးကြီးက သူ့သားအား ဆုံးမခြင်းဖြစ်သည်။ ဘယ်လောက်စာပေပြောင်မြောက်တဲ့ ဩဝါဒလဲ ခင်ဗျာ။ သူ့သားနာမည်လည်း ကြည့်ဦးလေ 'စံနုဂုတ်' တဲ့။ ပထမမူရင်းက ဘယ်ကျမ်းဂန်ထဲကလဲဗျာ ဟိုမုန့်ဆီကြော်နှုတ်ခမ်းသားဖွဲ့စားလို့ စစ်နိုင်တဲ့ဘုရင် 'စန္ဒဂုတ်' မင်းသား နာမည်ယူမှည့်တာ။ နောက်မှ ကာလရွေ့လျောလို့ ကျေးရွာစကားသုံး အတိုင်း စံနုဂုတ်ဖြစ်ရတာ။ ဤမျှဗဟုဒ္ဓဝင်ကျမ်းဂန် ကျွမ်းကျင်၍ ပညာရှိဖြစ်နေသော ပုဂ္ဂိုလ်အား ကျွန်တော့်ကိစ္စအတွက် အားမကိုးထိုက်ပါလား ခင်ဗျာ။

သူ့စကားကြောင့် သူ့သား စံနုဂုတ်အောင့်အောင့် ညှစ်ညှစ်နှင့် ရေထမ်းပုံးဆွဲကာ ထွက်သွားမှ ကျွန်တော့်ဘက်လှည့်ကာ. . .

'ဘယ့်နှယ် . . . ငါ့တူ မသက်မသာ ငယ်မျက်နှာနဲ့ ဘယ်တွက်တာကြောင့် ဦးကြီးထံပါး အခစားလာသတုန်း'

ကဗျာလက်ာနဲ့လည်းပြောတတ်တယ်ခင်ဗျာ။

ကျွန်တော်သည် သူနှင့်မျက်နှာချင်းဆိုင် ထိုင်လိုက်ကာ တုတ်တစ်ချောင်းကောက်၍ မြေကြီးကို ဟိုခြစ် သည်ခြစ်ပြုရင်း. . .

'ဟာ . . . ဦးကြီးရာ၊ ကျ . . . ကျ . . . ကျွန်တော်တော့ ကျွန်တော့်မိန်းမလွမ်းလှပြီဗျ'

ဦးကြီးသည် သူ၏သွားသံချေးတက်ကြီးတွေကိုဖြဲရယ်လိုက်ကာ . . .

'မင့်ဟာကလဲ လွန်လှချည်လား၊ ဘယ်နှစ်ရက်များ ရှိသေး





သို့လဲ'

'သုံး . . . သုံး . . . သုံးရက်ကြီးများတောင်ရှိသွားပြီ ဦးကြီးရဲ'

'အမယ်လေး . . . ဒီရက်နဲ့များ ဒီလောက်ဖြစ်ရသလားကွာ'

'ဦးကြီး အရင်ပြောဖူးတဲ့ ဟိုကိန္နရာလင်မယားဖြင့် ကဲ တစ်ည . . .ည်း ခွဲခွာခြင်းခြားတာနဲ့တောင်'

'ဟဲ့ ဒါတွေက လင်ငယ် မယားငယ် နေရမှန်းမသိ၊ တစ်လင် . . .စ်မယားကွဲရင် နောက်လင်၊ နောက်မယား ယူရမှန်း လူတွေလိုမှ . . .သိဉာဏ်မရှိတဲ့ အဟိတ်တိရစ္ဆာန်တွေပဲဟာ၊ သင်းတို့တုပြောနေလို့ . . .ယ်ဖြစ်မလဲ၊ နို့ပြီး သူတို့နှစ်ကောင်က တစ်ကောင်နဲ့ တစ်ကောင် . . .တ်ညီပြီး ပြိုင်တူလွမ်းကြတာကွ၊ မင့်မှာတော့ တစ်ဖက်သတ်၊ . . .သာကျားဖြစ်ပြီး ရှက်စရာကောင်းလှတယ်ကွာ'

'မရှက်နိုင်ဘူး ဦးကြီး၊ ကိုယ့်ဝေဒနာကိုယ်သာသိတယ်'

'ငါလဲ နားလည်ပါတယ်ဟာ၊ ဒါနဲ့ မင်းဒွေးလေး မယ်ကျင်ကြီး . . .အာင်သွယ်ကောင်းလှတယ်၊ သူ့ပြောပါလား'

ပြောပြီးပြီဗျ၊ သူက အပျိုလူပျိုမှတဲ့၊ လင်ကွဲမယားကွဲ ပြန်စပ် . . .ာက အိမ်သာပျက်ပြင်ရသလိုဟာ၊ မလုပ်ချင်ဘူးတဲ့'

'အေး . . . သူပြောတာလဲ ဟုတ်သားပဲကွ၊ ဒါဖြင့် မင့်မိန်းမ . . .င်းပဲ ပြန်ပြီးလူပျိုလှည့်ပါလားကွ၊ သူ့ရေခတ်တော့ထွက်သား . . .တ်လား'

'သူ့အမေကြီးက အမြဲတမ်းပါတယ်ဗျ၊ ကျွန်တော်ချောင်း . . .င်းများလှပြီ၊ သူ့အမေကြီးမပါလဲ ဟစ်တလုံးပါတယ်ဗျ၊ ဒီကောင် . . .းက ဟိုကြက်သား မစားလိုက်ရကကည်းက ကျွန်တော့်ကို စိတ် . . .ဗျဘူး။ သူ့လက်ထဲမှာ ဓားမတိုလေးတစ်ချောင်းနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



သူ့အမေနားကပ်ရင် ခုတ်မတဲ့၊ သူ့အမေကြီးကလဲ မြှောက်ပေးထား
တယ်'

'အေး . . . မင်းအဖြစ်က အဲဒီကြက်ကိစ္စကို ဆိုးနေတယ်ကွ'

'ဟာ . . . ဦးကြီးရ ဒီကြက်က ကျွန်တော်ပေးရတာ မဟုတ်
ဘူးဗျ၊ ကျွန်တော်ပြောတာ ယုံစမ်းပါ။ ဦးကြီးကို ကျွန်တော်
ဟုတ်ရင် ဘာလို့ ဖုံးကွယ်ထားမလဲ။ အရင် ကျွန်တော့် ယောက္ခမကြီး
ပယင်းပုတီးနဲ့ ဆံစု ခိုးရောင်းပြီးအရက်သောက်ပစ်တာတောင် ဦးကြီး
ကို ပြောတယ်မှတ်လား'

'အေးလေ . . . ငါကတော့ ငါ့တူကိုယုံပါပြီ။ အရေးကြီးတာ
က သူတို့ပါယုံမှ မင်းတို့လင်မယားပြန်စေ့စပ်လို့ကောင်းမယ်မှတ်လား
ဒီတော့ ဒီကြက်ကို ပန်းစုံလက်ထဲ ရောက်အောင် ဘယ်သူပေးသလဲ
ဆိုတာကို ခိုင်ခိုင်လုံလုံ ပြနိုင်မှဖြစ်မယ်'

'ဒါတော့ အင်ဖူးဖြစ်ရမယ်ဗျာ'

'အေးလေ . . . ဒါက မင့်ယူဆချက်တော့ ဟုတ်ပြီ၊ သူတို့
မယုံကြည်မှုက ပဓာနမဟုတ်လား၊ လက်ဆုပ်လက်ကိုင်ပြနိုင်
ကလိုတယ်။ ပန်းစုံသော်လည်းကောင်း၊ အင်ဖူးကသော်လည်းကောင်း
ဝန်ခံမှဖြစ်မယ်'

'ကျွန်တော်နှစ်ယောက်စလုံးကိုပဲ ချော့မော့ပြောကြည့်ပြီးပြီ
ကောင်မက 'အမယ် . . . ဒါကျွန်မအိမ်က ကြက်ပါ' တဲ့။ 'ဒေါ်သဲပွင့်
ကြီးက အလကားသက်သက်တိုင်တာ' တဲ့၊ ဟိုအကောင်ကတော့
ဘူးကွယ်တာပေါ့ဦးကြီးရာ'

'အေး အဲဒါကို သူတို့မငြင်းနိုင်အောင် မိမိရရ ဖမ်းပြဖို့ ဟာ
ပေါ့ . . . အဆင်သင့်ပဲပေါ့'





ဦးကြီးသည် လမ်းမဘက် လှမ်းကြည့်လိုက်ကာ . . .

'ဟိုမှာ တို့စုံထောက်ကြီး လျှောက်လာတယ်၊ ဟေ့ ဖင်ကြား
ကြီး ခဏလာပါဦးကွ' ဟု လှမ်းခေါ်လိုက်၏။

ခင်ဗျားတို့ ရန်ကုန်က စုံထောက်ကြီး ဦးစံရှားကိုတော့
ကျွန်တော်မမြင်ဖူး၍ ဘယ်ပုံသဏ္ဌာန်နေမည်တော့မသိ။ ကျွန်တော်
တို့ရွာ စုံထောက်ကြီး ဦးဂန်ဂျားကား ငယ်စဉ်က ဖွတ်စအိုနာစွဲ၍
ခေါင်းပြောက်ကွယ်သွားပြီး မျက်နှာအလယ်က အပေါက်နှစ်ပေါက်
သာရှိတော့သည်။ မေးစေ့မှာ ဝမ်းတွင်းပါအတိုင်းတို့၍ တစ်ဖက်ရွဲ့
နေ၏။ မျက်စိမှာ သူငယ်နာမျက်ခမ်းစပ်ဖြစ်၏။ ဦးခေါင်းမှာ
ပေါက်ချွန်းကဲ့သို့ နောက်စေ့ထွက်၍ နားထင်ကျပ်ကာ နဖူးကျဉ်း
မြောင်းလှ၏။

ကိုယ်လက်အင်္ဂါကား အရပ်ပုအိုက်၍ လက်တစ်ဖက်သိမ်
နေသည်။ ငယ်စဉ်က ထင်းခုတ်ရင်း သစ်ကိုင်းညှပ်မိသဖြင့် ခြေ
တစ်ချောင်း မသန်ချေ။ လမ်းလျှောက်လျှင် စောင်းငန်း စောင်းငန်းနှင့်
တရွတ်ဆွဲခမန်းဖြစ်နေသည်။ သို့သော် ဗန်တိုဗန်ရှည် သိုင်းပညာ
အရာ၌ကား (မိတ်ဆွေတို့ ယုံမည်တောင် မဟုတ်ပါ) လုံးဝမတတ်
ချေ။

ခင်ဗျားတို့ မြို့စုံထောက်ကြီးဦးစံရှားမှာ ဆေးတံသောက်
သည်ဟု ကျွန်တော်ကြားဖူးသလိုလိုရှိသည်။

ဦးစံရှားမှာ မိန်းမဆိုလျှင် လှည့်မကြည့်
သလို ကြားမိ၏။ ကျွန်တော်တို့ ဦးဂန်ဂျားကား . . . အခြားသူ
သူမည့်သူမရှိသော ချိုကျိုးနားရွက်ပဲ့တွေကိုရသမျှ အကုန်ယူ၏။
နန္ဒင်းမှုန့်သည်၊ ဆေးရိုးသည်၊ မုန့်စိမ်းပေါင်းသည်၊ ကန်စွန်းရွက်သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြီး တစ်ယောက်၊ တစ်ခါတစ်ရံ နှစ်ယောက်ပြု၏။

သူလိုက်ရသော အမှုများကား ကြက်ခိုးမှု၊ နွားထောင့်မှု ပိုးခင်း ဓားနဲ့ခုတ်မှု၊ ကောက်ရိတ်ချိန် ကောက်လှိုင်းပျောက်မှု၊ တစ်ခါ တရံ လင်ငယ်နေမှု၊ ကြာခိုမှုများပါ ငှားသူရှိလျှင် လိုက်သေး၏။

သူသည် အလွတ်စုံထောက်ဖြစ်သော်လည်း သူ၏စွမ်းရည် သတ္တိများကြောင့် ရွာသူကြီးက အလေးမူရလေသည်။ တစ်ကြိမ်သော အခါက သူကြီးကတော် မျောက်မွေးသည်ကို ရှင်းရှင်းပေါ်အောင် စုံထောက်ပေး၍ သူကြီးက ဤမိန်းမကို ဝမ်းသာအားရ ကွာလိုက်ရပြီး သူတိတ်တိတ်ပုန်း မိန်းမကို ထင်ထင်ရှားရှား ယူလိုက်ရသဖြင့် ယခု သူကြီး လင်မယားမှာ သူ့ကိုကျေးဇူးတင်လှလေသည်။ ပထမသူကြီး ကတော်လည်း သူ့လင်ငယ်လေးနှင့်ရသွားသဖြင့် သူ့ကို ဥာဏ်ပူဇော် ၏။

ကဲ . . . ကိုယ်တို့ စုံထောက်ကြီးဂုဏ်ပုဒ်တော့ ဖော်ထုတ်ပြီး ပါပြီ။ ကျွန်တော့် အမှုသွားကို ဆက်ပါရစေတော့။

ကျွန်တော့်ဦးကြီးဖြိုးက ကဲ . . . မင်းဖြစ်ပုံ အကုန်ပြောပြ လိုက်ကွာဆိုသဖြင့် ကျွန်တော် မရှက်မကြောက် အလုံးစုံပြောပြီးသည် နောက်၌ ကျွန်တော့်ကို မေးခွန်းများထုတ်သည်။

'ပန်းဖိုနဲ့ မောင်နဲ့ အခင်းဖြစ်တာ ဘာနေရာလဲ'

(စုံထောက်ဦးဂန်ဂျားမှာ နှာခေါင်း အခင်းပျက်နေ၍ စကား ပြောလျှင် မပီသချေ။ နှာသံပါ၏။)

'ဟာ အခင်းမဖြစ်ရပါဘူးဗျ၊ နမ်းရုံတင်ကလေးပါဆိုနေ'

'အေးနေ၊ အဲတီ နမ်းရုံတင်ပဲ၊ ဘယ်နေရာလဲ မေးတာ'

'မချမ်းမြ အိမ်နောက်ဖေးတည့်တည့်က သရက်ပင်ကြီး





အောက်မှာ'

'ဟချိန်က ဘယ်ဟချိန်လဲ'

'အရုဏ်တက်စပေါ့'

'ဒါခြင့်အခြေ့ကောရာကျွန်းက ချွန်းမှုန့်ရောင်ကလေး သန်းပီပေါ့'

'ဟုတ်ပါတယ်၊ ခင်ဗျားမိန်းမ ဒေါ်သဲကြီး ခံတောင်းထဲက နှံ့မွတ်များများရောထားတဲ့ နနွင်းမှုန့်ရောင် အတိုင်းပါပဲ'

ကျွန်တော် စိတ်မရှည်နိုင်သဖြင့် အရွဲ့တိုက်လိုက်ပါသည်။ ကြည့်ဦးလေ ပြောပုံဆိုပုံလဲ၊ အရှေ့ဂေါယာကျွန်းတဲ့၊ ကြီးကြီး ကျယ်ကျယ်၊ အမယ်သူက ကျွန်တော်အရွဲ့တိုက်လိုက်တာပဲ သဘော ကျပြီး . . .

'အဲတီလို တိတိကျကျကြောတာမှ တဘောကျတကွ'

သူ့ပေါင်သူပုတ်ပြီး အားပါးရကြီးလုပ်လိုက်ချေသေး။

'နမ်းတော့ ဘယ်နှယ်ချမ် နမ်းနှိုက်တာလဲ'

ကျွန်တော် စိတ်ထဲ ကသိကအောက်ဖြစ်လာကာ. . .

'ဟာ . . . နမ်းတာတွေချည့် လျှောက်မေးနေလို့ ဘယ်လို နမ်းနမ်း ဘယ်နှစ်ရှုပ်ပဲနမ်းနမ်း၊ ဒါက အမှုကို ဘယ်လိုအထောက် အပံ့ရမှာမို့တုန်း၊ နမ်းပါတယ်ဆိုမှပဲ ပြီးရာပေါ့ဗျာ'

'မဟုတ်တေးဘူး မောင်တက်ပုရဲ့ အချိန်ကို တိချင်နို့'

'အရုဏ်တက်စပါလို့ ခင်ဗျာ့ ပြောပြီးမှပဲဗျ'

'ဒီအချိန် မဟုတ်ဘူးနေ၊ နမ်းတော့ ကြာတဲ့အချိန်ကြောတာ'

'ဒါဖြင့်ဗျာ၊ မင်းဘယ်လောက်ကြာကြာ ဖက်နမ်းနေသလဲ'ပဲ မေးလိုက်ပါတော့'



www.burmeseclassic.com

www.burmeseclassic.com

'ဒါက မင်းဂမူးရှူးဆိုး ရုပ်ရတဲ့ကိစ္စမှာ အချိန်ဘယ်နောက် ကြာသလဲချိတာကို တိတိကျကျမှတ်ထားနေနိုင်မှာလား'

'နမ်းတာကော ဘယ်နှစ်ရှုပ်လဲဆိုတာကို ဘယ်သူက တိတိကျကျမှတ်မှာလဲဗျ'

'ဟဲ့တာညီးက စိတ်ထဲ တအုံ့နွေးနွေးနဲ့ ကြုံကြုံတွေးတော့ ပေါ်ပေါ်နေတာညီးကွ၊ မျက်သိထဲမှာတောင် ညင့်ယောင်လာတယ်'

ဤတွင်မှ ကျွန်တော်သဘောပေါက်ကာ . . .

'အင်း . . . ဟုတ်သဗျို့၊ ကဲ . . . ခင်ဗျား ဒီအရှုပ်သိတော့ ကော ဘယ့်နှယ်လုပ် အချိန်တွက်မလဲ'

'ဒါကျတော့ နွယ်တာပေါ့ကွာ၊ နာရီချက္ကန့်လက်ကြည့်ပြီး တော့'

'အင်း . . . ကျွန်တော်နမ်းတာတော့ ဘယ်မြန်ညာပြန် လှည့်မွှေးပစ်လိုက်တာ အခါနှစ်ဆယ်ထက် မအောက်ဘူး'

ဦးကြီးဖြိုးက ကြားဖြတ်၍ . . .

'ဟာ . . . မင့်ဟာ များလှချည့်လား'

'များဆို ကောင်မလေးက မနက်စောစော သနပ်ခါးရေ ကျဲကလေး လိမ်းလာတာ တယ်မွှေးတာပဲ ဦးကြီးရဲ၊ သူကလဲ ရှန်း တော့ သောက်မြင်ကတ်ကတ်နဲ့ ရသမျှ အဝကြိတ်မဟဲ့ဆိုပြီး နှိပ်ပစ် လိုက်တာ၊ ဟိုဒေါ်သဲပွင့်မြွေပွေးကိုက်မကြီး လာတာမြင်မှ လွှတ်ပစ် လိုက်ရတယ်။ တောက် . . . နာလိုက်တာ'

'အင်း . . . ငါ့တူကတော့ ဏှာများပါ့ကွာ၊ မင့်ပြောသား ပုံဖြင့် ကောင်မလေးပါးမှာ သနပ်ခါးမှုန့်တစ်မှုန့်မှ ကျန်တော့ပုံ မပေါ်ဘူး'

'မကျန် ကျန်ကျန်ဗျာ၊ ကိုယ့်ဖို့ ကိုယ်ကြိုးပမ်းရတာ'



ဆိုပြီးနောက် စုံထောက်ကြီးဘက်လှည့်ကာ 'ကဲ . . . ဒီ တဲ့အချိန်သိတော့ကော အမှုဘယ်လိုအထောက်အပံ့ဖြစ်မှာလဲ'

'ဖြစ်တာပေါ့ . . . မောင့် ထင်မြင်ယူဆချက်မှာ ကြက်သူခိုး က ကြက်ကိုတစ်နေရာရာ လည်လိမ်ပစ်ခဲ့ပြီးနောက် ကြံယူမှာကို င့်နေတယ် ချိတယ်မဟုတ်လား၊ ဒီတော့ မင်းအဲဒီ နမ်းနေတဲ့ ချိန်အတွင်းမှာ တူလာယူနိုင်တာပေါ့ကွ'

'နေပါဦး . . . ပန်းစုံခံတောင်းထဲမှာ ပါလာတယ်လို့ ဒေါ်သဲပွင့်ကြီးက အခိုင်အမာဆိုတာပဲ'

'ဟဲ့ . . . အဲဒီအချိန်မှာ တူ့ခံတောင်းထဲ ရောက်နေပြီလို့ ယ်တူအတိအကျပြောနိုင်မှာလဲ၊ မင်းဖက်နမ်းနေတုန်းက ခေါင်း က ကြက်တံကြားသလား၊ ကြက်အရှင်ရှိနေရင် မင်းဘက်နမ်းနေ ခံတောင်းယမ်းတာနဲ့ ကြက်အော်သံကြားရတယ်ကွ'

'မကြားမိဘူး'

'နို့ပြီး ကြက်ကလဲ ကိုအီချမန်အင်ကြီးအိမ် ဝင်ရောင်းတယ် တော့ အရှင်ခြစ်ရမယ်၊ ကုနားဟာ ကြက်ကိုအတောမနွယ်ဘူး။ တော့ ပန်းစုံဟာ လမ်းတွားရင်း ဘယ်မှာဝင်သေးတလဲ ချိတာကို ဒေါ်သဲပွင့်မေးရမယ်။ အဲဒီတဲနွှန်စယူပြီး ချုံထောက်ရမှာပဲ၊ ကဲ . . ကဲ ပ်ဒီအမှုနက်ခံပြီလေ'

'ဦးကြီးဖြိုး ဒါဖြင့် အခုရှုပ်မှ နောင်ရှင်း၊ ဒီအမှုပေါ်ရင် ယ်လောက်ပေးရမလဲဆိုတာပြောထားဦး၊ ပျောက်တဲ့ကြက်မ တော့ နှစ်ကျပ်တစ်မတ်ပဲတန်တယ်'

'ဒါတော့ ကိုရင်ချိုးရာ ကိုယ့်အကျင်းကျင်းတွေပဲ၊ ကြည့်ပေး ာပေါ့၊ ခုသာဟော့ . . . တက်ကနေး' ကျွန်တော့်ဘက်လှည့်၍

www.burmeseclassic.com



'ချဉ်းချားခန်းဝင်ဘို့ ဓာစ်မတ်လောက် နုတ်နိုက်ကွာ'

ကျွန်တော်သည် မိမိဗလာကိုယ်ထီးကို ငုံ့ကြည့်၍ . . .

'ဟင် . . . ကျွန်တော့် အကျီတောင် ပါမလာဘူး'

ဦးကြီးဖြိုး ဒီတစ်မတ်တော့ မင်းအရီးချစ်စုဆီ တောင်းပေ လိုက်ကွာ'

'အရီးချစ်စု ရှိသလား'

'ရှိတယ် . . . အိမ်ပေါ်မှာ ချည်ဟပ်နေတယ်'

ကျွန်တော် အိမ်ပေါ်သို့လှမ်း၍ . . .

'ဗျို့ . . . အရီးချစ်စု'

'ဝေး'

'ပိုက်ဆံတစ်မတ်လောက် ချေးစမ်းဗျာ'

'ဘာသုံးဖို့လဲ'

'ပဟာဒီမှာ စုံထောက်ကြီးပေးဖို့'

'ဟေ . . . ဒီနှာခေါင်းကျိုးကြီးဖြင့်' ကျွန်တော်တို့ စုံထောက် ကြီးအား အချို့ကလည်း ဤသို့ လေးလေးစားစားခေါ်ကြ၏။

'ငါသူ့ဆိုင်မှာ ပိုက်ဆံသုံးမူးတစ်ပဲ ရစရာရှိတယ်၊ အဲဒါထဲ က နှိမ်လိုက်'

ဦးဂန်ဂျားက သူ့မျက်ခမ်းစပ် မျက်မှေးကလေးဖြဲ၍ . . .

'အမယ်နေး . . . နှုတ်ပါနဲ့ဦး . . . ချစ်စုရာ၊ အခု အတုန်း နိုနေလို့ပါ'

ကျုပ်တို့ စုံထောက်ကြီးမှာ ငွေရေး ကြေးရေး၌လည်း ဤမျှ တောင့်တင်း၏။

'ဟဲ့ . . . ငါ့ကြွေးက နင့်ဆီနှစ်လကျော်နေပြီ'





'အိမ်က မိတဲကြီး ချွန်းတစ်ပေါ်တော့ ချယ့်ဟာ'

'ဟဲ့ . . . ငါက နင့်မိန်းမ နန္ဒင်းချည်း သုံးမူးတစ်ပဲဖိုးတောင် သူရမှာလား ဘာသုံးဖို့လဲဟ'

'နင်တော်ကြာ နောက်တောင်နောက်မှာ မဟုတ်ဘူး၊ တစ်ကိုယ်နွှံးနိမ်းရတဲ့ကိန်း မကြာခင် ချိုက်ဦးမှာပါဟ'

အရီးချစ်စု ရက်သွားကာ . . .

'ဟဲ့ . . . စောက်ကဇကောင်ကြီး'

ဤတွင် ဦးကြီးဖြိုးက . . .

'ပေးလိုက်စမ်းပါ ချစ်စုရာ'

ယင်းမှ အိမ်ပေါ်က ကြမ်းခြေနင်းသံကြားရပြီးနောက် . . .

'ဟဲ့ . . . သောက်ပလုပ်တုပ်တုပ်၊ ဘုရားရှင် တန်ခိုးတော် တဲ့'

'ဘာလဲ . . . အရီးချစ်စုရဲ့ သောက်ပလုပ်တုပ်တုပ် ဘုရား ရယ်လဲ မကြားဖူးသေးပါလား'

'ဟယ် . . . တေက်ပုရယ်၊ ကြွက်လျှောက်ပေါ်တင်ထားတဲ့ ပိုက်ဆံစမ်းလိုက်ရင်း အိမ်မြှောင်ဟော့ . . . အိမ်မြှောင်ဟဲ့၊ အင့် ရော . . . ငါပစ်ချလိုက်မယ်၊ နှာခေါင်းကျိုးကြီး ခေါင်းပေါ်ကျရော လဟယ်'

စုံထောက်တို့၏ သွက်လက်ဖျက်လတ်ခြင်းဖြင့် လျင်မြန်စွာ ရှောင်လိုက်ရာ ဝယ်ထိပ်ပေါ်သို့ ဒေါင်ခနဲ မှန်လေ၏။ ၎င်းပြီး စုံထောက် ၏ မျက်စိကလည်းရှင်ရကား သူ့ခြေမရှေ့ကျနေသော ဓတ်စေ့ကို မြင်၍ ကျွန်တော် ကောက်ပေးလိုက်ရ၏။

'စောက်ပေါကြီး . . . သူ့ကိုစုံထောက်ကြီးရယ်လို့ မြှောက်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာနဲ့ စကားရရင် စစ်စစ်ပေါက်ပေါက် လျှောက်မေ
မိန်းမတွေ အတင်းအဖျင်းပြောရင် အိမ်အောက်က လေးဖက်ထောင်
နားထောင်၊ ကလေးတွေ ချော့ပေါင်း၊ ဒါနဲ့ သူကြာခိုတဲ့မျောက်မွေးတဲ့
သဲလွန်စတွေရတာကွ၊ လူက မျက်စိကလဲ မကောင်း၊ ခြေလက်အင်
ကလဲ မသန်တော့ ဒီပြင်အလုပ်လုပ်မစားနိုင်တော့ ဒါပဲ လုံးပန်းနေ
တော့ သူ့ဟာနဲ့ သူလဲ ဟုတ်တဲ့နေရာမှာ ဟုတ်နေတာကွ၊ အခု မင်း
ကိစ္စလဲ သူမရမနေ စုံစမ်းမှာပဲ၊ ဒီအတွင်းမှာ မင်းက ယောက္ခမ
အားရအောင်အများ အထင်သေးစရာဖြစ်အောင် မှိုင်မှိုင်မနေစေ
ပါနဲ့ကွ၊ ရွှင်ရွှင်လန်းလန်း နေစမ်းပါ'

'ဟာ . . . ဦးကြီးရ ကျွန်တော်တကယ်စိတ်ညစ်နေတာပဲဗျ'

'ယောကျ်ားပဲ အဲဒီစိတ်ညစ်တာကို ပျော်ဟန်ဆောင်နိုင်ရ
မယ်ကွ'

'ဘယ်လို ဆောင်နိုင်ရမလဲ'

'ဘာခက်သလဲ၊ ရွာထဲ သီချင်းပါ လျှောက်ဆိုပေါ့ကွ'

'ကျွန်တော်က ခုကာ့လပေါ် သီချင်းတွေ မရဘူးဦးကြီးရ'

'ဘာလဲ . . . ရှေးသီချင်းကြီးထဲကလား'

'အင်း ရှေးသီချင်းကြီးထဲကပဲ ဆိုရမှာပေါ့လေ၊ ကျွန်တော်
တို့ ငယ်ငယ်တုန်းက ပေါ်တာ 'လာပါ လာပါ မကြည်ရဲ' တို့၊ စံဖ
အကြောင်းမပါရင်တို့၊ ဆရာစံ ဂျူန်အပေါင်းဆောင် သူပုန်ခေါင်း
ဆောင်တို့ အဲဒီသုံးပုဒ်ပဲရတယ်'

'အဲဒါတွေပဲ လျှောက်ဆိုပေါ့ကွာ'

'ဟာ ဆိုလို့ ကျွန်တော်က အသံလဲမကောင်း၊ အဆိုကလဲ
မကျတော့ စိတ်မရဲဘူးဦးကြီးရ'





'ဒါဖြင့် ပလွေမှုတ်ကွာ၊ ပလွေတော့ မှုတ်တတ်သား . . .
တုတ်လား'

'အင်း . . . ငယ်ငယ်တုန်းကတော့ တွယ်ဖူးတာပဲဗျာ၊ ဒါပေမဲ့
ခု ပလွေမရှိဘူး . . . ဦးကြီးရဲ့'

'ငါ့အိမ်မှာ ရှိပါတယ်ကွာ၊ ဟော့ စံနဂုတ်'

ကောင်လေး ရေခပ်ရာမှ ပြန်ရောက်နေပြီ။

ဗုဒ္ဓဝင်ဇာတ်တော်တွင် သိဒ္ဓတ္ထမင်းသား လေးတင်မပြမီက
သူ့ယောက္ခမဘက်ဆွေမျိုးများက ဘုရားအလောင်းအား 'အလကား
ဒီမင်းသား ဘာအသုံးကျသလဲ၊ ကျေးသားတောက်နဲ့ ဂျင်ပေါက်သာ
တတ်တာပဲ' ဟု ကဲ့ရဲ့သဂြိုဟ်စကားတင်းဆိုသည်ဟု ရေးသားသော
ကြောင့် (အနို့ယောက္ခမမျိုးဟာ ဘုရားမပွင့်မီကတည်းက မကောင်း
ဘူးဆိုတာ သတိပြုကြပါတော့) ခင်ဗျားတို့ မြို့ကြီးသား အခေါ်ဖြင့်
'ကျေးသား' ဟု ဆိုကြပေမည်။ ကျွန်တော်တို့ တောအခေါ် ကတော့
ကျစ်လစ်ဆံခင်ဗျာ။ အဲ . . . စံနဂုတ်သည် ဝင်းထောင့် မန်ကျည်းပင်
အောက်မှ တစ်ယောက်တည်း ကျစ်လစ်ဆံတောက် နေရာမှ ဦးကြီးဖြိုး
ခေါ်လိုက်သော အခါ၌ သူ့ကိုရေထမ်းခိုင်းဦးမည် ထင်သောကြောင့်
. . .

'ဘာလဲဗျ၊ နောက်တစ်ခေါက်တော့ မထမ်းနိုင်တော့ဘူးဗျ'

'အေး၊ မင့်လဲ ငါမထမ်းခိုင်းပါဘူးကွ၊ဒီမှာ ခဏလာပါဦး၊
ဟိုနေ့က မင်းပလွေလုပ်နေတာမြင်ပါတယ်။ ပြီးပလား'

စံနဂုတ် အနီးရောက်လာကာ . . .

'အပေါက်တော့ဖောက်ပြီးပြီဗျ။ အဲဒါ အခင်လုပ်ဖို့ ဖယောင်း
မရှိလို့'



www.burmeseclassic.com

www.burmeseclassic.com



'မင့် ကိုလေးတက်ပု ရှာထည့်ပါလိမ့်မယ်ကွာ၊ သူ့ခေါ်သွား လိုက်ပါ'

'ယူလေ'

ပလွေမှာ ပျားဖယောင်း စစ်စစ်ကို အခင်တပ်နိုင်မှ ကောင်း သည်။ ကျွန်တော်သည် ဇံနဂုတ်ယူပေးသော ဝါးပလွေကိုကိုင်ကာ

'ငါ့ချီး၊ ဖယောင်းက ဘယ်မှာရပ့်မလဲကွာ'

'ကျွန်တော် ခုခြံကြိုခြံကြားမှာ ပျားအုံလိုက်ရှာနေတာပဲဗျ တစ်ခုတော့ တွေ့ထားတယ်။ ဒေါ်ဂျမ်းဘုံကြီးအိမ်ခေါင်းရင်း သရက် ပင်မှာ အဲဒါခိုးဖွပ်မှ ဖြစ်မှာ၊ ကျွန်တော် ကောင်းကောင်း မဖွပ်တတ်လို့ ကိုလေးတက်ပု တက်ဖွပ်ဗျာ၊ ညကျ ကျွန်တော်နဲ့သွားမယ်'

'ဟာ . . . ဖြစ်ပ့်မလားကွ၊ ဒီမိန်းမကြီးက အပေါက်ကဆိုးနဲ့'

'မသိအောင်ပေါ့ဗျ၊ ညအိပ်ချိန်သွားမှာပဲ၊ သူတို့အိမ် ယောက်ျားလဲ ရှိတာမဟုတ်ဘူး၊ သူ့သမီး ပေါ်တာမကြီးနဲ့ သူပဲရှိတာပဲ'

ဦးကြီးဖြိုး 'ဟုတ်သားကွာ၊ ဟော့ တို့ ပျားလဲစားရအောင်'

*





၅

သုံးရက် လကွေးသည် ရေးရေးမျှ ပေါ်လျက်ရှိသည်။ ခုည မိုးသားမိုး တိမ်ကင်းစင်ရကား ကြယ်ကလေးတွေသည် ပြိုက်စီပြိုက်စီနှင့် ဘာရရာကြနေသည်။ ညဦးလေချိုကလည်း နေညိုကတည်းကပင် တောင်ပက်ဖျန်းခဲ့ရာ ခုခါမဖြင့် အအေးဘက် သက်လျက်ရှိပြီး သာတောင့်သာယာရှိလှပါသည်။

လျှပ်စစ်မီးရှိန် ထိန်ထိန်ညီးနေသော မြို့ကြီးသူ မြို့ကြီးသား များဖြင့် ဤအရသာကို ခံစားရရှာမည် မဟုတ်ပါချေ။ သူတို့သည် ပြကွဒိန်မကြည့်က လဆန်း, လဆုတ်မျှ မသိကြချေ။

ကျွန်တော်သည် အိမ်ရှေ့ကဝင်းကိုကျောမှီကာ သုံးရက် လကွေးကိုငေးလျက်ရှိသည်။ သုံးရက်လ၊ ခုံးမျက်စနဲ့ မငွေမြိုင်ကြီး ရယ်' ဟု ကျွန်တော့်မယားကို ချစ်ကျီစယ်ခဲ့ဖူးပါသည်။

ကျွန်တော်တို့ သမီးရည်းစားဘဝက ဤသို့ လသာသာ ရေစပ်က ခြံကြီးထဲ ချိန်းတွေ့၊ သစ်ရိပ်အောက်မှာ သူ့ကိုမွှေ့ထား



www.burmeseclassic.com

www.burmeseclassic.com



ပြီဆိုမှဖြင့် သူကလေ လဖွေးဖွေး ငေးကြည့်နေရာက . . .

'ကျွန်မလေ . . . ဒီလို လသာပြီး လေတိုက်နေမှဖြင့် သိပ်ပျော်ပိုက်တာပဲကွယ်၊ ဟင် . . . လကြီးက ရေထဲမှာတစ်ခုနော်'

မှတ်မိသေးလားဟယ် . . . မင်းအခုတော့ ငါ့ကို စိမ်းရက်တယ်ကွယ် . . .

ကျွန်တော် ငေးလျက်ရှိသည်။ တွေးလျက်ရှိသည်။ ဆွေးလျက်ရှိသည်။

ငွေစင်သုံးရက်လရာလေး၊

ဝေဟင် ကုန်းထက်ကပြေး၊

သူငယ်အိပ်ဆိတ်၊ လင်မယား နှစ်သိမ့်ချိန်ရောက်၊

ထို့နောက် သက်ကြီးခေါင်းချ၊ ကာလသားကြွက်ခိုးချိန်ကျတော့ . . .

'ဗျို့ . . . ကိုလေးတက်ပု'

စံနဂုတ်ရယ်၊ ကျွန်တော်နဲ့ပျားခိုးဖွပ်ဖို့ သွားရအောင်လာပြီ။

'ဟေ့ . . . မင်းဆေးပြင်းလိပ် ပါခဲ့လား'

'အမေ့ကို လိပ်ပေးခိုင်းတယ်၊ ဟော့ဒီမှာ'

ပျားအုံကို ဆေးပြင်းလိပ်ငွေ့ မှုတ်ကာ မှုတ်ကာ ဖွပ်ရသည်။ ပျားတွေမူးပြီး တဝီးဝီး ထပြန်ပြေးကြတော့မှ သစ်ကိုင်းကို ချိုးပြီးယူရသည်။

ကျွန်တော်သည် ဓားမတိုလေးကို ခါးမှာထိုးပြီး ပုဆိုးတစ်ထည်စည်း တစ်ထည်ခြုံဖြင့် စံနဂုတ်ယူလာသော ဆေးရွက်ကြီးလိပ်ကို ဖွာလျက် ဒေါ်ဂျမ်းဘုံကြီးတို့ အိမ်ဆီသို့ လျှောက်ခဲ့ကြသည်။

အားလုံးလူခြေတိတ်ပါပြီ၊ ဒီမိန်းမကြီးသားအမိ အိပ်လောက်ပြီ၊ ဟော သူတို့အိမ်ခေါင်းရင်းဘက်ရောက်ခဲ့ပါပြီ။

အခြေအနေကို ညနေကတည်းက ကြည့်ရှုထားသည်။ အရက်ပင်မှာ ခြံဝင်းအတွင်းဘက်က ကပ်ပေါက်လျက်ရှိသည်။ ၎င်းမှ တက်သွားပြီး သူတို့အိမ်ဘက် ထိုးသွားသောအကိုင်းမှာ ပျားအုံရှိသည်။

ကျွန်တော်ပုဆိုးကို ခါးတောင်းကျိုက်၍ ခြုံခဲ့သော တစ်ထည်ကို စလွယ်သိုင်းလျက်တက်ခဲ့သည်။ ဆေးပြင်းလိပ်ကို ဖွာဖွာကြည့်ခဲ့၍ ပျားအုံအနီးရောက်သည်၌ သစ်ကိုင်းမှာ ကိုယ်နေကိုယ်ထားကျအောင် တွယ်လိုက်ပြီး စလွယ်သိုင်းပုဆိုးကို ခေါင်းမြီးခြုံလိုက်သည်။ မျက်စိနှင့်ပါးစပ်ပေါက်သာ ဖော်ထားသည်။ ပျားထိုးမှာ စိုးရသကိုး။

ကျွန်တော်သည် ပျားအုံကို စတင်ဆေးလိပ်ငွေ့မှုတ်မိသူတို့အိမ်ဘက်လှမ်းကြည့်လိုက်သည်။ ကျွန်တော်နေသော သစ်ကိုင်းတည့်တည့် ပြတင်းပေါက်ကပွင့်လို့၊ အထဲမီးရောင်နဲ့။

ဟယ် . . . ဒေါ်ဂျမ်းဘုံသမီး 'ဖွတ်ကြီး' အိပ်ခန်းပါလား။

အမယ်လေး . . . ပေါ်တာမကြီး၊ အအိပ်ကလဲ ဆိုးလိုက်တာဟယ်။

'ဗျို့ . . . ကိုလေးတက် . . . ဖွပ်ဗျ၊ ခင်ဗျားအပေါ်ရောက်နေတာကြာပြီ၊ ဆေးလိပ်ဖွာတာ မမြင်သေးဘူး၊ ဘာလုပ်တာလဲ'

၎င်းမှ ကျွန်တော့်ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး ကိုယ့်အလုပ်ကို သတိရပါတော့သည်။

ထောင်ပေါက်ဟဲ့ . . . ထောင်ပေါက်၊ နင့်မိန်းမ နင်ပြန်ရဖို့ ပလွေမှုတ်ဖို့ ဖယောင်းရအောင် ပျားသာဖွပ်ဟဲ့၊ နင်ဒီဘက်ငေး . . .






www.burmeseclassic.com

www.burmeseclassic.com



နင့်မိန်းမနဲ့နင် ကွဲနေတာ မဟုတ်လား။

ကိုယ့်ကိုယ်ကို ဆုံးမပြီး အလုပ်စရပါတော့သည်။ သစ်ကိုင်းပေါ် ပေါင်နှစ်ချောင်းခွ၍ ဇမ်းလျားမှောက်ဝပ်ကာ လက်တစ်ဖက်က ပုဆိုးခါင်းမြီးခြုံ လုံအောင်ကိုင်ပြီး ဆေးပြင်းလိပ်ကို တအားရှိုက်ဖွာပြီး ပျားအုံကို ဖူးခနဲ ဖူးခနဲမှုတ် နှစ်ဖွာ သုံးဖွာကျရင်ပဲ ပျားတွေအိပ်ရာက လန့်နိုးပြီး တဝီးဝီးထပြန်ကြ၊ နည်းတဲ့ပျားတွေလား အထဲမှာ သူတို့သား လေးတွေကလဲ သောင်းခြောက်ထောင် အတောင်မပေါက်သေး။ ဖွေးဖွေးနုနုကလေးတွေ၊ ဒါလေးတွေကိုပဲ လူတွေက သူတို့အိမ်ဖြစ်တဲ့ ပျားသလက်နဲ့ရောထွေး၊ သူတို့အစားဖြစ်တဲ့ ပျားရည်နဲ့ နယ်စားကြ တယ်။

ပျားဖွပ်သားထိုး မယားခိုး၊ တောမီးတစ်ကွက်၊ မုဆိုးတစ်သက်၊ လူဖြစ်ရှုံးတဲ့၊ ပုံးသမားလို့ ဆိုစကားရှိတယ်။ ပုံးသမားသည် ငါးစာပြုရန်ပုံးထဲ၌ ခြအုံများကိုထည့်ရသည်။ ခြတစ်အုံသည် ပျားတစ်အုံထက် အကောင်များသေး၏။

ကျုပ်တို့ ဗုဒ္ဓဘာသာတောသားတွေ ဒီစကားတွေ အကုန် သိပါရဲ့၊ ဒါပေမယ့် ဆင်းရဲသားတွေဆိုတော့ 'အသိခေါက်ခက် အဝင်နက်' ကြကုန်၏။

ကျွန်တော်၏ ဆေးလိပ်မီးခိုးဖြင့် နောက်ဆုံး ပျားများ အားလုံး ထပျံကြသည်၌ ကျွန်တော်သည် ပျားအုံကိုင်းကို ခုတ်ရန် ခါးကစားကို အနုတ်လိုက် မျက်နှာ အဝတ်လစ်သွားသဖြင့် အမယ် လေး . . . လေးငါးချက်တော့ ဝင်ထိုးသွားပဟော့။

ဟယ် . . . သူဟာစားချင် ဒါလောက်တော့ခံရမပေါ့ကွာ။ ယောက်ျားဖြိုရိုးလား၊ သစ်ကိုင်းတစ်ချက် ဒေါက်ခနဲခုတ်လိုက်ပြီး





. . .ချောင်းခနဲ ချိုးယူလိုက်တယ်။

'ရှော့ဟော့ . . . စံနဂုတ်'

အောက်ကကောင်ကလေးက ဆီးဖမ်း၊ ကိုယ့်ကိစ္စပြီးတာ . . .အောင် ကျွန်တော် နွားလဲမဟုတ်၊ ရဟန္တာလဲ မဟုတ်တဲ့ကြားက . . .ဘာသတ္တဝါ ဟိုသင်းကြီးသတိရတာနဲ့ တော်တော်နဲ့ ပြန်မဆင်းသေး။ . . .သည့်ဟာကြောင့် ကျွန်တော်ဒုက္ခရောက်တော့တာပေါ့၊ ဘာဖြလဲ . . .ဆိုတော့ . . .

'ကိုလေးတက်ပု ဘာလို့မဆင်းသေးလဲဗျ၊ ဟိုမှာ မိန်းမကြီး . . .ခွက်ကြီးနဲ့ဆင်းလာပြီ၊ ကျွန်တော်တော့ပြေးပြီ'

ပြောသံကြားမှ ကျွန်တော်ကမူးရှူးထိုး လျှောချ၊ အောက်လဲ . . .ရော ဒေါ်ဂျမ်းဘုံကြီးနဲ့ ပက်ပင်းပါ တိုးနေရာ . . .

'ဟင် . . . မောင်တက်ပု'

သူ့မီးခွက်နဲ့မြှောက်အကြည့် ကျွန်တော် ကြက်သေသေနေ။

ခဏအတွင်း ကျွန်တော် ကြက်သေသေနေရာမှ မျက်ဖြူ . . .န်သွားရသည်ကား မိန်းမကြီးသည် ရယ်သွမ်းသွေးလိုက်ပြီး . . .

'မိနေမှဖြင့် မထူးပါဘူးကွာ ကြောက်မနေပါနဲ့ မင်းလဲ . . .မိန်းမနဲ့ကွာနေတာ ငါသိပါတယ်။ ယောက်ျားဘယ်နေနိုင်မလဲ၊ . . .သမီးဖွတ်ကြီးက ပေါတောတောကြီးပေမယ့် သဘောကောင်းပါ . . .ယ်ဟယ်၊ မင်္ဂလာဆောင်ယူလိုက်ပါ'

အမယ်လေးဗျာ။

ကျွန်တော် ထခုန်မတတ်ဖြစ်ကာ . . .

'မ . . . မ . . . မဟုတ်တာဗျ'

'ဘာ . . . မဟုတ်တာလဲကွယ်၊ ဒီလို အတည်မကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အချောင်ကျောရုံလောက်တော့ ဘယ်တရားမလဲကွယ်'

'အမယ်လေး ဘယ်လိုမှ မကြံရပါဘူးဗျာ'

'လုပ်မနေစမ်းပါနဲ့ မောင်တက်ပုရယ်၊ ငါလဲ ငယ်ရာ ကြီးလာတာပါ၊ မင်းဒီသရက်ကိုင်းကနေပြီး ငါ့သမီးအိပ်ခန်းထဲ ဝင်တော့မလို့ မဟုတ်လား၊ ငါဆင်းလာတာ မင်းအောက်စောင့် ပြောလို့ အကြံအထမမြောက်တာ မဟုတ်လား'

ကဲ . . . ချောက်ပေါက်တော့ ဝင်ပြီကော။ ကျွန်တော်နှင့် သူနှင့် စကားအရှည် ပြောမနေလိုတော့ဘဲ . . .

'ခင်ဗျားကြီး မဟုတ်တာတွေဗျာ'

ဆိုပြီး တစ်ပါတည်း သုတ်ခြေတင်ခဲ့တော့၏။

'အေး . . . မင်းသိစေမပေါ့ကွာ'

သူကြီးမ်းဝါးသံကို ကြားခဲ့ရသေး၏။

*

အလိုလေး . . .

နောက်တစ်နေ့၌ ကျွန်တော့်ကို သူကြီးအိမ်က ဆင့်ခေါ် တော့သည်။ ဒေါ်ဂျမ်းဘုံကြီးက ရောက်နှင့်နေပြီ။ သူကြီးရှေ့မှော် မှာ ဆေးပေါ့လိပ်ကြီးဖွာလို့။

• တရားလို၊ တရားခံ၊ တရားသူကြီး၊ အိမ်ဆင့်ဖျာပေါ်၌ သုံးယောက် ဖိုခုံလောက်ဆိုင် ထိုင်မိကြသောအခါတွင် သူကြီး . . .

'ကဲ . . . မောင်တက်ပု၊ မင်းဘယ်လို ထုချေမလဲ'

'ဘာကိုလဲ သူကြီးမင်းရဲ့'

'ဟောဒီ ဒေါ်ဂျမ်းဘုံက မင်းသူ့သမီးဖွတ်ကြီးကို ညအချိန်





ောက် ကြံပါတယ်လို့ တိုင်ချက်ရှိတယ်'

'ကျွန်တော် မကြံရပါဘူး'

'ကဲ . . . ဒေါ်ဂျမ်းဘုံ၊ ခင်ဗျား စွဲချက်ကိုတင်'

'ကျွန်မ တရေးနိုးမှာ ဖွတ်ကြီးအိပ်ခန်းခေါင်းရင်းဘက်က သံလိုလိုကြားတာနဲ့ ဖွတ်ကြီးအိပ်ခန်းဘက် ထလာတော့ ဖွတ်ကြီး ာ ညက ဘုတ်အုပ်ဖတ်ရင်း မီးခွက်မမှုတ်မိဘဲ ပိုးစိုးပက်စက်အိပ် တာတွေ့ရတယ်၊ ခေါင်းရင်ပြတင်းပေါက်ကလဲ ပွင့်လို့၊ အဲဒီက းပြင်းလိပ်နံ့ရတာနဲ့ 'အင်း. . . ကောင် တစ်ကောင်ကောင် ချောင်းတာပဲ' ဆိုပြီး ကျွန်မမီးခွက်နဲ့ အောက်ဆင်းခဲ့တော့ သရက် င်အောက် အရောက်မှာသင်း သရက်ပင်ပေါ်က ဆင်းလာတာနဲ့ ပင်းပါ တိုးနေတယ်။ သင်းအဖော်အောက်စောင့်ကတော့ ကျွန်မ ်ပေါ်က ဆင်းလာတာမြင်တာနဲ့ သင်းကိုပြောပြီး တစ်ခါတည်း တ်ပြေးပါတယ်။ အဲဒီသရက်ပင်အကိုင်းကဆိုရင် ကျွန်မသမီး ်ကြီးအိပ်တဲ့ အိပ်ခန်းကို ပြတင်းပေါက်ကလှယ်ကူစွာ ဆင်းနိုင်ပါ ယ်။ မယုံရင် သူကြီးမင်းလိုက်ကြည့်ပါ။ မဖြစ်ဘူး ခုညတော့ ်ကြီးအခန်းပြောင်းအိပ်ခိုင်းမှပဲ'

သူကြီး 'ခင်ဗျားသမီး အခန်းပြောင်းအိပ်ခိုင်းတာ ဒီ့ပြော နေစမ်းနဲ့၊ နေစမ်းပါဦး သရက်ပင်ပေါ်က ဆင်းလာတာ မောင် တ်ပုရယ်လို့ ခင်ဗျား ဘယ့်နှယ်ကြောင့် အတပ်စွဲနိုင်သလဲ'

'ကျွန်မမှာ မီးပုံးနဲ့ မီးခွက်ပါပါတယ်။ သူ့မျက်နှာကို သေသေချာချာမြင်ရပါတယ်။ ကျွန်မသူနဲ့တောင် စကားပြောလိုက်ရ သေးတယ်'

သူကြီး . . . 'ဘာပြောလိုက်သလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း ငါ့သမီးကို အတည်ယူကွာလို့ ဒီလို အချောင်ကြံရုံတော့ မလုပ်နဲ့လို့၊ အခုသူက ယူမယ်ဆိုလဲ ကိုယ့်သမီးနဲ့ သမက်ဖြစ်ပြီးပဲ တိုင်ချက်ကိုပြန်ရုပ်သိမ်းပါတယ်။ ကျွန်မမှာလဲ ဒီသမီးတစ်ယောက် ရှိတာ သူ့အိုးအိမ်ချပြီးရင်ဖြင့် စိတ်အေးရပါပြီ၊ ခုတော့ သူ့နောင်ရေး တွေးတွေးပူနေရတာ သူကြီးမင်းလဲ သိတဲ့အတိုင်းပဲ ဖွတ်ကြီးတာ ပေါ်တောတောပေမယ့် အင်မတန် သဘောကောင်းပါတယ်။ အလုပ် အကိုင်ဘက်က ဆိုရင်လဲ ရေအိုးနှစ်လုံးလောက် ဆင့်ရွက်ပြလိုက်ရုံ မလား။ ကောက်ရိတ်တာများ ယောကျ်ားကြီးတွေနဲ့ ရင်ပေါင်တန်း...

သူကြီးနားငြီးကာ . . .

'နေစမ်းပါဦး . . . ခင်ဗျားသမီး ခင်ဗျားချည်း ချီးမွမ်းမနေ စမ်းပါနဲ့၊ ဒီကတစ်ဖက်လူ မေးပါရစေဦး' ဆိုပြီး . . .

'ဘယ်နှယ်သဘောရသလဲ မောင်တက်ပု'

ကျွန်တော်က နဝေတိမ်တောင်နှင့် . . .

'ဘာကိုလဲ သူကြီးမင်းရ'

'ဖွတ်ကြီးကို ယူဖို့လေ'

'ဟာ . . . ကြံကြံဖန်ဖန်ဗျာ'

'ဘာကြံကြံဖန်ဖန်လဲ မင်းဒါဖြင့် ဒေါ်ဂျမ်းဘုံ စွပ်စွဲချက် အတိုင်း အချောင်ကြံတာ သက်သက်ပေါ့'

'ဟာ . . . ဘယ်လိုမှ မကြံရပါဘူးဗျာ'

'ဒို့ မင်းညက အချိန်မတော် သရက်ပင်အပေါ်က ဆင်း အလာ သူနဲ့တွေ့နေတယ်ဆိုတာ ငြင်းနိုင်သလား'

'မငြင်းနိုင်ပါဘူး၊ ကျွန်တော်ရှင်းရှင်းပဲ ဖွင့်ပြောတော့မယ် ခုမှဖြင့် မထူးတော့ဘူး'





'ဘာထူးတော့မလဲကွာ၊ ကွယ်မှ မကွယ်နိုင်တော့တာကိုး ဒီလိုချည်း ဘယ်နှစ်ခါရှိပြီလဲ'

'ဟာ . . . နေစမ်းပါဦး သူကြီးမင်းရ ကျွန်တော် သရက်ပင် ပေါ်တက်တာက သူ့သမီးနဲ့ ဘာမှမဆိုင်ဘူးဗျို့၊ ပျားတက်ဖွပ်တာဗျ၊ ပျား . . . ပျား၊ ဟော ခုကျွန်တော့်မျက်နှာကြည့်ဦး ညက ပျားထိုးလို့ ရောင်နေတာ'

အမှန်ပင် ကျွန်တော့် မျက်လုံးတစ်ဖက်ပိတ်၍ ပါးတစ်ခြမ်း ဆောင်နေပါသည်။

ဒေါ်ဂျမ်းဘုံ . . . 'ဒါမဟုတ်နိုင်ပါဘူး သူကြီးမင်း၊ သူလိမ်တယ် ဘာပါ၊ ကျွန်၊ သရက်ပင်မှာ ဘယ်တုန်းကမှ ပျားမစွဲခဲ့ပါဘူး၊ ပျားစွဲလို့ ရှိရင် ကျွန်မတို့ အရင်မြင်မှာပါ'

ကျွန်တော်. . . 'ခင်ဗျားကြီး ကျွန်တော်တို့အိမ်မှာ ပျားအုံက သစ်ကိုင်းရိုးတောင် ရှိပါသေးတယ်'

သူကြီးမင်း. . . 'ဟေ့ . . တရားခံနဲ့ တရားလိုက တစ်ယောက် တစ်ယောက် တိုက်ရိုက်မပြောရဘူးလေ၊ ငါ့ကိုတစ်ဆင့်ပြောရမယ်'

ဤမှ ကျွန်တော်က . . .

'ဟုတ်ပါတယ် သူကြီးမင်း၊ ပျားအုံက သစ်ကိုင်းရိုးရှိပါသေး တယ်'

ဒေါ်ဂျမ်းဘုံ. . . 'တခြားအပင်က သစ်ကိုင်းရိုးလဲ ဖြစ်နိုင်ပါ တယ်သူကြီးမင်း'

သူကြီး. . . 'မောင်တက်ပု ပျားအုံတဲ့ သရက်ကိုင်းက ဘယ် လောက်ကြီးသလဲ'

'လက်မလောက်ရှိပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မင်းချိုးတော့ အငုတ်ကျန်ခဲ့ဦးမှာပေါ့'

'ကျန်ခဲ့ပါတယ်'

'ဒါဖြင့် ဒီအငုတ်တံ ဆက်ကြည့်ရမယ်'

ဤအခိုက်တွင် သူငယ်လေးတစ်ယောက် သူကြီးမင်းအာ
စာတစ်စောင်လာပေးသဖြင့် သူကြီးမင်းက သူပထမဖတ်ပြီးနောက်
ကျွန်တော်တို့နှစ်ယောက်ဘက် ခေါင်းပြန်မော့လိုက်ကာ. . .

'အင်း . . . စုံထောက်ဦးဂန်ဂျားဆီက စာရောက်လာတယ်'
ဟုဆိုပြီး ဖတ်ပြ၏။

သူကြီးမင်း ဤအမှုတွင် မရှင်းမရှင်းဖြစ်နေပါက ကျွန်တော်
မျိုး စုံထောက်ပေးလိုပါသည်။ ပုံ ဂန်ဂျား။

သူကြီးသည် ဖတ်ပြပြီးနောက်. . .

'အေး . . . အေး၊ ဒီလိုဆိုတော့ ငါအလုပ်သက်သာတာ
ပေါ့ကွာ၊ စုံထောက်ပစေ . . . စုံထောက်ပစေ . . . ကဲ . . . အမှုအ
ဆိုင်းလိုက်တယ်၊ ပြန်ကြဦး၊ ပြန်ကြဦး'

ဒေါ်ဂျမ်းဘုံသည် ဦးဂန်ဂျားအား သေချင်းဆိုးကြီး၊ နှာခေါင်း
ကျိုးကြီး၊ ကာလနာကြီး၊ မသာကြီး၊ ခွေးတိရစ္ဆာန်ကြီး စသည်ဖြင့်
ပါးစပ်က ဗျစ်တောက် ဗျစ်တောက်နှင့် ကောင်းချီးသြဘာပြုကာ
သူကြီးအိမ်မှ ထွက်ခွာသွား၏။

ကျွန်တော်မှုကား ညက ပျားစားရာတွင် ဦးဂန်ဂျားလည်း
ပါသဖြင့် ဝမ်းသာ၏။ ဖြစ်ပျက်ပုံလည်း သူ့ကိုပြောပြီးဖြစ်၏။

*





၆

လာပါ၊ လာပါ မကြည်ရဲလို့၊
တကယ်စောင့်တဲ့အချိန်
မလွယ်ပေါက်နဲ့အိမ်၊
ဝင်တော်မူပါကလိန် ကလိန်၊
ကြိမ်ကြိမ် ကြည်ကြည်ပြောမယ်၊
ဘကြီးသားသဘောက၊
စောစောဝင်ကာ မချိန် မချိန်
မကြည်ကချစ်လျက်နဲ့၊
တယ် အ,တဲ့ န,တဲ့ ကလိန်၊
မစားနိုင်တပိန်ပိန်
မသောက်နိုင် တလိန်လိန်
ကိုကလိန် ဦးတော်ချလို့နှိမ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ပုဆိုးလည်ပင်းရောက် အရွယ်တုန်းက သီ ခေတ်စားခဲ့တဲ့ သီချင်းပေါ့၊ ဓာတ်ပြားရှိတော့ တစ်ပြည်လုံး က လူကြီးဆိုကြတယ်၊ မူရင်းက အငြိမ့်မင်းသမီး ဗလကြည်။ တင် ကာ၊ ရင်မော့ကာ၊ ကြာနဲ့ ခရာနဲ့ ဆိုလိုက်တော့ ကာလသား သွားရည်ကျသပေါ့။

'ကိုကလိန်' ဆိုတာက ဗလကြည်က သူချစ်သူရည်းစား ချစ်စနိုးခေါ်တာခင်ဗျ၊ ခုခေတ် ကလိမ်ပဲ၊ ဘာပဲ ညာပဲဆိုတာ နှိမ့်ချတဲ့စကား မဟုတ်ဘူးဗျ၊ သူ့ခေတ်နဲ့သူတော့ 'လူရည်လည လူရည်တတ်' လို့ခေါ်မှာ ထင်ပါ့ဗျာ။

ဦးကလိန်ရေ၊

ယခုအချိန်မလေ၊

ပြုချိန် နှုချိန်

ကိုကိုတို့ရဲ့၊

မောင်မောင်တို့ရဲ့၊

ဆိုတာတောင်၊

ရိုးသားလှသကွယ့်၊

မောသတော် ဦးကလိန် . . .

'ကလိန်' ဆိုတဲ့စကားဘယ်လောက် အသားပေးထားသ ဆိုတာ အဲသည် သီချင်းမှာပဲ သိနိုင်ပါတယ်။

အဲသည် အချိန်တုန်းက ကျွန်တော်မောင်တက်ပုတို့မှာ 'မောင်ကလိန်' လို့ 'ကိုကလိန်' လို့အခေါ်ခံချင်လိုက်တာလေ၊ နန် တက်လို့ အရွယ်မရောက်သေးတဲ့ အကောင်ဆိုတော့ အခေါ်မခံ ပါဘူး၊ အဲ . . . ဦးကြီးဖြိုးတို့က သည်အခါမှာ လူပျိုကိုး၊ လူကလည်





သူရည်သန့် လူခန့်ထဲက အငြိမ့်စင်ထောင့်ကကြည့်ရင်း ဗလကြည်က သူ့ဘက်မျက်စလေးပစ်လိုက်ပြီး 'ဦးကလိန်ရေ ယခု အချိန်လေ' လို့ ဆိုလိုက်မှဖြင့် ဘသားချောကြီး သဘောကျလွန်းလွန်းလို့ နောက်က သူရိုက်သွားတာတောင် မသိလိုက်ဘူးတဲ့။

စံဖဲအကြောင်းမပါရင်၊

ဒေါသနဲ့အပြစ်တင်၊

မေးရင်ဖြင့် ဘယ်မှာ၊

ဂျာနယ်တွင်၊

ဒီလိုပါ မာမီရယ်၊

သာစည်နယ်အတွင်း၊

ဘုန်းတော်ကြီး မယ်တော်ပျံတွင်၊

ကိုစံဖဲ၊ မောင်စံဖဲ၊

ပွဲကြည့်လာတာမြင်၊

မြန်မာပြည်မှာ ဈေးဦးပေါက် အင်္ဂလိပ်အစိုးရကို တောခိုပြီး ဆိုးနေတဲ့၊ တောပုန်းကြီး စံဖဲသီချင်းပေါ့။ (ရွှေကြီးညိုလာရင် . . . ခေါင်းပေါင်းစ ဘေးတင်၊ မေးရင်ဖြင့် လူပျို့ဆိုသော သီချင်းအလိုက် ကို ယူရေးခြင်းဖြစ်သော်လည်း ကိုစံဖဲကြီး တန်ခိုးကြောင့်သူ့မူရင်း သီချင်းထက်ပင် ခေတ်စားပါသည်)

ခုနှယ်ခါ ဆုငွေငါးထောင်၊

မကြုံဖူးပါဘူးမောင်၊

ဂုဏ်ထူးတဲ့မောင်၊

ဆရာစံ သမ္မာဉာဏ်၊

ဂဠုန်အပေါင်းဆောင်၊



www.burmeseclassic.com

www.burmeseclassic.com



သူပုန်ခေါင်းဆောင်၊
ဖမ်းနိုင်သူ ပြေရွာအတွင်းက၊
ချက်ချင်းယူလှည့်မောင်၊
ငါးထောင် . . . ငါးထောင် . . . ငါးထောင်၊

ကျွန်တော်သည် ဤသီချင်းခံ သီချင်းကြီးသုံးပုဒ်ကို တစ်လှည့်စီ ပလွေမှုတ်ကာ ရွာနိုးတွင် ကျူကျူဝေတော့လေသည်။ နေ့ရောမှုတ် ညရောမှုတ် အခေါက်ခေါက်အခါခါ၊ မယားရှိနေတဲ့ ယောက္ခမကြီး အိမ်ရှေ့မှာ ပို၍လျှောက်၏။

ဘယ့်နှယ်လဲ 'လင်မယားကွဲတဲ့အခါမှာ တမှိုင်မှိုင် တတွေတွေလုပ်နေရင် မယားက အထင်သေးပြီး ငါဒီကောင်မျိုးပြန်လိုချင်ရင် ဘယ်အချိန်မဆို ရနိုင်တာပဲလို့ မာနတက်အေးစက်စက်နဲ့ ဝမ်းသာနေတတ်တယ်၊ အဲ . . . ယောကျ်ားက ဝတ်ကောင်းစားလှနဲ့ ပျော်ရွှင်နေတာမြင်တော့ သူ့ိုတို့စိတ်ထဲတစ်မျိုးပဲ၊ မခံချိမခံသာဖြစ်လာပြီး ဒီလင်ကို ပြန်မက်မောလာတယ်၊ ဒို့ပြင် မိန်းမနဲ့ ယူသွားမှာ မနာလိုဖြစ်လာတယ်' လို့ ဦးကြီးဖြိုးက ဩဝါဒ ပေးသွားတာကိုး။

ဒါနဲ့ ကျွန်တော့်မှာ မချိလို့ဖြဲတဲ့သွား ရယ်နေတယ်ထင်ရအောင် ရုပ်အကျီလျှော်ပြီးသားကလေးဝတ်၊ ပုဆိုးလတ်လတ်ကလေးစည်း၊ သဘက် ဖြူဖြူကလေး ခေါင်းပေါင်းပြီး စလေအညာက ပလွေဆရာလုပ်ရတော့တယ်။

'လာပါ . . လာပါ . . မကြည်ရဲ့' တစ်လှည့်၊ 'စံဖဲအကြောင်း မပါရင်' တစ်ကြိမ်၊ 'ဆရာစံ' တစ်ကျော့နဲ့ရွာတစ်ရိုးမှာ ဟိုးဟိုးကျော်သွားအောင် ညမှောင်လည်းမှုတ်၊ နေပူလည်းမှုတ်၊ မိုးရွာလည်း နီးရာအိမ် ခပ်သုတ်သုတ်ကလေးဝင်ပြီး မှုတ်၏။





သုံးရက်အကြာ သူကြီးအိမ်မှာ ဟိုမိန်းမကြီးနဲ့ အမှုဆိုင်တဲ့ အစ်နေ့သော တော်တော်ကြာလေး နားခဲ့တယ်။

ဤနေ့၌ သူကြီးမင်းက ကောက်ချက်ချလေသည်။

*

သားနံ့ရည် ဒိစတြိတ်၊ စုစပ်မြို့အပိုင်၊ လှည်းဝင်ရိုးပင်ရွာ စားပိုင်သနတ်ကိုင် အမိန့်တော်ရ၊ လယ်ပျက်၊ နွားစားကျက်တစ်ခု အပိုင်စားရသော 'ငါသူကြီးမင်း' အမိန့်တော် ချမှတ်လိုက်သည်။

လှည်းဝင်ရိုးပင်ရွာ သိမ်ပျက်ထပ်ပြင် ဒကာမောင်ဖိုးအင်း၏ သား မောင်တက်ပုအား ၎င်းရွာနေ ဆန်ကွဲဖွဲနုသယ် မဂျမ်းဘုံကြီးက သူ့သမီးဖွတ်ကြီးကို ယင်းငတက်ပုက ညအချိန်မတော် သန်းခေါင်ကျော်၌ အချောင်နှိုးရန် ကြံစည်သည်ဟု စွပ်စွဲသောအမှုတွင် ငါသူကြီးမင်း၏ အမိန့်တော်ရ ကျေးရွာစုံထောက်ကြီးဦးဂန်ဂျား၏ စုံထောက်ချက်မှာ . . .

(၁) မောင်တက်ပုက သရက်ပင်ပေါ်၌ ပျားတက်ဖွပ်တာပါဟု ထုချေသည်ကို ဂျမ်းပုံကြီးက အစဖျောက်ရန် လက်ကျန်သရက်ကိုင်းငုတ် အရင်းက ထပ်ခုတ်ပြီး ရွှံ့နှင့်သုတ်ထားကြောင်း မျက်မြင်သက်သေနှင့် ပြနိုင်၏။

(၂) ၎င်းသရက်ကိုင်းကိုလည်း ရအောင်ရှာ၍ မောင်တက်ပု၏ ပျားအုံအကိုင်းတံနှင့် တစ်ကိုင်းတည်းဖြစ်ကြောင်း ပြနိုင်သည်။

(၃) စင်စစ်ဧကန် မောင်တက်ပုက သူ့သမီးဖွတ်ကြီးကို ကြံချင်ရိုးမှန်လျှင် သရက်ပင်ပေါ်မှတစ်ဆင့် ကူးရန်မဟုတ်၊ ဖွတ်ကြီးခေါင်းရင်းက ဖွင့်ထားသော ပြတင်းပေါက်အောက်နူတ်ခမ်းမှာ မြေမြလက်လှမ်းမီသောကြောင့် တံခါးပေါင်ဆွဲ၍ ထရံခြေကန်ပြီး တက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



သာရှိကြောင်း၊ ငါသူကြီးမင်းကို နည်းပေးလမ်းအကြံပေးသလိုပင် ခေါ်ပြသဖြင့် ငါလည်းဝါသနာပါပါနှင့် လိုက်ကြည့်ရာ ဟုတ်နေ၏။

ထို့ကြောင့် ဂျမ်းဘုံကြီး၏ စွပ်စွဲချက်သည် မဟုတ်မမှန် သူ့သမီးပေါ်တာကြီး အစွံထုတ်ချင်၍ လုပ်ကြံကြောင်းထင်ရှားသည်။ မောင်တက်ပုတရားသေလွှတ်စေ။

မောင်တက်ပု ပျားခိုးဖွပ်ကြောင်းပေါ်သော်လည်း ဂျမ်းဘုံကြီးက သူ့သရက်ပင်တွင် ပျားမစွဲကြောင်းနှင့် လီစယ်လုပ်ကြံ၍ အမှုစွဲသောကြောင့် သူ့ပျားအုံဖိုးလဲ မပေးနဲ့တော့။ သို့သော် ဦးဂန်ဂျားစုံထောက်ခ ငါးမူးနဲ့ ငါတရားစီရင်ခ ခြောက်မူးကို မောင်တက်ပုပေးစေ။

'အင်း . . . သူကတောင် တစ်မူးပိုလိုက်သေး'

သို့သော် ဤတစ်ကျပ်တစ်မူးနှင့်ကိစ္စပြီးသွားတာပဲ၊ ကျွန်တော့်အဖို့ တော်လှပါပြီ။ နို့မဟုတ်လျှင် ဒီပေါ်တာမဖွတ်ကြီးကို ကျွန်တော်ယူရ၍ ကျွန်တော့်မယားအလှ မငွေမြိုင်ကြီး လက်လွှတ်ရပေတော့မည်။ မငွေမြိုင်ရယ် . . . မြိုင်ရယ်. . . ခုတော့ မျှော်လင့်ချက်ရှိသေးတယ် မှတ်လားကွယ်။

စုံထောက်ကြီး ဦးဂန်ဂျားပဲ အားကိုးရပေတော့မည်။ ယခုအမှု၌ သူစုံထောက်ပုံမှာ ကျွန်တော်၏ ပျားအုံလက်တံနှင့် သရက်ကိုင်းလက်ကျန် ဆက်ပြနိုင်မှ ပျားဖွပ်ကြောင်းမည်ရည်မည်ဖြစ်သောကြောင့် ကျွန်တော်တို့ သူကြီးအိမ်နေချိန်၌ သူသည် ပျားအုံကိုင်းတံကိုယူ၍ ၎င်းသရက်ပင်ပေါ်သွားရောက်ဆက်ကြည့်ရာ ပထမ၌ သရက်ကိုင်းကျိုး အစအနရာမတွေ့သောကြောင့် သူ့နှုတ်ခမ်းစပ်မျက်လုံးကလေးပြူးသွားချေသည်။





နောက်စုံထောက်တို့၏ စူးစမ်းခြင်းဖြင့် သေသေချာချာကြည့်တော့မှ တစ်နေရာတွင် ရွှံ့သုတ်ထားသည်ကိုတွေ့၍ အစပေါ်လေသည်။

သို့တိုင် မဂျမ်းဘုံ ဤမနက် သရက်ကိုင်းခုတ်ကြောင်းဆက်သေပြနိုင်ရန်နှင့် ၎င်းသရက်ကိုင်းကို သူကြီးရှေ့ပြဖို့က လိုနေပေသေးသည်။

ပထမအချက်ကား မဂျမ်းဘုံအိမ် ခေါင်းရင်းဘက်က မွှားမြင့် ချည်ဘုံပေးပေးသော တရုတ်ကလေးနှင့် ညားသွားသည်ကို (သူလည်း ဤတရုတ်ကလေးအား သမက်ဖမ်းရန်မှန်းခဲ့သောကြောင့်) နောလိုဖြစ်ကာ 'ဒီတရုတ်မျက်မှေးလေးနှယ်တော်၊ ငါ့သမီးတော့ကြိုက်ဘူး၊ ဒီကျောက်ပေါက်မာနဲ့ဟာမှ ယူရသလား' ဟု စကားဆိုသောကြောင့် မဖွားမြင့်က ရန်ငြိုးထားသည်။ ထို့ကြောင့်မဖွားမြင့်က ဤမနက် မဂျမ်းဘုံကြီး သရက်ကိုင်းချိုးတာ မြင်ကြောင်းသက်သေလိုက်လေသည်။

ဒုတိယအချက်၌ကား ကျွန်တော်တို့ စုံထောက်ကြီးတော်တော်ပင် စွန့်စွန့်စားစားပြုလိုက်ရသည်။

မဂျမ်းဘုံခုတ်သော ၎င်းသရက်ကိုင်းမှာ သူတို့ထင်းစင်တွင် ရှိရမည်ဟု တွက်ဆသည်။ ထင်းစင်မှာ အိမ်ခြေရင်းလက်တွင်ရှိသည်။ ထင်းစင်နှင့်အိမ်အကြားမှာ မောင်းဆုံရှိသည်။ မောင်းဦးသည် အိမ်ဘက်သို့လှည့်သည်။

ဦးဂန်ဂျားသည် ပေါ်တာမကြီးတော့ ဂရုစိုက်သည်မဟုတ်၍ ဒေါ်ဂျမ်းဘုံမရှိခိုက် အိမ်ခြေရင်းဘက် စောင်ရင်းအောက်မှလေးဘက်ထောက် ဝင်ခဲ့သောအခါ၌ ဖွတ်ကြီးသည် ထင်းစင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောခိုင်းကာ ဆန်ဖွပ်လျက်ရှိသည်။ ထင်းစင်မှာ ရင်ဘတ်လောက် သာမြင့်၍ အတန်းဖြစ်ရာ၊ ဦးဂန်ဂျားသည် ကုန်းကုန်း ကုန်းကုန်းနှင့် လျှောက်ကာ သရက်ကိုင်းကိုရှာလိုက်၊ တစ်ချက်တစ်ချက်၌ ဖွတ်ကြီး၏ အရိပ်အခြည်ကိုကြည့်လိုက် လုပ်နေ၏။

ဖွတ်ကြီးကား ထဘီရင်လျားနှင့် နိမ့်တုံမြင့်တုံ သူ့တင်ပါး ဆုံကြီးနှင့်သာ မောင်းနှင်းနေသည်။ နောက်ကိုပြန်၍ လှည့်မကြည့်ချေ။

ထို့ကြောင့် နောက်ဆုံး၌ ဦးဂန်ဂျားသည် မိမိလိုချင်သော သရက်ကိုင်းကိုအောင်မြင်စွာရရှိလေသည်။ သို့သော် လူတို့၏လုပ်ငန်း တို့မှာ များသောအားဖြင့် အေးအေးဆေးဆေး မပြီးတတ်လေရကား မိမိလိုချင်သော ပစ္စည်းလက်ထဲရောက်မှပင် နောက်က ဒေါ်ဂျမ်းတုံ ကြီး၏ တစ်ဖုန်တည်းဆဲသံကိုကြားရ၍ ခွေးပြေး ပြေးပြီး ဝင်းခြံက သစ်ပင်ကြက်ဆူပင်တို့အကြားမှ နွားတိုးတိုး၍ထွက်ကာ သူကြီးအိမ်သို့ ကဆုန်စိုင်းခဲ့ရ၏။

သူနားသောတဆင်ခဲ့ရသည်များကား . . .

'ဟဲ့ . . . သေချင်းဆိုးကြီးရဲ့၊ နှာခေါင်းကျိုးကြီးရဲ့၊ ကာလ နာကြီးရဲ့ နင်နဲ့ငါ့သမီးနဲ့ တန်သလားဟဲ့၊ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာတော် . . . ဘုရင့်စားတော်ပွဲ ကျီးဝဲလို့ရမလားဟဲ့၊ နင့်လို ကောင်က သဲကြီးလို၊ မိကျေးတို့လို ခွေးပေးလို့ ဝက်မစားတဲ့ ဟာမကြီး တွေမှ ရမယ်မှတ်လိုက်ပါ။ ငါ့သမီးက အပျိုစစ် တစ်တစ်ရစ်ရစ်ကြီး ဟဲ့။ ဘယ့်နှယ်တော် . . . ကျုပ်သမီး နေ့ကြဲတဲ့လူကကြဲ၊ ညကြဲတဲ့လူ ကကြဲနဲ့ ရန်များလှချေလား အရပ်ကတို့ရဲ့၊ ကျုပ်သမီးနားက ထစ် ဖဝါးခွာလို့မှ မဖြစ်တော့ပါလား၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ် နားက ကြည့်နေကြတော့မှာလား'

ရွာကျော်အောင် အော်လိုက်၏။ ဖွတ်ကြီးမှုကား နားလေး သူဖြစ်၍ သူ့အမေအသံကို သဲ့သဲ့မျှသာ ကြားသဖြင့် ဆန်ပြာနေရာမှ ဆန်ကောခကာရပ်ကာ . . .

'အမေ့ . . . ဘာလဲ'

'ဟဲ့ . . . ညည်းကို နှာခေါင်းကျိုးက ဟိုထင်းပုံကွယ်က ချောင်းပြီး နောက်ကနေ ကြဲနေတယ်၊ ညည်းဘာမှမသိဘူး။ ညည်းကို ဟိုလူကြဲ၊ ဒီလူကြဲ ကြဲနေကြပြီ၊ ညည်းသတိထား'

သို့သော် ဖွတ်ကြီးကား အေးစက်စက်ပင်။

'ကြဲကြဲတော် . . . ဒါက ကိုယ့်သဘောပါ။ ကိုယ်ပါမှ သူတို့ ရမှာပါ' ဆိုပြီး ဆက်၍ပြာ၏။

မအေကား မနေသေးချေ။ သူကြီးအိမ်ချက်ချင်းသွားပြီး

'နှာခေါင်းကျိုး သက်ကျားအိုကြီးက သူ့သမီးပျိုအား နေ့ကြောင်တောင် နောက်ကနေကြဲစည်နေတာ သူ့မျက်မြင်မိနေ ကြောင်း' တိုင်ကြားလေ၏။

ဤအချိန်၌ ဦးဂန်ဂျားမှာ သူကြီးအိမ် အရင်ရောက်နှင့်ကာ လက်ထဲတွင် ဟိုသရက်ကိုင်းစပြနိုင်လို့သာပ၊ နို့မဟုတ်ဒုက္ခ။

*







www.burmeseclassic.com

www.burmeseclassic.com



၇

ဘယ့်နှယ်လဲ၊ ကျုပ်သည်တစ်လော သူကြီးအိမ်နဲ့တာစားနေပါလား။

အကြောင်းမှာ ဒေါ်ဂျမ်းဘုံကြီးနှင့် အမှုပြီး၍ နောက် တစ်နေ့မှာပင် သူကြီးက အခေါ်လွှတ်လိုက်ပြန်သည်။ ဘာကိစ္စများပါလိမ့်။

လာခေါ်သော ကောင်လေးအား 'အေး . . . လာခဲ့မယ် ပြောလိုက်ဟေ့' မှာလိုက်ပြီးနောက်၊ မနေ့က အမှုနိုင်သဖြင့် ဝမ်းသာအားရနှင့် ညက တော်တော်ညဉ့်နက်အောင်ပင် ပလွေမှုတ်လိုက်သောကြောင့် ပလွေက ပင့်ကူမွေးမှာပေါက်ကွဲသွားသဖြင့် နောက်ထပ် အသစ်ရှာပြီး ပြန်ကပ်နေရသေးသည်။

ပြီးမှ ရွာတစ်ရိုး ဟိုးဟိုးကျော်အောင် မှုတ်ကာလာခဲ့သည်။

'စံဖဲအကြောင်းမပါရင် ဒေါသနဲ့အပြစ်တင်'

'လာပါ . . . လာပါ . . . မကြည်ရဲ့လို့၊ တကယ် စောင့်တဲ့အချိန်'





'ဆရာစံ . . . သမ္မာဉာဏ် . . .'

တစ်လှည့်စီ၊ တစ်ကျော့စီ၊ ဖွဲ့ကာ နွဲ့ကာ တီတီတာတာ။

...ည်ရဲ့' သီချင်းမှာ အချစ်သီချင်း၊ ရည်းစားမျှော် သီချင်းကလေး ...တော့ ပို၍ မှုတ်ကောင်းသည်။ ကျွန်တော်ငယ်မူပြန်လေသည်။ ...တားထားချင်စိတ်ပင်ပေါ်လာသည်။

ဟင် . . . ရပ်ရှာလည်း ငါပလွေမှုတ်မှပဲ သာသာယာယာ ...ည်ဝေဝေရှိပါလေရော၊ ဟီး . . . ကိုယ့်မိန်းမနဲ့ ပြန်လည်သင့် ...တ်လို့ ပလွေမှုတ်ရပ်လိုက်ရင်ဖြင့် သူတို့ဘာပြောကြမလဲ၊ ...ခြောက်လှတယ်ကွာ၊ တက်ပုတော့ သူ့မိန်းမနဲ့ကွဲအောင် လုပ်ပေး ...ပဲ' ဆိုစမှတ်ပြုကြတော့ထင့်။

'မိန်းမနဲ့ ကွဲအောင်တော့ မလုပ်ကြပါနဲ့ဗျာ၊ ကြားချင်ရင် ...လုပ်အားတဲ့အခါ လျှောက်မှုတ်ဆို မှုတ်ပေးပါ့မယ်'

'မကြည်က ချစ်လျက်နဲ့
တယ်အာ့တဲ့ နှုတ်တဲ့ ကလိန်၊
မစားနိုင် တပိန်ပိန်. .
မသောက်နိုင် တလိမ်လိမ်
ကိုကလိန် ဦးတော်ချလို့နှိမ်'

သီချင်းက မဆုံးနိုင်သေးလို့ မှုတ်ကောင်းကောင်းနဲ့ သူကြီး ...ခြံထဲရောက်တောင် မှုတ်နေရသေး၊ သူကြီးရှေ့ရောက်တော့မှပဲ ...လွေခါးထိုးလိုက်ရင်း. .

'ဘာကိစ္စတုန်း သူကြီးမင်းရဲ့'

ကျွန်တော့်လက် ပလွေက မခွာရသေးပါ။

'ပေး . . . မင့်လက်ထဲက ပလွေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ . . . သူကြီးမင်းက လက်သံစမ်းချင်လို့လား'

သို့သော် သူ့မျက်နှာခက်ထန်နေကာ. .

'မဟုတ်ဘူးကွ၊ မင်းပလွေကို ငါ့အမိန့်နဲ့ သိမ်းတာ'

ဤမှ ကျွန်တော်မျက်နှာကလေးရှုံ့ကာ. .

'ဟင် . . . ဘယ့်နှယ်ကြောင့်လဲဗျာ၊ ရပ်ရွာအကျိုး'

'အေး . . . ရပ်ရွာအကျိုး တစ်ရွာလုံး နှာကန်းသေ

တော့မယ်၊ သောက်ဖြစ်ရှိအောင်လဲ မှုတ်တတ်တာမဟုတ်ဘဲ

မှုတ်လိုက်တဲ့ သီချင်းက ဂျာအေးသူ့အမေ့ရိုက်'

'ဟာ . . . သူကြီးမင်းရဲ့ ဂျာအေး သူ့အမေရိုက်သီချင်း

ကျွန်တော်တစ်ခါမှ မမှုတ်ပါဘူးဗျာ၊ သူကြီးမင်းနားကြားလွဲ

ဖြစ်ပါလိမ့်မယ်။ ကျွန်တော်မှုတ်တဲ့သီချင်းက 'လာပါ လာ

မကြည်ရဲ့' ရယ် 'စံဖိအကြောင်းမပါရင်' ရယ် 'ဆရာစံရယ်. . .

'အေး ဒီသုံးပုဒ်ပဲ၊ ဂျာအေး သူ့အမေရိုက်မှုတ်နေတာ

ပြောတာဟ၊ မှုတ်လိုက်ဘာလဲ နေ့ရောညနေရော၊ နို့ပြီးမြချော့အိမ်

စကားမပြောတတ်တဲ့ သာလိကာအော်တာလောက်မှ ပီတာမဟု

ဘူး။ ဟောဒီမှာ အရပ်ကတိုင်စာလာတယ်၊ ရော့ နင်ဖတ်ကြည့်'

သူကြီးမင်းရှင့် . . . သူကြီးမင်းခင်ဗျား။

(အမယ် . . . ယောက်ျားရော၊ မိန်းမရော ပါ,ပါလား)

ရွာထဲမှာ တက်ပုပလွေမှုတ်တာ ၃ ရက်ရှိပါပြီ၊ ဒီသုံးရ

အတွင်းမှာ နားပင်းတဲ့လူ ပင်း၊ ဖျားတဲ့လူ ဖျားဖြစ်ကုန်ကြပါပြီ၊ သူ

မနှိမ်နင်းရင်ဖြင့် နောက်တစ်ရက်နှစ်ရက်အတွင်းမှာ ရွာပျက်ပါလိ

မယ်။ လူတွေသေကြကျေကြပါလိမ့်မယ်။ တချို့ ရွာကထွက်ပြေ

လည်းနွားပြင်ကြပါပြီ။ သူ့ပလွေသံဟာ ကာလဝမ်းရောဂါထ





ပါကြောင်း၊ အောက်ပါလက်မှတ်ထိုးသူများက သူကြီးမင်းအား

သလေးမြွတ်စွာရှိခိုးအသနားခံ လျှောက်ကြားအပ်ပါသည်'

'အင်း . . . လက်မှတ် ထိုးကြတဲ့လူတွေ အစိတ်လောက်

ာကွမကြီးနာမည်က ထိပ်ဆုံးကပါလား။

တယ် . . . ယောက္ခမဖျက် ပြည်ပျက်၊ ဒါ သူ့လက်ချက်ပဲ၊

ထဲကလူတွေဟာ ဒါလောက် ကျွဲပါးစောင်းတီး ဖြစ်ကြမယ်

တ်ပါဘူး၊ သည်လောက်ကောင်းတဲ့ ဂီတ အရသာကို။ အေး . . .

င်တိုင်တက်ကြပေါ့ကွာ၊ ငါ့က မမှုတ်နဲ့ဆို မမှုတ်ဘူးပေါ့၊ ရှင်းရှင်းပဲ။

သို့သော် ပလွေတော့ အဆုံးမခံနိုင်သေးပါ။ ထို့ကြောင့်. . .

'သူကြီးမင်း မမှုတ်နဲ့ဆို မမှုတ်တော့ဘူးဗျာ၊ ပလွေတော့

နပေးပါ'

'ဘယ်ပေးနိုင်မလဲ၊ ငါ့အမိန့်နဲ့သိမ်းတာ ငါပိုင်တယ်'

'ဟာ . . . ဒါလေး ဘယ်လောက်အဖိုးတန်မှာမို့လို့လဲဗျာ၊

နှန်တော့်ဟာ မဟုတ်လို့ပြန်တောင်းနေတာပါ။ ဦးကြီးဖြိုးသား

ကုတ်ပလွေဗျ။ သူ့ဟာပြန်မပေးရင် ဆူနေဦးမှာ'

'နင်ဒါဖြင့် ပက်ဆံနဲ့ပြန်ရွေးလေ'

သူကြီးမှာ ပိုက်ဆံကို ပက်ဆံဟုခေါ်ကာ အင်မတန်မက်

ာလေသည်။ တစ်မူး၊ တစ်ပဲ၊ တစ်ပြားကအစ ရသမျှယူ၏။

'ဘယ်လောက်နဲ့ရွေးရမှာလဲ'

'တစ်မတ်ပေး'

'ဟာ . . . များဘူးလား သူကြီးမင်းရာ ၊ သုံးပဲလုပ်ပါ'

'ကဲ . . . ကဲ . . . ရှည်မနေနဲ့၊ သုံးပဲနှစ်ပြားထား'

'ဟာ သုံးပဲတိတိပဲထားလိုက်ပါတော့. . သူကြီးမင်းရာ၊



www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေမှလဲ မဟုတ်တာ'

ကျွန်တော်တို့ဆွေမျိုးနီးစပ်တော်ကြပါသည်။

'အေးလေ ငါမင့်အဖေမျက်နှာထောက်လို့ ဒီနှစ်ပြားလျှော့

တာကွ၊ နိုးမို့ဝေးပါသေးရဲ့'

ပြော၍ရပုံမပေါ်တော့သဖြင့် ကျွန်တော့်အိတ်ထဲက ပိုက်ဆံ

ထုတ်ရပါတော့သည်။ သို့သော် အခက်အခဲတွေ့ရပြန်တော့သည်။

ဟောဒီအစိုးရ မုတင်မကျလုပ်ပုံဗျာ။

'ကဲ . . . သူကြီးမင်း၊ ဟော့ဒီနောက်ပေါ်တဲ့ငါးပြားစေ့

သုံးပြားဆိုတော့ သူကြီးမင်းက တစ်ပြားပြန်အမ်းပါ'

'ငါ့မှာ တစ်ပြားမရှိဘူး၊ မင်းအနာ မခံချင်ရင် ကြေးပြားယူခဲ့'

'ဟာ . . . ခုနှယ်ကြေးပြားကလဲ ဘယ်သွားရှာရမလဲ'

ကျွန်တော် အမှတ်မဲ့ပြောမိရာသူကြီးမင်း မျက်မာန်ရှ

လျက် . . .

'ဟေး . . . ဟေး . . . တက်ပု . . . တက်ပု ။ မင်းငါ့အရှင်

သခင် ကျေးဇူးရှင် အစိုးရကိုထိပါးပုတ်ခတ်တဲ့စကား ပြောရသလား

နင့်ငါအမှုလုပ်ပြီး ဒဏ်တပ်နိုင်တယ် . . . သိရဲ့လား'

ဤတွင် ကျွန်တော် မျက်လုံးမျက်ဆန်ပြူးကာ . . .

'အမယ်လေး ကျွန်တော်မှားပါတယ်။ ကျွန်တော် တောင်းပန်

အသနားခံပါတယ် . . . သူကြီးမင်းရယ်။ အမှုလုပ်ပြီး ဒဏ်တပ်

မနေပါနဲ့ ဟော့ဒီငါးပြားစေ့က တစ်ပြားပိုတာလဲ သူကြီးမင်းပဲ

ယူလိုက်ပါတော့'

ကျွန်တော့်မှာ ပလွေကလေးကိုင်၍ ခပ်မှိုင်မှိုင် ပြန်ခဲ့ရပါ

တော့သည်။ ထပ်၍မမှတ်ဝံ့တော့ပါ။ နောက်တစ်ခါမှတ်သံကြားရင်





[illegible]တယ်ဆိုရင် ဒဏ်ချမယ်ဟု သူကြီးကပြောလိုက်ပါသေးသည်။

[illegible]င်မတန်ဒဏ်ချတော့ ဝါသနာပါတဲ့သူကြီးမင်း။

အင်း . . . ငြိမ်ဦးမှ၊ ငြိမ်ဦးမှ၊ ကိုယ့်ဇာတာနိမ့်တုန်း။ ကြည့်စမ်း

[illegible]းမယားနဲ့လဲကွဲ၊ ငွေလဲ တော်တော်ကုန်ပြီ။ အရင်အမှုက တစ်ကျပ်

[illegible]စ်မူး။ အခု တစ်မတ်နဲ့နှစ်ပြား။ အင်း သုံးပြားကျသွားတာပေါ့လေ။

[illegible]ပေါင်း တစ်ကျပ်သုံးမူးနဲ့ တစ်ပဲတောင်ရှိသွားပါပြီလား . . . ။

*



www.burmeseclassic.com

www.burmeseclassic.com



# ၈

ကျွန်တော်သည် ဦးကြီးအကြံ မဟန်ကြောင်းပြောပြမည်ဟု ဦးကြ
ဖြိုးအိမ်ဆီလာခဲ့ရာ ဦးကြီးဖြိုးမှာ ဧည့်သည်နှစ်ယောက်နှင့် ထိုင်
သည်ကိုတွေ့ရပါသည်။

တစ်ယောက်က ကျွန်တော့်စုံထောက်ကြီးဦးဂန်ဂျား၊ နော
တစ်ယောက်က ရွာစဉ်ထီလက်မှတ်လျှောက်ရောင်းတဲ့ ဦးဖက်ထု
ကြီး။

ထို့ကြောင့် ဦးကြီးဖြိုးက . . . ကျွန်တော့်ကိုလှမ်းမြင်လို
လျှင် မြင်လိုက်ချင်း. . .

'ဟေ့ . . . တက်ကလေး အဆင်သင့်ပဲဟေ့၊ လာစမ်း၊ ဒီ
ဦးဖက်ထုပ်ကြီးက သူ့ထီလက်မှတ်တစ်စောင် ရောင်းရရင် ထန်းရေ
တစ်ကျပ်ဖိုး တိုက်မတဲ့ကွ၊ မင်းလဲ သောက်ရအောင်ထိုးကွာ'

ကျွန်တော်သူတို့ အနီးရောက်သောအခါ မျက်နှာ ရှုံ့
မဲ့မဲ့နှင့်. . .





'ဟာ . . . မထိုးနိုင်ဘူး ဦးကြီးရာ၊ ကျွန်တော် ခုတစ်လော
က်ဆံအကုန်အကျများနေတယ်။ နို့ပြီး ခု အိတ်ထဲမှာလဲ ပိုက်ဆံ
ဘူး'

'အိတ်ထဲမရှိ အိမ်ပြန်ယူကွာ'

'အိမ်မှာလဲမရှိဘူး ဦးကြီးရ၊ ပိုက်ဆံပြတ်နေတယ်။ မနက်က
တဲ့ ငါးပဲကလေးတောင်. .'

ကျွန်တော့် စကားမဆုံးခင် . . .

'ဟာ. . . မင့်ပိုက်ဆံပြတ်နေရင် ဝမ်းစာစပါးထဲက တစ်တင်း
သောက်ရောင်းကွာ၊ ဒီလိုကြုံကြုံဖန်ဖန်ထိုးရတဲ့ ထီလက်မှတ်မျိုးက
ခါက်တတ်တယ်ဟ'

ကျွန်တော် ဦးကြီးစကားနှင့် စိတ်ပါသလို ဖြစ်မိကာ . . .

'ခုချက်ချင်း စပါးက ဘယ်မှာရောင်းရမလဲ'

'အမယ်လေး . . . ဟောဒီအနား ဆန့်သည်မတွေ အပုံ ကွာ'

ဆိုပြီးသူ့အိမ်ခေါင်းရင်းဘက်က အိမ်တွင် အိမ်ရှေ့၌ စပါး
လှမ်းနေသော မိန်းမကိုလှမ်း၍ . . .

'ဟေ့ . . . ဖွားသက်'

ပုဆိုးခေါင်းပေါင်းကြီးနှင့် စပါးမွှေနေရ၍ မျက်နှာမမော့
ားဘဲ . . .

'တော'

'နင် စပါးတစ်တင်းလောက်ဝယ်မလား'

'ခုတော့ မဝယ်နိုင်သေးဘူးတော်ရေ၊ ကျွန်မတို့က တစ်တင်း
မှ တစ်တင်းဝယ်နိုင်တာ၊ ပိုက်ဆံက လက်ထဲနှစ်တင်းရင်းဖို့ရှိတာ
တုတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'လျှော့ဈေးနဲ့ရောင်းမယ်ဟယ်၊ တို့က အခုအသုံးလိုလို့'

ဤတွင်မှ မဖွားသက် ခေါင်းမော်ကာ. .

'ဘယ်လောက်နဲ့ ရောင်းမလဲ'

'သုံးကျပ်ပဲတင်း'

'အမယ်လေး . . . ဒါကျွန်မတို့ လျှောက်ဝယ်နေတဲ့ဈေး တော်၊ ဘယ်မှာလျှော့လို့တုန်း'

'ဒါဖြင့် မူးတင်းထားမယ်ဟာ . . . ယူ'

'ဒီတစ်ပဲသက်သာတာနဲ့တော့ ယူနိုင်သေးဘူးတော်၊ အ ပိုက်ဆံက ကျွန်မလက်ထဲရှိတာမဟုတ်ဘူး။ အမေရယ် အဖေ တဲ့နေ့မှာ ဘုန်းကြီးငါးပါးလောက်ဆွမ်းကျွေးမယ်လို့ ကတ်သီးတ သတ်စုထားတဲ့ ပိုက်ဆံကလေးထဲက အကျိုးအကြောင်း ပြောပြ ချေးရမှာ၊ အဲဒါ သုံးပဲတင်းရရင်တော့ ယူမယ်တော်'

ဤတွင် စုံထောက်ကြီးက ကြားဝင်၍. . .

'အမယ်နေး ဖွားတက်ကယ်၊ နင်နို့လို ဂျဘားတတင်းထုန်း နားမူးညတ်နေတဲ့ဟာက ဒီပိုက်ချန်ကလေး တမူးတပဲကြောနေရ လားဟာ'

မဖွားသက်ကလည်း မခေ. . .

'ပြောရတယ် ကိုဂန်ဂျားကြီးရေ၊ ကျွန်မတို့ စပါးတစ်တင်း ဆန်ဖြစ်အောင် လုပ်လိုက်ရတာလဲကြည့်ဦး၊ မနက်နေထွက် ကတ က နေလုန်း၊ ညနေစောင်းမှ ကြိတ်ထိုး၊ ညမှာဆန်ဖွပ်၊ အဲ. . ဆန်ဖြ တော့မှလဲ မနက်လေးလေးပင်ပင်ကြီးရွက်ပြီး လျှောက်ရောင်းရသေ တယ်၊ ကျွန်မတို့အလုပ်က ရှင့်အလုပ်လို ပိုက်ဆံရလွယ်တာ မဟုတ ဘူးတော်ရေ့၊ ရှင်ကတော့ အမှုတစ်ခု စုံထောက်လိုက် ရတယ်ဆိုရ





ိက်ဆံငါးမူးမျိုး ခြောက်မူးမျိုး ဘက်ခနဲရတာတော့'

ဦးဖက်ထုပ်ကြီးကလည်း ကြားဝင်ပြန်ကာ. .

'အေးလေ . . . ဒါက အလုပ်ကြမ်းနဲ့ ဉာဏ်စခန်းဆိုတော့ ဲ ဘယ်တူမလဲဟယ်'

ဦးကြီးဖြိုးက ကျွန်တော့်ကိုကြည့်ကာ. . .

'ဘယ့်နှယ်လဲကွာ တက်ကလေး၊ တစ်မူးတည်းကွာတာ ိုယ်အသုံးလိုတုန်းပဲ ရောင်းလိုက်ကွာ'

ကျွန်တော်က လူကြီးစကားမပယ်ရှားလို၍ ခေါင်းညိတ် ိုက်သည်၌ တစ်ဖက်အိမ်သို့လှမ်းကာ. .

'ဟေ့ . . . ဖွားသက်၊ ယူဟယ်ပိုက်ဆံတော့ ခုပေး၊ စပါး တော့ဟော့ဒီတက်ပုအိမ်မှာ. . နင်ကြိုက်တဲ့အချိန်မှာ ခြင်ပေးမယ်'

'အင်း . . . အမေ့တောင် ဘယ်လိုက်ရှာရပ်၊ ဒေါ်သာလိတို့ ဦထဲများပြောင်းကူစိုက်ရအောင် သွားလားမသိဘူး၊ ကျွန်မလိုက် ှာချေမယ်၊ ဟော့ဒီစပါးဖျာကြက်လာတာ မြင်ရင်တစ်ဆိတ် မောင်း လိုက်ပါတော်'

မဖွားသက်တို့သားအမိမှာ မအေမုဆိုးမ၊ သမီးမုဆိုးမ အိမ်တွင် ကျီးမောင်း၊ ကြက်နင်ခိုင်းဖို့မှ ကလေးမြေးငယ် အခွေအရံ ရှိ သမီးက မအေအိုကြီးကိုနွေရာသီ၌ ကြိတ်ထိုးမောင်းထောင်းဖြင့် ဆန်ရောင်း၍ လုပ်ကျွေးရသည်။ မိုးတွင်းမှာ သူများလယ်တွင် တောက်စိုက်မြက်နှုတ် အလုပ်ငှားရသည်။ ဆောင်းအခါမှာ ကောက် ိတ်ရသည်။ စပါးရွက်ရသည်။

အမယ်ကြီးကားမည်မည်ရရ ဘာမှ မလုပ်နိုင်တော့။ သူ့သမီး နောက်ဖေးက နန္ဒင်းတက်ပေါ်လျှင်တော့ တူးပြီး အမှုန့်ထောင်း၍

www.burmeseclassic.com



ရွက်ရောင်းနိုင်သေးသည်။ အခြားအချိန်မျိုးဆိုလျှင်ကား ထမင်းတ
နပ်များ အလကားစားရအောင် အခုန မဖွားသက်ပြောသည့်အတိုင်း
ဒေါ်သာလိတို့လိုနည်းနည်းပါးပါး ချောင်ချောင်လည်လည်ရှိသော
အိမ်မျိုးတို့၌ ပြောင်းစိုက်လို၊ ပေါင်းသင်လို မိမိတတ်နိုင်သမျှ အ
အညီကိုပေးရရှာ၏။ ကြီးကြီးမားမား သားလူပျိုတစ်ယောက် ရှိခဲ့
ရှာကိုလူဆိုးများဝင်စဉ်၌ ကျေးရွာကာကွယ်သည့်ဘက်မှ အသတ်
လိုက်ရသည်။

အမယ်ကြီး၏ မူးစု ပဲစုပိုက်ဆံကလေးဖြစ်၍ မဖွားသ
ကတော်တော်နှုးရဟန်တူသည်။ ထမင်းအိုးတစ်လုံးချက်လော
ကြာမှ ကျွန်တော်တို့ရ၏။

ပိုက်ဆံတို့မည်သည် လူ၏ခိုင်းစေရာဖြစ်လေရာ မကြာမီ
အဘွားအိုကြီး၏ ဘုန်းကြီးဆွမ်းကျွေးရန်သည် ကျွန်တော်တို့အိတ်ထဲ
ထန်းရည်ဖိုး အရက်ဖိုးဖြစ်လေ၏။ ဤပိုက်ဆံသည်လျှင် တစ်ကြိ
သောအခါ လူသတ်မှု မဖြစ်ခဲ့ဘူးဟု အသူပြောနိုင်အံ့နည်း။

'ရော့ဟေ့ . . . တက်ကလေး၊ သုံးကျပ်သုံးပဲတင်းပဲ၊ 
ဖက်ထုပ်ကြီးက ထီစာအုပ်ထုတ်လဗျာ'

ဦးကြီးဖြိုးက အော်ဒါပေး၏။

ဦးဖက်ထုပ်က အိတ်ထဲမှ တစ်အုပ်ထုတ်၍. . .

'ရော့ဟေ့ . . . တက်ပု၊ ဟောဒီတစ်အုပ်က နောက်ဆုံး
အရွက်၊ ဒါမျိုးက ပေါက်တတ်တယ်၊ မြို့ကလူတွေက ဒါကိုလက်စွမ်း
လို့ ခေါ်ကြတာပဲကွ၊ ငါတော့ ဘာမှန်းမသိဘူး၊ နံပါတ်ကလဲ အဆန်း
ကလေးဟေ့၊ ခ-၅၅၅၅၅ တဲ့၊ ၅၅ သုံးခုကွ၊ လပ်ကီးနမ်းပတ်ပေါ့'

ဦးကြီးဖြိုးက ဖောက်၍. . .





'ခင်ဗျားပြောတာရှုပ်စရာကြီးဗျ'

'ဟာ . . . ဖြိုးကြီးရ၊ ဒါမြို့က အင်္ဂလိပ်စာတတ်တဲ့လူတွေ
ခေါ်တာကွ၊ ကျက်သရေရှိတဲ့စကားတဲ့၊ ကဲ . . . ရော့၊ အတိတ်နေ့ရပ်
မင်းဟာမင်းရေးမလား၊ ငါရေးပေးရမလား'

'ကျွန်တော့်ဟာ ကျွန်တော်ရေးမှာပေါ့' ဆိုပြီး သူ့ဆီက
ဖောင်တိန်စုတ်ကိုယူလိုက်ကာ 'ဟင် . . . ခင်ဗျားဟာမင်ရှိရဲ့လားဗျ'

'ရှိပါတယ်ကွ၊ ခါ . . . ခါ၊ အေး . . . ထွက်လာပြီ ရေးတော့'

ချစ်မယားကို ပြန်ပေါင်းတုပ်ရန်

မောင်တက်ပု

လှည်းဝင်ရိုးပင်ရွာ

စုစပ်မြို့အပိုင်

ဦးကြီးဖြိုးသည် ကျွန်တော်ရေးတာကိုကြည့်ပြီး. .

'ဟာ . . . ငါ့တူက မယားကို ဒါလောက်ပဲ အစွဲအလမ်း
ကြီးတာဟေ့'

'စွဲလမ်းရမယ်ဦးကြီး၊ သူပဲကောင်းကျိုးပေးတာ'

'အေး . . . အေး . . . ထီပေါက်ပြီး ပြန်ပေါင်းထုတ်နိုင်ရုံမက
ကြက်ပေါင်ကျော်ကလေးနဲ့လဲ တွဲဖက်လို့ မြည်းနိုင်ပါစေကွယ်၊ ကဲ. .
ဦးဖက်ထုပ်ခင်ဗျာ့စကားအတိုင်းတစ်ကျပ်ပေး၊ ရော့ . . . ဖင်ကြားကြီး
ဘိုးခိုအိမ်သွား။ တစ်ကျပ်ဖိုးဆွဲချေဟေ့'

ကျွန်တော်တို့ စုံထောက်ကြီးမှာ ဤနေရာမျိုးတွင်လည်း
ဖင်ပေါ့လှ၏။ ခင်ဗျားတို့ မြို့စုံထောက်ကြီး ဦးစံရှားကား ဒါမျိုး
ခိုင်းစေလို့မှ ရပ့်မလား။

ဦးကြီးဖြိုးကဝင်းဝရောက်သွားသော ဦးဂန်ဂျားကိုလှမ်း၍



www.burmeseclassic.com

www.burmeseclassic.com



မှာလိုက်သေး၏။

'ဟော့ . . . ဖင်ကြားကြီး ခိုကြီးကိုတစ်ကျပ်ဖိုး ငါးလုံးရအောင် ပြောယူခဲ့ကွာ'

ဦးဂန်ဂျားမှာ လက်တစ်ခြမ်းနှင့် ခြေတစ်ဖက်မသန်ရကား စောင်းငန်းစောင်းငန်း၊ စိုက်ထိုးစိုက်ထိုးနှင့် အရှိန်နှင့် လိမ့်ရသည် ဖြစ်၍ သာမန်လူတို့ထက် ခရီးသွားမြန်၏။

မကြာမီ ကျည်တောက်ကြီးဆွဲ၍ ပြန်ရောက်လာ၏။ ဦးကြီးမြ က ဆီး၍ . . .

'ငါးလုံး ရခဲ့ရဲ့လားကွ'

'ရခဲ့တယ်၊ ကိုရင်ချိုးကဆိုလို့ ပေးလိုက်တာတဲ့၊ ဒီကြွင်နူဆို နေးလုံးနှန်းပဲတဲ့'

'အေးကွာ၊ ခိုကြီးက ငါ့ဆိုရင်ခင်ပါတယ်' ဆိုပြီး . . .

'ဟာ . . . ဖင်ကြားကြီးရ၊ အုန်းမှုန့်ခွက်ပါခဲ့ရဲ့လား၊ ငါမေ့လို့ မမှာလိုက်မိဘူး'

'မှာတရာ မနိုပါဘူး ကိုရင်ချိုးရာ၊ ဒါညီးကို အနိုနိုတိပါတယ်' ဟုဆိုပြီးသူ့ခါးပိုက်ထောင်မှ အုန်းမှုတ်ခွက်ကိုထုတ်၏။

'အေး . . . စုံထောက်ဆိုတာ အဲလိုသေချာစေ့စပ်မှပေါ့ကွ၊ ထန်းရည်ဆိုတာ အုန်းမှုတ်ခွက်နဲ့မှ ကောင်းတယ်၊ တချို့နားမလည် တဲ့လူတွေက ငါတွေးပြီးရယ်ချင်သေးတယ်။ တစ်ခါ ပန်းမောင်အိမ်ကို မြို့ကလူတွေလာတော့ ထန်းရည်ဝယ်တိုက်တာကိုးကွ၊ ပန်းမောင်ဆို တဲ့ကောင်က အသောက်အစားဆို ဘာမှနားလည်တဲ့အကောင် မှုတ် ဘူး' စကားပြောရင်း ပထမဆုံးခွက်ငှဲ့လိုက်ပြီး 'ရော့ . . . ဦးဖက်ထုပ် က ကျုပ်တို့အထဲမှာ အကြီးဆုံး အရင်နှိပ်လိုက်' ဟု ခွက်ကမ်းပြီးမှ





အဲဒါ . . . ထန်းရည်ဆိုတယ်ကွ၊ အိမ်ရောက်တော့ တကတည်း ဖန်ချိုင့်ထဲကို ပိတ်ပါးနဲ့ အထပ်ထပ် စစ်ထည့်ပြီးမှ ဖန်ခွက်နဲ့ တိုက်တာ ကိုးကွ၊ သူကတော့ မြို့သားတွေရယ်ဆိုပြီး သန့်သန့်ပြန့်ပြန့်ဖြစ်အောင် ကြိုးကြိုးပမ်းပမ်းပြုစုရှာတာပါပဲ။ ဒါပေမဲ့ ထန်းရည်မှာတော့ သူ့ ပိတ်ပါးနဲ့ အထပ်ထပ်စစ်တာကြောင့် အထဲ အမှုန်အနှစ်တွေ မရှိတော့ ဘူး။ ဖန်ချိုင့်ထဲ ဖန်ခွက်ထဲမှာ ထုံးရေ လိုကြည်လို့ဘာမှ ထန်းရည်ရဲ့ သဘာဝသတ္တိမရှိတော့ဘူး။ အန့်ပဲရှိ တော့တာပေါ့လကွာ၊ ရော့ . . . တက်ကလေး မင့်အလှည့်'

ကျွန်တော်က မယူသေးဘဲ . . .

'နေပါဦး . . . ဦးကြီးရ၊ ဦးဖက်ထုပ်ပြီးရင် ဦးကြီးက အသက် အကြီးဆုံးမဟုတ်လား'

'ဟ . . . ခွက်ကိုက်တဲ့သူက ဘယ်လောက်ပဲကြီးကြီး နောက်ဆုံးမှသောက်ရတယ်။ ပထမဦးဆုံးတစ်ခွက်သာ အသက်ကြီး ဆုံးလူရွေးရတယ်။ နောက်ခွက်တွေကတော့ အငယ်အကြီး မထား တော့ဘဲ လူအစဉ်အတိုင်း လှည့်ရတယ်။ ဒါအသောက်သမား စည်း မျဉ်းကိုးကွ၊ မှတ်ထား ခွက်ကိုင်တဲ့ လူမှာလဲ အင်မတန်သတိထား ရတယ်။ ခွက်ကျော်မပေးရဘူး။ နောက်ဆုံး အပတ်ကျရင် အားလုံးအ သွားအောင် အမှန်းအဆနဲ့ ငှဲ့တတ်ရတယ်၊ မသကာ ကိုယ်အတော်ခံ သင့်ခံလိုက်ရတယ်'

ကျွန်တော်သောက်ပြီးသောအခါ၌ ဦးဂန်ဂျားအတွက် ငှဲ့ရင်း . . .

ထန်းရည်မှာ ဟော့ဒီလို အမြှုပ်ရှိတယ်ကွ၊ အမှုန်အနှစ် တွေရှိတယ်ကွ၊ ပျားကောင်တွေ ပုရွက်ကောင်တွေရှိတယ်ကွ ဒါတို



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ပါးနဲ့ စစ်မပစ်ရဘူး။ အမြုပ်နဲ့ ပျားပုရွက်ကောင်တွေကို ပါးစပ်နဲ့ မှုတ်သောက်နိုင်ရမယ်။ ဒါကြောင့် အုန်းမှုတ်ခွက် နှုတ်ခမ်း ကျယ်ကျယ်ဟာ ထန်းရည်သောက်ဖို့ရာ အကောင်းဆုံးလို့ပြောတာပေါ့ကွ'

ဦးဂန်ဂျားသောက်ပြီး ပါးစပ်မှ ခွက်ချွတ်သောအခါ၌. . .

'ဘယ့်နှယ်လဲဟေ့၊ ဖင်ကြားကြီးကောင်းရဲ့လား'

ဦးဂန်ဂျားက နှုတ်ခမ်းပါးနားလျက်ရင်း ဟော့ခနဲ လေတက်ယိုက်ပြီး. . .

'ဟာ . . . တောင်းတယ်၊ တိတ်တောင်းတာပဲ'

'အပေါ်ကောင်းလား၊ အလေးကောင်းလားကွ'

'ကိုရင်ချိုး တောက်ကြည့်လေ'

'ဦးကြီးဖြိုး တစ်ခွက်မော့လိုက်ပြီး ပါးစပ်မြုံ့လျက် . . .

'အင်း . . . သီးရင့်ဖြတ်စပဲကွ အပေါ်ကောင်း၊ မောင်ခိုက်ထန်းကိုင် ချိုးခံကောင်းတော့ ဒီဖြတ်စရေမှာပဲ အချိုဓာတ် အချဉ်ဓာတ်မပါဘဲ ပေါ့ခါးပြီး မွှန်နေတယ်။ အင်း . . . ဒါမျိုးမှ မူးတယ်ကွ၊ ဟော့ဒီ ထန်းစဖြတ်စမှာ ထန်းကိုင်ချိုးခံမတတ်ရင် ချဉ်ရင်လဲချဉ်သကွ၊ ချိုရင်လဲ ချိုလေးနေသကွ၊ ချဉ်ရင် ဝမ်းသက်သကွ၊ ချိုလေးနေရင် မိန်းမကြိုက်၊ ရဟန်းကြီးကြိုက်ပေါ့ကွာ၊ ဒါပေမယ့် ရင်ကယ်တတ်တယ်၊ ကဲရော့ဦးဖက်ထုပ်'

ဦးဖက်ထုပ်သည် မသောက်သေးဘဲ ခွက်ကို သူ့ရှေ့ယူချပြီး. . .

'ဖြည်းဖြည်းလကွာ၊ ဖိမ်လေးနဲ့ လုပ်မှပေါ့'

'ကျုပ် နားလည်ပါတယ်။ ဒီနှစ်ပတ်တော့ သွက်သွက်ကလေးလှည့်လိုက်ဦးမှပေါ့ဗျ၊ နည်းနည်း ရိုတီတီကလေးရှိမှ စကားစမြည်





ပြောရင်း ဖိမ်ယူရတာပေါ့၊ ဟော့ နေ့ရမယ့်အပတ်ကျတော့ ခင်ဗျားကို ကျွန်တော်က လက်ထဲအရောက်မပေးဘူး၊ ဟော့ဒီရှေ့မှာ ချထား လိုက်မယ်၊ ခင်ဗျားသောက်ချင်တဲ့ အချိန်ကျမှကောက် သောက်၊ ကဲ . . ခုတော့ အမြန်ပဲကြိတ်လိုက်ဦး'

ဦးဖက်ထုပ်ကြီး မော့နေရသောအချိန်၌ ဦးကြီးဖြိုးက ကျွန်တော့်ကြည့်၍. . .

'ဟော့ . . . တက်ကလေး၊ မင်းကတော့ အမြည်းစားချင်မယ်၊ သွားကွာ မီးဖိုထဲမှာ မနေ့က ဝက်သားကျန်ကလေးရှိတယ်'

'အရိုးချစ်စုရှိလား'

'မရှိဘူးကွ အကုန်သာခပ်ခဲ့၊ ဟော့ဒီ ဦးဖက်ထုပ်ကြီးတို့လဲ မြည်းရအောင်'

လေးငါးတုံးမျှရှိသည်။ ကျွန်တော် အကုန်လုံးခပ်ခဲ့၍ ဆိုင်းထဲရောက်သောအခါ၌ ဦးဖက်ထုပ်က. . .

'ထန်းရည်နဲ့ဝက်သား ဝမ်းမသွားဘူးလားကွ'

ဦးကြီးဖြိုးက ကျွန်တော့်ကို ထန်းရည်ခွက်ပေးပြီး . . .

'ဟာ . . . နည်းနည်းပါးပါးကိစ္စမရှိပါဘူး၊ များရင်သာ ကောင်းတာ၊ ဆိုးတာက ပေရေနဲ့ဝက်သားဗျ၊ အဲဒါများဘယ်တော့မှ ဖက်လို့ မသုံးလေနဲ့၊ ဝမ်းသွားလို့ တုံးလုံးဖြစ်သွားမယ်သာ မှတ်ထား'

ကျွန်တော်အပြီး၌ ဦးဂန်ဂျားသို့ ခွက်လှမ်းရင်း. .

'ရော့ဟေ့ . . . ဖင်ကြားကြီး' ဆိုပြီးနောက် 'စကားအဆင် သင့်တုန်း ပေရေနဲ့ဝက်ဟာ ဘယ်လောက်မတည့်သလဲဆိုတာ ပြောရဦးမယ်၊ တစ်ခါက အခုဂျပန်ခေတ်က သေသွားတဲ့ ဖိုးသင်း ကလေးပေါ့ကွာ၊ သူ့အိမ်နောက်ဖေးက ပေပင်ကြီးအဖူးမှာ အရေတက်ခံတာ



www.burmeseclassic.com

www.burmeseclassic.com



ညပ်ချက်ကလဲမိတော့ ထွက်လိုက်တာဟေ့ အောက်ကို စဉ့်အိုး ကြီး ရေခယောက်နဲ့ (ရေတံလျှောက်) သွယ်ချရတယ်၊ တစ်နေ့ရေ ရေအိုးဒန်ဆယ့်လေးငါးလုံးရတယ်၊ အဲဒါရွာမှာတော့ ပေရေကို တည်သောက်မယ့်လူ မရှိဘူး။ ဘုမြို့က ကုမ္ပဏီကိုသွားသွား သွင်း တယ်။ အဲဒီတုန်းက ထန်းရည်ကိုအင်္ဂလိပ်ပိုက်ဆံနဲ့ တစ်မတ် ခြောက်လုံးသွင်းရတဲ့ အချိန်မှာသူ့ပေရေဟာ ဆယ်လုံး သွင်းရတယ် ဘုံဆိုင်ကတော့ ထန်းရည်နဲ့ရောရောင်းတာပေါ့ကွာ'

ဦးကြီးသည် သူ့ခွက်လှည့် မော့သောက်လိုက်ပြီးနောက် ဦးဖက်ထုပ်အတွက် ငှဲ၍ရှေ့မှာချလိုက်ပြီး . . .

'အဲဒါ တစ်နေ့တော့ ဖိုးသင်းကလေးဟာ ကုမ္ပဏီက ငွေထုတ် ခဲ့ပြီး ပေရေပုံးအခွံတွေ ထမ်းပြန်အလာ လမ်းမှာ သူ့အသိအိမ်က ဝက်လေးနှစ်ကောင် ဈေးအဆင်သင့်တာနဲ့ မွေးဖို့ဝယ်တယ်။ ဝယ်ပြီး အိမ်သယ်ဖို့က သူ့ပေရေပုံးကြီးတွေက စက်ဆီပုံးကြီးတွေ၊ ရေနံဆီပုံး ကြီးထက်လဲ ကြီးတယ်။ ကျယ်လဲကျယ်တယ်။ ဝက်ကလေး တစ် ကောင်စီ ချောင်ချောင်ချိချိနဲ့နေနိုင်တာကိုး။ ဒါနဲ့ သူ ရှေ့တစ်ကောင် နောက်တစ်ကောင် အဆင်သင့်ပဲဟဆိုပြီး ထည့်ထမ်းခဲ့တယ်။ အိမ် ရောက်တော့ ဝက်ကလေးတွေ အသက်မရှိတော့ဘူး။

ဦးကြီးဖြိုးသည် ခေတ္တစကားရပ်၍ ဆေးပေါ့လိပ်မီးညှိကာ နှစ်ဖွာ သုံးဖွာ ဖွာလိုက်ပြီးမှ . . .

'အဲဒီဝက်ကလေးတွေ အသက်မရှိတာက ဘာမှအံ့ဩစရာ မဟုတ်သေးဘူး။ ပေရေနဲ့ကြောင့်လည်းကောင်း၊ အသက်ရှုကျပ်လို့ လည်းကောင်း သေတယ်ပြောနိုင်သေးတယ်။ အဲ . . . ထူးဆန်းတာက တကတည်းဝက်ကလေးတွေ အသားဟာ ကိုင်လို့မရတော့ဘူး။





ခဲ့ဒါတည်း နူးညံ့အိရှိပြီး လက်နဲ့ထိလိုက်တာနဲ့ ပွဲပွဲကျကုန်တယ်'

သောတရှင်အားလုံးပင် အံ့ဩကြရသည်။ ပြီးမှ ဦးကြီးဦး ဖက်ထုပ်ဘက် လှည့်ကာ . . .

'အဲဒါ ဝက်သားနဲ့ပေရေနဲ့သောက်လို့ ဝမ်းပေါက်တယ်ဆို တာ ဘာမှအံ့ဩစရာ မရှိဘူးဗျ။ အဲ ပေရေမပြောနဲ့ ပေထန်းလျက်နဲ့ ဝက်သားတောင် ရှောင်ရှားတော့ဗျို့။ တစ်ခါက ဘုန်းကြီးတစ်ပါးပေါ့ ဝက်သားဟင်းတွေနဲ့ နှင်းကန်ဘုဉ်းပေးအပြီး လက်ဘက်ရည်ပွဲမှာ အချိုတည်းတာ တကတည်း ပေထန်းလျက်ဖြစ်နေလို့ ဝမ်းတော်လား ရောလား'

ဤမှ ဦးဖက်ထုပ်သည် သူ့ရှေ့ကချထားသော ထန်းရည်ခွက် ကို ကောက်မော့လိုက်ပြီးနောက် . . .

'အင်း . . . ဖြိုးကြီးက ပေရေနဲ့ ဝက်သားမတည့်တာ ပြော တော့ ငါက အမဲသားနဲ့ထန်းရည်အကြောင်းပြောရဦးမယ်'

'ကြားဖူး ကြုံဖူးတာလေးတွေရှိ လုပ်ပါဦးဗျာ။ သက်ကြီးစကား သတင်ငယ်ကြားဆိုတာလို ကျွန်တော်တို့ လူငယ်များမှတ်ရသားရ အောင်'

ကျွန်တော်က အဘိယာစကပြုလိုက်ပါသည်။ ဦးဖက်ထုပ် သည် ဦးကြီးဖြိုးဆီက ဆေးပေါ့လိပ်ကို ယူဖွာလိုက်ပြီး . . .

'ဒါက . . . ငါ့ကိုယ်တွေ့ကွ၊ ငါတို့ ဆိုးတုန်းပေတုန်းအရွယ်က ပေါ့ကွာ၊ အခု ရွှေဘိန်းဘိုးမျှင်ရယ်၊ သေတဲ့ မန်းညွန့်ကြီးရယ်၊ အခုမှ ဆောင်တတရားရပြီး အသောက်အစားအားလုံးဖြတ်ထားတဲ့ မန်းထွန်း ရှိန်ရယ်၊ ငါရယ်ငါးယောက်သား ဇောင်းငါးကုန်းရွာက နွားမကလေး တစ်ကောင် ခိုးပေါ်စားကြတာ ရွှေဘိန်းအိမ်နောက်ဖေးက ထန်းပင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး အောက်မှာပေါ့၊ အဲဒီထန်းပင်ချည်ပြီးထုတာပဲ၊ တကတည်း ဖျက်ကက်ပြီးလို့ ဝယ်တဲ့လူတွေလာပြီး ဝယ်ပြုသွားကြပြီး တို့လက်ထဲ နက်ဖြန်ထမ်းရောင်းဖို့ ငါးတွဲလောက်အကျန်မှာ ဈောင်းငါးကုန်းက လူတွေလိုက်လာကြတယ်ကြားတော့ အမြန်ဖျောက်ဖျက်ရတာကိုးကွ သူတို့ရွာမှာကလဲ ငါတို့အိမ်တွေမှာပဲ။ လူချင်းတွေက ကာလသားချင်း ခါတ်သိတွေပဲ၊ ဒီတော့ တို့အိမ်တွေမှာ ဝှက်လို့ ဘယ်နည်းနဲ့မှ မဖြစ် ဘူး။ ဒီငါးတွဲကြီး ဘယ်အိမ်ကမှလဲ လက်ခံဝံ့မှာ မဟုတ်ဘူး။ ဒါနဲ့ ရွှေဘိန်းကပဲ အကြံရတယ်ဟေ့၊ အမဲသားတွေ သူကနှစ်တွဲ၊ မန်းညွှန့် ကြီးက သုံးတွဲခါးချိတ်ပြီး ထန်းပင်ပေါ်တက်သွားတယ်။ အပေါ် ရောက်တော့ ထန်းရည်ကလဲချပြီးသား၊ ကျည်တောက်တွေ အားနေ တော့ တစ်ခါတည်းကျည်တောက်တွေ ထဲမှာသိပ်ထားလိုက်တယ်။ ကျည်တောက်ချိတ်ပုံ၊ အပေါ်က အဝတ်ပတ်ပုံ ဟန်မပျက်ဆိုတော့ ထန်းစကလဲ အကျမပျက်ဘူးပေါ့ကွာ။

'နွားမခေါင်းရယ်၊ ခြေထောက်ရိုးရယ်၊ သားရေရယ်တော့ ဆုံးချင်ဆုံးပါစေဆိုပြီး တို့ရွာပြင်က ရေတွင်းအိုကြီးထဲ ဒဲဆွဲပြီးပစ်ခ လိုက်တယ်။ နောက် ထန်းပင်အောက်က သွေးစ သွေးနတွေ ပြာနဲ့ဖုံး သိမ်း၊ အမှိုက်သရိုက်တွေ ထပ်အုပ်ပြီး ခြမ်းရှိတဲ့အပေါက်မျိုး လုပ်နေ လိုက်တယ်။ ခွေးမသားတွေ့ သူကြီးနဲ့ လာရှာကြတော့ ဘယ်တွေ့လိမ့် မလဲကွာ။ သူတို့ရှာကြတာ စပါးပုတ်ကွေထဲရော၊ နွားတင်းကုပ်တွေ ထဲရော၊ အိမ်သာတွေထဲရော၊ ကောက်ရိုးပုံတွေထဲရော နံ့ရော၊ နံ့ရော၊ ညတော်တော်မှောင်မှပြန်သွားကြတယ်။ ဒါအရှာရပ်တာ မဟုတ်သေး ဘူးကွ။ သူကြီးက ညအရိပ်အခြည် ချောင်းကြည့်နေပြီး မနက်ထပ်ရှာ ကြဦးမှာကွ။





'တို့ အဲဒီညစားပွဲထိုင်ကြတာကတော့ ရွာတောင်ဖျားက ညွှန့်ကြီးတုကလေးအိမ်မှာကွ၊ ဟင်းစားက ဝမ်းတွင်းသားရယ်၊ ူးရယ်၊ မိုးခိုသားရယ်၊ နွားမတင်ပါးသားကလေးရယ် စုစုပေါင်း ိသာလောက်ပေါ့ကွာ၊ ရေအိုး ဒန်အိုးကြီးနဲ့ တစ်အိုးတည်း ချက်လိုက်တာပဲ၊ ပထမလက်စက်ရေခန်း၊ နောက် တစ်ရေဆူဆို တည်းက ခပ်စားကြတာကွာ၊ ကောင်းလိုက်တဲ့ဖြစ်ခြင်း၊ နွားမက ယ်ထွတ်ထွတ်ကလေးလား၊ အားလုံးမှ ၁၇ ပိဿာထွက် လေးပဲ၊ ငါ့ချီး ထူရော ထူရော၊ နွားမတင်ပါးသားကလေးဆိုတာများ ယ် ကြက်သားနဲ့ ဘာဆိုင်သလဲကွာ၊ ဖြုဖွေးပြီးတော့ ဝါးလိုက်မှ ထုတ်ထုတ် . . . ထုတ်ထုတ်နဲ့ ချိုလိုက်တာက အလွန်အမင်း။

'နွားမ တင်ပါးသားဆိုတာက ဘယ်သံင်းပြောတာ အောက်မေ့ ပေါင်သား မဟုတ်ဘူးကွ၊ နောက်တင်ပါးဆုံနှစ်ခုမှာ အရစ်လိုင်း လေးနဲ့ အသားတန်းတန်းရှည်ရှည် ကလေးရှိပါရောလား၊ အဲဒါ ကို အမြှောင်းလိုက် လှီးယူထားတာ၊ နွားမတစ်ကိုယ်လုံးမှာ အဲဒီ ရာကအသားဟာ အနုဆုံးအထွတ်ဆုံးပဲ၊ နွားမကလဲ မတောင်း တ်စကလေးကိုးကွ'

ကျွန်တော်က သူ့ပြောစကားနှင့် သွားရည်တကျကျဖြစ် ရာမှ . . .

'ဟင် . . . အပျိုကလေးတင်ပါးလို နေမှာပဲနော်၊ တီ . . . . . . မဆီမဆိုင် ဟိုဥပုသ်နေ့က ဦးမြတ်ချမ်းတို့နဲ့ မြို့ကလိုက်လာ ားသံသီးမကလေးကို သွားသတိရမိတယ်။ သူ့နာမည်က ရိုရိုတဲ့ ားပြောမှဖြင့် သူ့ကိုယ်သူ ရီကလေ ရီကလေနဲ့ ဟီး . . . တီး

ကျွန်တော်နည်းနည်းမူး၍နေပါပြီ၊ ဦးကြီးမြိုက ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုဖြတ်၍ . . .

'တော်စမ်းကွာ . . . မင်းဟာ ဒီဘက်ကတယ်ဈာကြော ကွတယ်။ မင့်မယားဟိုနေ့က ပြောမယ်ဆိုလဲပြောစရာပဲ။ ဦးဖက်ထုပ် စကားဆက်ပါစေဦး၊ သူ့စကားမဆုံးသေးဘူး'

'ဘယ်ဆုံးဦးမလဲကွာ၊ ငါပြောမယ်၊ အမဲသားမကောင်းဘူး ကောင်းတယ်ဆိုတာက နွားအရွယ်တင်မဟုတ်သေးဘူး၊ အမွေးလဲ လိုက်သေးတယ်၊ နွားမှာ မွေးစတိုရမယ်၊ အဲ . . . နွားမွေးရှည်များ တော့သွားမစားလေနဲ့၊ အရွယ်ချင်းတူရင်ညှပ်ပြီးသားပဲ မှတ်ပေတော့ အဲဒီနွားမကလေးတုန်းက စံပယ်ဖြူမွေးစတိုကလေး၊ ဆတ်ဆတ် လတ်လတ်ရှိလိုက်တာလဲ မပြောနဲ့။ အရွယ်ကလဲ ဂေါရီအရွယ် ကလေး၊ တို့စားရတာကလဲ အသည်းနှလုံး၊ သရက်ရွက်၊ သရွှင်းတိုင် မိုးခိုသား၊ ရင်နုး၊ တင်ပါးဆုံသား၊ ချက်တာကလဲ လတ်လတ် ဆတ်ဆတ်ရေမဆေးပဲ သွေးနဲ့သူ ပထမရေလုံးတာ ဆိုတော့ လောကမှာ ဒီလောက်ကောင်းတဲ့ဟင်းမျိုးတော့ ကြုံကြိုက်ခဲလှပဟဲ့လို့ အောက်မေ့လိုက်တာ တကယ်တော့ ဘယ်ဟုတ်ဦးမလဲကွာ၊ တောတ် . . . ခုတောင်ပြန်တွေး တရေးရေးပေါ်လာတော့တယ်'

အဘိုးကြီးက ပြောရင်းမှ ထန်းရည်သူ့အလှည့်ကျ၍ ခဏ စကားရပ်နေသည်တွင် ကျွန်တော်က အားမရနိုင်ဘဲ သူ့ခွက်ချွတ်လျှင် ချွတ်လိုက်ချင်း . . .

'ကဲ . . . ဆက်ဗျာ ဘာများလဲဗျ၊ တရေးရေးပေါ်တာ က. .'

'အဲ . . . ဟိုထန်းပင်ပေါ်က ထန်းရည်ကျည်ထောက်ထဲ ထည့်ဝှက်ထားရတဲ့ အမဲသားပေါ့ကွာ။ ခွေးမသားတွေက နောက်နေ့ တောင်မှ ပြန်မသွားသေးလို့ ထန်းပင်ပေါ်က တက်မချရသေးဘူး





. . . သူတို့ညနေ ပြန်သွားမှ တို့ချရတာ တစ်ညနဲ့တစ်နေ့ ကျည် ထောက်ထဲ ကြာခဲ့တာပေါ့။ အောက်ရောက်တော့ ဆားမပါဘူမပါနဲ့ သွေးသိပ်ထားရတာမို့ ပုပ်များနေမလားလို့ တို့နမ်းကြည့်တယ်။ ဘူးဟ၊ ထန်းရည်နံ့ကလေးသင်းနေတယ်။ ဒါနဲ့ ပုပ်တော့ မပုပ် သေးဘူးဟေ့၊ တော်သေးတာပဲ၊ တို့ ခုညတစ်တွဲစားကြမယ်ဆိုပြီး တစ်အိုးချက်တယ်။ အဲဒီဟင်း ကျွက်လို့ခွက်ထဲထည့်ပြီး တစ်ယောက် တစ်ဖတ်စီ စားမိသေးတယ်၊ 'ဟေ့ . . . ဟိုကျန်တဲ့ လေးတွဲမရောင်းနဲ့ တော့ မရောင်းနဲ့တော့' လို့ သံပြိုင် အော်မိကြတယ်။ တကတည်း အတ်တိုက်ထားတဲ့ အတိုင်းပဲကွာ တို့တွေမှာ တစ်ယောက် တစ် ယောက်ကြည့်ပြီးလဲ အံ့သြမိကြသေးတယ်။ တကတည်း ကောင်း လိုက်တဲ့ဟင်းကွာ ဟိုညက ဝမ်းတွင်းသားနဲ့ တင်ပါးသားလေး ကောင်းလှတယ်လို့ထင်မိတဲ့ ကိုယ့်စိတ်တောင် ကိုယ်ရှက်မိပါသေး တယ်၊ ဘုရားစူး ပါရစေရဲ့၊ ကျန်တဲ့လေးတွဲလဲ အကုန်လုံးချက်ပြီး ခုခြောက်ယောက်စားတာကွာ ဟင်းသာကုန်ရော မဝဘူး၊ အာသာ မပြေဘူးဟေ့၊ ငါတော့ တစ်သက်မှ တစ်ခါ ဒီလောက်ကောင်းတဲ့ဟင်း အခုထိ တစ်ခါမှမစားဖူးတော့ကွာ'

သူ့အတိတ်ကို အတော်ပင် လွမ်းဆွတ်ဟန်နှင့် အဆုံးသတ် လိုက်၏။

သူ့ဒေသနာအဆုံး၌ အားလုံးပင် အနုမောဒနာပြုကြကာ ဦးကြီးဖြိုးက. . .

'ခင်ဗျားဟာက အမဲသားကို ထန်းရည်ချိုး စိမ်ထားတဲ့ သဘောပေါ့'

'မဟုတ်သေးဘူးကွ၊ အဲဒါ ငါစမ်းကြည့်ပြီးပြီ၊ ကောင်းသင့်



www.burmeseclassic.com

www.burmeseclassic.com



သလောက်တော့ ကောင်းပါရဲ့၊ ဟိုသင်းကို မမီသေးဘူးဟေ့၊ ဟိုသ က ကျည်တောက်ထဲမှာ အောက်ခံချိုးနဲ့အပြင် အပေါ်က ထန်း အချိုရည်ကလဲ တစ်စက်တစ်စက်ကျနေတာ'

'ဒါဖြင့် အဲဒီအတိုင်းပဲ လုပ်ကြည့်မှပဲ၊ ကဲ . . . စကား ပြောကောင်းရဲ့၊ ခက်တာက ထန်းရည်လဲကုန်ပြီဗျ'

နောက်ဆုံးခွက်ငှဲ့ပြီး ကျည်တောက်ကို တုံးလုံးလှဲလိုက် မည်သူမျှ အာသာမပြေကြသေး။ ဦးဖက်ထုပ်သည် သူ့အိတ် နှိုက်လိုက်ပြီး. . .

'တောက် . . . ထီစာအုပ်က တစ်အုပ်မှ ၂ ကျပ်မြတ် ဟောဒီတစ်ကျပ်က ထီစာအုပ်ဝယ်ပေးတဲ့ သူငယ်မလေးကို ပေး ကွ' ဟု ဆိုရင်း အိတ်ထဲက ကျပ်တန်ကလေးကိုထုတ်လိုက်ရာ အပတ်နှင့် အရောင်မတူသော ထီလက်မှတ်အဟောင်းက ကပ်ပါလာသည်ကို မြင်ရသည်၌ ဦးကြီးဖြိုးက . . .

'ဒီလက်မှတ်က ဘယ်တုန်းကဟာလဲ'

'လွန်ခဲ့တဲ့ အပတ်ကဟာကွ၊ ငါခုမနက် ဂျမ်းဘုံကြီး ရောက်သွားရင်း 'ဟဲ့ . . . ဂျမ်းဘုံကြီး၊ ထီတစ်စောင်လောက် ထိုး ပါဦး' ဆိုတော့ ကောင်မကြီးက အောက်သိုးသိုးနဲ့ ဘာဖြစ်နေတ မသိပါဘူးကွာ၊ 'တော်ကြီးဆီထိုးတာ တစ်ခါမှလဲ မပေါက်ဘူး၊ ရှင့် အရင်တစ်ပတ်က လက်မှတ်တောင် ပြန်လိုချင်ယူသွားဦးဆို အိတ်ထဲထည့်ပေးလိုက်တာကွ'

ဦးကြီးဖြိုးက ၎င်းလက်မှတ်ကိုယူပြီး . . .

'ဟန်ကျပြီဟေ့ . . . သွား တက်ကလေး မင့်အရီးခေါင်း အောက်မှာ သူ့သားစံနဂုတ်ကို လုံချည်ဝယ်ပေးဖို့တဲ့ စုထား





ခြောက်ကျပ်လား ခုနစ်ကျပ်လားရှိတယ်'

'တော်ကြာ အရီးချစ်စု ဆူနေပါဦးမယ်ဗျာ'

'ငါ့မှာ မဆူတဲ့နည်းရှိပါတယ်ကွာ၊ သွားယူမှာသာ သွားယူ ခဲ့ပါ'

သူ့စကားအတိုင်း ကျွန်တော် ငွေ ၂ ကျပ်ယူလာသော အခါ၌ . . .

'ကဲ ဖင်ကြားကြီးရေ . . . အကျယ်က ဗိုက်ပြည့်တယ်ကွာ၊ အကျဉ်းပဲလုပ်ကြစို့ရဲ့၊ ဟောဒီ ငွေ ၂ ကျပ်ယူပြီး မြမယ်အိမ်သွား၊ အရက်တစ်လုံးဆွဲ၊ နို့ပြီး မောင်မြင့်ကြီးအိမ်က ငါးပုပ်ခြောက် ငါးမှုး ယ်၊ မီးဖုတ်ပြီး သံပရာရည်ညှစ်လိုက်ရင် အင်မတန် အရက်နဲ့ လို့ကောင်းတယ်၊ ဟေ့ အရက်လဲ ငါက မှာလိုက်တယ် မြမယ်ကို ပွဲတော်ကျပေးလို့'

အကြောင်းမှာ မမြမယ်သည် မြို့ဘုံဆိုင်မှ အရက်ကို လိုင်စင်လက်မှတ်နှင့်ယူ၍ရောင်းသည်။ ဝယ်ဈေးမှာ ၁၂ ပုလင်းကို ငွေတစ်ဆယ်ဖြစ်၍ တစ်ပုလင်းတစ်ကျပ် ရောင်းသည်၌ အမြတ်ပို၍ ထွက်အောင် ရေရောတတ်၏။ သို့သော် အသောက်အစား လောင်း ကစားပြုမှု အစုစု အကုသိုလ်လုပ်ငန်းတို့၌ အကူအညီပေးနိုင်သည် ဟူ ဆိုသော နတ်ဆိုးကြီး ဦးမင်းကျော်ကို နေ့စဉ်တင်ဆက်သည် အား ရေမရောဝံ့ရှာပေ။ ထို့ကြောင့် ဦးကြီးဖြိုးက ပွဲတော်ကျကို ခြင်းဖြစ်သည်။

တောက် ခုခေတ်များဖြင့် တောရွာအရက်သောက်တာမှ ကောင်းကောင်း မသောက်ရပါ၊ မြို့က ဆန်အရက်နှက်နေရ၏။ ရွှေ င်လိပ်မင်းလက်ထက်ကဆိုလျှင် ဘဇာဒီလိုဟုတ်လိမ့်အံ့နည်း။ ရွာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ဖေး၌ တိတ်တိတ်ပုန်း ခိုးချက်ရသော ထန်းလျက်အရက် စစ်စစ်ကိုတွယ်ရ၏။

အခု ဆဋ္ဌမသင်္ဂါယနာတင်မယ့် အစိုးရလက်ထက်ကျ တောရွာတွေ တရုတ်ဘုံဆိုင်ကတစ်ဆင့် ရောင်းခွင့်လက်မှတ်ပေးတော့ ကျုပ်တို့ တောသားတွေလည်း အလွယ်လိုက်ကုန်ရော၊ ဘယ်သူမှ ခဲခဲယဉ်းယဉ်းခိုးမချက်ကြတော့ဘူး။ တကယ်လို့ ကိုယ့်ဟာကိုယ် ကောင်းကောင်းလေးသောက်ချင်လို့ တစ်ပေါင်း နှစ်ပေါင်းလောက် ကြိတ်မယ် စိတ်ကူးမိပြန်လဲ မမြမယ်လိုဟာပဲ ကြောက်နေရတယ်။ သူက ဘုံဆိုင်ကိုပြောနိုင်တယ်။ သည်တော့ ဘုံဆိုင်တရုတ်က ယစ်မျိုး ဘက်က ပုလိပ်တွေကို ကျွန်တော်တို့ ရွာနောက်ဖေးက ခြံစောင်ရင်း ကြို စောင်ရင်းကြား မောင်းလွှတ်လိုက်ကရော။ သည်တော့ တရုတ် တိုက်ကျွေးထားတဲ့ ကိုနာလာဂီရိတို့က ကျွန်တော်တို့တောသားများ ညှဉ်းပန်းပါရောဗျာ။ အဲဒါ အရင်းအမြစ်ဘယ်ကလဲဆိုတော့ အကြောင်းအကျိုးတွေးရှု၍ သာဓု အနုမောဒနာသာ ပြုကြပါတော့ ဘွန်တော့ သပုရိသအပေါင်းသူတော်ကောင်းတို့။

*





၉

တော . . . ကျွန်တော်တို့ ခြေမြန်တော်စုံထောက်ကြီး ပြန်လာပြီဗျား၊ လာပုံကလှတယ်။ အသွားတုန်းက ခေါင်းပေါင်းသွားတဲ့ ပုဆိုးကိုး အခု သည်ပင်းစည်းပြီး ကျောမှာခြုံခဲ့လို့။ ခေါင်းနေပူခံပြီး ခြုံရမှာပေါ့ဗျ။ ခါးမှာ အရက်ပုလင်း ထိုးခဲ့တာကိုး။ ကျုပ်တို့တောက ခင်ဗျားတို့မြို့လို လွယ်အိတ်နဲ့ဘာနဲ့ လုပ်မနေဘူးဗျ။

ဟုတ်သဗျို့ . . ဦးကြီးဖြိုးပြောတာ၊ ငါးပုပ်ခြောက်ကို မီးဖုတ် ဆီဆမ်း၊ သံပရာရည်ဖျန်းပြီး အရက်နဲ့မြည်းတာ တယ်မိပါလား။ ခိုးချက်အရက်သောက်တာမှာလည်း အုန်းမှုတ်ခွက်နဲ့ မဟုတ်၊ ဖန်ခွက်နဲ့ မဟုတ်၊ လက်ဖက်ရည်ကြမ်း ပန်းကန်နဲ့ဗျာ။ သူ့နေရာနှင့် သူ၊ သူ့သဘာဝနဲ့ သူပေါ့ဗျာ။ ခင်ဗျားတို့မြို့မှာတော့ ဝီတကီ အလန် ခေါ်တဲ့ အရက်တွေကို ဖန်ခွက်နဲ့ ထည့်သောက်ကြဆို၊ နို့ပြီး ဆော်ဒါ နဲ့ ရောသေးသတဲ့။



www.burmeseclassic.com

'အတွင်းတောင် လက်ဖက်ဆီအသွေးလိုပ၊
ပယင်းရောင် ခွက်ကြည်ကလေးနဲ့တော့၊
အရက်ဝီတကီကလေးကလဲ မွှေးလိုက်ပါဘိ
သောက်ချင်စရာ'

ဆိုလား ကျွန်တော်ကြားဖူးတယ်။ တစ်ခါလောက် ခင်ဗျား
တို့သောက်တာမျိုး ကျွန်တော်သောက်ကြည့်ချင်တယ်ဗျာ။

နို့ပြီး ခင်ဗျားတို့ သောက်ဝိုင်းမှာလည်း လူတိုင်းစေ့ ကိုယ့်
ဖန်ခွက်နဲ့ကိုယ်ဆို။ ကျွန်တော်တို့ ချက်အရက်ဝိုင်းကတော့ လက်ဖက်
ရည် ပန်းကန်တစ်လုံးတစ်ယောက်တစ်လှည့်။

'ဟော့ . . . တက်တက်လေး၊ မင်းအလှည့်ကွ . . . ဝေလှချည်
လား၊ မင်းမလဲ ဒီသားမယား လွှမ်းတဲ့စိတ်နဲ့ပဲ . . .'

'သားတွေတော့ ဒီလောက်မလွှမ်းပါဘူးဦးကြီးရာ'

'အင်း . . . ဖြစ်ရမယ်။ သောက်မှာ သောက်စမ်းပါကွာ
လင်မယားဆိုတာ ကွဲခဏ နောက်ပြန်ရမှာပဲ'

ကျွန်တော် အရက်ကို ကျိုက်ချလိုက်ပြီး ငါးပုပ်ခြောက် အပေါ်
သံပရာအချဉ်ကလေးနှင့် ခံတွင်းကိုဖြေကာ . . .

'ဘယ်တော့ ပြန်ရမှာလဲဗျ၊ ခု ခုနစ်ရက်တောင်ရှိသွားပြီ
ဦးကြီးပြောတဲ့အတိုင်း ပလွေလျှောက်မှုတ်လို့လဲ ပလွေကျော်ဇေ
အလုပ်ခံရပြီ၊ ဒါယောက္ခမကြီးစနက် ဖြစ်မှာပါပဲဗျား၊ ကျွန်တော့်ပလွေ
သံကောင်းလျက်သားနဲ့ သူ့ အရပ်နဲ့လှည့်တိုက်တာ ဖြစ်ရမယ်ဗျာ
ယောက္ခမကြီး မြန်မြန်သေပါစေဗျာ'

'ဟဲ့ . . . သူ့ကိုချည်း ဒါလောက်အပြစ်တင်မနေနဲ့ဦး၊ မင်း
ပလွေသံကလဲ ဆိုးတယ်'





ဦးကြီးကပါ ဤသို့ပြောသဖြင့် ကျွန်တော် မျက်ခုံးရှုံ့ကာ. . .

'ဗျာ . . . ကျွန်တော့်ပလွေသံဆိုးတယ်'

'ဟုတ်တယ်၊ အရပ်နားမခံနိုင်အောင်ဆိုးတာ အမှန်ပဲ'

'ဟင် . . . ဒါဖြင့် ဒီအမှုသူကြီးအိမ်ရောက်အောင်ပဲ စောင့်
နေရသလား၊ ဦးကြီးကပဲ မတော် မတော်ဘူးပြောရောပေါ့ဗျာ'

'အေး . . . ငါကလဲ ငါနိုင်းတဲ့ အလုပ်ဆိုတော့ ပြန်မဖျက်
ချင်ဘူး၊ အရပ်က ကြည့်စီမံလိမ့်မယ်ဆိုပြီး လွှတ်ထားလိုက်တာပဲ'

'တယ်တော်တဲ့ ဦးကြီး၊ ကဲ . . . ခုတော့ ပိုက်ဆံသုံးပဲ သုံးပြား
တန်တာနဲ့ နာမည်ဆိုး အဖတ်တင်တာပေါ့ဗျ၊ မိန်းမလဲ ပြန်မရဘူး၊
ဆစ်တလုံးက သူတို့အိမ်ရှေ့ရောက်ရင်ခဲနဲ့ ဆီးဆီးပေါက်တာလဲ
ခံလိုက်ရသေး'

'ဟော့ မင့်သားက မင့်ခဲနဲ့ပေါက်သလား'

ဦးဖက်ထုပ်က ဖြတ်၍မေးသဖြင့် . . .

'အေးဗျာ . . . ဟိုကြက်သားသူမစားရကတည်းက ဒီကြက်
ကို ပန်းစုံကျွန်တော်ခိုးပေးတာပဲလို့ သူ့အမေစကားအတိုင်း ယုံနေတာ၊
ဒီကိစ္စမပြေလည်သမျှ သူကျွန်တော့်ကို တစ်သက်လုံး မုန်းတော့မှာဗျ၊
ကဲ . . . ဦးဂန်ဂျားကြီး ခင်ဗျားစုံထောက်တာကော၊ စရန်ပိုက်ဆံ
တစ်မတ်ပေးထားရပြီးတော့'

'အေး . . . တဲ့နွံစလေးရပြီကွာ'

'ခင်ဗျားက ခုအထိ သဲလွန်စရှိသေးသလား'

ဦးကြီးဖြိုး 'ဟောဒီကိစ္စကို ဒါလောက် အရင်မလိုနဲ့
တက်ကလေးရ၊ ငါအခု စိတ်ကူးတစ်ခုရပြန်ပြီ၊ မင်းဒီရွာက ခဏခွာ
နေလိုက်၊ မိန်းမဆိုတာ မြင်ပါများတော့ ရိုးတယ်၊ ခပ်ဝေးဝေးခွာနေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ လွမ်းတဲ့စိတ်ပေါ်လာမယ်'

'အင်း . . . ဦးကြီးဟာ လုပ်ပြန်ပြီ၊ အရင်ကတော့ ဘာမှ မပူမပင် ပျော်ရွှင်နေတဲ့ဟာန်နဲ့ အိမ်ရှေ့လမ်းသလားနေ၊ သီချင်းဆိုနေ ပလွေမှုတ်နေတဲ့၊ ခုတော့ ဝေးဝေးပြေးရဦးမယ်၊ ကဲ . . . ဘယ်သွား နေရဦးမှာတုန်း'

'မြို့တက်နေပေါ့ကွ၊ နို့ပြီး သူတို့အထင်ကြီးအောင် တစ်ခါ တစ်ရံဘိုင်စကယ်လေး ဘာလေးငှားပြီး ရွာပြန်ခဲ့ပေါ့ကွ'

'ကျွန်တော် ဘိုင်စကယ်မှ မစီးတတ်တာဘဲ'

'ဟိုရောက်တော့ သင်ပေါ့ကွ'

'ဟာ . . . ခွေးကြီးမှ လက်ပေးသင်သလိုကြီး'

'ပညာသင်တာ ရှက်စရာလားကွာ' ဦးဖက်ထုပ်က ဝင်ပြော ကာ 'နို့ပြီး ဓာတ်စက်မောင်းလဲ သင်ခဲ့ကွာ'

'ဘာလဲ . . . ဓာတ်စက်သီချင်း ဖွင့်တာလား'

'အေးကွာ . . . ရွာထဲ အလှူအတန်းရှိရင် ဟိုသူကြီးသား ခေါ်ခေါ်ခိုင်းရတာက မာနကြီးလှတယ်။ သူ့ချော့ရမော့ရတာ အမေ'

'တူလဲ တူ့ပင်ညာနဲ့တူ ချီတော့ မာနတားပေမပေါ့လေ'

ဦးဂန်ကျားကပါ ဝင်ပြောသည်၌ ကျွန်တော်အားတင်းကာ. .

'သင်ခဲ့မယ်ဗျာ၊ ကျွန်တော်သွားနေမယ့် အိမ်က ဓာတ်စက် တော့ရှိမှာပဲ'

ဦးဖက်ထုပ် 'ဘယ်သူ့အိမ်မို့လဲ'

'ဦးမြတ်ချမ်း အိမ်လေ'

'ဟာ . . . တဌေးအိမ်ပဲကွာ၊ မရှိဘဲနေပါ့မလား'





'အဆင်သင့်ပဲ ဟိုဥပုသ်နေ့က ကျောင်းမှာ တွေ့ကြတုန်းက ဦးမြတ်ချမ်းက သူ့အိမ်လာပြုလည်ဖို့မှာသွားတာနဲ့ နို့ပြီး ဟီ . . . ဟီ ဘိုရိရိဆိုတဲ့ ကောင်းမလေးကလဲ သူတို့နံဘေးအိမ်ကတဲ့'

ဦးကြီးဖြိုး. . . 'အင်း . . . မင်းလုပ်လာပြီ၊ ဒီကတစ်မှု မပြီး သေးဘူး၊ နောက်တစ်မှု၊ မင့်အသက် မင်းအရွယ်နဲ့ကွာ'

'ဟာ . . . ဦးကြီးရဲ၊ ဘာပြောတာမှတ်လို့လဲ၊ ဒီကောင်မလေး က စက်ဘီးစီးတတ်တယ်။ သူ့မှာလဲ စက်ဘီးရှိသတဲ့ဗျ။ ကျောင်းမှာ တုန်းက သူ့ကို ကျွန်တော်က ပန်းတွေခူးပေး၊ လူချင်းရင်းနှီးပြီး စကား ပေါ်မိလို့ပြောသွားတာ၊ ကလေးနဲ့ လူကြီးပေမယ့် ကျွန်တော်တော့ သူ့ဆီကပဲ သင်မှာပဲ'

ဦးဖက်ထုပ်. . . 'အေးလကွယ် . . . ပညာရင်နို့ဆိုတာ ကြီးတဲ့လူဆီကရယ်၊ ငယ်တဲ့လူဆီကရယ် ဘယ်ခွဲခြားနေရမလဲ၊ ရရာ သောက်စို့ရမှာ'

ဦးကြီးဖြိုး 'မင်း . . . ဟိုရောက်တော့ မင့်ခေါင်းတုံးကြီးကို ဒိုလ်ဆံတောက်ညှပ်ကွာ၊ မြို့ဟန် မြို့ဂိုက်ဖမ်းပြီး ရွာကို မကြာခဏ ပြန်ခဲ့၊ မိန်းမဆိုတာက ကိုယ့်လင် တစ်သွေးတစ်မွေးဖြစ်နေတာ မြင်ရင် ပြန်ခုံမင်လာမှာကွ'

ကျွန်တော့်ခေါင်းကို ပွတ်ကြည့်မိကာ . . .

'အဆင်သင့်ပဲဗျို့ . . . ဟောဒီဆံပင်တွေ ရှည်နေတာနဲ့ ရောက်ရောက်ချင်း ညှပ်လိုက်မှာပဲ'

'မောင်တက်ပုက ဒီလိုဆိုရင် ရှပ်ခေမှာ မဟုတ်ဘူးကွ၊ တော် ကြာ မြို့သူနဲ့ကြိုက်လို့ တောမပြန်ဘဲနေမှာတောင် စိုးရိမ်ရသေး တယ်။ ဟဲ . . . ဟဲ'



www.burmeseclassic.com

www.burmeseclassic.com



ဦးဖက်ထုပ်က မြှောက်လိုက်၍ ကျွန်တော် အတော်ကလေး အကြည်ဆိုက်သွားပါသည်။ သည်အဘိုးကြီး သက်တော်ရာကျော် ရှည်ပါစေဗျာ။

'ဒါနဲ့ ဦးကြီး . . . ကျွန်တော်မရှိတုန်း ကျွန်တော့်နွားကလေး တစ်ကောင် ဘယ်သူကြည့်ထားမလဲ'

ကျွန်တော်တို့မှာ ပထမရှိစဉ်က နွားတစ်ရှဉ်းဖြစ်ပါသည်၊ သို့သော် လင်မယားကွာသည့်၌ ထုံးစံအတိုင်း ရှိပစ္စည်းတစ်ယောက် တစ်ဝက်ခွဲမှ သူက တစ်ကောင်ယူသွားပါသည်၊ အိမ်ကို ကျွန်တော့် ပေး၍ လှည်းကိုလည်း ယူသွားပါသည်။ ဝမ်းစာစပါးကိုလည်း တစ်ဝက်ခွဲသွားပါသည်။

ဦးကြီးဖြိုး 'မင်းနွားအတွက် စိတ်မပူပါနဲ့ကွာ၊ ငါအိမ်ဆွဲထား လိုက်ပါ့မယ်၊ ခုလဲ စံနဂုတ်ပဲ ကျောင်းနေရတာဘာထူးလဲ'

'အင်း ဒီလိုဆို ဟုတ်ပြီ၊ ရှိတဲ့စပါးတော့ မြို့မှာ သုံးဖို့ရအောင် အကုန်ရောင်းသွားမယ်'

'ဟေ . . . အကုန်မရောင်းနဲ့ တော်ကြာ မင်းတို့လင်မယား ပြန်မပေါင်းဘဲနေကြမှာ မဟုတ်ဘူး။ မိုးတွင်း ဝမ်းစာမရှိဘဲနေဦးမယ် ၃-၄ တင်းလောက်ပဲရောင်းသွား'

'ဘယ်တော့ ပြန်ပေါင်းရမှာမို့လဲ ဦးကြီးရာ'

ကျွန်တော် ညည်းညည်းညူညူနှင့် မျက်နှာကြီးရှုံ့၍ ပြော လိုက်ရာ . . .

'မကြာရပါဘူးကွ၊ ငါ့စကားအတိုင်းသာနေ ဒီလမကုန်ခင် မင့်မယား မင့်အိမ်ပေါ် ပြန်ရောက်စေရမယ် စိတ်ချ'

'ကောင်းပြီ'





ကျွန်တော်တို့ စကားတပြောပြောနှင့် သောက်လိုက်ကြရာ အရက်ကုန်ခါနီး၌ အရီးချစ်စုသည် ချည်ထုပ်ကြီးရွက်၍ ပြန်လာလေ သည်။ အရီးချစ်စုသည် မနက်စောစောကပင် ရက်ကန်းရှယ်ရန် ရက်ကန်းခုံဖြစ်သော အိမ်သို့ချည်ချပြီး ဟပ်ပြီးသားတွေယူ၍သွားပြီး ယခုပြန်လာခြင်းဖြစ်သည်။

အရီးချစ်စုချည်ထုပ်ချ၍ ချွေးတွေသံတွေ သုတ်နေသည်၌ ဦးကြီးဖြိုးက. . .

'ဟယ် . . . ချစ်စု၊ နင့်ငါညက အိပ်မက်က မပြောရသေး ဘူးဟာ၊ နင်ဓောမောပန်းပန်းနဲ့ ပြန်လာတုန်း ဝမ်းသာအောင် ပြောလိုက်ရဦးမယ်၊ ကြည့်စမ်း နင့်အမေရယ်၊ ငါ့အဖေရယ်ဟာ ဆင်သုံးစီးနဲ့ စိန်ရွှေရတနာတွေ အပြည့်တင်လို့တဲ့ဟာ ဟောဟို ဝင်းပေါက်က ဝင်လာပြီး ငါ့သမီးနဲ့ ငါတို့သား ပင်ပန်းဆင်းရဲလှတယ် ဈေး သုံးဖို့ စားဖို့ လှူဖို့ တန်းဖို့ ယူကြစမ်းဟဲ့ဆိုပြီး ဆင်တွေပါထားခဲ့ ပြီး သူတို့က မိုးပေါ်တက်သွားကြတယ်၊ သူတို့ကိုယ်က ပြိုးပြိုး ပြောင်ပြောင်နဲ့ ငါအဲဒီမှာ လန့်နိုးတာပဲ၊ ကောင်းလိုက်တဲ့ အိပ်မက်၊ ငါ ဒီအိပ်မက်မျိုး တစ်ခါမှ မမက်ဖူးသေးဘူး၊ ဒါနဲ့ ခုမနက် ဟောဒီ ဦးဖက်ထုပ်ကြီးကလဲ ထီစာအုပ်နဲ့ အသင့်ရောက်လာတာနဲ့ နင့် ခေါင်းအုံးအောက်က ငွေ ၂ ကျပ်ယူပြီး ထီတစ်စောင်ထိုးလိုက်တယ်'

အရီးချစ်စုမှာ ချက်ချင်းပင်အမောအပန်းပြေသွားကာ. . .

'ဟင် . . . ဟုတ်လား၊ ဘယ်မလဲထီလက်မှတ် ကျုပ် သိမ်း ထားမယ်'

'ရော့ . . . ရော့'

ဦးဖက်ထုပ်အိတ်ထဲ၌ ပါလာသော ဒေါ်ဂျမ်းဘုံ လက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ဟောင်းကို ပေးလိုက်သည်။ အရှိုးချစ်စုက အမြတ်တနိုးကိုင်တွယ်ကြည့်ရှုပြီး . . .

'အတိတ်က ဘယ်လိုရေးလိုက်လဲဟင်'

'ဟာ . . . အိပ်မက်အတိုင်း 'ဆင်သုံးစီးနဲ့ ပစ္စည်းအပြည့်' လို့ ရေးလိုက်တာပေါ့ဟ'

အမှန်ကား . . . ဒေါ်ဂျမ်းဘုံကို ဦးဖက်ထုပ်ရေးပေးစဉ်က 'ဖွတ်ကြီး လင်ပေးစားရန်' ဖြစ်၏။ အရှိုးချစ်စုကား စာနကန်းတစ်လုံးတတ်သူမဟုတ်ချေ။ ကျွန်တော်တို့မှာ မရယ်မိရန် မနည်းကြိုးဆည်ရပေသည်။ ဦးကြီးက နောက်ကြောင်း လုံအောင်လည်းပြု၏။

'ထီလက်မှတ်ဆိုတာက လူများတွေပြရတာမျိုး မဟုတ်ဘူးနော်၊ ကိုယ့်ဟာကိုယ် ကျိတ်ကျိတ်သိမ်းထားရတယ်၊ ကိုယ့်အိပ်မက်ကိုလဲ လူများလျှောက်မပြောရဘူး'

အရှိုးချစ်စု မရွှေလည်ကလည်း . . .

'ကျုပ် နားလည်ပါတယ်တော်'

'အေး . . . မပျောက်အောင် သိမ်းထား၊ ထီဖွင့်တဲ့ရက်ကျမှ ငါ့ပေး'

'ကဲ . . . ရှင်ချစ်စု ငွေ ၂ ကျပ်တော့ ကိစ္စရပ်သွားပေါ့'

ရှင်ချစ်စု ငွေ ၂ ကျပ်တင်ပဲလားတဲ့။ ဘယ်ဟုတ်ဦးမလဲဗျာ၊ အရက်များ မူလာပြီဆိုမှဖြင့် ဤပုလင်းတုံးလုံးလဲသည်၌ ကျွန်တော်မနေနိုင်တော့ဘဲ အိပ်ထဲက ရှိပိုက်ဆံကလေးထုတ်ပြီး . . .

'ကဲ ဦးဂန်ဂျားကြီး နောက်တစ်ချီ သုတ်ချေဦးဗျာ'

ဦးကြီးဖြိုး 'အဲ . . . ငါ့တူက နည်းနည်းလေး မူးမှဖြင့် လာတတ်သကွ'





ကျွန်တော်တင်ပဲလား မဟုတ်သေး။ ဦးဖက်ထုပ်လည်း သူ့အိတ်ထဲက လက်ကျန်တစ်ကျပ်ကလေး ထုတ်ပြန်ကာ . . .

'ဟယ် . . . စုမိမှဖြင့် မထူးတော့ပါဘူးကွာ၊ ဒီနေ့ အမူးပဲသောက်တော့မယ်၊ သငမလေးကို နောက်တစ်အုပ်ကျမှ မြတ်တာအတုန်ယူလို့ပြောလိုက်မယ်'

ဦးဖက်ထုပ်သမီးမှာ ရှာ၌ တော်တော်လေး ချောင်ချောင်လည်လည်ရှိသူဖြစ်သည်။ ထို့ကြောင့် အိမ်တွင် ဘာမှမလုပ်ချင်၊ အမ်းလျှောက်လေပန်းနေချင်သော ဖအေအိုကြီးအား အလဟဿဖြစ်အောင် ထီစာအုပ်များဝယ်ပေးထား၏။ အမြတ်ကို တစ်ယောက်တစ်ဝက်ယူသည်။ အဘိုးကြီးက ရသမျှသောက်သည်။ ထမင်းကိုသမီးအိမ်မှာစား၏။ သငယ်မလေးမှာ သူ့သမီးကို 'သူငယ်မလေး'ဟုခေါ်ခြင်းဖြစ်၏။

ဤတွင် ဦးကြီးဖြိုးကသူ့တွင် အခုနကကျန်သော ငါးမူးလေးကိုလည်းထုတ်၍ . . .

'ကဲ . . . ဒါဖြင့် အရက်တင်မဟုတ်ဘူး၊ ဟင်းကလေးပါဖြစ်အောင်လုပ်ကြမယ်၊ အိမ်ရှေ့အိမ်က မိနက်လေးက ကြက်ရောင်းချင်တယ်လို့ ပြောသံကြားတယ်။ ဒီအချိန်ပြောင်းစိုက်တော့ ခြင်းထဲလှောင်ထားတာ အဆင်သင့်ဖြစ်မှာပဲ'

ဦးဖက်ထုပ် 'ဟာ . . . ဖြိုးကြီးရ မင့်ကြက်က ဘယ်လောက်နဲ့ ရမှာမို့လဲ၊ ငွေလေးစုစုပေါင်း နှစ်ကျပ်ခွဲတည်းနဲ့ အရက်နည်းနေဦးမယ်'

ဤတွင် စုံထောက်ကြီး ဦးဂန်ဂျားက သူ့နဘေး၌ချထား သောသူ့အားမကြီးကိုမြှောက်ပြ၍ . . .



www.burmeseclassic.com

www.burmeseclassic.com



'မနည်းရဘူး . . . မနည်းရဘူး'

ဦးဖက်ထုပ် 'ဟယ် . . . အရက်မနည်းရအောင် မင့် တေး ကြီးနဲ့ ဘာလုပ်မှာလဲဟ'

'အမယ်နေး . . . ညမယ် အိမ်မှာ ဒီတေးမက တစ်လုံးထား သောက်နေကျ'

ယင်း၌ ဦးကြီးဖြိုးက . . .

'တယ် . . . ပွဲတော်မြိုင်ပဟေ့၊ အားလုံးထမင်းပါ ဒီမှာ စားရအောင်၊ ချစ်စု ချက်ဟေ့၊ တို့ထီပေါက်မယ့်လူတွေပဲကွာ ခုနှယ်က စအလှူပြုကြတာပေါ့' ဟုဆိုပြီးနောက် အိမ်ရှေ့အိမ်သို့ လှမ်း၍ . . .

'ဟေ့ . . . မိနက်ကလေး မိနက်ကလေး'

'တော'

'နင် ကြက်ရောင်းမယ်ဆို'

'အေး'

'ဘယ်ဈေးလဲ'

'ပေါက်ဈေးပေါ့'

'နှစ်ကျပ်ခွဲလား'

'အမယ် . . . သုံးကျပ်မတတ်တင်းပါတော်'

'အေး . . . အေး . . . နင့်ကြိုက်ဈေးပဲပေးမယ်၊ ဘယ် လောက်သားလောက်ရှိမလဲ'

'ချိန်ကြည့်ပေါ့၊ ၅၀ သား ၆၀ သားလောက် နေမှာပဲ'

'အဆင်သင့်ပဲဟေ့ ဖမ်းပြီးလား'

'ပြောင်းခင်း ယက်လွန်လွန်းလို့ ခြင်းထဲ လှောင်ထားတယ်'

ဤတွင် ဦးကြီးဖြိုးက ကျွန်တော့် ဘက်လှည့်ကာ . . .





'ကဲ တက်ကလေး ဒီဘက်ကတော့ မင့်ကိစ္စလုပ်ငန်းပဲကွ'

ကျွန်တော့်မှာ ကြက်ကိုင် ကြက်ဖျက်၊ အချက်အပြုတ်တွင် ယည်ရသူဖြစ်သည်။ ရွာပြောက်ဖွားသွားရသော ခြေမြန်တော် ...န်ကျား ပြန်မရောက်မီတွင် မီးဖိုပေါ်တင်မိလေသည်။

ကျွန်တော် မီးကုန်းမှုတ်နေစဉ် အိမ်ရှေ့မှ ဦးကြီးဖြိုးက . . .

'ဟေ့ တက်ကလေး၊ ဟော့ဒီမှာ ဖွားသက်က စပါးခြင်ပေး ...တဲ့'

'ဟာ . . . အလျှင်လိုလိုက်တာဗျာ'

'ဒီနေ့ နေမီအောင်ပါ မောက်တက်ပုရယ်'

'သွား . . . လိုက်ခြင်ပေးလိုက်ပါကွာ၊ ဟင်းအိုး ငါကြည့် ...က်ပါမယ်'

'ဒါဖြင့်လာ၊ ဟော့ဒီလက်စရေခန်း ဟော့ဒီ ငရုတ်ဆုံထဲက ...ထည့်၊ အဲဒီရေဆူလို့ ခဏကြာရင်ချ၊ ကြက်နုနုလေးသိပ်မနူးစေနဲ့ ...ရေချိုတော်ပြီ'

'စိတ်ချလက်ချ သွားစမ်းပါကွ၊ ငါလဲ ကာလသားလုပ်လာ ...ာ ကာလသားချက်နားလည်ပါတယ်'

'အသက်ကြီးတော့ မေ့များမေ့လားလို့ဗျာ'

'ဒို့ပြင်ဟာ မေ့ချင်မေ့မယ်၊ ဒါမျိုးတော့မမေ့ဘူးဟေ့'

ကျွန်တော်ခေါင်းတွင်ပေါင်းထားသော တဘက်နှင့် လက်ပါ ...တ်ရင်းအပြင်ရောက်လာသောအခါ၌ . . .

'မသက်ကလေး ခင်ပျာ့ခြင်တောင်းပါရဲ့လား'

'တင်းမပါဘူး၊ နင့်အိမ်မှာမရှိဘူးလား၊ ဒါဖြင့် ငါဒေါ် သာ ...တို့အိမ်ဘက် လှည့်ဝင်ပြီးယူခဲ့မယ်။ နင်သွားနှင့်'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အိမ်ပြန်ရောက်သောအခါ ပုတ်ပေါ်က နီးကြေ
ဖျာကြီးကိုမြေမှာဖြန့်ခင်းပြီး လူက ပုတ်ထဲဆင်း၍ အိမ်ကတင်းကြီး
စပါးထည့်ထားနှင့်၏။ မဖွားသက်ရောက်လာသောအခါ . . .

'မသက်ကလေး ဒီမှာလာချ' ဟုခေါ်ပြီး ကျွန်တော်ပုတ်
က မ,ပေး၍ သူကရွက်ယူပြီး ခင်းထားသောဖျာကြမ်းပေါ်မှာချ
ကျွန်တော်ပုတ်ထဲက ထွက်လာပြီး သူယူခဲ့သော ခြင်းတောင်း
ဆတ်ခနဲ ပက်လောင်းကလေး လောင်းထည့်လိုက်ကာ ဖြုတ်
ဇလုတ်တိုက်လိုက်သည်။

'ဟယ် . . . တက်ပု၊ နင့်ဇလုတ်က ခုတ်လိုက်တာဟ
ဒီလိုဆိုရင် တို့ခေါင်းရွက်သည်ကလေးတွေ သေရောပေါ့ဟယ်'

ကျွန်တော်သည် ရှာ၌ စပါးတင်းခြင် မောင်ဖိုးဝင်
နာမည်ကြီးသော ဦးဘိုးဝင်ကြီးနည်းကို ခိုးလိုက်ခြင်းဖြစ်သည်။ တင်
ခြင်ခေတ်တွင် ဦးဘိုးဝင်အား စပါးဝယ်ယူတိုင်းကြောက်ကြသည်
ခြင်တောင်းထဲထည့်ပုံကိုက ဆတ်ခနဲလောင်းလိုက်ရာ လေဟပ်၍
ဖွပ်ခနဲမြည်သွားသည်။ ဇလုတ်တိုက်ပြီးသောအခါ၌ တင်းအပြည့်
ဒူးနှင့် တိုက်ချလိုက်သော် လက်သုံးလုံးလောက် ဟောက်ပက်ဖြစ်သွား
၏။ မကျေနပ်၍ ပြန်ခြင်ခိုင်းကြည့်၊ သည်တောင်းနှင့် သည်စပါး
အပြည့်ပဲဖြစ်နေသည်။

ကျွန်တော်ကား သူ့လို လက်သုံးလုံးလောက် ဟောက်
အောင်တော့ မစွမ်းပါ။ မသကာ လက်တစ်ဆုပ်စာ‌လောက် လျော့
တော့မပေါ့။ သို့သော် မဖွားသက်ကလေးလို သူဆင်းရဲမအဖို့ လက်နှစ်
ခုပ်စာက အရေးကြီးလှပါသည်။ ထို့ကြောင့် ကျွန်တော် သုံးလေး
လက်ခုပ်ကျုံး၍ ထည့်ပေးလိုက်၏။





'ကျေးဇူးပါပဲ မောင်တက်ပုရယ်။ တို့ ဆင်းဆင်းရဲရဲ ပင်ပင်
ပန်းပန်း လုပ်စားရတာ ဒီနှစ်များတော့ ဝါကြီးထပ်မို့ ခါတိုင်းနှစ်ထက်
တစ်လတောင် ပိုလုပ်ရဦးမှာပဲလို့ အောက်မေ့မိပါတယ်'

'အင်း . . . ကုသိုလ်ကံပေါ့ဗျာ'

'ငါ သွားလေသူမောင်လေးကို သတိရတယ်ဟယ်'

သူမျက်ရည်စို့လာသည်။

'သခါရပေါ့ဗျာ'

'သောင်းကျန်းသူတွေနဲ့ အစိုးရ နှစ်ဖက် သင့်သင့်မြတ်မြတ်
ဆိုရင် သူ စောစောစီးစီးသေမယ်မဟုတ်ဘူးဟယ်'

'ဒါတော့ ဒါပေါ့ဗျာ၊ ဒါနဲ့ မသက်ကလေး . . . ကျွန်တော်
အောက်ထပ် စပါးငါးတင်းလောက် ရောင်းချင်သေးတယ်'

'ဒီဈေး သုံးပဲတင်းနဲ့ပဲလား'

'မသက်ကလေး ယူမယ်ဆိုရင် ပေးမယ်လေ'

'ဟယ် . . . ငါ့ချည်းတော့ ငါးတင်းကြီး မတတ်နိုင်ဘူးဟယ်၊
နှစ်တင်းလောက်ပဲ'

'အေး . . . ဒီနှစ်တင်းပဲ သုံးပဲတင်းနဲ့ ပေးမယ်လေ၊ ဒီပြင်
လူတွေဆိုတော့ ခုပေါက်ဈေးပဲတင်းပဲ၊ ကျွန်တော် တစ်ခါတည်းရောင်း
ချင်တယ်။ မသက်ကလေးက ဝယ်မယ့်သူခေါ်ခဲ့'

'အေး . . . ငါအေးခင်တို့၊ ဘုတိုတို့ လုံမတို့ခေါ်ခဲ့မယ်၊ သူတို့
တစ်ယောက်တစ်တင်းစီတော့ ယူကြမှာပဲ၊ နင်ဘယ်တော့ရောင်း
ချင်လဲ'

'ခုညနေပဲ၊ ကျွန်တော် နက်ဖြန်မြို့သွားနေမလို့'

'ဟယ် . . . ဒါဖြင့် တစ်တင်းဖိုးကို နောက်မှယူဟယ်၊



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နင်ဘယ်သူ့အိမ်နေမလဲ၊ ဦးမြတ်ချမ်းအိမ်မှာပဲ မဟုတ်လား၊ ဆန်ရောင်းသွားရင်းနဲ့ သူတို့အိမ်မကြာခဏရောက်တယ်၊ ငါဝင်… မယ်ဟယ်'

'အင်း . . . ကောင်းပြီလေ'

ထို့နောက် မဖွားသက်က စပါးတောင်းရွက်၍ ကျွန်တော်… သူနှင့်အတူ ဦးကြီးဖြိုးအိမ်လာရင်း ပါခဲ့သည်။

'နင် မြို့သွားပြီးဘာလုပ်မှာလဲ၊ ဒီလို သားတစ်ကွဲ၊ မယား… တစ်ကွဲနေတာ မကောင်းပါဘူးဟယ်'

BURMESE CLASSIC .com

'ကျွန်တော်လဲ မနေချင်ပါဘူးဗျာ'

'နင့်မိန်းမကလဲ နင့်မပြတ်ပါဘူးဟ၊ သူ့အမေကြီးကြောင့်'

'ဟုတ်ပါတယ်၊ ဒီယောက္ခမကြီးကြောင့် ခက်နေတာ'

ကျွန်တော် ဦးဖြိုးအိမ်ရှေ့ရောက်သည်၌ လှချင်းခွဲ၍ ထ… သည်။ ဦးဂန့်ဂျားလည်းပြန်ရောက်၊ ဟင်းလည်းကျက်ပြီဖြစ်… သောက်ပွဲစရန် သူတို့ ကျွန်တော်တို့ကို စောင့်နေကြသည်။ ကျွန်တော်… အိမ်ပေါ်ရောက်သည်၌ အိမ်ရှေ့မှ . . .

'ဘကြီး . . . ဘကြီး . . . ဘကြီးမရှိဘူးလား'

ဦးဖက်ထုပ်သမီး၏ လင်ဘက်က တူမကလေး ဦးဖက်ထု… ကို လာခေါ်ခြင်းဖြစ်သည်။ ဦးဖက်ထုပ်က မရှိကြောင်းပြော… လက်ကာပြသဖြင့် ကျွန်တော်က . . .

'ဟေ . . . ဘယ်ဘကြီးလဲဟ'

'ဘကြီးဖက်ထုပ် အရီးလေးက ခေါ်ခိုင်းလို့'

'ဟေ . . . နင့်ဘကြီးဖက်ထုပ်မရှိဘူးဟ'

'အမယ် . . . မဝါပါနဲ့၊ ဒီအိမ်မှာ အရက်သောက်နေသ…





'ဟဲ့ကောင်မလေး မဟုတ်က ဟုတ်က အိမ်ရှေ့က အော်ကြီး… စ်ကျယ်နဲ့'

'အော်တယ် . . . အော်တယ် . . . ဘာဖြစ်သလဲ၊ ဦးလေး… တက်ပုကြီးက'

'ဟဲ့ . . . ငါမရှိလို့ မရှိဘူးပြောတာပဲ'

'အမယ် . . . ရှိပါတယ်၊ ကျွန်မဝင်ကြည့်မယ်'

သူ့အသံစွာကျယ်ကြားသည်နှင့် ဦးဖက်ထုပ်က အခန်းထဲ… ဝင်သွားပြီဖြစ်၍ ကျွန်တော်က . . .

'လာကြည့်ဟယ် . . . ကြည့်ဟယ်'

သူလှေကားမှ ခေါင်းပေါ်အောင်တက်ကြည့်ပြီး မမြင်သည်… ပြန်လှည့်ဆင်းသွားကာ . . .

'ရှိမှာပါပဲ၊ အရက်ဝိုင်းတွေ့နေတာပဲ၊ အခန်းထဲပုန်းနေမှာပါ၊ …သေခါနီးကြီးက အဘိုးကြီးတန်မဲ့နဲ့ လူများအိမ်ခန်းထဲဝင်ရဲပေမယ့် …မိန်းကလေးတန်မဲ့နဲ့ ဝင်မကြည့်ကောင်းလို့သာပေါ့၊ သင်းတို့တွေ… လူကြီးဖျက်ဆီးနေကြတာ' စသည်ဖြင့် မြည်တွန်တောက်တီးသွား… ဖြင့် ကျွန်တော်က အရက်ဝိုင်းဝင်ထိုင်လိုက်ပြီး . . .

'ဟောဒီ ကောင်မလေးဟာဗျာ၊ ထဘီရင်လျှားကလေးဖြစ်မှ… ယ်နှယ်ပါးစပ်က ဗရစ်ဗတောက်များမှန်း မသိဘူး၊ နို့ပြီးတစ်ဆိတ်ရှိ… အော်တတ်လိုက်တာကလဲ နားကိုစူးရော'

ဦးကြီးဖြိုး . . . 'ဟ . . . တက်ကလေးရ ဒါဟာ သဘာဝကွ၊ …ကြည့်ပါလား၊ ကြက်မတမ်းမလေးဖြစ်လာလို့ ကြက်ဖအနားကပ်ခဲ့ချင် …ဆိုရင် ပါးစပ်က ဂေါ် . . . ဂေါ် . . . မြည်လာတယ်၊ နို့ပြီး တစ်ခု… …ဖြစ်ရင်လဲ ရွာကျော်အောင် 'ကတော်' တတ်တယ်မဟုတ်လား၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ သူလဲမတမ်းကလေးဖြစ်လာတော့ ဂေါ် ဂေါ်မြည်လာ
ပေါ့ကွ၊ အဲ . . . မြည်းစမ်းဟေ့၊ မင့်ကြက်သား ငါ့ချက်ကနီး
ခွေးတောက်ရွက်ကလေး ရိပ်ရိပ်လှီးထည့်ထားလိုက်သေးတယ်'

ကျွန်တော် တစ်ရှုပ်သောက်လိုက်ပြီး ကြက်သား ရေက
ကချို၊ ခွေးတောက်ရွက်ဖတ်ကလေးက ခါးတော့ . . .

'နိပ်ပေ့ဗျာ၊ ခံတွင်းကို ရှင်းခနဲ ရှင်းခနဲဆွေမျိုးမေ့သွားတာ

'ဒါပေမယ့် မင့်မယားတော့ မမေ့လောက်ဘူးမှတ်လားကွ'

ဦးကြီးက ရယ်သွမ်းသွေးလိုက်ရာ . . .

'ဟာ . . . ကျွန်တော် မငွေမြိုင်တော့ ဘယ်မေ့နိုင်မလဲ
အဆိုကလေးနဲ့ ပြောရဦးမလား'

ကျွန်တော် ရုတ်တရက် လူပျိုပေါက်က ကျက်ထားသေ
သီချင်းကိုသတိရ၍ . . .

'တကယ်မမေ့ပါဘူး၊
ဘယ်နေ့ဘယ်အခါမှ၊
တို့နှစ်ဖြာ ပြန်ကြင်ရမည်သည့်၊
ရင်ဝမှာတဲ့ဗလောင်ဆူ။

အပူမီးငယ်နဲ့
အုသည်းတွေ ကျွမ်းကြွေလုပါပဲ၊
လွမ်းပွေ့မှု မြာမြာလှိုင်ပေ၊
မာလာမြိုင် သဇင်ပန်းကိုဖြင့်၊
ဘယ်အခါ ပြန်ဆင်မြန်းရပန့်၊
တမ်းတ, လို့ပူ။ ။





တစ်နေ့ဝင် တစ်နေ့ထွက်ပါပဲ၊
မြေမရှင် ပွဲရတက်ကယ်နဲ့၊
ရေတွက်ပါလို့ ရက်ကိုယူ၊
သူမှာတော့ နေနိုင်အား။ ။

စိမ်းတဲ့သူရယ်၊
တိမ်းငဲ့ကာ ဖြုံးစုလို့၊
မကြည်ဖြူ တစ်မူထပ်ပုံဖြင့်၊
တစ်ဖက်လူ အသက်ရှူကျပ်လှချည်၊
ဝေးရပ်မြေခြားမှာတော့ . . .

(မြိုင်ရေ) မင့်ကြောင့် ဆွေးစာတ်တွေပွား (ဩော် . . ကျွန်တော်
တက်ပုအဖြစ်နဲ့ဆိုတော့ ဆွေးစာတ်တွေပွားရအောင်လို့ ဝေးရပ်
မြေခြားကိုတဲ့ အခုသွားရဦးမှာကလား ဟား . . . ဟား . . . ဟား
. . . ဟား . . . ဦးကြီးရယ်'

မိမိကိုယ်မိမိတော့ အသံဝါကြီးနဲ့ရယ်လို့ အောင်မောင်းကြီး
တိုင်မျိုး အားရပါးရကြီး ဟဲချလိုက်ပါတယ်၊ တကတည်း ကိုယ့်အဆို
ပြီးလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ လား လား အနားတစ်ယောက်မှ
မရှိကြတော့ဘူး၊ အရက်ပုလင်းနဲ့ ကြက်သားပန်းကန် ထားပြီးတော့
တောင် ပြေးကြတာကိုး။

တစ်အောင့်လောက်ကြာမှ ဦးကြီးဖြိုး ထရံပေါက်က ခေါင်း
ပြူလာပြီး . . .

'မင့်အဆို ပြီးပလား'



www.burmeseclassic.com

www.burmeseclassic.com



'ပြီးပါပြီဗျာ'

သူနောက်ဘက်ခေါင်းလှည့်၍ . . .

'ဦးဖက်ထုပ်တို့ ဖင်ကြားကြီးတို့ လာကြတော့ဟေ့၊ ပြီးပဗွဲ'

ဦးဖက်ထုပ် (စိတ်မချသံနှင့်) 'သေချာအောင်မေးပါဦးကွာ'

ကျွန်တော်ာ် စိတ်ပေါက်ပေါက်ရှိကာ. . .

'ဟာ . . . ဘုရားစူးရပါစေ၊ ကာလနာ တိုက်ရပါစေရဲ့၊ နေနဲ့အတူ ဝင်သေပါစေရဲ့ မဆိုတော့ပါဘူးဗျာ၊ ခင်ဗျားတို့ဟာသူခုမ အရသာမှ မခံစားတတ်ကြတာကိုး'

ဤမှ သူတို့အားလုံး အခန်းထဲက ထွက်လာကြကာ ဦး ဂန့်ဂျားက . . .

'ဒီအသံညိုးတတက်နဲ့ တခါကြုံကြုံဘူးပေါင်ဗျာ'

ဦးဖက်ထုပ် 'ငါအခုအသက် ၆၀ ကျော်ပြီကွာ၊ ဘယ်လိုဆိုဆို ဘယ်အပေါက်မှ မဝင်တဲ့မင့်အသံမျိုးတော့ မကြားဖူးသေးဘူး ရှားတယ် ရှားတယ်၊ ဒါ ပါရမီတစ်မျိုးပေါ့၊ သူ့ပါရမီနဲ့သူဖြစ်တာ'

ဦးကြီးဖြိုး. . . 'တက်ကလေးရေ မင့်ငါအရင် သီချင်းဆိုခိုင်း တုန်းက မင်းကမဆိုချင်ဘူး၊ ငြင်းတာဟာ အရပ်ကံကောင်းတာပဲကွ၊ တကယ်လို့ မင်းဆိုရင်လဲပဲ၊ ပလွေမှုတ်တာက သုံးရက်ကြာမှ ပလွေ ကျော်ဇောဖြစ်တယ်။ အဲဒီသီချင်းသာဆိုရင်တော့လားကွာ။ နှစ်ရက် မခံဘူးဟေ့၊ ပထမနေ့ပဲ အဆိုကျော်ဇောဖြစ်မယ်ကွ'

'နေပါဦး ဦးကြီးဖြိုး ကျွန်တော် လာပါ လာပါ မကြည်ရဲ့တ သီချင်းမှုတ်တော့ ဦးကြီးဖြိုးအသည်းစွဲဖြစ်ခဲ့တဲ့ ဝလကြည်မျှား သတိ မရဘူးလား'

'ဟာ . . . သူ့အတွက် ရင်ထုမနာ ဖြစ်လိုက်တာကွာ။ ခမျာ





သေစောတာ ကံကောင်းသွားတယ်။ သူလူဝင်စားပါဖြစ်နေလို့ မင်း သံများ ခုထပ်ကြားရင်လား ခုထပ်သေတယ်'

ဤသို့ ဩဘာတွေပြုနေကြရာမှ နောက်တစ်ယောက်တိုး သေးသည်။ ထန်းတက်ဝိဇ္ဇာမွန်းဗိုလ်ခိုလှေကားတက်မှ ခေါင်းပြု ပြီး . . .

'ငါလခွီး၊ တက်ပုသီချင်းဆိုတာ ငါ့အစဦးခပ်လှမ်းလှမ်းက ကြားတော့ ဒီအိမ်ဘုန်းကြီးတွေ ပရိတ်ရွတ်နေတယ် အောက်မေ့လို့ ဟာ ထန်းရည်ကျည်တောက်ယူရအောင် လာတာဖြစ်လေတော့၊ ဟာ ထန်သေးဘူးဆိုပြီး နောက်ပြန်လှည့်မယ်လုပ်နေတုန်း ဘာလဲ၊ မင်း နောက်ပိုဏ်းအော်ချလိုက်တာ 'ပွေ့သတ်မြေကြားမှာတော့ ခွေးဇာတ် ယွှပ်ဖွား' ဆိုလား၊ အဲဒါကြားမှ အသံသဲကွဲပြီး ဟာ တက်ပုမယား ဆူနေတာဆိုပြီး နားပိတ်လာခဲ့ရတာကွ။ ဘယ်မလဲပေး၊ ငါ့ရေ ည်တောက်၊ မင်းနောက်ထပ်ဆိုနေမှာဖြင့် ငါမြန်မြန်ပြေးတော့မယ်'

ဦးကြီးဖြိုး. . . 'မဆိုတော့ပါဘူးတဲ့ကွာ။ ကျိန်စာတွေ ဘာတွေတိုက်ပြီးပါပြီ။ ကဲ . . . မင်းထန်းရည်ကျည်တောက် အသာ ားဦး၊ ဒီမှာ ပြည်တော်ဝင်သာလိုက်ပါဦး၊ ဦးဖက်ထုပ်က ထန်းရည် ပထမမကာဖွင့်ပြီး အခုကြက်သားတွေ ဘာတွေချက်ပြီး မြမယ်နဲ့ ည်တော်သာနေကြတယ်။ ကဲ . . . ရော့လုပ်'

ဗိုလ်ခိုးခေါင်းခါကာ 'ဟာ . . . နေပါစေဗျာ၊ ခင်ဗျားတို့ ပ်ကြပါ'

'တို့လုပ်တာ များနေပြီကွ၊ ရော့ . . . လုပ် . . ဟော့ဒီမှာ နောက်တစ်လုံးရှိသေးတယ်'

ဦးဖက်ထုပ်. . . 'လုပ်လကွာ၊ ပေါတုန်း လှိုင်တုန်းကလေး'



www.burmeseclassic.com

www.burmeseclassic.com



ဦးဂန်ဂျား. . . 'နုတ် နုတ် ဗိုလ်ကိုရ၊ အရှင်တင့်တုန်း'

ဤတွင်မှ ဗိုလ်ခိုယူ၍မော့၏။ ယင်းအကြိုက်တွင် အိမ်ရှေ့လမ်းမ၌ ကျောင်းသားလွယ်အိတ် ကျောက်သင်ပုန်းတွေနှင့် တရုန်းရုန်းပြေးလာကြသည်ကို မြင်ရသည်နှင့် ကျွန်တော်အံ့အားသင့်ကာ

'ဘယ့်နှယ် ဘုန်းကြီးကျောင်း မီးလောင်လို့ပဲလား၊ ကျောင်းသားတွေ အချိန်မပျော်တ် ကျောင်းဖြုတ်လွှတ်လိုက်ပါလား'

နောက်မှ ရောက်လာသော ဗိုလ်ခိုသည် အရက်ပန်းကန်ကိုပြန်ချ၍ နှုတ်ခမ်းပါးနား လျက်လိုက်ပြီး. .

'ဟိုသင်းလကွာ၊ ဒီနေ့ သူကြီးသားစံအေးလေးကို သုံးဘီးဘိုင်စကယ်ဝယ်ပေးတာ၊ ရွာက ကလေးတွေအားလုံးကြည့်ရအောင်တဲ့၊ ကျောင်းတစ်ရက် ပိတ်ပေးလိုက်တာလကွာ၊ သူကြီးကလဲ ဒီကနေ့ညနေအထိ ကြည့်ခွင့်ပြုမတဲ့၊ စံအေးက သူတို့တလင်းထဲမှာ စီးပြမယ်ဆိုပဲ'

'ဟင် . . . ဟုတ်လား၊ ဒီလိုဆိုကိုယ်တို့လဲ သွားကြည့်ဦးမှထင်ပါရဲ့'

ဦးဂန်ဂျား. . . 'အမယ်နေးကွာ ဘာချန်းတာမှတ်နို့၊ ငါ ညီတစ်ခါသွားရင် တစ်ခါ ညင်ခဲ့ဘူးပါတယ်။ သုံးဘီးဘိုင်စကယ်ချိတာက ရှေ့က နှစ်ဘီး၊ နောက်ဘက်က တစ်ဘီးကွ၊ စီးတော့ရင်လူက နောက်ပြန်ကိုင်ရတယ်ကွ၊ အဲ . . . လမ်းမတိုက်မိအောင်စီးတဲ့လူက တမင်နယ်ပြန်လှည့်လှည့် ကြည့်ရတယ်ကွ'

ဦးဖက်ထုပ်. . . 'မင့်ဟာ ဟုတ်သေးမယ် မထင်ပါဘူးဂန်ဂျားကြီးရာ၊ ကလေးနောက်ပြန်စီးနေတာ တွေ့ခဲ့ထင်ပါရဲ့'

ဦးဂန်ဂျား 'ဘိုင်စကယ် နောက်ပြန်စီးလို့ရသလား ဦး





ဖက်ထုပ်ကဲ့၊ ကိုယ်လဲညီ့ကလူတွေ နှစ်ဘီးဘိုင်စကယ် စီးစီးနေတာတွေ့ခဲ့ဘူးသားဘဲ'

ဦးကြီးဖြိုး. . . 'သုံးဘီးဘိုင်စကယ်က နောက်ပြန်လဲရသတဲ့၊ ခြေစုံယောက်လုပ်နေပြီး ဘိုင်စကယ် ရှေ့မှန်းနောက်မှန်း မသိဘူးသွားကြည့်ထားဦး'

'ဟင် . . . ဟုတ်နား၊ တွားတော့ကြည့်ရဦးမယ်လေ၊ ကိုယ်ကတော့ ဘယ်အချိန်တွားကြည့်ကြည့်ဖြစ်ပါတယ်၊ တကြီးနဲ့ ကိုယ်နဲ့ခင်တားဘဲ ကိုရင်ဖြိုး ကျုပ်တော်ပီ၊ နောက်မှလာတဲ့ ဗိုလ်ခိုကို ခွက်ဆင့်ပေးနိုင်ကပါ'

ဦးကြီးဖြိုး. . . 'လုပ်ပါ ဘယ့်နှယ်တော်ရမလဲ၊ နောက်တစ်လုံးရှိနေသေးတာပဲ၊ ဗိုလ်ခိုအလှည့်ကျတော့ ကိုယ်ခွက်ဖြည့်ပေးပါမယ်'

ဗိုလ်ခို. . . 'ဟာ ကျုပ်တော်ပြီ။ ကိုရင်ဖြိုးတို့လုပ်ပါ၊ ကျုပ်သွားမယ်'

'ဘယ့်နှယ် သွားရမလဲကွယ်၊ ဒီမှာ ထမင်းစားပါကွ၊ မင်းတို့အရီးချစ်စုက ဒီနေ့ထီထိုးတာ မင်္ဂလာယူပြီး မင်္ဂလာထမင်း ကျွေးမှာတဲ့'

ဗိုလ်ခိုက မီးခိုးချောင်ဘက်လှမ်း၍ . . .

'ဟင် . . . ဟုတ်လား အရီးချစ်စု'

သူ့လင် အိပ်မက်ကောင်းပုံနှင့် ထီပေါက်တော့မည်ဟုဝမ်းသာနေသော ဒေါ်ရွှေအကလည်း . .

'အေး . . . စားသွားဟဲ့၊ ဟင်းလဲကောင်းတယ်၊ ကြက်သားရယ်၊ လဲလူရွက်နဲ့ ဆူးပုပ်ရွက်နဲ့ ဟင်းချိုလေးရယ်၊ မြူရွက်သုတ်ရယ်ရှိပြီး ငါးပိထောင်း သံပရာရည်ညှစ်မယ်လေ'



www.burmeseclassic.com

'ဟာ . . . တယ်ကောင်းပါလား မြိန်စရာကြီးပဲ'

ယင်းအခိုက် နံနက်ဆွမ်းခံဝင်ဂိုန် နွားများသွင်းလာပြီဖြစ်၍ ကျွန်တော်က အိမ်ကနွားပြန်ချည်ရန် သွားမည်အပြုဦးကြီးဖြိုးက . .

'ဟေ့ . . . မင်းမသွားနဲ့' ဆိုပြီး နွားသွင်းလာသော သူ အား 'ဟေး စံနဂုတ်၊ တက်ပုနွားပါအိမ်ထဲမောင်းသွင်းပြီး မြက် အဟောင်းကလေးမှာ ချည်ထားလိုက်စမ်းကွာ၊ ဒီနေ့ကစပြီး သူ တို့အိမ်ထားရမယ်'

အိမ်အောက် နွားများ ချည်ပြီးပုံပေါ်သည်နှင့် ဦးကြီး ကပင် . . .

'ဟဲ့ကောင်လေး . . . လာ . . . တစ်ခွက်လောက်သော ချင်ရင်'

ဦးဖက်ထုပ် . . . 'ဟဲ့ . . . မင်းက ကလေးစဖျက်ပလား'

ဦးကြီးဖြိုး . . . 'ဒါဖျက်တာမဟုတ်ဘူး၊ လူရည်လည်အောင် ကျင့်ပေးတာ၊ ဒီမှာ ဦးဖက်ထုပ်ရဲ့ ပျက်မယ့်လူဆိုတာက ဘယ်လို နှိပ်ကွပ်နှိပ်ကွပ် ပျက်တာပဲ၊ အဲ ပျက်မယ့်ပျက်ရင် ငယ်ငယ်ကတည် က ပျက်ပစေ၊ ကြီးမှပျက်ရင် အဖတ်ဆယ်မရတော့ဘူး၊ ကြည့်ပါလား ဗျ . . . မရမ်းကုန်းက မောင်တက်ပုတို့ ဦးလေးမောင်ဖိုးရီကို'

'အေးဗျာ၊ ဘိန်းတောင် စွဲနေပြီလိုလိုကြားတယ်၊ ဖွလွှဲပါစေ ပယ်ပါစေဗျာ၊ ဘိန်းတော့ မစွဲစေချင်ဘူး၊ ဘိန်းစားဖြစ်ရင် အောက်တန်းစားဖြစ်သွားရော၊ ကျုပ်ဦးလေး လူချော သဘောကောင်း ဗျ၊ နွားသမားတွေ ဝိုင်းဖျက်ကြတာ ကျုပ်တို့ ဂုဏ်ယူရတာက ဒီရွာ ရွာမျိုးနေပြီး ကျုပ်တို့သွေးထဲမှာ ဘိန်းစားမရှိဘူးဗျ'

ဦးကြီးဖြိုး . . . 'အေး မင်းဦးလေး မောင်ဖိုးရီစွဲရင်တော့





ဈေးဦးပေါက်ပေါ့ကွာ'

'အင်း . . . ခုနှယ် သူစွဲရင်တော့ ခက်မယ်၊ စီးပွားကလဲ ပျက်နေတော့ ဘိန်းရှူစရာမရှိရင် တရုတ်အိမ်မှာ ကလေးထိန်းရမယ်၊ အနှိုးလျှော်ရမယ်၊ တရုတ်မိန်းမကို နင်းပေးရမယ်၊ ဝက်စာကျွေးရမယ်'

ဦးကြီးဖြိုး . . . 'အေးလေ . . . ဒါမင့်ဦးလေး မျက်မြင် ကိုယ်တွေ့ပဲ၊ ဒါသူသိလျက်နဲ့ မိုက်မယ်ဆိုလဲ မိုက်ပေါ့၊ သူတို့ မရမ်း ကုန်းရွာက အင်မတန် ဘိန်းစားပေါတာပဲ၊ ဘိန်းစားငယ်တော့ သူခိုး၊ ဘိန်းစားကြီးတော့ တရုတ်အိမ်မှာ ဘိန်းကျွန်ဖြစ်'

ဦးဖက်ထုပ် 'နေပါဦး မရမ်းကုန်းက ဘယ့်နှယ်ကြောင့် ဒါလောက် ဘိန်းစားပေါရတယ်မသိပါဘူး'

'ဒါ ရပ်ရွာလူကြီးလုပ်တဲ့လူတွေနဲ့ သူကြီးသောက်သုံးမကျမှု ပေါ့ဗျ၊ ရွာထိပ်ရွာဦး တရုတ်ရောက်လာပြီးတော့ ဘိန်းရောင်းတာကို ရောင်းခွင့်ပေးတယ်။ ပြောင်းခန်းဖွင့်ခိုင်းတယ်။ သူကြီးကတော့ တရုတ်ဆီက ရသကိုး။ ရပ်ရွာလူကြီးတွေကလဲ သူကြီးကိုပြောခြင်း ဆိုခြင်း မပြုကြဘူး၊ ဒါမျိုးပြောရမှန်း ဆိုရမှန်း တားရမှန်းသိတဲ့ လူတောင်မှ သူတို့ရွာမှာ ရှိမယ်မထင်ပေါင်ဗျာ၊ ဟို ပထမအင်္ဂလိပ် မင်းလက်ထက်ကတည်းက သူတို့ရွာမှာ ဘိန်းဆိုင်ရှိနေတာဗျ။ ဒီတော့ ဘိန်းစားမပေါဘဲ ခံနိုင်ပါ့မလားဗျာ'

ဦးဖက်ထုပ် . . . 'အင်း . . . ခုခေတ် သူကြီးခန့်တာမှာ အစိုးရက အင်မတန် လူကောင်းရွေးဖို့ကောင်းတယ်၊ တစ်ကိုယ်ကျိုးနဲ့ တစ်ရွာလုံးပျက်မယ့် လူစားဆိုရင် ဒုက္ခ'

'ရှေးကတော့ အရေးပိုင်ကိုယ်တိုင်သော်လည်းကောင်း၊ နယ်ပိုင်သော်လည်းကောင်း ရွာကိုလာပြီး လူကြီးလူကောင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးကျောင်းခေါ်ပြီး ဘယ်သူ သူကြီးလုပ်ချင်ပါသလဲ။ ဘယ်သူ့ သင့်လျော်ပါသလဲလို့ မေးတယ်၊ ဒီတော့ လူကြီးချင်းတိုင်ပင်ပြီး ပြောကြတယ်။ အဲဒီအခါမှာ ကိုင်း ခင်ဗျားတို့ရွေးတဲ့လူ ခင်ဗျားတို့ သူ့အတွက် အာမခံရမယ်၊ ဒီလူ မကောင်းရင်ခင်ဗျားတို့ တာဝန်ဆိုပြီး ခန့်ပစ်ခဲ့တယ်။ ဒီတော့ ဒီသူကြီးဟာ လူကြီးတွေရဲ့ စကားကို မဖယ် ရှားဘူးဗျ။ လူကြီးတွေကလဲ သူတို့ဩဇာနာခံမယ့်လူမှလဲ ရွေးတာပဲ ခုခေတ် မဲနဲ့ရွေးတဲ့ စနစ်ကတော့ သူ့ဩဇာ၊ သူ့အပေါင်းအသင်း သူ့တိုက်နိုင် ကျွေးနိုင်မှုနဲ့ တက်တာဆိုတော့ ရွာမှာ ဗိုလ်ပေါ့ဗျာ သူထင်ရာမြင်ရာလုပ်နိုင်တာပေါ့။ ဘယ်ရပ်ရွာလူကြီးတွေက သူ့ကို ပြောဝံ့ဦးမှာတုံး။ ဒီတော့ ဒီစနစ်ဟာ လူကောင်းရွေးနိုင်တာ မဟုတ်ဘူး ဗျ'

ကျွန်တော် သတိရ၍ . . .

'နေပါဦး ဦးကြီးရ၊ အရင် နိုင်ငံရေးဆရာကြီး တရားဟော တုန်းက ဒီစနစ်ဟာ အင်မတန်ယဉ်ကျေးတဲ့ အင်္ဂလန်၊ အမေရိကန် ဆိုတဲ့ တိုင်းကြီးပြည်ကြီးတွေမှာ သုံးတဲ့ ဒီမိုဂျလေဘီစနစ်တဲ့ဗျ၊ လူထုဆန္ဒနဲ့ မြောက်တင်ရတာတဲ့'

ဖြိုး. . . 'ဘယ်လူထုဆန္ဒဟုတ်ရမလဲကွာ၊ ငွေထုဆန္ဒပါ၊ ငွေနဲ့ ဖြစ်တာပဲ၊ ရော့ . . . သောက်။ မင်းအလှည့်'

ကျွန်တော် တော်တော်ထွေလာပြီ။ သို့သော် အရက်ဆိုတာ မူးလေ သောက်နိုင်လေဗျ။ ကြိတ်လိုက် . . . ခွက်တပ်၊ ခွက်ချွတ် အစကထက်ပင် မြန်လာလေသည်။

ကျွန်တော် နောက်ဆုံး ပုလင်းကုန်ခါနီး၍ ဗိုလ်ခိုက . . .

'ကိုင်း . . . အိမ်မှာ ထန်းရည် သုံးလုံးရှိသေးတယ်၊ သွားယူ





ခဲ့ဦးမယ်'

ဦးကြီးဖြိုး. . . 'ဟာ . . . တော်ပြီကွာ၊ တို့သောက်တာ မနည်း တော့ဘူးကွ၊ ပထမ မင့်ဆီက ထန်းရည်ငါးလုံး၊ ခု အရက်သုံးလုံးဆို တော့ ထမင်းစားပြီး တုံးလုံးဖြစ်ကြတော့မယ်။ နို့ပြီး ထန်းရည်က ထမင်းစားခါနီးမှာဆိုတော့ သွားပြီးရင်ခံလိမ့်မယ်'

ဗိုလ်ခို. . . 'မဟုတ်ဘူးလေ၊ ထမင်းစားပြီးမှ ထန်းရည်ကို ရေအစား သောက်ကြတာပေါ့။ အခု ကျန်တာက ဟို . . . ထန်းဖို လက်ငုတ်မင်က ဟာကလေးချိုလေးလေးနဲ့ မွှန်ခါးပြီး အာခေါင်ရှရှ သွားတာပဲ'

'ဟာ . . . ဒီလိုဆို နိမ့်ပေါ့ဗျာ၊ ဘိလပ်ရည်သောက်ရသလို ပေါ့'

ကျွန်တော်က အဘိယာစကပြုလိုက်၏။

ကျွန်တော်တို့ ဤနံနက်စာ ထမင်းပွဲကား မြိုင်လှချေသည်။ ဟင်းစပ် ဟင်းခပ်ကလည်း တည့်၍ အရက်တွေကလည်း မူးနေကြ၍ ဦးကြီးရယ်၊ ဘကြီးဖက်ထုပ်ရယ်၊ ဦးဂန်ဂျားရယ်၊ ဗိုလ်ခိုရယ်၊ ကျွန်တော်ရယ် ငါးယောက်သားတစ်ဝိုင်းတွယ်လိုက်ကြရာ ဆန် တစ်ပြည်ချက် ကျွတ်ထွက်သွားသည်။

ထမင်းအပြီး၌ ဗိုလ်ခို့ထန်းဖို လက်ငုတ်ရေကို ရှာလပတ်ရေ အဖြစ် သုံးဆောင်လိုက်ကြရာ၊ နောက်ဆုံး၌ ဦးကြီးဖြိုးပြော သည့်အတိုင်း အသောက်နောက်ကျသွားသော ဗိုလ်ခိုတစ်ယောက်မှ တစ်ပါး အားလုံး တစ်စုတရုံးတည်း တုံးလုံးလဲကြတော့၏။ ချွေးတွေက သည်းထွက်၊ ဖျာကြမ်းပေါ်မှာ ခေါင်းအုံးမရှိ ဘာမရှိ၊ ဦးကြီးအိမ် ကလည်း လေတဖြူးဖြူးနဲ့ အိပ်ကောင်းလိုက်ကြတာ။ မဖွားသက်

www.burmeseclassic.com



ကလေးစပါးဝယ်တွေခေါ်လာလို့ ကျွန်တော့် နှိုးခိုင်းတော့ ညး
တောင် စောင်းနေပါပကောလား။

'ဟဲ့ . . . တက်ကလေး ထ၊ မင်းဖွားသက်တို့ကို စပါးရော
ဦးမယ်လို့ ပြောထားဆို'

ကျွန်တော် ရီဝေဝေလေးနှင့် ထထိုင်၍. . .

'အင်း . . . ဟုတ်တယ်၊ ကျွန်တော်မြို့သွားနေတော့ သုံး
ငွေလေးရအောင်လို့'

ကျွန်တော် မျက်နှာသစ်ပြီး လှေကားအဆင်း၌ ဦးဖက်ထ
တို့၊ ဦးဂန်ဂျားတို့လည်း ထထိုင်ပြီး ဆေးလိပ်ပါသောက်နေကြပြီဖြစ်
ကိုယ့်သောက်ဖော်ကြီးများအား. .

'ကဲ . . . ကျွန်တော်နက်ဖြန်ခါတော့ မြို့သွားမယ်၊ အ
အားလုံးကို နှုတ်ဆက်တာပဲ'

သုံးယောက်လုံးက 'အေး . . . အေး . . . အေး ' ဆို
နောက် ဦးဖက်ထုပ်က . . .

'ဟေ . . . မောင်တက်ပု၊ ငါပြောတာ မမေ့နဲ့ကြားလာ
ဓာတ်စက်မောင်းတော့ မတတ်၊ တတ်အောင်သင်ခဲ့ဟေ့'

'ဟုတ်ကဲ့ ဘကြီးဖက်ထုပ်'

'အေး . . . ငါ့လူက ဉာဏ်လဲကောင်းပါတယ်ကွာ၊ မကြ
ဘူးတတ်မှာပါပဲ'

ကျွန်တော် လှေကားပေါ်ကဆင်း၍ အိမ်ရှေ့ကအရောက်
နောက်ပြန်လှည့်ပြီး . . .

'ကဲ . . . သွားပြီ ဘကြီးဖက်ထုပ်၊ ဦးဂန်ဂျား၊ ဦးကြီး
အရီးချစ်စုရာ'





'အေး'

'အေး'

'အေး'

'အေး'

*



www.burmeseclassic.com

www.burmeseclassic.com



၁၀

ဟစ် ဟစ် . . . ဟစ်၊ ဟီး ဟီး . . . ဟီး၊ ဟစ် ဟစ် . . . ဟစ်၊ ဟီး ဟီး . . . ဟီး။

သူ့ကိုယ်ကလေးကို ယိုကာ ယမ်းကာ၊ တောင့်တ်ပျော့ ရောင် နှုတ်ခမ်းငုံကလေးထဲမှ ကနုကမာရောင် ပြောင်လက်ဖြူဖွေး သော သွားကလေးတွေကို ဖွင့်ကာ ချစ်စရာအသံကလေးနှင့် အားရပါးရရယ်လျက် အနီး၌အကျီပြုံချုပ်နေသော ဒေါ်အေးဆင့်အား

'ဒီမှာ ကြီးကြီး၊ ဦးလေးတက်ပုက သူ့ကို ဘိုင်စကယ်စီးနေ ဓာတ်စက်မောင်းရော သင်ပေးရမတဲ့'

'ညည်း ဦးလေးညည်းပဲ ကြည့်သင်ပေးလိုက်ပါအေ၊ ဟယ် အပ်ချည်ကြိုး ကျွတ်သွားပြန်ပြီ . . . ထိုးပေးစမ်းပါဦးဟယ်'

ဒေါ်အေးဆင့် ကိုယ်တိုင်မှာလည်း သူ့အိမ်တွင် ဓာတ်စက်ရှိ ပါလျက် ဓာတ်စက်မောင်းတတ်သူမဟုတ်ချေ။ သူ့သားမြေးများသာ မောင်းတတ်ကြ၏။ ကျွန်တော် ဒီကောင်လေးတွေ ဆီကတော့ အရင် က ကိုယ့်တောသားဟောင်း အချင်းချင်း အောက်ကျခံပြီးမသင်လို





သူကိုယ်တိုင်ကလည်း တောသားဟောင်းချင်းမို့ ကျွန်တော့်ကို ဆယ်ဂရုမစိုက်ကြပါ။ မြို့ရောက်၍ အင်္ဂလိပ်ကျောင်းသားဖြစ်သူက ဖြစ်၊ သူတို့အိမ်မှာ လော်ရီကားကြီးများထောင်ထား၍ မော်တော်ကား မောက် လိုက်သူက လိုက်နေကြ၏။

ရီရီလေးနှင့် ကျွန်တော်ကား ယခင်ဘုန်းကြီးကျောင်းတုန်း က တောင်သိကျွမ်းခဲ့ပြီးနောက် ယခု ကျွန်တော် မြို့ရောက်၍ သုံးရက်မျှ အကြာ၌ ဒေါ်အေးဆင့်တို့ အိမ်နောက်ဖေးက ရေတွင်းကို ရေခပ်လာ သွင် သစ်ပင်တက်ပေးခြင်း၊ ပန်းခူးပေးခြင်းတို့ကြောင့် အတော်ပင် ရင်းနှီးခင်မင်လျက် ရှိချေပြီ။ သူသည် နေ့လယ်နေ့ခင်းများ၌ ဒေါ်အေးဆင့်တို့အိမ်သို့လည်းလာ၍ နေတတ်၏။

သူအပ်ချည်ထိုး၍ ပေးလိုက်ပြီး . . .

'ဒီမှာ ဦးလေးတက်ပုရဲ့၊ ဓာတ်စက်မောင်းတာက ဘိုင် ကယ်စီးသင်ရတာထက် ခက်တယ်။ ကဲ . . . ဓာတ်စက်မောင်းသင် ပေးရင် အရီကို ဦးလေးတက်ပုက ဘာပေးမလဲဟင်'

'ဆရာမ လိုချင်တာ ကန်တော့ရမှာပေါ့ဗျာ'

'အဟီး . . . ဟီးဟီး၊ ဦးလေးတက်ပုက အလကြီးပဲ၊ ကဲ ဦးလေးတက်ပု သားလေးတစ်ယောက်ပေးမယ်လား'

'ဟင် . . . ငါ့မှာ သားမှမရှိတော့တာပဲ'

'ဟင် . . . အရင်ကတော့ ဟစ်တလုံးရယ်၊ ပြစ်မမုန်းရယ် သားနှစ်ယောက်ရှိတယ်ဆို'

'အေး . . . အရင်ကတော့ ဟုတ်တယ်၊ ခုတော့ ကိုယ့်သား ဟုတ်တော့ဘူး'

'ဦးလေးတက်ပုဟာက ဘယ့်နှယ်စကားလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုလေ . . . ကိုယ်တို့လင်မယားကွာကြတော့ ကလေး တွေက သူ့အမေနောက် ပါသွားကြကုန်ပြီ'

သူမျက်လုံးကလေးပြူးကာ . . .

'ဟင် . . . ဦးလေးတက်ပုတို့ လင်မယားကွာတယ်၊ ဘာဖြစ် လို့လဲ'

'မေးမနေပါနဲ့ အရီရာ၊ သူတို့ဘက်က တစ်ဖက်သတ် လွန်တာ ပါ'

'ဘယ်လောက်ကြာပလဲ၊ ကွာကြတာ'

'အရီတို့ ဟိုကျောင်း ဥပုသ်စောင့်လာကြတဲ့နေ့တုန်းကပေါ့'

'ဟင် . . . ဦးလေးတက်ပုက ဥပုသ်ကြီးနဲ့ လင်မယား ကွာတယ်'

'ရှစ်ပါးသီလထဲမှာ လင်မယားမကွာရဘူးမှ မပါတာပဲ အပြဟွစရိယာတောင် အထောက်အပံ့ဖြစ်သေးတာပဲ'

မျက်လုံးကလေးစွေ၍ . . .

'ကြည့်စမ်း၊ ဦးလေးတက်ပုကြီးက ယုတ်ပြီ'

'နို့ . . . မဟုတ်ဘူးလားလို့'

'ဟုတ်ဟုတ် မဟုတ်ဟုတ်တော်စမ်း၊ နို့ ဒီမှာ ဘယ်လောက် ကြာနေမလဲ'

'ပျော်သလောက် နေမှာပဲ'

'ဒီမှာ ပျော်လို့လား၊ ကိုယ့်မယားကြီး ပြန်မလွမ်းဘူးလား'

'မလွမ်းပေါင်၊ ချင်းစိမ်းနဲ့ မိဿလင်ပေါ့'

'အဲဒါတွေ လိုချင်ရင် အရီဈေးထဲက ဒေါ်လုံမကြီး ကုန်စိမ်း ဆိုင်မှာ ဝယ်ပေးမယ်လေ'





'အရီက အဲလိုနာမည်ကလေးနဲ့လိုက်အောင် ရယ်စရာ ပြောတတ်လို့ ကိုယ်ပျော်တာပဲကွာ'

'တကယ်ပျော်တယ်လား'

'ပျော်တယ်'

'ပျော်ရင်ရယ်လေ'

'အဟီး အဟီး အဟီး အဟီး အဟီး အဟီး'

*

ဟင် . . . ဦးလေးတက်ပု သွားကြီးတွေကလဲ နီကြောင်နေတာပဲ'

'သွား နီလာရောင်ဆိုတာ ဒါပေါ့ဟ'

'ဟင် . . . သွား နီလာရောင်ရယ်လို့ မကြားဖူးပေါင်တော် ရောင်သာရှိပါတယ်'

'နီလာရောင်က ပုလဲရောင်ထက် အဖိုးတန်တယ်။ နီလာ ရောင် ငှက်ခါးတောင်ပြောင်နှစ်ကျပ်ခွဲ မဲအလကားဆိုတာ ကြားဖူးသလား၊ အဲဒီနှစ်ကျပ်ခွဲတောင် ရှေးကာစကားမို့လို့ ဟိုတုန်းက ဆံလိပ်ပိုက်ဆံ အခုခေတ်ငွေနဲ့ဆို တွက်ကြည့်စမ်း'

'ကြည်စမ်း . . . သူပြောတတ်လိုက်တာ၊ လူက တောသားမို့ ခြင်း . . .'

ဤတွင် အကျီပြခုပ်ဒနသော ဝေါ်အေးဆင့်ကော်တရာက ဝင်ကာ . . .

'ဒီရွာမှာတော့ . . . သူတို့လူသိုက်က သူ့ဦးကြီး သာဖြူနဲ့ သူနဲ့ တူတူပဲ၊ အင်မတန် ပေါက်ပေါက်စစ ပြောတတ်ကြတယ်'

အရီ. . . 'တောသား စကားတတ်တွေပေါ့ဟုတ်လား'

www.burmeseclassic.com



'အရိုရာ တောသားမြို့သားခွဲခြားမနေပါနဲ့ကွာ၊ တောသား မှာ ချဲပေါက်နေတာ မဟုတ်ပါဘူး။ အမြီးကလေးနည်းနည်းရှိတာ ပဲ၊ မယုံကြည့်မလား'

ကျွန်တော်က တင်ပါးကိုစောင်းပြသည်၌ လက်သီးဆုပ် ကလေးနှင့်ရွယ်၍ . . .

'ကြည့်စမ်း . . . ယုတ်ပြီ'

'ဒီမှာ . . . အရို၊ ဆင်ဖြူတော် ဘယ်ကလာသလဲ'

'သူ့ အမေဝမ်းထဲကလာတယ်'

'ကဲ . . . စန္ဒကူးနဲ့သာနှစ်ကော ဘယ်ကဖြစ်လဲ'

'သစ်ပင်ကဖြစ်တယ်'

'အမတ်ကြီး ဝန်ဇင်းမင်းရာဇာကော ဘယ်ကလာသလဲ'

'သူကြီးအိမ်ကလာတယ်'

'ဟေ . . . ဒါတော့ အရိုလွဲပြီဟေ့'

သူ့မျက်လုံးကလေးကို ဖြုကာ. .

'အမယ် . . . ဘာလွဲရမလဲ၊ မောင်ရာဇာက သူကြီးသား ပဲ၊ သူကြီးအိမ်မှာ နေတာပေါ့'

'အဲဒီအချိန်မှာ မင်းကြီးစွာစော်ကဲ မိတ္ထီလာကန်တော် လာတော့ရင်၊ သူက ယောကျ်ားမနဲ့ ရန်ဖြစ်လို့ အိမ်ခွဲနေရတာဆရာ'

'ဟင် . . . ဦးလေးတက်ပု ဒါတွေကိုသိတယ်နော်၊ စာသင် သလား'

'စာမဖတ်တောင်တောမှာတော့ ဒါတွေကိုလူကြီးတွေ ပုံလုပ်ပြောကြတာပဲ'

'ကောင်းတယ် . . . ကောင်းတယ်၊ တောခလေ့ကို အခု





သဘောကျတယ်'

'ဒီမှာ . . . အရို တောသားလဲ မြို့ရောက်ရင် မြို့သားဖြစ်မှာပဲ မဟုတ်လား'

'မြို့သားဖြစ်ချင်ရင် သွားတိုက်ရတယ်ရှင့်၊ ဦးလေးတက်ပု သွားကြီးတွေဟာ ဘယ်တော့မှ မတိုက်ဘူးထင်တယ်'

'ကြည့်စမ်း တစ်ခါမှ မတိုက်တဲ့လူကို ဒီလိုပဲ အရမ်းစွပ်စွဲ ရသလား'

သူသည် ကိုယ်ကလေးကို ကျုံ့ကာယို့ကာရယ်မောပြီး . . .

'အကောင်းမေးနေတာ အကောင်းဖြေစမ်းပါ ဦးလေးတက်ပု ရဲ့၊ အကောင်းပြည်ကြီးပြန်သွားပြီလဲ မလုပ်လိုက်နဲ့ဦး'

'ဒီလောက်ရိုးနေတဲ့ စကားမျိုးများတော့ တောသားပေမယ့် မသုံးသေးဘူး။ ဘယ်မတိုက်ဘူးတော့ ဟုတ်မလဲကွယ်၊ တိုက်တဲ့အခါ လဲ တိုက်သေးတာပေါ့'

'ဘာနဲ့တိုက်လဲ'

'မီးသွေးနဲ့ပေါ့၊ တစ်ခါတလေ ဆားနဲ့'

'အိမ်မှာ သွားပွတ်တံမရှိဘူးလား'

'ရှိသားပဲ၊ ဒါပေမယ့် မိန်းမက သူ့မျက်ခုံးမွေး ပွတ်ပွတ်နေလို့ ဒီက သွားပွတ်ရတယ်ပဲ မရှိဘူး။ တစ်ယောက်တစ်လှည့် နင်ကမျက်ခုံး မွေးပွတ်၊ ငါက သွားပွတ်မယ်ဆိုတာလဲ ပြောမရဘူး'

'ကြည့်ပါလား၊ သူ့ရှုတ်တတ် နောက်တတ်လိုက်တာ၊ ကိုယ် သွားတိုက်ဖို့ တစ်ချောင်းသတ်သတ် ဝယ်ထားမှပေါ့'

'မီးသွေးနဲ့ ဆားက သွားပွတ်တံနဲ့ တိုက်စရာလိုသေးသလား ဗျာ'



www.burmeseclassic.com

www.burmeseclassic.com

'လိုပြီလား၊ သွားပွတ်တံနဲ့မှ သွားအကြိုအကြားစင်တာ'

'မီးသွေးက အခဲကြီး၊ ဆားကကြမ်းကြမ်းကြီး၊ ဘယ်တိုက်ပြ ပါ့မလဲ အရီရယ်'

'ဖြစ်အောင် နှစ်ခုရောပြီး အမှုန့်ကြိတ်ထားရတာပေါ့၊ ဒါဟာ ဘာပင်ပန်းသလဲ၊ နို့ပြီး သွားပွတ်တံတစ်ချောင်း တစ်ကျပ် လောက် ပေးဝယ်ထားလိုက်ရင်လဲ တိုက်ပါလေရော၊ ဦးလေး တက်ပု ... တောကလူတွေဟာ လူမှာအရေးအကြီးဆုံး အင်္ဂါတစ်ရပ်ဖြစ်တဲ့ သွားကို ဂရုမစိုက်ကြဘူး။ အရီဘုန်းကြီးကျောင်း လာတုန်းကလေ ဥပုသ်သည်တွေကို စူးစမ်းကြည့်လိုက်တယ်၊ ယောက်ျားရော၊ မိန်းမ ရော အသက်လေးဆယ်မပြည့်ခင် သွားကျိုးနေတာတွေ အများကြီး တွေ့ရတယ်၊ တချို့ငယ်ငယ်ရွယ်ရွယ်တွေဆိုရင်လဲ သွားရင်းတွေမှာ မည်းလို့၊ သွားကြားတွေမှာ ညိုလို့နေတာကိုတွေ့ရတယ်၊ ဒါဟာ သွားကို ဂရုမစိုက်မှုပဲ'

'တို့တောသူ တောင်သားတွေက သွားကို ဘယ်အလှပြင်နေ နိုင်မလဲ အရီရယ်'

'ဒါ အလှပြင်တာ မဟုတ်ပါဘူး၊ ကျန်းမာရေးအတွက် ပြော တာပါ၊ အစားအသောက် ကောင်းကောင်း မဝါးနိုင်ရင် ကျန်းမာရေး မထိခိုက်ပါလားရှင်'

'ဟုတ်ပါတယ် ဆရာမလေးရယ်'

'အကောင်းပြောနေတာ ဦးလေးတက်ပုရဲ့၊ သူတို့ဟာလေ နွားများဖြင့် သွားဖြဲကြည့်လိုက်ကြတာ သူတို့သွားတော့ သူတို့မှန်ထဲ ပြန်မကြည့်ကြဘူး'

'ဒါတော့ မှန်ပေတယ် မချွေရီရေ့'





'အရီ အဲဒီဘုန်းကြီးကျောင်း လာတုန်းကလေ ရွာသူရွာသား တွေကြည့်ပြီးတော့ အရီ့မှာသာ ပိုက်ဆံရှိမယ်ဆိုရင် သွားပွတ်တံတွေ ဝယ်ပြီးတော့ လူစေ့တက်စေ့ပေးလိုက်ချင်တယ်'

'ဘာလုပ်ဖို့လဲ တစ်ရွာလုံးယောက်ျား၊ မိန်းမလူတိုင်း မျက်ခုံး မွေးဆွဲဖို့လား'

'ကြည့်စမ်း . . . သူ၊ ဟော့ဒီ ကတ်ကြေးနှောင့်နဲ့ ထုလိုက်ရ'

'အမယ်လေး . . . မလုပ်ပါနဲ့' သူ့အနီးရှိ ကတ်ကြေးနှင့် ကောက်၍ ရွယ်လိုက်သည်ကို လက်ကာဟန်ပြုလိုက်ပြီး 'ဟုတ်တယ်၊ ကိုယ်တို့တောသူတောင်သားတွေက သွားပွတ်တံဆိုတာကို သွားတိုက်ရ မှန်း သိကြတာ မဟုတ်ဘူး၊ မိန်းမတွေ မျက်ခုံးမွေးဆွဲဖို့လောက် အောက်မေ့နေကြတာ'

ဤတွင် ဒေါ်အေးဆင့်က အပ်ချုပ်နေရာမှ ခေါင်းမော် ကြည့်ကာ . . .

'ဟုတ်တယ်အရီရဲ့၊ ငါလဲ မြို့ရောက်မှ လူတွေ သွားပွတ်တံနဲ့ သွားတိုက်ကြတာကိုမြင်ရတာ'

'ဟုတ်တော့ ဟုတ်တယ် ကြီးကြီးရယ်၊ မြို့မှာတောင် လူတိုင်း သွားပွတ်တံသုံးရမှန်း သိကြတာမဟုတ်ဘူး။ ဒီနေရာမှာ မြန်မာ လူမျိုးတွေဟာ အင်မတန်ညံ့တယ်၊ တိုင်းကြီးပြည်ကြီးသားတွေ သိရင် ရှက်စရာပဲ။ လူထုဆင်းရဲလို့ဆိုတဲ့ စကားနဲ့လဲ ကတ်မပြောနိုင်ဘူး။ လေ့ကိုကဖျင်းလို့ပါ။ ကြည့်စမ်း အိန္ဒိယတိုင်းသားများတော့ ဒီဘက် က တယ်နည်းယူဖို့ကောင်းတယ်။ အင်မတန် ဆင်းရဲတဲ့ ဂေါ်ရင်ဂျီနဲ့ ကုလယာကုလားတွေကအစ သွားကို အင်မတန်ဂရုစိုက်ကြတယ်။ နက်အိပ်ရာက ထတယ်ဆိုရင် ပထမဦးဆုံး တပူတ် ကမာရိုး

www.burmeseclassic.com



ကိုင်လာတာပဲ။ နေ့လယ် နေ့ခင်း အားရင်လဲ ဒီသွားပဲ တိုက်နေတာ

'ဟာ သူတို့က ကွမ်း အင်မတန်စားတဲ့ကောင်မျိုးတွေကိုး

'ဂေါ်ရင်ဂျီဟာ မစားပေါင်ရှင်၊ ဆေးလိပ်တိုပြောင်းပြ

ငုံနေတာပဲ။ကဲ ဝေလယာတွေက ကွမ်းစားလို့ပဲထားပါတော့ မြန်

လူမျိုးတွေကော မစားကြဘူးလား၊ ရှင်တို့တောသူတောင်သားတွေ

သာစားသေးတယ်။ အိမ်တိုင်းလိုလို ကွမ်းအစ်ရှိတယ်။ မြို့မှာ

ကုလားကွမ်းယာဆိုင် အားကိုးလို့ မြန်မာပီပီကွမ်းအစ်ထားတဲ့

တောင် ပျောက်လုပြီ၊ အမှန်ကတော့ ကွမ်းမစားလေ သွားတိုက်

ကောင်းလေပဲ၊ ကွမ်းက အပုပ်နံ့ထိန်းတာမို့ ကွမ်းစာတဲ့ လူသွားမတိုက်

တာက သွားမည်းနေရုံပဲရှိမယ်၊ ကွမ်းမစားတဲ့လူ သွားမတိုက်တာ

သွားချေးပုပ်စော်နံတာ'

'ဆေးလိပ်သောက်ကြသေးတာပဲ အရီရ'

'အဲဒီ ဆေးလိပ်သောက်တာမှ ဆေးလိပ်မီးခိုးငွေ့နဲ့ သွား

ချေးနဲ့ဟာသွားအကြိုအကြားမှာသရိုးကိုင်သလိုခိုင်ပြီး ဂျစ်ဆေး

တက်လို့ ထပ်သရီး. . . ပြောရင်းတောင်မျက်စိထဲမြင်ယောင်လာ

ရွံ့မိတယ်။ အမှန်တော့ အရီ အဲဒီလူတန်းစားတွေကို သနားပါတယ်

ခုနပြောသလိုပဲလေ၊ အဲဒီဘုန်းကြီးကျောင်း လာတုန်းကများ အရီ

သာ ပိုက်ဆံရှိရင် ဖြင့် ရွာသူရွာသားတွေကို သွားပွတ်တံတွေဝယ်

ပေးလိုက်ချင်လှပါတယ်။ ဒါဟာ ဝန်လေးတဲ့အလုပ်လဲ မဟုတ်ပါ

သနပ်ခါးလိမ်းပြီး မျက်ခုံးမွေးဆွဲနိုင်ရင် တစ်နေ့တစ်ခါတော့ သွား

တိုက်နိုင်ရမှာပဲ'

ကျွန်တော်. . . 'ကဲ . . . သွားပွတ်တံရရင် သွားတိုက်နိုင်

ဆိုတာတော့ ထားပါဦး၊ သွားတိုက်ဆေးဝယ်နိုင်ဦးမှ'





'အမယ်လေး . . . ဦးလေးကိုတက်ပုရယ်၊ သွားတိုက်ဆေးက ဝယ်စရာမလိုပါဘူး။ ကိုယ့်ဟာကိုယ် မီးသွေးခဲနဲ့ ဆားနဲ့သာ ဆောင်းထားစမ်းပါ။ သွားလဲပိုဖြူပါသေးတယ်။ ပိုက်ဆံလဲ အထူး ဘာလည် ကုန်တာမဟုတ်ပါဘူး။ အရီအခုသွားတိုက်နေတာ ဆိုင်က ဝယ်တာမှတ်လို့လား။ ကိုယ့်ဟာကိုယ် မီးသွေးနဲ့ဆားနဲ့ ပရုတ်ကလေး နည်းနည်းဝယ်ထည့် ထောင်းထားလိုက်တာပဲ။ ဦးလေးကိုတက်ပုကြီး ပဲ သွားပွတ်တံတစ်ချောင်းတော့ဝယ်။ အရီက သွားတိုက်ဆေးပေး မယ်နော်။ အခု လူကတော့ မြို့ရောက်လို့ ပိုလ်ဆံတောက်နဲ့ ဘာနဲ့ဖြစ် နေပြီ သွားသံချေးတက်သရက်ထည်ဆင်ကြီးနဲ့ဆို မနိပ်သေးဘူးဆရာ'

သူပြောမှ ကျွန်တော့်ခေါင်း ကျွန်တော်စမ်းမိကာ . . .

'ကိုယ့် ပိုလ်ကေကလဲကွာ ဘယ်တော့မှခွဲရမယ်မသိပါဘူး'

'အမယ် . . . ဖြီးချင် လိမ်းချင် ရှိလာပလား'

'ကော့စမိတ်တောင် ဝယ်တော့မလို့'

'ကော့စမတစ်(က)ပါတော့၊ ဒါပေမဲ့ ခုခေတ်မှာ ယောကျ်ား တွေဟာ ဆံပင်ကိုပြားအောင် ချပ်အောင်မဖြီးကြတော့ဘဲ အမောက် ကလေး၊ ဝေ့(ဗ်) ကလေးလုပ်ကြတော့ ကော့စမတစ်(က) အသုံးနည်း တယ်။ ဘက်စလင်လိမ်းကြတယ်'

'ဝေ့(ဗ်) ဆိုတာ ဘာလဲဟင်'

'ဟောဒီ အရီ့ခေါင်းမှာကြည့်၊ ဒီလိုလှိုင်းတွန်းကလေးတွေ အရစ်ကလေးတွေခေါ်တာပေါ့၊ မလှဘူးလား'

'အရီက သိပ်လှတာပဲ'

'အရီ့ကို မေးတာမဟုတ်ပါဘူး။ ဒီလှိုင်းတွန့်ကလေး ပြော တာပါ'



www.burmeseclassic.com

www.burmeseclassic.com



'အားလုံး လှပါသည်ခင်ဗျား'

'အမယ် သိန်းဖေမြင့်သံပါလိုက်တာ'

'သိန်းဖေမြင့်ဆိုတာ ဘာလဲဟင်'

'လူ'

'ဒါဖြင့် သူမှာ အမြီးမရှိဘူးပေါ့'

ကျွန်တော်က ရွှန်းလိုက်သည်ကို ရယ်ပြီးနောက်. .

'နိုင်ငံကျော် စာရေးဆရာကြီးတော့၊ ဒါမှမသိဘူးလား ဗိုလ်အရင်တုန်းက တက်ဘုန်းကြီး သိန်းဖေခေါ်တယ်'

'ဩော် . . . တက်ဘုန်းကြီး ဝတ္ထုရေးတဲ့ သိန်းဖေလား'

'ဟုတ်တယ်ဘုရာ့'

'ကိုယ့်များ တက်ဘုန်းကြီးအောက်မေ့နေပြန်လားကွယ်'

'အဲ့ဒီဝတ္ထု ဖတ်ဖူးလား'

'ဖတ်ဖူးတာပေါ့'

'ကွာ . . . အရီကလဲ နာမည်နဲ့လိုက်အောင် သိပ်ရယ်တာပဲကွာ'

'နင်ပြောတာကလဲ ရယ်စရာဖြစ်နေတာကိုဟဲ့' ဒေါ်အေးဆင့်က ဝင်ဖောက်လိုက်၏။ အင်း . . . သူပြောမှပဲ ဒီကတော့ ကိုယ့်ဟာကိုယ် မသိတော့ဘူး။ ထိုနောက်၌ သူသည် လက်က အကျီ စုတ်နှင့် အပ်ကိုချ၍ 'နင်တို့တော့ ပါးစပ်မညောင်းကြသေးဘူး။ ငါတော့ မျက်စိညောင်းလှပြီ။ မနက်ကစိမ်ထားတဲ့ အဝတ်ကလေးတွေ သွားလျှော်လိုက်ဦးမယ်' ဆိုပြီး ထိုင်ရာမှ ထသွား၏။ ကျွန်တော်တို့ စကားပြောနေကြသော နေရာမှာ အိမ်ရှေ့ခန်းနှင့် မီးဖိုခန်းနှစ်ဆောင်ကြား တံခါးဝတွင်ဖြစ်ပါသည်။





အရီလေးသည် အားရပါးရ ရယ်မောပြီးနောက် . . .

'အင်း . . . ဦးလေးတက်ပုနဲ့ စကားပြောရတာ သိပ်အရှင်ဘပဲ' ဟုဆိုပြီး ကျွန်တော့်ခေါင်းက ဗိုလ်ကေပေါက်စကို ကြည့်လျှက် ဦးလေးတက်ပုတို့တုန်းက ဗိုလ်ဆံတောက်မထားဘူးလား'

'လူပျိုတုန်းက ထားခဲ့တာပေါ့၊ နောက်. . . အိမ်ထောင်ကျပြီး နှစ်နှစ်လောက်ကြာမှ ခေါင်းတုံး ရိတ်ပစ်လိုက်ရတော့တယ်'

'ဘာလို့ ရိတ်ပစ်ရမလဲ'

'ဟာ . . . ကိုယ်မိန်းမရပြီးတော့ လှဖို့ပဖို့လဲ မလိုတော့ဘူး။ နို့ပြီး လယ်သမားဆိုတော့ အလုပ်က ဆယ့်နှစ်ရာသီ အင်မတန် များတာပဲ။ ခေါင်းဖြီးလား ဆီလိမ်းလားလဲလုပ်မနေနိုင်တော့ဘူး ဆံပင်ညှပ်ခ အပိုကုန်လဲ မခံနိုင်တော့ဘူး။ တောလူဖြစ်ရတာက မြို့လူဖြစ်ရတာနဲ့မတူဘူး အရီရေ့၊ မြို့သားတွေဆိုရင်ဖြင့် အသက် ၆၀ ကျော် ဗိုလ်ကေနဲ့ဘဲမြီး သနေနိုင်ကြတာပဲ။ သူတို့မှာ ဘာမှလဲ ပင်ပင်ပန်းပန်းမလုပ်ရဘူး။ ကုန်သည်နဲ့ စာရေးစာချီနဲ့ ရာထူးရာခံကြီးတွေနဲ့ အဝတ်ကောင်း အစားကောင်းနဲ့၊ ကျုပ်တို့ တောသားတွေဖြင့် ရွံ့ဒူး နစ်မြုပ်လောက်ထဲမှာ နွားနဲ့ဖက်ရုန်းလို့။ နွေကျလဲ နဖူးကချွေး မြေကျအောင်လုပ်ရတယ်။ ဝတ်ကြရတော့ အရီမြင်တဲ့အတိုင်းပဲ။ စားရတာကဖြင့်ငါးပိရည်တောင် အဖျော်ပါဖို့က မနည်းခဲယဉ်းတယ်'

ဤနေရာ၌ သူကလေးသည် အရှယ်နှင့်မလိုက်အောင် တွေနာခဲ့ထည်သွားကာ . . .

'အင်း . . . အရင်းရှင်စနစ်ကြီး မပြိုပျက်သမျှတော့ ဒီလိုပဲ ဆင်းရဲသားတွေ ကွဲနေကြတော့မှာဘဲ။ လူတွေရဲ့ လုပ်အားဖြစ်တဲ့ ပစ္စည်းတွေဟာလဲ စုတဲ့နေရာမှာ စုပြီးတော့ အလုပ်သမားတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာတော့ မရှိကြတော့ဘူး'

'အေး . . . ဟုတ်တယ်အရီ၊ ငါအဲဒါကို နည်းနည်း စဉ်းစားမိတယ်၊ အရင်းရှင်စနစ်ဆိုတာ ဘာလဲဟင်'

'လူကိုယ်တိုင်က အလုပ်မလုပ်ဘဲနဲ့ ငွေကို လုပ်သားထားပြီး အမြတ်ထွက်အောင် ခိုင်းစေတာပေါ့၊ ဥပမာ အနီးစပ်ဆုံးပြောပြမယ် သူ့အသံအနည်း ငယ်တိုးသွားပြီး 'ဒီအိမ်ကဦးကြီးနဲ့ ကြီးကြီးတို့မှာ သူတို့ငွေနဲ့ဝယ်ထားတဲ့ မော်တော်ကားကြီးခြောက်စီး ရှိတယ် မဟုတ်လား။ သူတို့က အိမ်ကနေပြီး စီမံခန့်ခွဲကြတာပဲ။ ဒရိုင်ဘာတွေ စပယ်ယာတွေကသာ တင်မယ့်ကုန်ရှာရတယ်။ ဓားပြလူဆိုးတွေရှိတဲ့ လမ်းတွေမှာ သက်စွန့်ဆံဖျား မောင်းရတယ်။ နောက်ခရီးတစ်ခေါက် ပြန်လာလို့ရတဲ့ငွေကျတော့ သူတို့က ယူကြတယ်။ လုပ်သားတွေကျတော့ သူတို့စားလောက်ရုံလခကလေး မဖြစ်စလောက်ပေးထားတယ်။ နို့ပြီး မရှိတဲ့ ဆင်းရဲသားတွေဆီက အပေါင်ခံတယ်။ ငွေတိုးချတယ်။ နေ့ပြန်ပေး ပေးတယ်။ အဲဒါ အရင်းရှင်စနစ်ပေါ့၊ လူဆိုတာက အသက်နဲ့ သတ္တဝါမို့ တစ်နေ့မှာ သူ့အင်အားနဲ့ တန်သလောက် လုပ်နိုင်တယ်၊ ငွေကတော့ သက်မဲ့ပစ္စည်းမို့ သူတို့အစုအအုံများများသလောက် အမြတ်ထွက်အောင် လုပ်နိုင်တယ်။ ဒီအမြတ်က ဘယ်ကလာသလဲတဲ့၊ ခုနပြောတဲ့ သက်ရှိသတ္တဝါတွေရဲ့ လုပ်အားထဲက ထွက်လာတာပဲ၊ ဦးလေး တက်ပု ဆန်စက်ထဲကို စပါးရောင်းသွားတော့၊ စက်ပိုင်အိမ်သားတွေနေတဲ့တိုက်ကြီးနဲ့ တဂျုံးဂျုံးမြည်နေတဲ့ ဆန်စက်ကြီးထဲ ရောက်ဖူးတယ်မဟုတ်လား'

'ရောက်ဖူးတာပေါ့၊ စပါးရောင်းတော့ မန်နေဂျာဆီက ဖြတ်ပိုင်းယူပြီး စက်ပိုင်ကြီးအိမ်ထဲကို သူဌေးဆီငွေယူရအောင်





သွားရတာပဲ၊ သူဌေးကဖြူဖြူ၁၀၀ ခန့်ခန့်ကြီး၊ စိန်လက်စွပ်ကြီးဝတ်ပြီး ခုံလည်ကုလားထိုင်ကြီးပေါ် ထိုင်လို့၊ ဖြတ်ပိုင်းပေးလိုက်ရင် ဘာမှ မပြောဘူး။ ငွေရေပေးလိုက်တာပဲ၊ သူဌေးကတော်ကလဲ သူ့နဲ့မနီးမဝေးက စိန်ရွှေတွေကိုယ်ပြည့်ဝတ်ထားပြီး စီးကရက်သောက်လို့ မျက်စိထဲ အခုတောင်မြင်ယောင်လာသေးတယ်။ ဪ သူတို့မှာတော့ တယ်ပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိကြပါလားလို့အောက်မေ့မိတယ်၊ ပစ္စည်းကလဲ ကျိကျိတက် ချမ်းသာတာကိုး'

'အဲဒီပစ္စည်းတွေကျိကျိတက်ချမ်းသာတာ ဘာကြောင့်လဲဆိုတာသိလားဦးလေးကိုတက်ပု၊ သူတို့စက်ကြီးထဲရောက်တော့ စက်ကြီးက တဂျုံးဂျုံးမြည်လို့ ယန္တရားတွေက တကားကားလှုပ်လို့၊ စက်ကူလီတွေကစပါးတွေ ဇလားထဲလောင်းထည့်တဲ့လူကထည့်၊ ဆန်တွေအိတ်ထဲသွတ်သူကသွတ်၊ မီးရထားတွဲဆီကို ထမ်းသွားတဲ့လူက သွားနဲ့ အခုနက ဦးလေးတက်ပုမြင်ခဲ့တဲ့ သူဌေးတိုက်ထဲမှာ အေးဆေးဆိတ်ငြိမ်သာယာလှပသလောက် အဲဒီမှာ ဆူညံရှုပ်ပွပြီး မျက်စိနောက်စရာ ဖြစ်နေတယ်မဟုတ်လား။ နို့ပြီးစက်အပြင်ဘက်မှာဆိုလဲ တောကလာတဲ့နွားလှည်းတွေနဲ့ ကတ္တားချိန်သူကချိန်၊ စပါးထမ်းသူက ထမ်း၊ ကိုယ့်စပါးကိုယ် ဂရိ့ချိုးသူက ချိုးနဲ့ စက်ပိုင်ရှင်ကြီး အမြတ်ထွက်ဖို့လာပြီး ဆက်သနေရတယ်။ စက်ကြီးက ဘယ်လိုအော်နေသလဲသိလား ဦးလေးတက်ပု'

'ဟေး . . . တောကလယ်သမား
စက်ကူလီသားတို့၊
နင်တို့လုပ်အား ငါ့အထဲထည့်၊
နင်တို့နည်းနည်းပြန်ယူ၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့လူကြီး များများပေး ဝေးဟေးဟေး . . . ဝေးဟေးဟေး လို့အော်နေတာ ဦးလေးတက်ပုရဲ့'

'အဲဒီစက်ကြီးထဲမှာရော၊ စက်ပြင်မှာရော ဦးလေးတက်ပု မြင်သမျှ ပုပုရှုရှုလူတွေဟာ အသီးသီး သူ့အိမ်ထောင်နဲ့သူ့အသိုက်နဲ့ ရှိနေကြတာပဲ။ အဲဒီမြောက်မြားစွာသော အိမ်ထောင်တွေရဲ့ လုပ်အားပေါ်မှာ စက်ပိုင်ရှင်ကြီး အိမ်ထောင်တစ်ခုထဲက သူ့ငွေပင်ငွေရင်း တည်းဟူသော စက်ကြီးအကြောင်းပြုပြီး နေ့ရောညပါ ရက်ရှိသမျှ အမြတ်ယူနေတော့ သူတို့ကျိုကျိုတက်ချမ်းသာနေရောပေါ့ ဦးလေးတက်ပုရယ်။

'ဦးလေးတက်ပုတို့ လက်ထဲက မျှော့ဆိုတာကလေ လူရဲ့ အသားမှာ တွယ်ပြီး သွေးစုပ်လိုက်တာ၊ သူဝလို့ဝိုက်မဆံ့တော့ ဖတ်ခနဲ ကွာကျသွားရော၊ နောက်တစ်ခါ သူဆာမှ ပြန်စုပ်နိုင်မယ်၊ တောထဲက လူသားစားတဲ့ ကျားဟာလေ လူတွေဘယ်လောက်ပဲပေးပေး သူဗိုက် ပြည့်ရုံလောက်ပဲ စားနိုင်မယ်။ သူဝတော့ အိပ်မယ်။ နောက်တစ်ခါ ဆာမှ ထပ်စားမယ်။

'အဲ . . . အရင်းရှင်စနစ်နဲ့ လူတွေလုပ်အား သူ့ငွေကြီးစားတာကတော့လေ စားလေ သူ့ငွေပင်ငွေရင်း ပိုကြီးလာလေ ပိုစားနိုင်လေနဲ့ ဘယ်တော့ဘယ်တော့မှ မဆုံးဘူး။ တဖြည်းဖြည်း ကြီးသထက်ကြီးနဲ့ စားသထက်သာ စားတော့တာပဲ၊ ဒါကြောင့် ဦးလေးတက်ပုရယ် အရင်းရှင်စနစ်ဟာ လူလောကမှာဖြင့် မျှော့နဲ့ ကျားနဲ့ ဥပမာမျှ မနှိုင်းနိုင်လောက်အောင်ဘဲ ကြောက်စရာကောင်းလှပါတယ်'

'အဲဒီစနစ်ကြောင့် လူတွေအဆင့်အတန်းအမျိုးမျိုးကွဲ၊ လူနည်းစုမှာ ချမ်းသာ၊ လူများစုမှာ ဆင်းရဲ၊ အဲဒီတော့ ဘာသာ သာသနာ



ကို (ဘယ်ဘာသာမဆို) ဆုတ်ယုတ်တာပေါ့ ဦးလေးတက်ပုရယ်၊ တဲ လေးတက်ပုတို့ရွာမှာ ဥပုသ်စောင့်အလာနည်းလို့ ဘုန်းကြီးက တစ်ယောက်ကို တစ်လမှာတစ်ခါ အနည်းဆုံး သီလဆောက်တည် ယ်လို့ အမိန့်ထုတ်ယူရတာဟာ လူတွေက ဘာသာရေးမယုံကြည် တာမင် မလာချင်လို့ဟာလား'

'ဘယ်ဟုတ်မလဲ အရီရယ်၊ ခုနစ်ရက်မှ တစ်ခါလောက် တော့ န်းကြီးကျောင်းသွားပြီး အေးအေး ဆေးဆေး အနားယူချင်ကြ ပေါ့။ ဒါပေမယ့် အလုပ်နဲ့လက်နဲ့ မအားကြလို့ မလာနိုင်ကြတာ

'အဲဒါကြည့်တော့ ဦးလေးတက်ပု၊ အူးမတောင့်မှ သီလ င့်နိုင်မယ်ဆိုတာ တယ်မှန်တယ်မဟုတ်လား။ နို့ပြီးတော့ လူတွေ သားအချင်းချင်း လောဘ၊ ဒေါသစိတ်တွေပွားပြီး ခိုးမှုတိုက်မှုတွေ ကြတာကော ဘာကြောင့်လဲသိလား။ လူ့အဆင့်အတန်း မညီ တ်မှုကြောင့်ပေါ့၊ အခုကြည့် ဥပမာပြမယ်၊ ဦးလေးတက်ပုမှာ ည်းနဲ့ နွားပဲရှိတယ်။ ဟော့ဒီဦးမြတ်ချမ်းတို့မှာ မော်တော်ကားကြီး ာက်စီးရှိတယ်။ ဦးလေးတက်ပုတစ်စီးတောင် ခွဲလိုချင်စိတ် ပေါ်မ ဘူးလား'

'ဟာ . . . နှစ်စီးတောင်လိုချင်တယ်အရီရယ်'

'အေး . . . အဲဒါဟာ လောဘစိတ်၊ ဘာကြောင့်ဒီစိတ်ပေါ် လဲဆိုတော့ သူတို့မှာ ကိုယ့်ထက်ပိုရှိနေတာမြင်လို့၊ ဦးလေး က်ပုဟာ ဦးလေးတက်ပုရွာမှာ ကိုယ့်ဘဝတူအချင်းချင်း နေကြ န်းက ဒီလို ထူးထူးထွေထွေ လောဘစိတ်မျိုးပေါ်ဖူးလား'

'ပေါ်ဖူးပေါင်ဗျာ၊ စိတ်ဓါလဲမကူးအားပါဘူး။ မိုးဦးကျ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လယ်ကိုယ် ဘယ်လိုလုပ်ရမလဲ၊ မနှစ်ကထွန်တံ ခိုင်ပါ့ဦးမလား ဒီနွားအားနည်းပြီး နောက်နွားတစ်ကောင်လဲမှ ထင်ပါရဲ့နဲ့ ကိုယ့် အလုပ်နဲ့ ကိုယ်ရှုပ်နေတာ၊ ဟုတ်တယ် . . . အရီပြောတာ၊ ငါ မြို့ရောက်မှ ကိုယ့်ထက်သာတဲ့မြို့သူ မြို့သားတွေမြင်တော့ သူတို့ ဝတ်ချင် စားချင်လာတယ်။ တစ်ခါတလေ မနာလိုစိတ်ပေါ်လာတယ်

'အဲဒါဟာ ဘာသာနဲ့ဆန့်ကျင်တဲ့ အကုသိုလ်စိတ်ပေါ့ ဦးလေးတက်ပုရဲ့။ အခု ဒီအိမ်မှာ မော်တော်ကားကြီး ခြောက်စီး အတွင်းပစ္စည်းတွေ တော်တော်များများရှိနေတဲ့ ဦးမြတ်ချမ်းတို့ဟာ လောဘသတ်နိုင်ပြီ မှတ်သလား၊ ပိုပြီးလောဘကြီးနေတယ်။ ဦးလေး တက်ပုတို့ စပါးချရအောင်သွားတဲ့ သူဌေးလို စက်တည်ချင်နေတယ် ဒါကြောင့် ရသမျှ ဆထက်ထမ်းပိုး တိုးအောင်ကုတ်ကျစ်စုယူနေတာ အရီကြည့်နေတယ်။ လေးငါးထောင် ရွှေပေါင်ရွှေနှံကစပြီး ခေါင်း ရွက်သည်ကလေးတွေဆီက နေ့ပြန်ပေးအထိယူတယ်။ သူတို့ရဲ့ ဘက်ကဆိုရင် ကရုဏာတရားမရှိဘူး။ သက်ညှာခြင်းမရှိဘူး။ ဒါဟာ သူတို့မှရယ်လဲ မဟုတ်ပါဘူး။ အရင်းရှင်စနစ်အောက်မှာ လူတွေ ရဲ့စိတ်ဓာတ်ပဲ'

ဤအခိုက် အိမ်ရှေ့မှ . . .

'ဟော့ . . . တက်ပု၊ ဟော့ဒီမှာ ဖွားသက်ကလေး ပေါ့ တွေ့ချင်လို့တဲ့'

'သြော် . . . ဟိုစပါးတစ်တင်းဖိုးလေး လာပေးတာ ထင်ပါရဲ့ အရီခဏနေခဲ့ဦး' ဆိုပြီး အိမ်ရှေ့ထွက်ခဲ့ပါသည်၊ ဟုတ်ပါ၏။

မဖွားသက်သည် ဆန်ရောင်းရာမှ ပြန်လာသည်ဖြစ်၍ ချွေးဒီးဒီးနှင့် ခေါင်းပေါ်က ခံတောင်းချပြီး၊ ငွေသုံးကျပ်သုံးပဲတင်





ပေးပါသည်။ ဤတွင် အိမ်ရှေ့စဥ့်အိုးနား၌ အဝတ်လျှော်နေသော ဒေါ်အေးဆင့်က . . .

'ဟဲ့ . . . သောက်ကောင်မ၊ ငါ့ငွေတော့ မပေးဘူး'

မဖွားသက်ကလေးသည် ခေါင်းဖုံနှင့်နဖူးချွေးသုတ်ကာ. . .

'သြော် . . . အရီးဆင့်ငွေတော့ အရင်းမတတ်နိုင်သေးဘူး။ အတိုးတောင် မှန်အောင် မနည်းရှာကြံပေးနေရတာ' ဟု ပြောရင်း ဒေါ်အေးဆင့်အနီးလျှောက်သွားပြီး 'ပေး . . . အရီးဆင့်၊ အဝတ်တွေ ကျွန်မလျှော်ပေးမယ်' ဆို၍ နံဘေးဝင်ထိုင်၏။

'ဟယ် . . . နေပါစေဟယ်၊ နှစ်ထည်ထဲရှိတော့တာ'

'ဘယ်နေပါစေလဲ အရီးဆင့်ကလဲ ပေးပေး' ဆိုပြီး အတင်း ဆွဲယူ၏။ ဤမှ ဒေါ်အေးဆင့်က ထိုင်ရာမှထပြီး. . .

'ကောင်မ . . . ထမင်းစားပြီးခဲ့ပြီးလား'

'ဘယ်စားရဦးမလဲ'

'ဒါဖြင့် ဒီမှာစားသွား'

'နေပါစေ အရီးဆင့်ရယ်'

'နေပါစေလုပ်မနေနဲ့၊ ညည်းတစ်ကောင်စာတော့ တို့အိမ်မှာ အချိန်မရွေးရှိတယ်' ပြောပြီး နောက်ဖေးဘက်က လှည့်၍ မီးဖိုချောင် ဘက် တက်သွား၏။ ကျွန်တော်က ဆေးပြင်းလိပ် မီးညှိရန် မီးဖိုထဲ ဝင်သွားရာ အရီးဆင့်က တောက တူမလေးသနား၍ အိမ်ခေါ်ခိုင်း ထားသော ကလေးမအား. .

'ဟဲ့ . . . ဘုတို၊ ဟိုကောင်မ အဝတ်လျှော်ပြီးရင် ထမင်းခူး ပေးလိုက်၊ ငါးပိချက်နဲ့ တို့စရာပဲထုတ်၊ ဝက်သားဟင်းလုပ်မနေနဲ့ လူဆိုတာ တန်ရာတန်ရာ ကျွေးရတာ၊ နင်ဟာ ဘာမှ သောက်သိုက်



www.burmeseclassic.com

www.burmeseclassic.com



ကန်းဆိုးမသိဘူး။ အရင် ဗွေးတုတ်တို့ မယ်ခတ္တိုလာတာကို ဘဲခုပြေ
တွေ ထုတ်ပေးတယ်။ ဒီလို အစစအရာရာ လိုက်ပြောနေရ အခ
ကောင်းမလဲအေ့'

ကျွန်တော် ဆေးလိပ်မီးညှိပြီး အရီလေးဆီ ပြန်ခဲ့ပါသည်
သူနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်၌ . . .

'အရီပြောတဲ့စကားတွေနားထောင်ရတာ မပျင်းဘူးလား ဟင်'

'မပျင်းပါဘူးအရီရယ်၊ အရီက လူငယ်ငယ်ကလေးနဲ့ ဒီ
စကားတွေ ဘာကြောင့် ဒီလောက် ပြောတတ်တာလဲဟယ်'

'အရီစာအုပ်တွေ ဖတ်လို့ပေါ့၊ နို့ပြီး ကိုယ့်ဟာကိုယ်
စဉ်းစားလို့ပေါ့'

'အရီ စာဘယ်လောက်တတ်လဲ'

'တက္ကသိုလ်ဝင် စာမေးပွဲအောင်ရုံ၊ လူတန်းမစေ့တစေ့
လောက်ပေါ့။ မိဘက ကျောင်းဆက်မထားနိုင်လို့ ရန်ကုန်တက္ကသိုလ်
ကို မသွားရတာ၊ စာဖတ်တာက အတန်းစာများများတတ်တာ
နည်းနည်းတတ်တာနဲ့ မဆိုင်ဘူးဦးလေးတက်ပုရဲ့၊ ကိုယ်စာဖတ်
တတ်လို့ စာအုပ်တွေများများဖတ်နိုင်ရင် အသိဉာဏ်ကျယ်လာတာ။
စိတ်မရှိပါနဲ့ မေးပါရစေ။ ဦးလေးတက်ပုမြန်မာစာ ကောင်းကောင်း
ဖတ်နိုင်တယ်မဟုတ်လား'

'အင်း . . . အတော်အတန်ဖတ်နိုင်ပါတယ်'

'ဒီလိုဆိုရင် အရီက ဖတ်ဖို့ စာအုပ်တွေပေးမယ်၊ အားရင်
ဖတ်နော်၊ ဒါမှ အရီက စက်ဘီးစီးနဲ့ ဓာတ်စက်မောင်းကို သင်ပေးမှာ
ဆရာ'

'ကောင်းပါပြီ၊ ဆရာမ အမိန့်အတိုင်းပါပဲ'





'အခုန အရီပြောတာတွေ သဘောပေါက်လား'

'ပေါက်သင့်သလောက် ပေါက်ပါတယ်။ ကဲ အရင်းရှင်
...စ်ကိုဘယ်လိုဖျက်မလဲ'

'စက်ရုံကြီးတွေ ဘာကြီးတွေပြည်သူပိုင်သိမ်းပေါ့'

'ဟာ . . . သူတို့ပစ္စည်းသိမ်းယူလို့ တရားမလား'

'ဘယ့်နှယ် . . . မတရားရမှာလဲ၊ ဒါကြီးတွေဟာ သူတို့
...ည်းလို့ ဟုတ်နေကြသော်လဲ အမှန်က သူတို့လုပ်အားနဲ့ဖြစ်တာမှ
...တုတ်တာပဲ။ ဆင်းရဲသားတွေ လုပ်အားပေး ခေါင်းပုံဖြတ်ရတဲ့
...မြတ်တွေကို တဖြည်းဖြည်းစုပေါင်းပြီး တည်ဆောက်တာပဲ။ စင်စစ်
...တော့ ဒီစက်ရုံကြီးတွေဟာဆင်းရဲသား ပြည်သူတွေရဲ့ လုပ်အားအစု
...အဝုံကြီးပေါ့။ ဒါကြီးတွေ အများဆင်းရဲသားတွေလက်ထဲ ပြန်
...ရောက်မှ တရားနည်းလမ်းကျတော့မပေါ့။ ဥပမာ ပြောပြမယ်။
...မောင်ဖြူတစ်ယောက်ဟာမောင်နီရယ်၊ မောင်ညိုရယ်၊ မောင်နက်
...ရယ်၊ မောင်မဲရယ်ဆိုတဲ့ လူအ လေးယောက်ဆီက ပစ္စည်းတွေကို
...လှည့်နည်းနဲ့ယူပြီးတော့ အိမ်တစ်အိမ်ဆောက်နေတယ်၊ ဒါကို နောက်
...တော့ လူအ လေးယောက်က အသိဉာဏ်ရလာပြီး 'ဟေ့ တို့ပစ္စည်း
...တွေ ပြန်ပေးတော့ကွ' လို့လေးယောက်သား ဝိုင်းသိမ်းတော့ မတရား
...ဘူးလို့ ပြောမလား။ သူတို့ပစ္စည်းသူတို့ ပြန်ရတာပဲ။ ဘယ်ဘာသာနဲ့
ကြည့်ကြည့်၊ ဘာသဘောတရားနဲ့ကြည့်ကြည့် တရားနည်းလမ်း
...မယ်မဟုတ်လား'

'ကဲ . . . ဟုတ်ပါပြီ၊ မ စကားတတ်မလေးရယ်၊ ဒါပေမယ့်
...တ်ပိုင်ကြီးတစ်ယောက်မှာ သူနေ့စဉ် ကြံရည်ဖန်ရည်လုပ်ရည်
...ိုင်ရည်က ရှိသေးတယ်မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး . . . သူ့လုပ်ရည်ကိုင်ရည်များဘာများ
ပန်ကာအောက်ထိုင်ပြီးတော့ ငွေသိမ်းရတယ်။ ငွေထုတ်ရတ
လက်အောက်ငယ်သားတွေ အမိန့်ဩဇာပေးရတယ်။ ဒီလောက်
ရတာများတော့လား တောက မိန်းမတစ်ယောက် ဆန်တစ်ဆုံ
တာလောက်မှ မပင်ပန်းဘူး။ သူနေ့စဉ် လောကီစည်းစိမ် ခံစား
လိုက်တာက တောက လယ်သမားကြီး ဆယ်ယောက်နေထွက်
နေဝင်အထိ လုပ်စာလောက်ကိုသုံးနေတာ၊ ဒီတော့ ဖြစ်နိုင်မယ်ဆို
သူ့ကိုယ်ထဲက အသွေးအသားတွေတောင် ပြွန်နဲ့စုပ်ပြီး ဆင်းရဲသ
တွေကို ပြန်ဝေပေးဖို့ သင့်ပါသေးတယ်'

'ဒါက သဘောတရားရင်းပေါ်အောင် စကားအဖြစ် ပြော
တာပါလေ။ အမှန်တော့ သူတို့လို လူစားတွေဟာလဲ သနား
ကြီးတွေပါပဲ။ စင်စစ်သူတို့က ငွေကို ခိုင်းစေနေကြသော်လဲ သူတို့
ခိုင်းစေနေတာက အရင်းရှင်စနစ်ဆိုတဲ့ နည်းလမ်းဆိုးကြီးပဲ။ သူ
ဟာ အဲဒီနည်းဆိုးကြီးရဲ့ ကျွန်ဖြစ်နေတယ်။ ဒီထက်ပိုပြတ်သားအော
သရုပ်သကန်ခွဲခြားပြရမယ်ဆိုရင် သူတို့ဟာ အရင်းရှင် စနစ်
ကြီးရဲ့ ပစ္စည်းထိန်းဥစ္စာစောင့်ကြီးတွေပါ။ ဥစ္စာစောင့်မှ ရိုးရိုးဥစ္စာစော
မဟုတ်ဘူး။ စောင့်ရုံသက်သက် မဟုတ်သေးဘူး။ သူတို့နဲ့ ဆိုင်
သိုက်နန်းထဲမှာ ပစ္စည်းရတနာတွေ ဆထက်ထမ်းပိုးတိုး အော
နေ့စဉ်နဲ့အမျှ လောဘတာဝန်ကို ထမ်းဆောင်နေကြရရှာသေးတ
အဲ . . . သူတို့ကို နိုင်တဲ့သိုက်ဆရာနဲ့ တွေ့တဲ့ ရန်သူမျိုးငါး
တွေ့ပြီဆိုမှဖြင့် သူတို့ခမျာကြီးတွေ အလူးအလိမ့်ခံရပါရောရှင်

'ဦးလေးတက်ပုကြည့်ပါလား။ ဦးလေးတက်ပုတို့ စပါး
သွားရောင်းတဲ့ စက်ပိုင်ကြီးမှာ စက်နှစ်လုံးရှိတယ်မဟုတ်လား။ အ





တိုတောင်ပိုင်းက စက်တစ်လုံးမီးလောင်သွားတော့ စက်ပိုင်ကြီးမျက်နှာ ဘာဖြစ်သွားသလဲ၊ စက်ပိုင်ကြီးကတော်မှာဖြင့် ထမင်းမစားနိုင်ဘဲ အားသွားတယ်တောင်ကြားရတယ်။ ဒါတောင် ကြည့်စမ်း သူတို့လုံးဝ ဆုံးရှုံးတာမဟုတ်ဘူး။ မီးအာမခံကရှိတော့ စက်ဖိုးပြန်ရသေးတယ်။ သူတို့သောကပရိဒေဝမီး တောက်လောင်တာက စက်သစ်ပြန်တည် ပြီးခင်အတွင်းမှာ နေ့စဉ် ဝင်ငွေလျော့မှုကြောင့်တဲ့။ ကဲ . . . အကျဘူးလား။ ဒီဘက်မှာလဲ စက်တစ်လုံးက လည်လျှက်တန်းလန်း သူတို့လက်ထဲမှာလဲ ရွှေငွေရတနာတွေက အနမတဂ္ဂ၊ ဒါဟာ ပစ္စည်းက လူကိုညှဉ်းဆဲတာ ဦးလေးတက်ပုရဲ့၊ ဒီ့ပြင်ဟာမကြည့်နဲ့ အနီးဆုံးဟာပြောရဦးမယ်' သူ့အသံ နည်းနည်းတိုးသွားကာ 'ဟောဒီ အိမ်က ကြီးကြီးတို့လေ၊ သူတို့မှာ အခုလို ကား ၆ စီးမရှိသေးဘူး။ ၄ စီးရှိတုန်းက တစ်စီးကို လမ်းမှာ သူပုန်တွေသိမ်းသွားလို့ ဆုံးရတုန်းကလေ၊ ဟာ . . . အရီဖြင့် သူတို့လင်မယားကို သနားရော၊ အိပ်နိုင် မစားနိုင် တော်တော်ကြာကြီး ဖြစ်လိုက်ကြသေးတယ်။ ပါးစပ်ကလဲ တဖျစ်တောက်တောက်။ ဒရိုင်ဘာကို ဆူလိုက်တာနဲ့၊ ကားနဲ့အတူပါသွားတဲ့ သူတို့တူကလေး အပြစ်တင်လိုက်တာနဲ့ လမ်းခရီး အခြေအနေ မသိရကောင်းလားလို့ပေါ့လေ . . ။

'ဒါနဲ့ အရီစဉ်းစားတယ်။ ကြည့်စမ်းလို့ သူတို့မှာ ကား ၄ စီးရှိတဲ့အနက် တစ်စီးမီးလောင်သွားတာ သုံးစီးတောင် ကျန်ပါသေးလျက်ကနဲ့ စိတ်သောကရောက်ကြရတယ်။ ဒီက တစ်စီးမှမရှိတဲ့ သူတွေမှာဖြင့် ဘာမှမဖြစ်ရဘူးလို့ နောက်တော့ အမိပွဲယ်ပေါက်လာတယ်။ ဒီမှာ ဦးလေးတက်ပု ဦးလေးတက်ပုတို့ရွာမှာ အိမ်အိုတော့ ပြိုအောင် ကျားကန်ရတယ်မဟုတ်လား။ ဥပမာ အရှေ့အနောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်မြောက် ကျားလေးစီးကန်ထားတဲ့ အိမ်မှာ ကျားတစ်စီး ပြိုတော့ ပြိုတဲ့ဘက်ကိုယိုင်မယ်မဟုတ်လား။ အဲဒီသဘောတရားနဲ့ စဉ်းစားလိုက်တော့ လား . . . လား . . . သူတို့ကားလေးစီးဟာ ကျားလေးစီး ဖြစ်နေတယ်။ ဦးလေးဘက်ပုရေ့ အရီပြောတာနားလည်ရဲ့လား'

'လည်တယ်အရီ၊ ပြောသာပြော'

'သူတို့ဟာကျားတစ်စီးနဲ့တူတဲ့ ကားတစ်စီးပြိုသွားတော့ ပြိုတဲ့ဘက်ကိုယိုင်သွားတာကိုး၊ ဒါနဲ့ပြန်ပြီးတော့ မတ်အောင် မနေမနား ကြိုးစားလိုက်ရတာ အခုတော့ ကျား ၆ စီးတောင် ဖြစ်လာပါရောလား၊ အဲဒီကျား ၆ စီးဖြစ်လာတော့ အရင် ၄ စီးထက် ပိုဆိုးပြန်ရောရှင်၊ ဘယ်လိုလဲဆိုရင် အရင်က ကြီးကြီးတို့မှာ ကားတွေ အိမ်က ထွက်သွားတော့ လမ်းမှာ ဘယ်လိုဖြစ်ဦးမလဲဟဲ့ ဘယ်လိုအန္တရာယ်တွေ့ဦးမလဲဟဲ့ ဖြူးဖြူးဖြောင့်ဖြောင့်မှ ပြန်ရောက်ပါမလားဟဲ့နဲ့ ၄ စီးတွက်ပဲပူရတယ်။ အခုတော့ ၆ စီးအတွက်တောင်ပဲ ဦးလေးတက်ပုရေ့၊ ၆ စီးမို့ ဝင်ငွေပိုရတာတော့ မှန်ပါရဲ့။ သို့သော် သူတို့ကိုယ်ကျိုးကြည့်တော့ အရင် ၄ စီးတုန်းကထက်ပိုပြီး ထမင်းစားနိုင်တာလဲ မဟုတ်ပါဘူး။ ဒါနဲ့ သီလပိုပြီးဆောက်တည်နိုင်တာလဲ မဟုတ်ပါဘူး။ သောကပိုလာလို့ လျှော့သွားတာသာတွေ့ရပါတယ်။ ဒီတော့ ဘယ်မှာလဲကောင်းကျိုး . . .'

'နို့ပြီး အရင်းရှင်စနစ်အောက် ကျွန်ခံနေရတဲ့ အရင်းရှင်ကြီးတွေ အတွက်လဲပြောရဦးမယ်။ သူတို့ယုံကြည်ကိုးကွယ်တဲ့ သူတို့သခင် အရင်းရှင် စနစ်ကြီးက မင်းတို့ဟာ ငါခိုင်းစေတဲ့အတိုင်း လိုက်နာဆောင်ရွက်ပေးတယ်။ ဒါကြောင့် ငါ့ဆန္ဒအတိုင်း မင်းတို့သွေးစုပ်ထားဘူးတဲ့ ဆင်းရဲသားတွေရဲ့ လုပ်အားဖြစ်တဲ့ အခု မင်း





တို့လက်ထဲရောက်နေတဲ့ ရွှေငွေရတနာကို မင်းတို့သဘောရှိ ကလောထိစေဆိုလို စိတ်ထင်သမျှ သုံးရစားရတယ်။ သို့သော်လဲ ရုပ်ဆင်းသဏ္ဌာန် ပိုလှမလာပါဘူး။ ခွန်အားဗလပိုမပြည့်ပါဘူး။ အသက်ရှည်မလာပါဘူး။ တစ်နေ့သေရတာပါပဲ။ သေတဲ့အခါမှာလဲ ငါ့စည်းတွေရယ်ဆိုပြီး တစ်ရွေးသားယူသွားရတာ မဟုတ်ပါဘူး။ ဒါကြောင့် ဥစ္စာစောင့်ကြီးတွေပါပဲလို့ ဆိုပါတယ်။ ဒီဥစ္စာစောင့်သွေးစုပ်ကောင်ကြီးတွေမှာ လဲ မသေခင်စည်းစိမ်ခံစားရတာလေးနဲ့မွေ့အောင် ရန်သူမျိုးငါးပါး သိုက်ဆရာနဲ့ မကြာခဏတွေ့ရပါတယ်။ အခု ကမ္ဘာ့ထိပ်သီးဖြစ်နေတဲ့ အမေရိကန်အရင်းရှင် ဥစ္စာစောင့်ကြီးတွေမှာ ရန်သူမျိုးငါးပါးထဲက တစ်ပါးအပါအဝင်ဖြစ်တဲ့ 'မချစ်မနှစ်သက်သူ' ဆိုတဲ့ သိုက်ဆရာတွေနဲ့တွေ့လို့ မျက်လုံးပြူးနေပြီကော ဦးလေးတက်ပုရေ'

ဤအခိုက် အိမ်ရှေ့ဘက်မှ ဒေါ်အေးဆင့်က . . .

'ဟဲ့ . . . အရီ၊ ဓမ္မကထိကမလေး နင့်အိမ်ကခေါ်နေတယ်'

'ဟုတ်ကဲ့ ကြီးကြီး' ဆိုပြီး ထိုင်ရာမှထ၍ 'ကဲ . . . ဦးလေးတက်ပု၊ နောက်မှ အေးအေးဆေးဆေးပြောကြသေးတာပေါ့နော်'

အင်း . . . အာဂကောင်မလေးပဲ၊ ကျုပ်အစဦးဖြင့် ဒီဟာလေးဟာ လှတာသက်သက်ပဲ အောက်မေ့ခဲ့တယ်။ အခုတော့ ရွှေထုပ်တဲ့မြပဝါ လှကညာ။

သူအိမ်ပေါ်က အဆင်းတွင်လည်း တီးတိုးကလေး သီချင်းညည်း၍ သွားသေး၏။

'ကလာင် မထိန်းနိုင်ဘူး
ရှောင်တိမ်းကာ ဒါတွေကွင်းချင်လဲ



www.burmeseclassic.com

အရင်းရှင် ဒီစနစ်ဟာဖြင့်
အမြစ်ပါ မပြိုပျက်ရတော့
ခက်ပါလိမ့်ဤကမ္ဘာ
မသာဘူး လူ့ဘုံခန်း' တဲ့၊

✱





၁၁

ကျွန်တော်ယခုဦးမြတ်ချမ်းတို့အိမ် နေရသည်မှာ ထင်းပေါက်ခြင်း၊ ချုပ်ခြင်း၊ သူတို့မြေးကလေး ထိန်းပေးရခြင်း၊ ညအိပ်ရာဝင်ခါနီးတွင် တစ်ခါတရံ သူတို့လင်မယားကို နှင်းပေးရခြင်း၊ သူတို့မော်တော်ကားကြီးများပြန်လာ၍ ဘီးလေလျော့နေလျှင် လေထိုးပေးရခြင်း၊ ရွံ့များပေလာလျှင် ဒရိုင်ဘာနှင့်အတူ ကူ၍ရေဆေးပေးခြင်း စသော ဗာဟီရအလုပ်ကလေးများဖြင့်သာ မတောင့်မတမကြောင့်မကြ၊ အချိန်တန်လျှင် ထမင်းပွဲလက်ဆေးနိုက်၍ ထမင်းပွဲအပြီး အားလုံးပန်းကန်တွေစုဆေးရပါသည်။

ဩော် . . . တစ်ဝမ်းတစ်ခါးအတွက် မြို့မှာဆိုတော့ သက်သာလိုက်တာ။ တောမှာဆိုတော့ ဒီလိုတစ်နေ့ထမင်း နှစ်နပ် ကလေးစားရဖို့ကို (ဟင်းမြက်မြက်တောင် မပါဘူး) နွားနဲ့ ဖက်ရှင်း ရှာတာခင်ဗျ။



www.burmeseclassic.com

www.burmeseclassic.com



'မောင်တက်ပု ဒီအတိုင်းဆို တို့အိမ်တစ်သက်လုံး နေခ
နေပါကွာ' ဟုပင်ပြောပါသေးသည်။ ကျေးဇူးတင်ပါရဲ့၊ သို့သေ
ဘယ်ဖြစ်မလဲ၊ ကျွန်တော့်မှာ သားနဲ့မယားနဲ့ သံယောဇဉ်မီးဒ
မွေးမိပြီတကိုး။

သူတို့အိမ်မှာ မပူမပင်စားရပါရဲ့၊ ကွမ်းဆေးဆိုလဲ အဆ
ပယ်၊ ဆေးလိပ်မှ ဦးမြတ်ချမ်းရဲ့ ထားဝယ်ဆေးလိပ်မီးသေ အတိုတ
ကို သောက်ရပါသည်။ တစ်ခါတစ်ရံ၌ 'ဟဲ့ . . . ဒါယူ' ဆိုပြီး အရှ
အသစ်စက်စက်ကြီးတွေကို ပေးပါသည်။ ပိုးပေါက်အနည်းငယ်တေ
ပါသပေါ့လေ။ သို့သော် ကျွန်တော့်အဖို့ ထုံးနဲ့ ဖာသောက်လိုက်တေ
ဇိမ်ပေါ့။ ဤလိုအရှည်မျိုးကို မော်တော်ကားဘီး လေထိုးရသော
နေ့မျိုးတွင် ထင်းတုံးကြီးတွေ ပေါက်ရသော နေ့မျိုးတွင်ပေးတတ
ပါသည်။

ညနေဆီ နေခြည်လျှပ်ရင်ဖြင့်
မရွှေရ ကေသီနတ်ကယ်က၊
ရေကြည်ခပ်ရန်တဲ့ လာခဲ့ပြီ။
အလှထူးပါဘိ၊
မြဖူးမှာ ရွှေစာရံသို့၊
နေဝါလျှံ ကြည်ကြည်လဲ့တွင်ဖြင့်၊
ကိုယ်မူဟန် သီသိန္ဓဲ့ငယ်နဲ့၊
ချစ်ဖွယ်ဂေါ်ရီ။
အဆင်းသာ မကြည့်လေနဲ့၊
အချင်းမှာလဲ ပြည့်ပါဘိ၊
ယမင်းကညာတမိ လှဒေဝီရယ်၊





ပြည်တန့်တဲ့ပတ္တမြား၊
အရွယ်တလေး
ငယ်သေးပေမယ့်၊
အတွေးဉာဏ်ကျယ်လို့၊
မှန်တကယ် အမြင်ပေါက်သူပေါ့၊
ဇမ္ဗူတလှမောက်အောင်၊
ထွန်းတောက်စေသား။

'ကဲ . . . မရွှေရီ၊ ရေအိုးပြည့်ပြီခင်ဗျာ့၊ တင်ပျဉ်ခွေကြီး
ထိုင်ပြီး ဘာတွေများတွေးနေပါလိမ့်'

သူသည် ကျွန်တော်သူ့ရေအိုးကို ရေငင်ထည့်ပေးနေစဉ်၌
ရေတွင်းအနီးက မြက်ခင်းစိမ်းကလေးပေါ်တွင် တင်ပျဉ်ခွေ ပုံ့ပုံ့ကြီး
ထိုင်လျက် ပေါင်နှစ်လုံးပေါ် တံတောင်နှစ်ဖက်ထောက်၍ လက်ဖဝါး
နှစ်ခုထဲ မေးစေ့ထည့်ကာ စူးစူးစိုက်စိုက်တွေး၍ နေတတ်ပါသည်။

'အင်း သူ့မှာ ဧကန္တ တွေးဖို့၊ ငေးဖို့၊ ဆွေးဖို့ လူရှိနေပြီ
ထင်တယ်'

သူထိုင်ရာမှ ထအလာ၌ ကျွန်တော် စကားဆက်လိုက်
သည်တွင် . . .

'အမယ်လေး . . . ဦးလေးတက်ပုရယ်၊ အရီမှာ ထွေလီ
ကာလီ၊ ဝိစိကိစ္စစိတ်တွေ မရှိပါဘူး'

'နို့ . . . ဘာတွေများ နေ့ရှိသရွေ့ တွေးငေးနေရတာလဲ'

'စဉ်းစားစရာတွေ တွေးစရာတွေ အများကြီးပေါ့ ဦးလေး
တက်ပုရယ်၊ ဟောဒီလောကကြီးမှာ တွေးလေ တွေးလေ မဆုံးလေဘဲ'

'ဒါဖြင့် တွေးမဆုံးပေါင်၊ ခွေးသုံးကောင် ငရွေးမြီးနဲ့လှောင်၊



www.burmeseclassic.com

www.burmeseclassic.com



မိအေး ပြုံးသယောင်ယောင်ပေါ့ဟုတ်လား'

ကျွန်တော်က အရွှန်းကလေးဖောက်လိုက်ရာ သူသည် ပါးမို့ကလေးအက်အက်နှင့် အသံကလေးများထွက်အောင်ရယ်ကာ. . .

'ကြည့်စမ်း ဦးလေးတက်ပု၊ နဘေထပ်ကောင်းလိုက်တာ ကဗျာစပ်တတ်ရင် သိပ်တော်မှာနော်'

'သိပ်တော့ မတော်ပါဘူးကွယ်၊ စပ်တော့စပ်တတ်ပါတယ်'

'ဟင် . . . ဦးလေးတက်ပု ကဗျာစပ်တတ်တယ်'

'တောသား ကဗျာစပ်တတ်တယ်ဆိုတော့ အံ့ဩသလား'

'အံ့ဩစရာပေါ့၊ မြို့ကျောင်းနေတဲ့လူတွေတောင် ကိုးတန်းဆယ်တန်းရောက်မှ သင်ပေးတာ၊ ဒါတောင် သင်တိုင်း တတ်ကြတာ မဟုတ်ဘူး။ ဉာဏ်ကောင်းတဲ့လူမှ ကဗျာစပ်တတ်တာ၊ ဦးလေးတက်ပု ဘယ်ကတတ်လာတာလဲဟင်'

'တို့ခပ်ရွယ်ရွယ်က ရွာကကျောင်းမှာ ဦးပဥ္စင်းကြီးတစ်ပါးလေ ကဗျာအင်မတန်ဝါသနာပါတယ်။ သူကိုယ်တိုင်လဲ ကဗျာစပ်တတ်တယ်၊ ဒါနဲ့ ကိုယ်က အခုနလို တွေးမဆုံးပေါင် ခွေးသုံးကောင် ဆိုတဲ့ဟာမျိုးတွေ ပါးစပ်က ဗျစ်တီးဗျစ်တောက်ဆိုလေ့ရှိတာ ကြားတော့ ဟာ. . . တက်ပုနင်ကဗျာသင်ရင် ရမယ်ဆိုပြီး သင်ပေးတာ အရီရဲ့။ ဦးကျော်လှ သံချိုတွေ၊ ဦးပုညမေတ္တာစာတွေ၊ ကျည်းကန်ရှင်ကြီးစာတွေ၊ ဦးကြင်ဥကဗျာတွေ၊ နတ်ရှင်နောင်ရတုတွေ ဖတ်လိုက်ရတာအမောပဲ၊ ကဗျာဖတ်များမှ ကဗျာစပ်ပွားသတဲ့'

သူကလေးသည် နှုတ်ခမ်းကလေးပွင့်အောင်ပင် ငေး၍နားထောင်နေပြီး . . .

'အမယ်လေး . . . ဦးလေးတက်ပုရယ်၊ အရင် အရီက





ကောင်းကောင်းဖတ်တတ်ကဲ့မှတ်လားလို့မေးမိတာ ခွင့်လွှတ်ပါနော်၊ ကြည့်စမ်း၊ တကယ့်လူနဲ့တွေ့မှပဲ'

'ဘာလဲ၊ အရင်ကတော့ မျောက်မှတ်လို့လား'

'မဖောက်စမ်းပါနဲ့ဦး၊ အတည်ပြောစမ်းပါရစေဦး၊ အရီကိုယ် လူကဲခတ်တော်လှပြီ အောက်မေ့နေတာ ဒီတစ်ပွဲတော့ လွဲလိုက်လေ၊ ဦးလေးတက်ပုက ဝလွှတ်ရှုတ်တန ရယ်စရာတွေပြောတော့ အေးလေ ဟာသသမားဆိုတော့ လူကဲခတ်ရခက်တာပေါ့'

'အမယ်လေး အရီရယ်၊ ဘာတွေများ ဒီလောက် လူကဲခတ် နေရတာလဲ၊ ဦးလေးတက်ပုမှာ ကဗျာကလေး မတောက်တစ်ခေါက် တတ်တာကလွဲပြီး ဘာများတော်လို့လဲ၊ ကိုယ်ကမှ အရီကို တက်တက်စင်အောင် လွဲတာ'

'ဘယ်လိုများလွဲလို့တုန်း'

'ဟာ အစဦးဖြင့် ဒီကောင်မလေးဟာ လှတာသက်သက် စာအတွက်လောက်ပဲလို့၊ အိုး . . . ဆောတီး ဆောတီး၊ အကျင့်က နေတော့ နဘေသွားထပ်လိုက်မိတာ ရိုင်းသွားတယ်။ ခွင့်လွှတ်ပါ နော်'

'ကိစ္စမရှိပါဘူး။ အရီနားလည်ပါတယ်။ ဦးလေတက်ပု တားဟာ တိုတိုကလေးနဲ့ အဓိပ္ပာယ် အကျယ်ကြီးကိုပြီးသွားတယ်။ ခုတော့ ဘယ်လိုများ အထင်နဲ့လွဲသလဲ'

'ညက အရီ့ကို ကဗျာတစ်ပုဒ်တောင် စပ်ထားတယ်'

'ကဲ . . . ဒီလိုဆို အလွတ်ရနေမှာပေါ့၊ ဘယ်လိုများလဲ ဆိုပြစမ်းပါ'

ကျွန်တော် လက်တား၍ . . .



www.burmeseclassic.com

www.burmeseclassic.com



'အမယ်လေး . . . အမိ၊ ဆိုတော့ ဆိုမပြုပါရစေနဲ့ . . . အသံကြားရင် ခင်ဗျားကလေး လန့်ပြေးမယ်။ ရော့ ဟော့ဒီမှာ အစ . . . ပြဖို့ အသင့်ပဲပါခဲ့တယ်' ဆိုပြီး ကျွန်တော် ခါးပိုက်ထောင် . . . ထည့်ထားသော စာရွက်ခေါက်ကလေးကို ပေးလိုက်ပါသည်။

ကဗျာမှာ ကျွန်တော် အခုနက ရေငင်ရင်းညည်းနေသော . . . လေးချိုးကလေးဖြစ်ပါသည်။ (မိတ်ဆွေပြန်ဖတ်ကြည့်ပါဦး)

'အမယ် . . . စာဆိုတော် ရတနာတက်ပုဆိုပါလား'

'ဒါကိုယ့်ကလောင်နာမည်လေ၊ အဲဒီဦးပဥ္စင်းကြီးက မှည့် . . . ပေးတာပဲ၊ ကဲ ဖတ်ပါ ဖတ်ပါ'

သူကလေးသည် ကိုယ်ကလေးကို ယို့ကာ ယမ်းကာ ရယ် . . . ပြုံးကာနှင့် ဖတ်ပြီး . . .

'ဟင်း ကြည့်စမ်း ဦးလေးတက်ပု၊ အရီကို သိပ်မြှောက် . . . တာပါပဲလား၊ ဒီကဗျာနဲ့ အရီနဲ့ မတန်ပါဘူး'

'တန်လို့ပဲ စပ်ပြီးနေပြီ၊ ကဗျာဆိုတာ အသည်းနှလုံး . . . ထဲက ထွက်လာတာ၊ ဒီကဗျာထဲမှာ ဦးလေးတက်ပု စေတနာ . . . အများကြီးပါတယ်။ အရီတစ်နေ့မှာ ဇမ္ဗူတလူမောက်ရမယ်ကွယ် . . . ကြားလား ငါ့ညီမ။ ဟင် . . . ဟုတ်ပါဘူး၊ အရီက ဦးလေး . . . တော့် . .'

သူက ကျွန်တော့်စကားဖြတ်၍ . . .

'ပိုရင်းနှီးသွားအောင် ညီမလို့ခေါ်ချင်လဲခေါ်လေ၊ အရီ က . . . ကိုကြီးလို့ခေါ်မယ်၊ ဒါပေမယ့် ဟိုသီချင်းထဲက ကိုကြီး . . . ညီမလေးမျိုးတော့ မဟုတ်ဘူးနော်'

'အေးပါကွယ်၊ ကိုယ်ကလဲဒါမျိုး ဝါသနာမပါပါဘူး၊ . . .





. . . ခေါ်ကြည့်စမ်းမယ် ပြန်ထူးနော်။ ညီမလေးရေ'

'ရှင့်'

'ဟယ် . . . ကိုကြီးရေလို့ ပြန်ထူးမှပေါ့'

'ဒါဖြင့် ပြန်ခေါ်'

'ညီမလေးရေ'

'ဘာလဲတော့'

'ဟယ် . . . လုပ်ပြန်ပြီ'

'ဒါဖြင့် ပြန်ခေါ်ဦး'

'ညီမလေးရေ'

'ဘာတုန်း၊ အလကား ခဏ ခဏခေါ်နေတာပဲ၊ ဒီမှာ အလုပ် . . . အားဘူးတော့၊ အိမ်ကို ရေရွက်ပို့ရဦးမယ်'

မျက်နှာထိ မျက်နှာနှင့် နှုတ်ခမ်းတလန်၊ ပန်းတလန် . . . တောသူမသံ ပါပါကြီးပြောပြီး ရေတွင်း နှုတ်ခမ်းပေါ်တွင်ထားသော . . . သူ့ရေအိုးကိုကောက်ရွက်၍ ညာလက်က အိုးနှုတ်ခမ်းကို ကိုင်လျက် . . . ဘယ်လက်က ထဘီစတစ်ဖက်ကိုသလုံးသား တစ်ဝက်ပေါ်အောင် . . . တော့ ကော့ကော့ကြော့ကြော့ကြီးသွားလေ၏။ ရေအိုးကိုလည်း မရှက် . . . တတ်၊ ရွက်တတ်မို့ ခေါင်းကမငြိမ်တော့ ရေတွေက အိုးနှုတ်ခမ်းပေါ် . . . က စီးကျ၊ သူ့ပါးပေါ်က လျှောဆင်းပြီး သူ့ကိုယ်ပေါ်ရောက်တော့ . . . အင်္ကျီကလည်း မထူမပါး၊ အသားအရေကလည်း ပြည့်ပြည့်တင်းတင်း . . . ဝါဝါဝင်းဝင်း၊ ကွင်းကွင်းကွက်ကွက်နဲ့ ချစ်စရာကျွန်တော့်ညီမလေး၊ . . . အားကိုက်ခဲ့ချင်စိတ်တော့ ပေါ်လာသား၊ ဒါပေမယ့် မလျော်တာ . . . ဘယ်။

သို့သော်လည်း ယောက်ဖတော့ မလိုချင်ဘူး။ သံပေ . . .

www.burmeseclassic.com



တွယ်ကာ ငြိသလောက်လေ . . . အစ်ကိုကြီးမှာ ညီမလေးရေ။

အရီသည် မြို့သူပင်ဖြစ်သော်လည်း ရေအပြည့်နှင့် ရေအိုးကြီးကို အလွယ်တကူခေါင်းပေါ် ပင့်နိုင်လောက်အောင် သန်စွမ်းသူဖြစ်သည်။ သူ့လက်မောင်းကြီးတွေမှာ တုတ်တုတ် ကစ်ကစ်ကြီးတွေ။ လက်ချောင်းကလေးတွေကား မိန်းမပီပီသေးသွယ်လှသည်။ လက်ဆစ်မပေါ် ဖယောင်းတိုင်ကဲ့သို့ ပြေပြစ်သည်။ ညအချိန်လသာသာဦးမြွတ်ချမ်းတို့ အိမ်နောက်ဖေး တလင်းကျယ်ကြီးထဲ၌ ကျွန်တော့်ကို သူ စိတ်ပါလက်ပါ ကိုယ်ဖိရင်ဖိဖြင့် ဘိုင်စကယ်စီး သင်ပေးနေ၍ ကျွန်တော်သိသည်။ သူ့လက်ဖဝါးလေးတွေ လက်ခုံကလေးတွေမှာ ထွေးထွေးအိအိ ရှိလှသည်။ လက်မောင်းသားတို့ကား တင်းရင်းလှ၏။

သူသည် ဘယ်လို အဝတ်ပဲဝတ်ဝတ်ကြည့်ကောင်းသည်။ သူ့မိတ်ဆွေ ကရင်မတစ်ယောက်ဆီက လက်ဆောင်ရထားသော ကရင်မအင်္ကျီ အနက်ချိုင်းပြတ် ပန်းနီအနားသတ်ကလေးတို့ ဝတ်ထားသည်၌ အင်မတန်ကြည့်၍ကောင်းသည်။ စပို့ရှပ်နှင့် ဘောင်းဘီရှပ် ဝတ်လိုက်သောအခါ၌ ပို၍ပင်လှလေသည်။ ညအချိန် သူကျွန်တော့်ကို စက်ဘီးစီးသင်ပေးစဉ်၌ ဤသို့ဝတ်တတ်သည်။ သူ့မှာ ဘောင်းဘီများရှိသည်။ သူ ရဲမေလုပ်တုန်းက အဝတ်တွေဟု ပြောပြသည်။

သူ့ကို အများက ငါးမူးပဲတင်းဟူ၍လည်းကောင်း၊ ဆတ်ဆတ်ကြဲမကလေး ဟူ၍လည်းကောင်း၊ ခမ္မကထိက မကလေး ဟူ၍လည်းကောင်း၊ မရွှေနီဟူ၍လည်းကောင်း အမျိုးမျိုး ခေါ်ကြသည်။ သူ့မှာ နာမည်တစ်မျိုးရှိသည်။ မခင်နီတဲ့။။





သူ့မျက်နှာမှာ နဖူးမှမေးရိုးပါးအို့အထိ လေးထောင့်ကျသော်လည်း မေးဖျားသွယ်၍ တစ်မျိုးလှသည်။ နံဘေးကကြည့်လျှင် မျက်နှာသွယ်၍ ရှေ့တည့်တည့်က ကြည့်လျှင် မျက်နှာဝိုင်း ခေါ်နိုင်သည်။ မျက်လုံးကလေးများမှာ ရွှဲ၍ ကြည်လင်တောက်ပသည်။ မျက်ခုံးမွှေးကောင်းသည်။ ဆေးမဆွဲရဘဲနှင့် မည်း၍နေသည်။ နှာတံပေါ်လွင်၍ မျက်နှာအချိုးအစားပြေပြစ်သည်။ အထူးသဖြင့် နှာသီးကလေးရွဲနေတာက အလှကိုဆောင်းသွားသည်။ နှုတ်ခမ်းပုံသဏ္ဍာန်မှာ ပုံကျအောင် အကွက်ချန်ပြီး မျက်ခုံးမွေး ဆေးနက်နှင့် ဆိုးမနေဘဲ (ကျွန်တော်မှာ တောသားပေမယ့် ဦးမြွတ်ချမ်းခွေးမ၊ နှုတ်ခမ်းထူကြီး ပြုပြင်တာကို မြင်ရ၍ မိန်းမတွေ နှုတ်ခမ်းဆိုးနည်း သိနေသည်) သူ့နဂိုအတိုင်း ဆေးနီဆိုးလိုက်သည်နှင့်ပင် ပန်းချီဆရာများဆွဲသော မိန်းမချောတို့ နှုတ်ခမ်းအတိုင်း ဖြစ်သွားသည်။

ဖော်ပြပါ အရာတို့ကား အခြားမိန်းမလှများထက် မထူးခြားဆိုပြားအံ့။ ထားပါတော့။ သို့သော် သွားတိုက်ဆေးပင် ဟောနေသော သွားကိုပင် အင်မတန် ဂရုစိုက်သူမကလေးမို့ ရယ်လိုက်တိုင်း ပါးအို့အက်အက်နှင့် နှုတ်ခမ်းထောင့်တွန့်ကလေးတွေအကြားက သူ့သွား ပုလဲသွယ်ကလေးကိုကား လူတိုင်းအသိအမှတ်မပြုဘဲ နေနိုင်ကြပါကုန်။

*



www.burmeseclassic.com

www.burmeseclassic.com



၁၂

'ဟေ့ အစ်ကိုကြီး'

ကျွန်တော့်ပုံးအတွက် ရေငင်ရင်း ကျွန်တော် သူ့အလှ တရား ဘာဝနာကို စီးဖြန်းနေစဉ် သူနောက်တစ်ခေါက်ပြန်လာကာ နောက်မှ ခပ်ဆတ်ဆတ်ခေါ်လိုက်သဖြင့် ကျွန်တော် ဆတ်ခနဲ လှည့်ကြည့် လိုက်ပြီး. . .

'အမယ်လေး . . . လန့်လိုက်တာ ပတ်ပတ်ကလူ'

သူ့ရေအိုးကို တွင်းနှုတ်ခမ်းပေါ် တင်ပြီး ခေါင်းဖုခုရင်း. .

'ကိုကြီးက ဒါတွေရှိတယ်၊ ဟိုဟာတွေတော့'

ကျွန်တော်ကဖြတ်၍ . . .

'ကိုယ်တို့တောသားတွေက အပေါင်ဆိုင်တော့ မသွားဘူး ဆရာ၊ မကောင်း ကျောင်းပို့ပစ်လိုက်တာပဲ'

'အလဲ့ . . . ဒါတွေလဲရှိသေးတာပဲ'

'ဘုန်းကြီးက လက်မခံလို့ ကျန်နေတာလေ'





သူသည် ခေါင်းခုစနှင့်သူ့နားထင်က ချွေးစရေစတွေ သုတ် . .

'အစ်ကိုကြီးနဲ့ စကားပြောရတာ သိပ်ပျော်တာပဲကွာ၊ ဒီလို စ်ကိုကြီးမျိုး အရင်းတစ်ယောက်လောက် ရှိချင်တယ်'

'အရီမှာ အစ်ကိုရင်း မရှိဘူးလား'

'မောင်ရင်းလဲမရှိဘူး၊ ညီအစ်မရင်းလဲ မရှိဘူး၊ ဘုန်းမယ့် စ်ကောင်တည်းပဲ'

'ဒါဖြင့် အစ်ကိုကြီးဝင်စားတစ်ကောင် ခေါ်လာတယ် ဆိုပြီး း‌နဲ့ချည်ဆွဲသွားလေ၊ ကိုယ်က နောက်ကအသာ အမြီးကလေး ပ်လိုက်ခဲ့မယ်'

'ကိုယ့်ကိုယ်ကို ဒီလိုမပြောပါနဲ့ အာကိုစီးရာ၊တော်ကြာ တွေကြားတော့ စိန်စားသေကုန်ကြလို့ အရပ်သူခိုးပူနေရပါဦးမယ်'

ကျွန်တော် သဘောကျမိကာ . . .

'အဲလိုအပြောမျိုးမှ ကြိုက်သကွာ၊ ကာလဆန်ဆန် ခွန်းဝစနာ က်ပါလို့ ဟာသဉာဏ်ဆိုတာ လွမ်းတာပျောက်သတဲ့၊ အဲဒါကြောင့် လေးရေ မင်းနဲ့စကားပြောရတာရွာက သားမယား လွမ်းတဲ့ တောင် ပျောက်သကွယ်၊ ကဲ သွား၊ ဟိုမြက်ခင်းကလေး ပေါ်မှာ င်ပျဉ်ခွေကြီးထိုင်ပြီး လောကကြီးအကြောင်း စဉ်းစားနေချဉ်း၊ ကြီးရေငင်ထည့်လိုက်ဦးမယ်'

'ဟင် . . . ဒီတစ်ခါ အရီ့ဟာ အရီငင်မယ်လေ၊ အစ်ကိုကြီး ား‌ပါတယ်'

ရေပုံးကြိုး လှမ်းဆွဲသော သူ့လက်ကိုဖယ်၍ . . .

'ခုမှ သနားမနေစမ်းပါနဲ့။ သွားပါ၊ လက်ဖဝါး‌ေ‌နုနု



www.burmeseclassic.com

www.burmeseclassic.com



သွေးခြည်တွေ ဥက္ကုန်ပါဦးမယ်'

'မှန်းစမ်း ကိုကြီးလက်၊ ကတော့' ကျွန်တော့်လက်ဖဝါး
ဖြန့်ကိုင်ကြည့်ကာ 'ဟင် ကျောက်သလင်းခဲလို့ပဲ ဖြူပြီးမာနေတာ

'အလုပ်ကြမ်း လုပ်ရတာကိုး အရီရဲ့'

'ကိုကြီး ဒီအိမ်မှာ ထင်းလဲပေါက်ရတယ်နော်၊ ဟိုနေ့
မန်ကျည်းတုံးကြီးတွေ လွှနဲ့ဖြတ်နေရတာလဲ မြင်တယ်၊ ဒီအိမ်
လူတွေနဲ့ ဒရိုင်ဘာတွေကတော့ တစ်ယောက်တစ်လှည့်၊ ကိုကြီး
တော့ တစ်ယောက်တည်းဒိုင်ခံပဲ'

'သူတို့မြို့သားတွေက ကိုကြီးတို့တောသားတွေလိုမှ မလု
နိုင်တာပဲကွယ်'

'ကိုကြီး ပင်ပန်းတယ်'

'မပင်ပန်းပါဘူးအရီရယ်၊ ကိုကြီးတို့လို လယ်ထဲနွား
ဖက်ရုန်းနေတဲ့ တောသားက ဒီအလုပ် တဟီရလောက်ကလေး
စာရင်းထဲ ထည့်မသွင်းပါဘူးကွယ်'

သူသည် ကျွန်တော့် လက်မောင်းသားရင်အုပ်သား
ကိုင်ကြည့်ကာ . . .

'ဟင် . . . ကိုကြီးအသားတွေဟာ ကျောက်ခဲလို မာ
တာပဲ၊ အစ်ကိုကြီးသိပ်သန်တယ်နော်'

'မြို့က မောင်ဘွဲ့ရတဲ့လူတွေလောက်တော့ မသန်ပါ
ကွယ်'

'အမယ် . . . အလကားဒီကောင်ကြီးတွေ သန်တာမှတ်
သူတို့ အလေးမ ကျင့်နေလို့ အလေးသာ မ နိုင်တာ၊ ဒီ့ပြင်
ဘာအသုံးဝင်သလဲ၊ အစ်ကိုကြီးလို ထင်းတစ်တုံးကို ဖြစ်အောင်





ပေါက်နိုင်တာမဟုတ်ဘူး။ တချို့ရှိသေးတယ်။ ဝိတ်ကလေးမ၊ ကိုယ်
အလှလေးပြင်၊ အလုပ်တော့ဘာမှမလုပ်ဘဲနဲ့ ယောကျ်ားတန်မဲ့နဲ့
အမောက်ကြီးတစ်မိုက်လောက်မြင့်အောင်ထောင်ပြီး စွပ်ကျယ်
လက်ပြတ်နဲ့ လမ်းလျှောက်လျှောက်ရှိုးပေးနေတာ၊ အရီ တယ်
သောက်မြင်ကတ်တယ်။ အဲဒီလိုကောင်တစ်ယောက်က တစ်ခါ
အရီကိုလာပြီး လူပျိုစကားပြောတယ်။ ဒါနဲ့ 'ရှင့်လိုလူကို ကျွန်မက
မိန်းမလျာလောက်မှ မလေးစားဘူး' လို့ ပြောလိုက်တယ်'

'ဟင် . . . အရီကလဲ'

'ဟုတ်တယ်၊တကယ်ပဲ၊ မိဘပြည့်ပြည့်စုံစုံရှိတာနဲ့ ဘာအလုပ်
မှ မလုပ်ဘဲ ဒီလို ကိုယ်အလှသနေတဲ့လူတော့ မိန်းမလျာလောက်မှ
မလေးစားတာ အမှန်ပဲ၊ ဘာကြောင့်လဲဆိုရင် မိန်းမလျာက အလုပ်
လုပ်တယ်။ သူတို့ကိုရှာကျွေးမယ့်လူလဲ မရှိဘူး။ သူတို့ရေ သီနားခိုပြီး
ထိုင်စားနေတဲ့ ယောကျ်ားတွေတောင် ရှိသေးတယ်။ ဒီကောင်မျိုးတွေ
ဟာ လူအောက်တန်းစားတွေ၊ လောကရဲ့ အလေ့အမှားတွေ၊ အရီက
အလုပ်လုပ်တဲ့လူကိုမှ လေးစားတယ်။ ကြည်ညိုတယ်၊ ချစ်တယ်၊
အရီကိုယ်တိုင်လဲ အလုပ်လုပ်တယ်၊ ကိုယ်တတ်တဲ့ ပညာကလေးနဲ့
တောရွာတစ်ရွာသွားပြီး စေတနာ့ဝန်ထမ်း ကျောင်းဆရာမကလေး
လုပ်နေချင်တာ'

'ဟောဒီ အမေဈေးရောင်းတာမှာ ကိုယ်ခွဲကမရှိ၊ နေ့စဉ်
ငမင်းချက်ရတာနဲ့ ဈေးထဲသွားပို့ရတာနဲ့ ရေခပ်ရတာနဲ့ ပြီးနေတာပဲ။
အဲ . . . ကျန်တဲ့အချိန်ကလေး စာဖတ်ရရဲ့'

'ဒါဖြင့် အရီက ဈေးရောင်းပါလားကွာ'

'အမယ်လေး . . . အရီဈေးရောင်းလို့မဖြစ်ဘူး။ တစ်ခါက



www.burmeseclassic.com

www.burmeseclassic.com

မအေက အိမ်မှာ ထမင်းချက်၊ သမီးချော ဆိုင်ခုံပေါ်တင်ရင် ပိုရောင်းရမှာပဲပြောကြတာနဲ့ အမေကဆိုင်ပေါ်ထိုင်ခိုင်းတယ်လေ'

'နို့ . . . ပိုမရောင်းရဘူးလား'

'ဟာ . . . ရောင်းလိုက်ရတဲ့ဖြစ်ခြင်း မပြောနဲ့တော့၊ နှစ်ရက်လောက်ကြာတယ်၊ အမေက ကဲ . . . ညည်းလုပ်ပုံနဲ့ဆို ငါ့အရင်းပြုတ်တော့မှာပဲ ဆိုပြီးတောင်းပန်ယူရတယ်'

'ဟင် . . . ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲဆို အရီက တောတလူတွေမြင်ရင် တယ်သနားတာပဲ။ သူတို့ဆစ်သမျှ ဈေးပေးလိုက်တာနဲ့ အဆစ်တွေ အပိုတွေပေးလိုက်တာနဲ့ အမေထမင်းပို့လာရင်းမြင်တော့ မျက်ဖြူဆိုက်သွားတာပေါ့။ ဒါနဲ့ အမေရယ် သမီးနဲ့ ဒီအလုပ်နဲ့မဖြစ်ပါဘူး၊ သမီးမှာ ကုန်သည်ဈေးသည်စိတ် မရှိတော့ဘူး။ အိမ်မှာ ထမင်းချက်ပါရစေတော့လို့ပြောရတယ်'

'ဟုတ်တယ် ဦးလေးတက်ပု၊ ဟင် . . . အစ်ကိုကြီး၊ အရီလေးတောကလူတွေမြင်ရင် သိပ်သနားတာပဲ။ တောသားတွေဟာ မြို့သားတွေကို လုပ်ကျွေးနေရတာပဲ'

'ဟင် . . . ဘယ်လိုလုပ်ကျွေးနေရတာပဲ'

'ကြည့်ပါလား၊ မြို့သူမြို့သားတွေ စားနေတဲ့ အာဟာရတွေနဲ့ အဝတ်အစားတွေဟာ တောကထွက်တဲ့ စပါးတွေကြောင့်ဖြစ်နေတာ မဟုတ်လား။ မြို့သားက စပါးလုံးတစ်စေ့မြေက ထွက်အောင် လုပ်နိုင်တာ မဟုတ်ဘူး၊ တောသားလုပ်စာမြို့သားစားနေတာကို မနာလိုလို့ မဟုတ်ပါဘူး၊ ကိုယ့်ဆိုင်ရာဆိုင်ရာ လုပ်ငန်းနဲ့ တတ်နိုင်သလောက် တစ်နေ့လုပ်အားကို စိုက်ထုတ်ရတာချည်းပါပဲ၊ သို့သော်လဲ ဝတ်ရ



းရတာခြင်းမညီမျှလို့ပြောတာပါ။ မြို့မှာဆိုရင် အဖျင်းဆုံး ဈေးထဲက ကုန်စိမ်းသည်မ တစ်ယောက်ဟာ အဝတ်လတ်လတ်ကလေး ဝတ်နိုင်တယ်၊ မနက်နေ့ခင်း လက်ဖက်ရည်အချို ဝယ်သောက်နိုင်တယ်။ ဟင်းကလေးတစ်ခွက် နှစ်ခွက် မြိုးမြိုးမြက်မြက် ချက်စားနိုင်တယ်၊ တောကလူတွေဘယ်လိုဝတ်ရ စားရသလဲဆိုတာတော့ ကိုကြီးသိ'

'အင်း တို့တောက လူတွေမတော့ အဝတ်ဆိုရင် ယောကျ်ားက ကျောပြောင်၊ မိန်းမကထဘီရင်လျား၊ အစားကျတော့ ငါးပိချက်နဲ့ စားရတာများ ဆယ်အိမ်မှာကိုးအိမ်လောက်က ငါးပိရည်ဖျော် မှန်မှန်မပါဘူး။ ငရုတ်သီးကြက်သွန်လေး ထောင်းဖျော်ရတာမှ နိုင်နိုင်၊ တစ်ခါတရံဟင်းရည်သောက်ကလေးများ ငါးကျည်းခြောက်၊ ပုစွန်ခြောက် ခတ်နိုင်လို့ရှိမှ ဒီအခတ်ကလေး ပြန်ဆယ်လို့ ထောင်းပြီး ငါးနဲ့ရည်ဖျော်ရတယ်။ ဒီနေ့မျိုးကျတော့ ကိုကြီးတို့ ယ်မြိန်သပေါ့။ ညီမလေးနှယ် ပြောပြောချင်ပါဘူး။ လူ့ဘုံခန်းဝါ ဆက်ခဲ့တာမှာ၊ ချမ်းသာသုခပြည့်စုံလှပါပကောလို့ အောက်မေ့လိုက်တယ်။ ဒီလိုသာ ရက်ဆက်စားနေရရင်ဖြင့် သေပျော်ပါပြီလို့'

'ကိုကြီးတို့ရွာမှာ
ဘာဘာတွေပေါ
ပင် ပင်နီချောရယ်နဲ့
ယောထဘီ ယောထဘီ

'အဲဒါ ဟိုခေတ်က ဟုတ်ခဲ့တယ် ညီမလေးရဲ့၊ အခုတော့သ . . .

'ကိုကြီးတို့ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



ဘာဘာတွေပေါ

ကျောပြောင်ယောက်ျားရယ်နဲ့

ထဘီရင်လျားပါတဲ့ မိန်းမတွေ . . . မိန်းမတွေ

ငါးပိရည်လေ အဖျော်ကင်းရယ်နဲ့

ထမင်းကိုဗျ အတင်းမျိုလို့ သွင်းရတယ်

ဆင်းရဲလှတယ်လေး။

မြို့သူတို့ဘာသာ ကော်ဖီရည်တွေ သောက်ကြတော့

ကိုကြီးတို့ရွာမှာ ဘာဘာတွေ သောက်သလဲ

လက်ဖက်ခြောက်ကြမ်းရယ်နဲ့ အဖန်ရည် အဖန်ရည်

မြန်မြန်လေကွယ် ပူပူကိုကျိုက်လိုက်ပါမှ

ဝမ်းဗိုက်ပြည့်သမို့ အလုပ်ခွင်ကို

တမုဟုတ်လျှင် မဆုတ်ပင် ဆင်းနိုင်တော့တယ်လေး . . .

'ကိုကြီး . . . အဲဒီအတိုင်းပဲ ညည်းချင်းကလေးတွေ စပ်ဖူး တယ် . . . ညီမလေးရယ်၊ ကိုကြီးက ရေးသာ ရေးတတ်တယ်၊ အဆို တော့ မကျဘူး'

'အဆိုမကျပေမယ့် စကားလုံး အဓိပ္ပာယ်နဲ့ပဲ အရီတော့ ရင်စို့လာပါတယ်ကိုကြီးရယ်၊ ဒါပြည်သူ့ကဗျာ ခေါ်လောက်ပါ တယ်'ပြောပြီး သူသည် မျက်နှာထားတင်း၍ အံကလေးကြိတ်ကာ 'ဟင်း . . . ဒီလောက်ပင်ပင်ပန်းပန်းလုပ်ရတဲ့ တောသူတောင်သား တွေ တိုင်းပြည်ရဲ့ အသက်သခင်ကျေးလူရှင်တွေ ဒီမျှဆင်းရဲတာကို ကိုကြီးတို့က 'ကံပဲ . . . ကံပဲ' လို့သာ ချနေကြတော့မှာလားဟင် အကြောင်း မရှာကြတော့ဘူးလား၊ တောသား၊ မြို့သား၊ အများလူထု မျှမျှတတ၊ တင့်တောင့်တင့်တယ်၊ ဖူဖူလုံလုံ၊ ပြည့်ပြည့်စုံစုံစားကြဖို့





အစွည်းတွေ ဘယ်ရောက်ကုန်သလဲ၊ ဘယ်မှာ သွားစုနေသလဲ . . . ဟင်၊ ကိုကြီးသိပြီလား . . .

အရင်းရှင် ဒီစနစ်ဟာဖြင့်

အမြစ်ပါ မပြိုပျက်ရင်တော့

ခက်ပါလိမ့် ဤကမ္ဘာ

မသာဘူ လူဘုံခန်းလို့' အံရီ ဟိုနေ့က ဆိုသွားတဲ့အတိုင်းပဲ ကိုကြီးရေ'

'ဒါဖြင့် . . . ဒီအရင်းရှင်စနစ်ကြီးက ဘယ်တော့ ပျက်ပါ မလဲ ညီမလေးရယ်'

'မကြာဘူး . . . အစ်ကိုကြီးရေ့၊ အားမငယ်နဲ့သိလား၊ ရီရီရဲ့ ရဲဘော်တွေရှိတယ်၊ သူတို့အကြံအောင်လို့ တမာန်ထောင်တော့ သိကြ မှာပေါ့ အစ်ကိုကြီးရယ်'

'ဟင် . . . ရီရီမျက်ရည်တွေ စို့လို့ပါလား'

'စို့တယ် . . . စို့တယ်၊ ဒါတွေ တွေးမိတိုင်း မချိဘူး၊ ဒီတော သူတောင်သားနဲ့ မြို့နေလူတန်းစားတွေ ပညာရေး၊ ဝတ်ရေး၊ စားရေး ရောဘယ်တော့မှ မျှမျှတတဖြစ်ကြပါ့မလဲဟင်၊ တောသူတောင်သား အများလူထု ချောင်ချောင်ချိချိရှိမှ သာသနာဘာသာထွန်းကားမှာပေါ့၊ ခုတော့ ကိုကြီးတို့ တောသားတွေမှာ ဥပုသ်စောင့်ချင်လို့မှ မစောင့် နိုင်ဘူး၊ ဘုန်းကြီးက တစ်လတစ်ကြိမ် မစောင့်မနေရဆိုတဲ့ အမိန့် တောင် ထုတ်ယူရတယ်၊ ဝမ်းရေးမတောင့်တော့ အကုသိုလ် ဒုစရိုက်တွေကို ပြုကြရတယ်၊ လောကမှာ ဘယ်သူလူဆိုးဖြစ်ချင်မလဲ၊ လူကောင်းဖြစ်ချင်တာချည်းပေါ့၊ သို့သော်လဲ ကိုယ်မချိတော့ အမိသော်လဲ့ သားတော်ခဲရတယ်၊ ဟင် . . . မဟုတ်ဘူးလားကိုကြီး'



www.burmeseclassic.com

www.burmeseclassic.com



'သာသနာ့ဘာသာ ထွန်းကားတယ်ဆိုတာ ဘယ်လိုလဲ ပစ္စည်းရှိတဲ့ လူတစ်ဦးတစ်ယောက်က မိမိနှစ်လိုတဲ့ဘုန်းကြီးတစ်ပါး ပုဂ္ဂလိက ရွှေကျောင်းကြီးဆောက်ပေးတာ မလိုချင်ဘူး၊ အများ သံဃိကပစ္စည်းနဲ့ သံဃိကကျောင်းဆောက်တာမှ လိုချင်တယ်'

သူ့ လက်သီးကလေး ကျစ်ကျစ်ဆုပ်ကာ 'အမျိုးကိုချစ်စမ်းပါ ဘာသာရင်းကို သိစမ်းပါ၊ တောသူတောင်သားတွေကို သနားစမ်းပါ အခု သူတို့စီးနေကြတဲ့ မော်တော်ကားတွေနဲ့ ဝတ်နေကြတဲ့ နိုင်လွန် တွေဟာ ဆင်းရဲသားတွေလုပ်အားကဖြစ်တာ မဟုတ်လို့ ဘယ်ရွှေ လုပ်တာတဲ့လဲ' ပြောရင်းပြောရင်း သူ့မျက်စိမှာ မျက်ရည်တွေ ဝိုင်းဝိုင်း လည်လာပြီး 'ဟင် . . . အားထန်ကာ မာန်နဲ့ တင်းရသော်လဲ မိန်းကလေးမို့ မျက်ရည်စို့မိတယ်ကိုကြီးရယ်၊ ရီရီ့မျက်ရည်တွေကို သုတ်ပေးစမ်းပါကိုကြီးရယ်၊ ကိုကြီးလို လယ်သမားရဲ့လက်ဖဝါးနဲ့ ရီရီ့ပါးက မျက်ရည်သုတ်ပေးတာ ခံချင်လှပါတယ်'

*





၁၃

အခုလို နေဝင်မိုးချုပ် အမှောင်ထုက အုပ်ပြီဆိုမှဖြင့် ကျွန်တော်တို့ တောရွာမှာ ရှေးယခင်ကလို ပလွေသံရော တယောသံများပါ မကြား ရတော့ဘူး၊ အိပ်ငိုက်မျှဉ်းသည်အထိ ရက်ရတဲ့ ရက်ကန်းလက်ခတ် သံများသာ တဖြန်းဖြန်း ကြားရတော့တယ်၊ ရွာထဲ သီချင်းလျှောက်ဆို တဲ့ ကာလသားတွေလဲ မအားကြဘူး။ သူတို့အိမ်က ရက်ကန်းစင်နား မှာ ရက်ဖောက်ယောက်ပေးနေကြရတယ်။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်တို့ဆီမှာ မိုးတွင်းလယ်လုပ်ရုံနဲ့ မစားလောက်ကြလို့ နွေ ဘက်မှာ မြို့က တရုတ်ဆီမယ် ချည်ပုံပေးယူလို့ အိမ်တိုင်းလိုလို ရက်ကန်းရက်ကြရတယ်။ ၄ဝ တန်တဲ့ ချည်တစ်ထုပ်ကို မိသား နှစ်ယောက် ချည်စာတင်ဟယ်၊ သားအမိနှစ်ယောက်ရှိတဲ့အိမ်မှာ တရုတ်ဆီက ချည်ချဟယ်၊ ချည်ဟတ်ဟယ်နဲ့။ တညင်းလုံးရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရက်ကာန်းရှယ်လို့ စင်တင်ပြီး ရက်လိုက်တာ ၁၅ ရက် အရက် ၂ လောက်ကြာတော့ အထည် ၂၀ ရတယ်။ တရုတ်ကိုယ်စားလှယ် လာယူပြီး လက်ခငွေတစ်ဆယ်ပေးခဲ့တယ်။ သူတို့က တစ်ထည် ဘယ် လောက်ရောင်းမယ်တော့ မသိပါဘူး။ ကျွန်တော်တို့ ဆိုင်ကယေ တွေမှာပြန်ဝယ် ဝယ်ရတော့ သုံးကျပ်တစ်မတ်။ အသား အဆင် ကောင်းရင် သုံ့ကျပ်ခွဲ။

အခုခေတ် အစိုးရစီမံကိန်းအရ လယ်သီးစားခကို မင်းတိုင် နှစ်ဆသာပေးရမယ်ဆိုလို့ ဆင်းရဲသားတွေမှာ ကိုယ့်လယ်ပိုင်လို့ လုပ်စားကြရ ပါတယ်။ သို့သော်လဲ မူလအခြေက မခိုင်တော့ နွားငှ ရ၊ စပါးပေးငွေယူပြီး နွားဝယ်ရ၊ မိုးတွင်းစားဖို့ ငွေတိုချေးရနဲ့ အချိန် တန် စပါးပေါ်လို့ ကြွေးတွေဆပ်လိုက်တော့ တလင်းထဲ နည်းနည်း ကျန်တော့တယ်။ ဒီကျန်တာလေး အစိုးရက ၃ ပိဿာ ၅ ကျပ်ဈေး ကန့်သတ်ထားတဲ့ အတိုင်းရောင်းရပြန်တော့လဲ ရောင်းခွင့်လက်မှတ် ရအောင် ယူရတာနဲ့ ကိုယ့်ငွေလေး မြန်မြန်ရအောင် တာလီစာရေး သင့်အောင်တင့်အောင် လုပ်ရတာနဲ့၊ ကိုယ့်စပါး မမှောင်ခင် ခြင်ပြီး အောင် ကူလီခေါ်င်းကို ကတိထားခဲ့ရတာနဲ့ အမြီးနုတ် ခေါင်းနုတ် ၃ ပိဿာ တစ်ဆယ်ကျော်လောက်ပဲ အဖတ်တင်ပါတယ်။

ဒီရတဲ့ငွေလေးနဲ့ အိမ်သုံးပစ္စည်းဝယ်လိုက်ပြန်တော့ဟာ ကြီးလိုက်တဲ့ဈေးက ခေါင်ခိုက်လို့ပါလား။ ဟိုတုန်းက ဆီတစ်ပိဿာ ခြောက်မူးကို အခုလေးကျပ်တစ်မတ်၊ ဒီ့ပြင် ငရုတ်သီး၊ ကြက်သွန် ငါးပိ၊ ငါးခြောက်တွေကလဲ ဒီလိုပဲ လေးငါးဆ၊ အဝတ်ကလေး ဝယ်မလို့ မေးလိုက်ပြန်တော့ ဟိုတုန်းက တယောတံဆိပ် စွပ်ကျယ် သုံးမူးတစ်ပဲက ခုသုံးကျပ်ခွဲတဲ့။ ဟိုတုန်းက အခု ကျွန်တော်ဝတ်ထား





တဲ့ ရှပ်အကျီမျိုး ငါးမတ်ပေးရတာက အခု တစ်ဆယ်မတ်တင်းတဲ့။ ဘဲ . . . မတတ်နိုင်ဘူး။ အလှူအတန်းသွားဖို့ ခရီးကတင်းသွားဖို့ ဆင်မယားနှစ်ယောက် တစ်စုံစီတော့ ဝယ်မှပဲ။ အိမ်မှာနေတော့ တော့ပြောင်၊ ရင်လျား . . ငလခွီး . . တောက် . . ပြောပဲပြောချင်ဘူး။ ဘယ်လေ . . . ဖြစ်ရင် ပုဆိုးတောင် ချွတ်နေလိုက်ချင်သေးတယ်။

ဒီတော့ ဘယ်မှာအချိန်ပိုထားလို့ ကျွန်တော်တို့တွေ ပျော်ပါး နိုင်မလဲ၊ ‘မြန်မာလူမျိုးတွေဟာ အင်မတန် ပျော်ပါးတတ်တဲ့ သတ္တဝါ မျိုးတွေ’ လို့ နိုင်ငံခြားသားတွေကဩဘာပေးသွားတယ်ဆို၊ ကဲ . . . ဒီ ခေအပေးမျိုးတွေ ခုပြန်ခေါ်ပြီး ကျွန်တော်တို့ တောရွာပိုင်းလျှောက်ပြ လိုက်စမ်းဗျာ၊ ခွေးဟောင်ရင် ကျွန်တော် နောက်ကလိုက်မောင်းပေး နေပါ့မယ်။

ဘယ် . . . လူတွေပျော်ပါးနိုင်မလဲ။ အလုပ်နဲ့လက်နဲ့မပြတ် တော်ဖတ်မောလို့ အခုန ကျွန်တော်ပြောခဲ့မှုပဲ။ ဟိုတုန်းကလို ညအချိန် ပလွေသံရော၊ တယောသံရော၊ သီချင်းဆိုတဲ့ ကာလသားတောင် မရှိ တော့ဘူး။ ရွာခြောက်လို့ ဆိတ်သုဉ်းလို့။

ဟော . . . မြို့ကတော့ တော်ပေသေးဗျာ။ ပွဲလမ်းသဘင် ပြတ်တယ်မရှိကြဘူး။ ညအချိန်မှာလဲ မီးတထိန်ထိန်နဲ့ ကော်ဖီဆိုင် တွေ၊ ခေါက်ဆွဲဆိုင်တွေ စည်နေတုန်းပါပဲ။

အခုည ဦးမြတ်ချမ်းတို့ သားများမြေးများ၊ ဘိုင်စကုတ်ကြည့် သွားကြတယ်။

ဇာတ်ကားကတော့ တော်တော်ကောင်းဆိုပဲ၊ ဒါနဲ့ ဦးမြတ် ချမ်းက ‘ဟဲ့ . . . တက်ပု၊ မင့်ပိုက်ဆံရှိ လိုက်ကြည့်ပါလား’တဲ့ ပြော သေးတယ်။ ဒါပေမဲ့ ကျွန်တော့် ဆရာမကလေးက ‘ဘိုင်စကုတ်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ပါနဲ့၊ အလကား အချိန်ကုန်ငွေကုန်ပါ။ အိမ်မှာ စာဖတ်ပေ အရီ ညတော့ စာအုပ်လာပေးမယ်' ဆိုလို့ သူ့ကိုစောင့်နေတာ ခုတောင် မလာသေးဘူး၊ ဟော . . . ပြောတုန်းဆိုတုန်းပဲလာပြီ၊ ဟ ဒီကောင်မလေးဟာ ဘာဝတ်ဝတ်လှတာပဲ။

ကြည့်စမ်း၊ ခုည သူဝတ်လာလိုက်တာ 'ဘလောက်စ ဆိုလားပဲ၊ အသားနဲ့ ချပ်ချပ်ရပ်ရပ် တစ်တစ်ရစ်ရစ်။

သည်အချိန် အိမ်မှာ ဟို ပုစုခရုတွေ ရုပ်ရှင်ကြည့်သွား တော့ ဦးမြတ်ချမ်းတို့ လင်မယားရယ်၊ ဧည့်သည်တစ်ယောက်ရ ကျွန်တော်ရယ်ဒါပဲရှိတယ်။ သည်ဧည့်သည်က မိုင် ၂၀ လောက်ကွ တဲ့ တောရွာက လူကြီး။ မနှစ်က ဦးမြတ်ချမ်းတို့ဆီက စပါးပေးယူတာ ခုပြန်ပေးစရာမရှိလို့ သည်နေ့နွားပွဲနေ့၊ နွားတစ်ကောင် ဖွဲ့ရောင်း အောင်လာတာ။ နွားက ဈေးမကိုက်။ နွားကို နောက်ဖေးမှာချည်ထ သူတို့ခုညသည်မှာပဲ အိပ်ကြမယ်။

ဦးမြတ်ချမ်း. . . 'ဒီတော့ ခင်ဗျား ဘယ်လိုလုပ်မယ် စိတ်ကူ ရလဲ ပြောလေ'

ဧည့်သည်. . . 'သန်ဘက်ခါ သောကြာပတ် . . . ချကြည့်ဦး မယ်လေ'

ဦးမြတ်ချမ်း. . . 'ခင်ဗျားဟာ ဘာထူးမလဲဗျ၊ အခုဒီနေ့ ဗုဒ္ဓဟူးပွဲမှာ ခင်ဗျားက နှစ်ရာ့အစိတ်ဆိုတယ်။ ဝယ်သူက ၁၉၀ ပေ တယ်။ ဒီသောကြာပတ်မှာ ထူးပေးတဲ့လူက ရှိဦးမှာလား၊ ဒီနွားပွဲမှာ ဒီဝယ်သူနဲ့ ဒီပွဲစားနဲ့ချည်းဟာပဲ'

ဧည့်သည်. . . (ခေါင်းငိုက်စိုက်နှင့်) 'နှစ်ရာ့အစိတ် မရရင် နှစ်ရာပြည့်ပြည့်ရရင် ရောင်းပါမယ်'





ဦးမြတ်ချမ်း. . . 'ခင်ဗျား နှစ်ရာရကော ကျုပ်ကြွေး ကျေဦး မလားဗျ၊ ခင်ဗျားမနှစ်က စပါး ၇၅ တင်းဖိုးယူသွားတာ ခုပေါက်ဈေး ပိဿာနဲ့ တွက်တော့ ၂၂၅ ကျနေတယ်။ ခင်ဗျားဒီနွားရောင်းလို့ နှစ်ရာရတောင်ပဲ ခင်ဗျားလက်ထဲငွေရောက်တော့ တို့တီလေး၊ ဟိုသင်း ဝယ်ချင်တယ်၊ ဒီသင်းဝယ်ချင်တယ်နဲ့ ကျုပ်ကို နှစ်ရာအပြည့်ပေးဦး မှာ မဟုတ်သေးဘူး။

ဧည့်သည်ငြိမ်လျက်နေသည်။ ဤအချိန်၌ အရီသည် ကျွန်တော့်အနီး လာရောက်ထိုင်နေပြီးဖြစ်ရကား။

'ဟင် . . . ကိုကြီး သူစပါးပေး ငွေယူတုန်းက ဘယ်လောက် လဲ'

ကျွန်တော်တို့ မောင်နှမမှာ ခြေရင်းဘက်က။ သူတို့သည် ခေါင်းရင်းပိုင်းတွင်ဖြစ်၍ ခပ်တိုးတိုးအသံဖြင့်. . .

'စပါးပေးဆိုတာ ထုံးစံအတိုင်း ခုပေါက်ဈေးတစ်ဝက် ယူရ တော့ ၇၅ တင်းဖိုးဆိုတော့ ၁၁၂ ပဲပေါ့'

'ဟင် . . . အတိုးက တစ်ဝက်ကြီးတောင်ပါလား'

'အဲဒါ ဟိုလူကြီးရတော့ ၁၁၂ ရယ်၊ ငါးမူးက ခေါင်းဝယ် ပြီးငွေ ၂၂၅ (နှစ်ရာနှစ်ဆယ့်ငါးကျပ်တိတိ) အတိုးမရှိ ချေးပါ ယ်လို့ အွန်ဒီမန်စာချုပ်လက်မှတ် ထိုးခဲ့ရတယ်။ နားထောင်၊ းထောင် ဟိုဆရာကြီးဘာပြောဦးမလဲ . . . ခေါင်းမော်ပြီး ပါးစပ် င်ပြီ'

ဧည့်သည် 'ဒီတော့ ကိုမြတ်ချမ်းဘယ်လိုသဘောရသလဲ ဆိုတာ အမိန့်ရှိပါဦး'

ဦးမြတ်ချမ်း 'ကျုပ်တိုတိုပဲပြေမယ်၊ ခင်ဗျားနွား ခင်ဗျား ားပွဲချ



www.burmeseclassic.com

www.burmeseclassic.com



ရောင်းမနေနဲ့တော့၊ ခုနခင်ဗျားလိုချင်တဲ့ ဈေးနှစ်ရာနဲ့ပဲ ကျုပ်ပေး
ထားခဲ့၊ ကျန်တဲ့အစိတ်တော့ ခင်ဗျားသတ်သတ်ရှာပေး၊ စာချုပ်တော
မဖျက်သေးဘူး၊ အဲဒီကျန်တာရမှ ဖျက်မယ်'

ညှိသည်သည် မရှုမလှနှင့် . . .

'ကဲလေ . . . ကိုမြတ်ချမ်း စီရင်တဲ့အတိုင်းပါပဲ'

ဦးမြတ်ချမ်း. . . 'ကျုပ်စီရင်တဲ့ အတိုင်းရယ်လဲ မပြော
'ကျုပ်လုပ်တာ တရားလား၊ မတရားလား စဉ်းစားကြည့်၊ ခင်ဗျားနွား
လူများက ၁၉၀ ပေးတာကို ကျုပ်ကတစ်ဆယ်အနာခံပြီး ၂
ပေးရတယ်၊ ဒီပြင်လူ ပေးမတဲ့လား၊ ကျုပ်မို့ ခင်ဗျားကို သက်ညှာ

ညှိသည်. . . 'ဟုတ်ပါတယ်လေ ကိုမြတ်ချမ်းကျေး
ဒီနွားကလေးဟာ နောက်ထားနိုင်ရင် အကျိုးရှိမှာပါ၊ ခုမှ ပဲ့ည
ရှိသေးတယ်။ ကျုပ်လက်ထဲမှာတော့ ခိုင်းလွန်လွန်းလို့ ပိန်နေတာ
မခိုင်းဘဲ ဆယ့်လေးငါးရက် နားလိုက်လို့ ခုမိုးဦးကျ မြက်နုပေါ
ကလေးမှာ အသားတက်လာရင် နှစ်ရာ့အစိတ် မဟုတ်ဘူး ၂
ရနိုင်ပါတယ်'

ဦးမြတ်ချမ်း. . . 'ခင်ဗျားတို့ကလဲ . . . နွား မညှာမတာခိုင်း
ကြတာကိုး၊ တိရစ္ဆာန် ကရုဏာတရားမှ မရှိကြတော့ဘဲ'

ညှိသည်. . . 'ဘယ်ကရုဏာတရား မရှိလို့ ဟုတ်ပေ
ကိုမြတ်ချမ်းရယ်၊ မရှိဆင်းရဲတော့ ခိုင်းရတာပေါ့၊ ဒီနွေမှာ မြစ်နား
ဒီမြို့နဲ့ ဆေးရိုးတိုက်နိုင်လွန်းလို့ စားနေရတာပဲ၊ ကိုယ့်နွား ပင်ပန်း
မှန်းသိပါရဲ့၊ ကိုယ့်မျက်စိအောက်ကြီးလာတဲ့ ခြံပေါက်ကလေး သနား
ပါပြီလားဗျာ။ ကိုမြတ်ချမ်းလက်ထဲမှာ ဆယ့်လေးငါးရက်လောက်ထား
အနားပေး ကျွေးမွေးထားလိုက်စမ်းပါ။ အင်မတန် အစားကောင်း



ကောင်ကလေး၊ မကြာဘူး . . . တစ်သွေးတစ်မွေးဖြစ်လာပါလိမ့်မယ်'

ဦးမြတ်ချမ်း 'ခင်ဗျားနွားမထားနိုင်ပေါင်ဗျာ၊ နွားက ဖောက်ပြီး
မဟုတ်ဘူး။ ခင်ဗျားတို့မယ် လယ်သမားလုပ်နေတာ အိုသေ
ဘူးမယ်၊ နွားဝှေးသင်းပြီးမှ ခိုင်းရမှန်းမသိဘူးလား'

ညှိသည် 'ဘယ်မသိဘဲ နေမလဲ ကိုမြတ်ချမ်းရယ်၊ ဝှေးထု
တော့ အနည်းဆုံး တစ်လလောက် မခိုင်းရဘူး၊ အဲဒီလောက်မှ
နိုင်လို့ ပေတေခိုင်းနေရတာ'

သူတို့ခေတ္တစကားပြတ်သွားကြသည်။ ကျွန်တော့်အနီးက
ရှိက . . .

'ကိုကြီး နွားကို ဘာလို့ဝှေးသင်းရလဲဟင်'

'နွားက ဝှေးမသင်းရင် ခိုင်းလို့မကောင်းဘူး။ လူကို တယ်
ကြောက်ချင်ဘူး။ အစာကိုကောင်းကောင်းလဲ မစားဘူး၊ နွားအုပ်ထဲ
ကျပြီးတော့ ဝှေ့ဖော်ရှာနေတယ်၊ နွားမနားက မခွာဘူး၊ ဆော့ချင်
တယ်၊ ထိန်းရကျောင်းရခက်တယ်၊ နို့ပြီး အသိုးဆိုတော့ လည်ပင်းသား
ပြီး နောက်အားမပြည့်ဘူး။ နောက်ချဲကလေး ဖြစ်နေတတ်တယ်။
. . . ဝှေးသင်းလိုက်မှ ရှေ့နောက်ပြည့်ပြီး ခိုင်းအားကောင်းလာ
တယ်'

'နို့ပြီး . . . ဟိုဦးကြီးပြောတာ 'ပဲ့ညီ'ရဲ့ ရှိသေးတယ် ဆိုတာ
ဘာပြောတာလဲ'

'ငါ့ညီမမှတ်ထား သေသေချာချာ ပြောပြမယ်၊ နွားမှာ
ရှေ့သွားရှစ်ချောင်းရှိသည့်အနက်က ဟောအလယ်တည့်တည့်က
ရှေ့ဆုံးနှစ်ချောင်းကို 'ခေါင်'လို့ခေါ်တယ်။ နောက်ဆုံးက ဟိုဘက်
တစ်ချောင်း၊ ဒီလက်တစ်ချောင်းကို 'ပဲ့' လို့ခေါ်တယ်။ အဲဒီပဲ့နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်အကြားက ဟိုဘက်နှစ်ချောင်း ဒီဘက်နှစ်ချောင်း နှစ်ဖက်ပေါ်
'လေးချောင်း' လို့ခေါ်တယ်။ နွားမှာ ပထမဦးဆုံး ရှေ့နှစ်ချောင်းချိုး
တော့ နှစ်ခါလည်သား'ခေါင်ချိုး' ကလေးလို့ခေါ်တယ်။
'နဖားကြိုးဖောက်ရပြီး နောက်လေးချောင်းဆိုတာ ချိုးတော့ရ
'လေးချောင်းချိုး' လို့ခေါ်တယ်။ လေးခါလည်သားဝှေးသင်းပြီး
ကျင့်လုပ်ကလေး လုပ်ရပြီ၊ အဲ . . . နောက်ဆုံး 'ပွဲညီ' တယ်ဆိုတာ
ပွဲသွားကလေးတွေ ကျိုးပြီးလို့ ပြန်ပေါက်တာ သွားအားလုံးနဲ့ ညီသွား
တဲ့အခါကိုပြောတာ။ ဒီတော့ သူခြောက်နှစ်သားရှိသွားပြီ၊ နှစ်နှစ်
ခိုင်းပြီးလို့ ထမ်းပိုးခွင်မှာကောင်းကောင်း အသားကျသွားပြီး တက်နွား
အဖိုးတန်ဆုံး အရွယ်လို့ ခေါ်တယ်၊ နားလည်ပလား'

'လည်ပါပြီကိုကြီးရယ် . . . မြန်မာပြည်ရဲ့ ကျေးရွာ
တွေအကြောင်း မြန်မာပြည်က ဆန်စားတဲ့လူတိုင်းသိသင့်တာပဲ
ဟင်း. . . နွားများ တယ်သနားစရာကောင်းတာပဲ၊ နွားနဲ့အတူ
သနားဖို့လူတွေလဲ ရှိပါသေးတယ်'

ဤအခိုက်၌ ဧည့်သည်ကြီးက စကားဆက်သည်။

'ကိုမြတ်ချမ်းတို့ ဒီနွားဘယ်လိုလုပ်မယ် စိတ်ကူးလဲ၊ ပွဲချ
ရောင်းပစ်မလား၊ ဒါမှမဟုတ်'

ဦးမြတ်ချမ်း. . . 'ခင်ဗျား နွားပွဲချရောင်းလို့ ၁၉၀ ပေးတာ
ကျုပ်ရှုံးနေမှာပေါ့ဗျ၊ ဒီနှစ်လက်ထဲထားပြီး အငှားချလိုက်မယ်'

ဧည့်သည်. . . 'ဒီလိုဆိုရင်ကျုပ်ပဲ ပြန်ချစမ်းပါဗျာ၊ ကျုပ်အိမ်
မှာ နွားတစ်ဖက်တည်းကျန်တော့တာ၊ တခြားငှားနွား ရှာရမယ့်
အတူတူ ကိုယ့်နွားကလေးပဲ ကိုယ်ပြန်ကိုင်ပါရစေ'

ဦးမြတ်ချမ်းခေတ္တစဉ်းစားနေသည်။ ဤတွင် အနားဆေး





ပေါ့လိပ်ကြီးဖွာနေသော ဒေါ်အေးဆင့်က ကြားဝင်သည်။

'မောင်ကြီးဖိုးသင်းနဲ့ မဖြစ်ပါဘူး၊ ရွာက သိပ်ဝေးတာ၊
ကိုယ့်နွား ကိုယ့်အနားနီးနီးနားနား လှည်းဝင်ရိုးပင်ရွာက မြအေးတို့
အသစ်ကောင်ရှာပေးပါ ပြောထားတာ အဆင်သင့်ဘဲ သူတို့ပဲ ပေး
မယ်'

ဧည့်သည်. . . 'ဟယ် . . . အေးဆင့်ရယ်၊ ငါ့ခြံပေါက်
ကလေး ငါပြန်ကိုင်ချင်လို့ပြောတာပါဟယ်၊ တကယ်လို့ ရှေ့နှစ်ခါ
ချောင်လည် ရင်ငါ့နွား ငါတန်ဈေးနဲ့ပြန်ယူပါ့မယ်'

ဒေါ်အေးဆင့်. . . 'မဖြစ်ဘူး . . . အခုမောင်ကြီး ဖိုးသင်းဆီ
မှာအစိတ်တောင် ကျန်သေးတယ်။ ဒီငွေကိုလဲ အခုအတောအတွင်း
ပေးနိုင်မလား၊ ဒါမှမဟုတ်ရှေ့နှစ်ခါပေး စပါးပေးပဲ ထပ်လုပ်မလား'

ဧည့်သည်. . . 'ခုတော့ . . . မပေးနိုင်ဘူးဟယ်၊ ငါ ဒီနှစ်
ကုန်လက်ပန်းကျတယ်၊ နောက်ထပ်အစိတ်ဖြည့်ပြီးတော့ ငါးဆယ်
စပါးပေးပဲ လုပ်လိုက်ပါ'

ဦးမြတ်ချမ်း. . . 'ဟာ . . . နောက်ထပ်မဖြစ်ဘူးဗျာ၊ ခင်ဗျား
အင်မတန် လက်ခက်တာ၊ အခုနွားဆွဲလာတာတောင် ကျုပ်က
လွှတ်ခိုင်းလို့ မဟုတ်လား'

ဧည့်သည်. . . 'ကျုပ်ကို လက်ခက်တယ်မဆိုပါနဲ့ ကိုမြတ်ချမ်း
ရယ်၊ ဒီနှစ်ဖြစ်ရတာက ချောင်းကမ်းပါးနားက လယ်တွေရေနစ်လို့
ကိုယ်တစ်ယောက်တည်းလဲ မဟုတ်ပါဘူး၊ အများနဲ့ဖြစ်ရလဲ ဝမ်းစာ
စပါးလောက်မှ မရဖြစ်လို့ပါဗျာ၊ နို့မို့ရင် ခင်ဗျားကြွေးကိုစပါးပေါ်
ပေါ်ချင်း လာပေးဖို့ပါ။ ကျုပ်ဗုဒ္ဓဘာသာပါ၊ သူများကြွေးမြေကို
တစ်ရွေးကလေး အတင်မခံချင်ပါဘူး။ မြေကို အင်မတန်ကြွေးကြောက်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အဲဒီနှစ်ပျက်စီးလိုက်တာက စပါး ၇၀၀ ထွက်လောက်

ဒေါ်အေးဆင့် . . . မောင်ကြီးဖိုးသင်းဟာက ဒီနှစ်တော ဒီလယ်တွေဟာပဲ ထပ်မပျက်စီးဘူးလို့ ဆိုနိုင်မှာလား၊ ဒီတော့ စိတ်မချရတာကြီးကို နောက်ထပ်ငွေတော့ မပေးဝံ့ပေါင်တော်'

ကဲ . . . ပတ်ပိတ်ကရောဟ . . ။

ဤတွင် မရွှေရီက . . .

'ကိုကြီး၊ ကြီးကြီးက မောင်ကြီးဖိုးသင်းလို့ခေါ်တယ်၊ သူ့ ဆွေမျိုးထင်တယ်နော်'

'မောင်နှမ နှစ်ဝမ်းကွဲပဲ အရီရဲ့'

'ဟင် . . . ဒီလောက် ရင်းတာတောင်မှ ရက်စက်လိုက် တာနော်'

'ရှီး တိုးတိုး ကျား . . . ကြားသွားမယ်၊ ငွေမှာဆွေမျိုးမရှိဘူး'

ယင်းအခိုက် မိုးတစ်ဖြောက်ဖြောက် ရွာလာလေရာ နွားရှင် ပောင်းက . . .

'ဟင် . . . နွားလေးတော့ နောက်ဖေးချည်ထားတာ ဒုက္ခပါ မိုးရေထဲဖြစ်တော့မယ်'

နွားရှင်သစ် 'ဖြစ်လဲ မတတ်နိုင်ဘူး၊ ကျုပ်အိမ်မှာ နွားတင် ကုပ်ရှိတာမဟုတ်ဘူး၊ မော်တော်ကားကိုဒေါင်ပဲရှိတယ်။ ဒီထဲသွင်းပြီ ရင်လဲ နွားကလဲအိပ်မှာ ထမှာနဲ့ ကန်မှာကြောက်မှာနဲ့ မော်တော်ကား ကို ထိခိုက်ဦးမယ်'

ဤတွင် နွားနှင့် ဘယ်သို့မှ မပတ်သက်သူက . . .

'ဒီမှာ ဦးကြီး၊ အရီတို့ အိမ်အောက်မှာ ဆွဲယူသွား၊ ပြီးတော့ ချည်ထားလိုက်မယ်လေ'





မရွှေရီက ဆိုလိုက်၏။

ဦးမြတ်ချမ်း 'ဟယ် . . . နင်တို့အိမ်အောက်မှာ ချေးတွေ သေးတွေ ဖြစ်နေဦးမှာပေါ့'

'ဖြစ် . . . ဖြစ်၊ မနက်ကျ အရီသိမ်းပစ်မှာပေါ့။ လာ အစ်ကိုကြီး အရီတို့အိမ်ဆွဲပို့' ဆိုသဖြင့်ကျွန်ုပ်တော်မှာ မိုးတဖြောက် ဖြောက်နှင့်ပင် အိမ်နောက်ဖေးသို့ ဆင်းခဲ့ရပါသည်။

နွားဆွဲ၍အိမ်ရှေ့ပေါက်ရောက်သည်၌ အရီပါ ဆင်းလိုက် လာသဖြင့် . . .

'ဟဲ့ . . . အရီ . . . အရီ မိုးရွာနေတယ်လေ'

'ရွာ . . . ရွာ ကိုကြီးရယ်၊ ဒီမိုးလောက် အရေးမကြီးပါဘူး'

'သွား . . . သွား၊ ဒါဖြင့် သုတ်သုတ်ပြေးနှင့်၊ ဟဲ့ . . . နွားက လဲ သွက်သွက်သွားစမ်း' ကျွန်တော်ကြိုးခေါက်နှင့်ဖျတ်ခနဲ တစ်ချက် ချလိုက်၏။

မရွှေရီ ပြန်လှည့်ပြီး . . .

'မရိုက်ပါနဲ့ ကိုကြီးရဲ့'

'နွားက တော်တော်ပန်းနေတယ်ဟေ့၊ ရိုက်တာတောင် မမြို ဘူး'

အရီတို့အိမ်မှာ တစ်ထပ်အိမ်မြင့်ဖြစ်၍ အိမ်အောက်၌ ဟိုသင်းဒီသင်းကို အနည်းငယ်ရှင်းလိုက်သည်၌ နွားတစ်ကောင် ကောင်းစွာနေသာသွား လေသည်။

သူ့အမေက အိမ်ပေါ်မှ 'ဟဲ့ ဘယ်ကနွားဆွဲသွင်းလာလဲ' ဟု မေးသည်ကို အကျိုးအကြောင်းပြောပြီးနောက် ကျွန်တော်တို့ မောင်နှမနှစ်ယောက် လိုသော အရာဝတ္ထုတွေ ချီရွှေ့နေကြရင်း



www.burmeseclassic.com

www.burmeseclassic.com



မရွှေရီက . . .

'အင်း . . . ကြီးကြီးတို့လင်မယားလဲ သနားစရာပဲ'

'အမယ် . . . သူတို့ ချမ်းချမ်းသာသာကြီး၊ ဘာ သနားစရာလဲကွယ်'

'သနားစရာကာဒီလိုကိုကြီးရဲ့ သူတို့မှာ အရင်းရှင်စနစ် ဆိုတဲ့ ယန္တရားကြီးအတွင်းမှာ သဲ့ဘောတရားအမှန်ကို မသိဘဲနဲ့ ငွေတိုးချရတယ်။ ပစ္စည်းစုဆောင်းရတယ်၊ ဆထက်ထမ်းပိုးတိုးအောင် လုပ်ရတယ်ဆိုတာလောက်သာ နားလည်ပြီးတော့ ဒီလူဆီက ဒီပစ္စည်း ဒီလိုယူလိုက်တာဟာ တရားသလား၊ မတရားသလား မစဉ်းစားဘူး။ အရင်းရှင်စနစ် ယန္တရားက မောင်းနှင်တဲ့ စက်ရုပ်တွေအတိုင်းပဲ လောဘတွေပွား၊ ရမ္မက်တွေများ၊ ကိုယ့်ဆွေမျိုးသားချင်းရယ်လို့မှ အကြင်နာမရှိ၊ မေတ္တာ ကရုဏာဆိုတဲ့ ပြဟ္မစိုရ်တရားတွေကင်းပြီး သူတို့ကိုးကွယ်ဆည်းကပ်ပါတယ်ဆိုတဲ့ ဘုရားဩဝါဒ ကင်းလွတ်နေပါရောလားကိုကြီးရယ်'

'အခုနေ လူကြီးဆီကများကြည့်စမ်း၊ သူတို့ငွေရင်း ၁၁၂ အမြတ်ထုတ်ပေးရတာ ၂၀၀ တန် နွားရလို့ ၈၇ အမြတ်ရနေပါပြီ၊ အဲဒီဟာမှ ဟိုခမျာကြီးက ငွေအစိတ်လောက်ထပ်ပေးပြီး စပါးပေးပေးပါဦးဆို မပေးနိုင်ဘူးတဲ့။ သူ့နွားကလေး သူပြန်ငှားပါဆိုတာလဲ အရပ်ဝေးလို့ မငှားနိုင်ဘူးတဲ့။ ကဲ . . . ကိုကြီး အဲဒါ ဘယ့်နှယ်သဘောရလဲ'

'အရီပြောတာလဲ သူတို့အပြစ် ဟုတ်နေတာပဲ၊ သို့သော်လဲ တစ်ဖက်လူ ကျေနပ်လို့ အတိုးနဲ့ချေးတာ အပြစ်ရှိတယ်လို့ ဘယ်တရားတော်ကမှလဲ မဆိုတာကိုး'





'ကိုကြီး . . . ဟို အတိုးပေးရတဲ့လူကြီးကများ ကျေနပ်တယ် ထင်သလား။ ခမျာကြီး ဝမ်းရေးကကျပ်တော့ အငတ်မခံနိုင်လို့ မျက်စိမှိတ်ချေးရှာတာ၊ စင်စစ် ကြွေးရှိရင် နောက်ဘဝမှာ မြေခံရတယ် ဆိုတဲ့စကားသာမှန်ရင် ကဲ . . . ခုနက အမှုမှာ စာချုပ်ထဲမှာသာ တိုလူကြီးအပေါ် ငွေရှိတာဖြစ်နေပြီး၊ တကယ်ငွေအပေးအယူ စစ်ကြည့်လိုက်တော့ ဘယ်သူ့အပေါ်မှာ ဘယ်သူ့ရှုံးသလဲဟင်။ ယမင်း ခုံရုံးရောက်တော့ ဦးမြတ်ချမ်းတို့က ဒီစာချုပ် ကိုင်သွားမှာတဲ့လား။ ဘဲ . . . အစစ်အမှန်တွက်ကြည့်တော့ ဘယ်သူက မြေခံရမှာလဲ'

ကျွန်တော်ရယ်မိကာ . . .

'ဟီး . . . ဟီး . . . အရီတွက်တဲ့စီရင်ချက်အတိုင်းသာဆိုရင်ဖြင့် ဦးမြတ်ချမ်းတို့မှာ မြေခံစရာတွေ အနမတဂ္ဂပါကလား။ သူတို့ဟာ ဒီလိုအတိုးရှင်းချတာနဲ့ ချမ်းသာနေတာပဲ'

'အဲဒါကြောင့် သူတို့ကိုအရီသနားပါတယ်လို့ဆိုတာ၊ သူတို့ ဘယ်လောက်ချမ်းသာ ချမ်းသာ စားတော့လဲ ထမင်းနှစ်နပ်ပါပဲ ကိုကြီးရဲ့၊ ငွေတိုးချခြင်း၊ အလုပ်သမားပေါ်က လုပ်အားကို ခေါင်းပုံဖြတ်ခြင်းဆိုတဲ့ အရင်းရှင်စနစ်ဟာ ဗုဒ္ဓဘာသာ တရားတော်နဲ့ ပေါင်းလိုက်ရင် ဘယ်လိုဖြစ်သလဲဆိုတာသိရဲ့လား၊ လူတွေရဲ့ ကိုယ်ကျင့်တရားနဲ့ ဗုဒ္ဓဘာသာတရားတော်ကို ဖျက်နေတာ ကိုကြီးရဲ့၊ ကိုကြီးအိမ်ရောက်တော့ အရီထားခဲ့တဲ့ မဂ္ဂဇင်းထဲက 'ဘာသာနဲ့ အရင်းရှင်စနစ်' ဆိုတဲ့ ဝတ္ထုကိုဖတ်ကြည့်'

ကျွန်တော်တို့မှာ စကားတပြောပြောနှင့် ပစ္စည်းတွေ ယ်သိမ်းပြီးနောက် . . .

'ကိုကြီးနေရာတော့ ပြီးသွားပြီ၊ နွားကလေး ည ခြင်မ



www.burmeseclassic.com

www.burmeseclassic.com



ကိုက်အောင် မီးဖိုပေးရ မကောင်းဘူးလား'

'ကောင်းတာပေါ့ . . . ဒါပေမဲ့ ဘာနဲ့ဖိုမလဲ'

'အမေ့ မရောင်းရတဲ့ ဆေးရိုးအောက်တွေရှိတယ်၊ နွားမီး ဖိုလို့ ကောင်းပါ့မလား'

'ဟာ . . . ဖတ်စစ်ကလပ်ပေါ့'

'ကဲ . . . ဒါဖြင့်လာ ဟောဒီအိတ်ကြီးထဲမှာ'

ကျွန်တော်တို့ မောင်နှမနှစ်ယောက် ဆောင်ရွက်လိုက် ကြရာ မကြာမီ၌ နွားကလေးသည် မီးဖိုနံဘေးတွင် တုံးလုံးလှဲကာ စားမြုံ့ကလေး တခတ်ခတ်နှင့် ဇိမ်တိုးနေလေပြီ။

'ဟင် . . . ကိုကြီးနွားလေးပါးစပ်က လှုပ်တုတ် လှုပ်တုတ်နဲ့ ဘာတွေဝါးနေတာလဲ'

'ကွမ်းစားနေတာလေ'

'ဟာ . . . ကိုကြီးကလဲ မဟုတ်တာ'

'စားမြုံ့ပြန်တာခေါ်တယ်အရီရဲ့၊ ကျွဲတို့ နွားတို့မှာ ဒို့ဖြင် တိရစ္ဆာန်တွေလို အပေါ်သွားမရှိတဲ့အပြင် အစာ ပါးစပ်ထဲရောက်ရင် ဝါးပြီး မျိုချနိုင်သေးတာ မဟုတ်ဘူး။ အစာက ကြမ်းတော့ ဗိုက်ကား အောင်သာ အထဲဆွဲမျိုချရတယ်။ အဲဒီလို အလုပ်အားတဲ့ အချိန်တွေ မှ အစာအိမ်ထဲက ပြန်ထုတ်ပြီး အေးအေးဆေးဆေး အညက်ဝါးရ ရှာတယ်'

'ဟင် . . . သနားစရာနော်၊ လောကမှာ သူတို့လဲ အဝင် ပန်းဆုံး၊ သူတို့စားရတဲ့ အစာကလဲ အညံ့ဆုံး'

'နွားတွေမှာ ညအချိန် စားမြုံ့ခတ်ရတာနဲ့ သိပ်အိပ်ရတယ် မရှိဘူး။ 'ကြက်အိပ်ကြက်နိုး' ဆိုတဲ့ စကားလိုပဲ။ နွားဟာ အင်မတန်





အအိပ်အနေနည်းတယ်။ ကိုကြီးတို့အိမ်မှာ နွားတွေရှိတယ်။ ည တင်း တုပ်ထဲ ဘယ်အချိန်ဆင်းသွားလိုက် သွားလိုက် သူတို့နိုးနေတာ တွေ့ရတယ်။ ဘယ်လိုအိပ်နေနေ လှုပ်ရတာနဲ့ သူတို့နိုးတယ်။ မနက်စောစောသေးတင်တဲ့ အခါမှာဆိုလဲ အဆင်သင့်ထကြတာပဲ'

'ဟင် . . . အစ်ကိုကြီး 'သေးတင်' တယ်ဆိုတာ ဘာလဲ ဟင်'

'သူတို့အိပ်တဲ့နေရာမှာ စိုမကုန်အောင် ပေါက်ခိုင်းတာလေ၊ ခုံပေါ်မှာဆိုတော့ နဘေးလျှောက်မစီးတော့ဘူး၊ ခုံမှာ အပေါက်ရှိ တယ်။ ခုံအောက်မှာ အပြင်ဘက် စီးထွက်ဖို့မြောင်းရှိတယ်။ ကဲ . . . အရီ၊ ကိုကြီးပြန်မယ်။ အရီတို့ အိမ်အောက်တော့ ခုံရယ် ဘာရယ် မရှိလို့ ချေးတွေသေးတွေ ညစ်ပတ်တော့မှာပဲ။ မနက်ကျမှ ကိုကြီး လာသိမ်းပေးမယ်'

'အမယ် . . . အရီဟာအရီ သိမ်းမှာပေါ့'

'နွားတစ်ကောင် တစ်ညအိပ်ချေးသေးသိမ်းရတာလွယ်တာ မဟုတ်ဘူး အရီရဲ့'

'သိပါတယ်။ အရီက သူ့ကို 'နွားတစ်ကောင်' လို့ သဘော မထားပါဘူး။ မြန်မာပြည်ရဲ့အသက်သခင်ကျေးဇူးရှင်ကြီးတစ်ပါးကို တည်းခိုလက်ခံထားလို့ တစ်ညတာ ပြုစုလိုက်ရတာ' လို့ သဘောထားမှာပါ ကိုကြီးရဲ့'

*



www.burmeseclassic.com

www.burmeseclassic.com



၁၄

နောက်တစ်နေ့နံနက်၌ ကျွန်တော်သည် ဦးမြတ်ချမ်း ခေါ် အေးဆင့်တို့ ခိုင်းစေချက်အရ ဤနွားကလေးကို ကျွန်တော်တို့ ရွာက သူတို့တူ မမြအေးတို့ အိမ်သို့ပို့ရန် အရိုတို့အိမ်အောက်မှ ဆွဲထုတ်ခဲ့ရလေသည်။

ပါးပြင်တွင် သနပ်ခါးရေကျဲ အစင်းစင်းကလေးတွေနှင့် တသင်းသင်းမွှေးနေသော အရိုသည် အိမ့်ပြင်ရောက်အောင် လိုက်လာကာ သူ၏တစ်ညတာ ဧည့်သည်ကလေးကိုကြည့်ရှုလျက် . . .

'ဩော် . . . သူ့ခမျာလေး ချမ်းသာတဲ့လူ လက်ထဲရောက်ပေမယ့် သက်သာမခိုရသေးဘူး။ အလုပ်ခိုင်းမယ့်လူဆီ သွားရဦးမယ်နော်'

'နွားဆိုတာ ခွေးလိုကြောင်လိုမှ မဟုတ်ဘဲ။ သူ့ဘဝကိုက လူတွေလက်ထဲ ခိုင်းဖို့စေဖို့ ဖြစ်တာကိုးကွ'





'သနားစရာ သတ္တဝါမျိုးနော်၊ ဒါကြောင့် မိုးညှင်း ကိုယ်တော်ကြီးကလဲ လူတွေရဲ့ အသက်သခင်ကျေးဇူးရှင်ဆိုပြီး အမဲသားမစားဖို့ သိပ်ဟောခဲ့တာပဲ။ အခုအစိုးရလဲ နွားမသတ်ဖို့ ဥပဒေထုတ်ထားတာပဲ'

'ဒါပေမဲ့ ခိုင်းစေမဖြစ်တော့တဲ့ နွားအိုနွားမင်းတွေ အကျိုးအကန်းတွေကျတော့ ဘယ့်နှယ်လုပ်မလဲ။ မသတ်ဘဲထားလို့ကို မဖြစ်ဘူး။ ဘာကြောင့်လဲဆိုရင် တောသူတောင်သား ဆင်းရဲသားတွေမှာ ဒီနွားမျိုးလက်ထဲ အဖတ်တင်လာလို့ရှိရင် ထိန်းကျောင်းကျွေးမွေးပြီး အငြိမ်းစားပင်စင်ပေးမထားနိုင်ဘူး။ နို့ပြီး နောက်တစ်ကောင်ဝယ်ဖို့ ငွေလဲလိုတယ်မဟုတ်လား။ ဒီတော့ သူ့အသားဖိုးက ရသမျှဖြည့်ငွေ ရအောင်လို့'

'အေးလေ . . . ဒီလိုဆိုတော့လဲ ဟုတ်တာပဲ၊ ဒါကို အစိုးရက တစ်နည်းတစ်ဖုံ စီမံပေးဖို့ကောင်းတယ်နော်'

'အစိုးရက မစီမံတော့ ကိုယ်တို့တောသားတွေက ပုဆိန်နဲ့ စီမံပြီး သူ့ကြီးကို မှင်သက်မိတယ်လို့ တိုင်လိုက်ရတာပဲ'

'မှင်သက်မိတယ်ဆိုတာဘာလဲဟင်'

'ဖျားနာမနေဘဲ ရုတ်တရက် ဗုန်းဗုန်းလဲသေသွားတဲ့ နွားရောဂါတစ်မျိုးပေါ့ကွယ်'

'ဩော် . . . လူဆိုရင် လေသင်ဒုန်းဖြတ်တယ် ဆိုမှာပေါ့နော်'

'ဆိုနိုင်ပါရဲ့၊ နို့ပြီး တစ်နည်းရှိသေးတယ်။ 'မှင်စာ' ဆိုတာ အရို သိတယ်မှုတ်လား'

'ကြားဖူးပါတယ်'

'အေး . . . အဲဒီကောင်မျိုးဟာဝက်တို့ နွားတို့ကို ဖမ်းနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ ဆိုတယ်။ မှင်စာဖမ်းစားလို့ သေတာမို့ 'မှင်သက်' မိတယ်လို့လဲ ဆိုကြတယ်။ မှင်စာဆိုတာက တိရစ္ဆာန်သရဲခေါ် ရမယ်ပေါ့ကွယ်။ လူတွေကိုတော့ ဘာမှ ကြီးကြီးကျယ်ကျယ်ခြောက်လှန့်ခြင်း ဖမ်းစားခြင်း မပြုနိုင်ဘူး'

'ဒီကောင်မျိုးက တကယ်ရှိလားဟင်၊ ကိုကြီးတွေ့ဖူးလား'

'တွေ့ဖူးတယ်၊ တစ်ခါက ညအချိန်မှာ ကိုကြီး လယ်ထဲကောက်လှိုင်းစောင့်သွားတော့ ဖြူဖြူ ဖွေးဖွေးကလေး အကောင်ကကြောင်ခပ်ရှည်ရှည်လောက်ပဲရှိမယ်၊ ဟာ . . . လူလမ်းလျှောက်သွားတာကို ခြေကြားထဲ ရှေ့ကဖြတ်ဝင်လိုက်၊ နောက်ကလှည့်ဝင်လိုက်နဲ့ဘေးကပတ်လိုက်နဲ့ ရှုပ်နေတာပဲ'

'နေပါဦး . . . ကိုကြီး မကြောက်ဘူးလား'

'မှင်စာဆိုတာ လူကိုအန္တရာယ်မလုပ်တတ်မှန်းသိနေတော့ မကြောက်ဘူးပေါ့ကွ။ ကိုယ့်ခြေကြားထဲက ဖွေးခနဲမြင်လိုက်တော့ ရုတ်တရက်လန့်သွားသေးတယ်ကွယ်။ နောက်မှင်စာမှန်းလဲသိရော ခြေထောက်နဲ့ချည်း လှည့်လှည့်ကန်လိုက်တာ တယ်မကြာပါဘူး နေ့ကလေးပျောက်ပြေးရောဟ'

'ဟင် . . . မကန်မိဘူးလား'

'ဘယ်ကန်မိမလဲကွ၊ သူက အကောင်အထည်မှ မဟုတ်တာသဏ္ဍာန်ပဲဟာကို လေပဲကန်မိတာပေါ့'

'အံ့သြစရာကြီးနော်၊ ဪ . . . ညကလေ တစ်ရေးနိုးမှာ အရီအိမ်အောက် ဆင်းကြည့်တော့ ကိုကြီးပြောသလိုပဲ နွားတော ကြက်အိပ်ကြက်နိုးပဲဆိုတာ ဟုတ်တယ်ဆရာ သူနိုးနေတယ်၊ အရီ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့ သူ့မျက်လုံးဟာလေ စိမ်းစိမ်း





ကြီး အရောင် တောက်နေလိုက်တာ ဘာကြောင့်ရယ် မသိဘူး'

'ညမြင်တဲ့ တိရစ္ဆာန်တွေရဲ့မျက်လုံးဟာဒီလိုပဲ'

'ဟင် . . . နွားက ညမြင်သလား'

'ကျွဲလဲမြင်တယ်၊ မြင်းလဲမြင်တယ်။ ကြောင်လဲမြင်တယ်၊ ကြွက်လဲမြင်တယ်။ အများအားဖြင့် ခြေလေးချောင်း တိရစ္ဆာန်တွေအားလုံးလိုလို ညမြင်တယ်ထင်တာပဲကွယ်'

'ဟင် . . . အရီ သူတို့လို မြင်ချင်လိုက်တာ'

'မြင်ချင်ရင် နောက်ဘဝမှာ အဲလို တိရစ္ဆာန်ဖြစ်ရပါစေလို့ ဆုတောင်းပေါ့ကွ'

'ဟာ . . . အစ်ကိုကြီးကလဲကွာ၊ မှန်း . . . အရီ နွားကလေး တိုယ်ကို ကိုင်ကြည့်စမ်းမယ်'

'ကိုင်ကြည့်လေ . . . နွားလုပ်စာ စား၊ နွားသားလဲ စားနေပေမယ့် နွားကိုယ်ကို ကိုင်ကြည့်ဖူးတဲ့ မြို့သားက ရှားသားပဲ။ ဘယ်လိုသဲဆိုတာသိရအောင် ကဲ . . . ကိုင်၊ ဟောဒီဘို့နားကို ကိုင်၊ ရဲရဲသာ တိုင်ပါ၊ ခင်ဗျာ့ ဘယ့်နှယ်မှ မလုပ်ပါဘူး'

ကျွန်တော်ထင်သည့်အတိုင်းပင် တစ်ချက်ထိပြီး လက်ကလေးကို ဆတ်ခနဲ ပြန်ရုပ်လိုက်ကာ . . .

'အမယ်လေး . . . အမယ်လေး၊ တွန့်တုန်သွားလိုက်တာ'

'ဆတ်တဲ့နွားကိုယ်ဟာ ဒီလိုပဲ'

'သူတို့အရေပြားဟာ လှုပ်လို့ရှားလို့ရတယ်နော်'

'အရီ့အရေပြားကော အဲလို လှုပ်ရှားလို့ ရချင်ပြန်သလား'

'ဟာကွာ . . . ကိုကြီးကလဲ၊ ကဲ . . . ကိုကြီးသွားတော့၊ သမ်းမှာ နေပူတော့မယ်၊ ဦးထုပ်လဲမပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ရွာကလာတုန်းက မြို့မှာရယ်ဆိုပြီး ခမောက်မယူခဲ့မိဘူးကွာ ဒီတဘက်ကလေး ခေါင်းပေါင်းသွားရတာပေါ့၊ ကဲ၊ သွားပြီး အရီ'

'ဟုတ်ကဲ့ . . . ကိုကြီး၊ နို့ပြီး ဘယ်တော့ပြန်လာမလဲ'

'ဒါတော့ မသိသေးဘူးအရီ'

'ပြန်ပေါင်းထုတ်ရင် ပြန်မလာတော့ဘူးဟုတ်လား'

'ဟီး . . . ဟီး . . . အရီ့ဆီတော့ လာလည်ဦးမှာပဲ'

ယခုအချိန်၌ ကျွန်တော့် စိတ်သည်သူကလေးအပေါ်တွင် ယခင်ဘုန်းကြီးကျောင်းမှာ တွေ့စဉ်တုန်းကလို မဟုတ်တော့ပြီ၊ လေးစားကြည်ညိုမိကာ သန့်စင်သောချစ်မေတ္တာ စိတ်သက်ဝင်နေ၍ နေ့စဉ်တွေ့မြင်နေရာမှ ယခုခွဲခွာရမှာပင် စိတ်ထဲကဟာတာတာ၊

ကျွန်တော်သည် နွားကလေးကို 'လှမ်းထိုး' မောင်းကာ မြို့ဆီ ကျောခိုင်းခဲ့လေသည်။

ရွာကခွာခဲ့တာ ရက်သတ္တတစ်ပတ်မျှ ကြာပါပြီ။ ရွာဆီကို မျှော်နှာမူမိတော့ မယားနှင့် သားကလေးတွေကို ပိုရှိ လွမ်းလာသည်။ ယောက္ခမကြီးကို ပိုရှိပိုရှိ တောက် . . . . ဟင်း . . . ။

ထို့ကြောင့် ကျွန်တော့်စိတ်ထဲမှာ (မဖြစ်ကာမှ နေရော့) အကြံကြီးတစ်ခုပေါ်လာသည်။

မြို့တွင် ဖ. ဆ. ပ. လ၊ ဗ. တ. လ. တ၊ စ. ပ. က. သ မ. ယ. အ. တ(အဲဒါက မယားအတွက်ပေါ့ဗျ) စသော အစည်းအရုံး ဆိုင်းဘုတ်တွေ အရီလေးကျေးဇူးနဲ့ လေ့လာသိရှိခဲ့ရတော့ ကျွန်တော့် ဦးနှောက်ထဲမှာ ယ၊ ထ၊ အ၊ သ ဆိုသည့် အက္ခရာ လေးလုံးပေါ် လာပါသည်။

*





အိုး . . . ကျွန်တော်ရွာကခွာခဲ့တာက မိုးဦးကျစ။ ယခုမိုးကလေး ခပ်ဖြိုင်ဖြိုင်ရွာပြီးပြီဆိုတော့ သစ်ပင်ဥယျာဉ်တွေဟာလေ ကျွန်တော် လာစဉ်တုန်းကလို မဟုတ်တော့ဘူး။ စိမ်းညို့ ပိန်းမှောင်လို့။ နွေကားချပ်က ဝဿန္တပန်းချီသစ်ကိုပြောင်းလဲနေတာ မြင်ရတော့ ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးကြီးပါပဲလေ။

ကျွန်တော်ဒီရွာမှာမွေး၊ ဒီရွာမှာပဲ ကြီးပြင်းခဲ့ပါတယ်။ နှစ်စဉ်ပဲ ဥတုသုံးခုဟာ လှည့်ပတ်နေလို့ ရာသီပန်းချီကား သုံးချပ်ဟာလဲ ဒီလိုပဲ ပြောင်းလဲနေတယ်ဆိုတာ ဘာမှ အထူးပြောစရာမလိုပါဘူး။ သို့သော်လဲ ခါတိုင်းနှစ်တွေတုန်းကဆိုရင် ကျွန်တော်ဟာ ရွာမှာပဲ အိုးမကွာ အိမ်မကွာဆိုတော့ နေ့စဉ်မြင်နေကျမို့ ဘာမှထူးထွေတယ်လို့ မထင်ခဲ့ပါဘူး။ ယခုတော့ဗျာ သဘာဝ ပယာဒ သိသိသာသာကြီး ခြားနားနေလိုက်တော့ ဟင်း . . . ကျွန်တော့်စိတ်ထဲမှာလေ . . .

အိုး . . . ဘယ်လိုခံစားရတာကို ကျွန်တော် မဖော်ပြနိုင်တော့ဘူး။ ကျွန်တော်ခံစားရတာကို အပ်ကျမပ်ကျသိချင်ရင်ဖြင့် မိတ်ဆွေဟာ ကျွန်တော့်လိုပဲ မိန်းမနဲ့ရန်ဖြစ်၊ ကိုယ့်စိတ်ထဲက တကယ် ပြေတ်နိုင်ဘဲနဲ့ သူကြီးအိမ်မှာ သွားကွာခဲ့၊ နို့ပြီးမိုးဦးကျကလေးမှာ ရွာကထွက်သွား၊ မိုးလှိုင်လှိုင်ရွာပြီးတဲ့အခါမှ ပြန်ခဲ့၊ ကျွန်တော့်လိုပဲ ကိုယ့်ရင်သွေး ကလေးတွေနဲ့ ယောက္ခမဆိုးကြီးတစ်ယောက် ပြည့်ပြည့်ဝဝလဲ ရှိရဦးမယ်နော်။ ဒါမှ . . . ဒါမှ ယခုအချိန်မှာ ကျွန်တော့်စိတ်ထဲဘယ်လို ဘယ်လို ခံစားနေရသလဲဆိုတာ တိတိ ကျကျသိမှာဗျ။

ရွာထဲဝင်လိုက်ပြီဆိုရင်ပဲ ကျွန်တော့်ကိုချစ်ခင်တဲ့ တစ်ပြေ တည်းနေ တစ်ရည်တည်းသောက်တွေကလဲ . . .



www.burmeseclassic.com

www.burmeseclassic.com



'ဟ . . . တက်ပုကလေး ပြန်လာပလားဟ'

'ဟုတ်ကဲ့ . . . ကိုတောက်ကြီးရေ'

ကျွန်တော်က ပန်းပဲဆရာကြီး ကိုတောက်တဲ့ကို ကိုတောက်ကြီးဟု ရင်းနှီးစွာခေါ်ပါသည်။

'ဘာလဲ . . . မင်းဒီနွားက အိမ်ကနွားလေးနဲ့တွဲလုပ်ဖို့ ဝယ်ခဲ့တာလား'

'မဟုတ်ပါဘူးဗျာ၊ ဝယ်နိုင်ပါဘူး၊ ကိုမြတ်ချမ်းက မမြအေးတို့ကို အငှားချဖို့ အပို့လွှတ်လိုက်တာဗျ'

'ဒါဖြင့် မင်းခု မိုးတွင်းလုပ်ဖို့ နွားတစ်ကောင်ရှာရဦးမှာပေါ့၊ တခြားရှာမနေပါနဲ့ကွာ၊ မင်းမိန်းမမင်းပြန်ခေါ်ပါ'

'ကျွန်တော့်သဘောကတော့ ကိုတောက်ကြီးသိတဲ့ အတိုင်းပဲ၊ တောက် . . . ယောက္ခမကြီးကြောင့် ခက်နေတယ်'

'အေးကွာ ဗောဓိကုက္ကိုညောင်ထိုထို ဘယ်ယောက္ခမကောင်းတယ်ကို မရှိပါဘူး'

ကိုတောက်တဲ့လည်း ကျွန်တော်ကဲ့သို့ပင် ယောက္ခမနှင့် တိုက်ပွဲဆင်နေရသူဖြစ်ပါသည်။

'အေးဗျာ ဒီမှာ ကိုတောက်တဲ့ကြီး၊ ဒီယောက္ခမတွေအတွက် ခင်ဗျားနဲ့ ကျွန်တော်မြို့က အကြံသစ်ဉာဏ်သစ်ရခဲ့တယ်'

'အေး . . . ဒါဖြင့် လုပ်လကွာ'

'ခု ဒီနွားလေးသွားပို့လိုက်ဦးမယ်၊ တောက် . . . ဟ'

နွားကလေးကို ကြိုးဖြင့် ပုတ်လိုက်သည်။

ယခုအချိန်မှာ ဆွမ်းခံလာချိန်ဖြစ်သည်။

'ဆွမ်းတော်ဗျို့'





'ဟဲ့ကောင်လေးတွေ၊ ဟင်းကောင်းပါရင် ငါ့ပေးခဲ့စမ်းကွာ'

'ခင်ဗျာကြီး ဒါကြောင့် မိန်းမနဲ့ကွဲနေတာ၊ ဆွမ်းတော်ဗျို့၊ ဟင်းပါလောင်းကြပါဗျို့၊ ဟင်းနည်းတော့ ဘုန်းကြီးနဲ့ ကိုရင်တွေချည်းစားပစ်လို့ ကျုပ်တို့ မစားရဘူးဗျို့'

'ဟ . . . တက်ကလေး ပြန်လာပလားဟ'

ရှာရိုးလျှောက်နေတဲ့ ဘကြီးဖက်ထုပ်လေ . . . ။

'ဟုတ်ကဲ့ ဘကြီးဖက်ထုပ်'

'မင်းငါပြောတာတွေ တက်ခဲ့ရဲ့လား'

'ဓာတ်စက်တော့ ကောင်းကောင်း မောင်းတတ်နေပြီ၊ ဘိုင်စကယ်တော့ သိပ်အသားမကျသေးဘူး'

'ဟား ဓာက်စက်မောင်းတတ်တာ ဟန်ကျပဟေ့၊ ဒီနွားက ခင်းနွားလား'

ဤနွားအကြောင်းပြောပြီးနောက် ကျွန်တော် ခရီးဆက်သည်။ လှမ်းမေးတဲ့လူတိုင်းကိုပင် ဤနွားအကြောင်း ရှင်းရပါသည်။ တွေ့သမျှ လူတိုင်းကပင် ဤနွားအကြောင်းကို မေးကြပါသည်။ မမြအေးတို့အိမ်ရောက်မှ အေးငြိမ်းပါတော့၏။

ထိုနောက်၌ ကျွန်တော် ဦးကြီးဖြိုးဆီသွားကာ ကျွန်တော့်မယားပြန်လည်ရရေးကို မေးမြန်းပါသည်။

'ဟာဗျာ . . . ဦးကြီးရ၊ ခုထက်ထိ အခြေအနေမထူးသေးဘူးဆိုရင်တော့ ကြာပဲကြာလှဘိဗျ'

သူကတော့ ဆေးပေါ့လိပ်ကိုဖွာကာ အေးဆေးစွာပင် . . .

'နီးပါပြီကွာ'

'ဘာလဲ . . . မနေ့ကထက် တစ်ရက်နီးတာလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒါလောက်လဲ မဖြစ်စမ်းပါနဲ့ကွာ၊ ငါပြောတဲ့အတိုင်း မြို့သာပြန်နေစမ်းပါ။ အချိန်တန်တော့ ငါမင်းကိုခေါ်လိုက်မယ်'

'ဟာ . . . ဦးကြီးအခေါ် ကျွန်တော်မစောင့်နိုင်ဘူးဗျာ ကျွန်တော့်မှာ အကြံတစ်ခုရှိတယ်'

'ဘယ်လိုအကြံလဲ'

'ယ၊ တ၊ သ၊ အ ဖွဲ့ဖို့'

'ဘာလဲ . . . အဓိပ္ပာယ်က'

'ယောက္ခမ၊ တော်လှန်ရေး၊ သမက်များ၊ အစည်းအရုံး'

ဦးကြီးသည် သူ့သွား သံချေးတက်ကြီးတွေ ပေါ်အောင် ရယ်ကာ . . .

'ငါ့တူ မြို့ရောက်တာနဲ့တော်တော် တိုးတက်လာတာပဲ၊ ဘယ်သူတွေနဲ့ ဖွဲ့မှာတုံး'

'ကျွန်တော့်လို ယောက္ခမနဲ့ မသင့်တဲ့ လူတွေနဲ့ပေါ့၊ ဦးကြီးဖြိုးကို ဥက္ကဋ္ဌခန့်ဖို့ ရည်ရွယ်ထားတာပဲ'

'အမယ်လေး နေပါစေကွာ၊ မင်းတို့ဟာမင်းတို့ပဲ လုပ်ကြပါ'

'အောင်မာ ဦးကြီးက အသင်းတစ်ခုမှာ ဥက္ကဋ္ဌဖြစ်ရင် ဘယ်လောက် စားပေါက်ရှိတယ်ဆိုတာ မသိသေးလို့'

'ရှိပါစေကွာ ကျေးဇူးကြီးလှပါပြီ၊ နေပါဦး မင်းတို့က အသင်းဖွဲ့ပြီး ဘာလုပ်ကြမှာတုန်း'

'ယောက္ခမတွေဆီမှာ ကိုယ်လိုလားချက် တောင်းမှာပေါ့ဗျ အသင်းအဖွဲ့တွေ လုပ်ငန်းစဉ် လုပ်ပုံကိုင်ပုံတွေကို ကျွန်တော် ဆရာမလေးဆီက သိခဲ့ပြီ'

'ဘယ်သူလဲ မင်းဆရာမလေးက'





'ကျွန်တော် အရင်ပြောပါကောလား၊ ဦးမြတ်ချမ်းတို့နဲ့ ဥပုသ်စောင့်လိုက်လာတဲ့ အရီဆိုတဲ့ ကောင်မလေး'

'အမယ် . . . ဒီကောင်မလေးက မင်းဆရာဖြစ်နေလား'

'သူကလေးငယ်ပေမယ့် ဘယ်လိုမိန်းကလေးဆိုတာ ဦးကြီးနောက်တော့သိလိမ့်မယ်။ တကယ့် မိန်ကလေးနော်'

'ရှို့လုပ်ထားတယ်လဲ မပြောပါဘူးကွာ၊ ဒီယောက္ခမတော်လှန်ရေး အသင်းဖွဲ့ဖို့လဲ သူက အကြံဉာဏ်ပေးလိုက်တာလား'

'မဟုတ်ပါဘူး။ ဒါက ကျွန်တော့်ကိုယ်ပိုင် စိတ်ကူးပါ၊ ဦးကြီးက ကျွန်တော့်ကို ဒါလောက်အထင်မသေးပါနဲ့'

'မသေးပါဘူးကွာ၊ ငါ့တူစွမ်းရည်ကြည့်ရဦးမပေါ့'

'ကြည့်ကြည့်၊ မျက်စိဒေါက်ထောက်ကြည့်၊ ဒေါက်ပြုတ်ကျသွားလဲ မျက်ခမ်းကွဲနေဦးမယ်'

*

ပန်းပဲဆရာ ကိုတောက်တဲ့မှာ ကျွန်တော်ကဲ့သို့ပင် ယောက္ခမနှင့် အပြန်အလှန် အင်မတန် သောက်မြင်ကတ်နေသူ ဖြစ်ပါသည်။ အကြောင်းခြင်းရာကား ကျွန်တော်နှင့်မတူချေ။ ကျွန်တော့်ထက် အဆင့်အတန်းမြင့်သည်ဟု ဆိုရပေမည်။ အဘယ့်ကြောင့်ဟူမူ သူသည်သူ၏ ပထမ မယားကြီးသားသမီးသုံးလေးယောက် မွေးပြီး နောက် မီးယပ်ရောဂါနှင့် ပိန်ညှော် ကြုံလှီသွားသည်၌ ရင်းမိန်းမ အပေါ်တွင် အပြစ်ပေါင်းများစွာတွေ့ရှိကာ လောကတစ်ဝိုက်မှာ ပျော်ကြော်ခြင်း ကင်းလေ၍ ခယ်မရင်းချာလှကညာ ဝတုတ်ပြဲကလေးကို နောက်နန်းအရာထားရန် ကြံစည်သည်။ ခဲအို၏လောကအဆီ



www.burmeseclassic.com

www.burmeseclassic.com



ပညာရည်ဖြင့် ခယ်မအငိုက် မိုက်ခနဲပါလျက် ယောက္ခမကကြားဝင်ဖျက်သည်။ 'နင်ဒို့ပြင်လူဆိုရင် သူတောင်းစားယူယူ၊ ခွေးဝဲစားယူယူ အစ်မလင် ကြောင်တောင်နိုက်တာတော့ မကောင်းဘူးဟဲ့' ဆိုသည်။ အနို့အကြောင်းတရားသည်ပင်လျှင် သူတို့မသင့်မြတ်ခြင်း။

ယ၊တ၊သ၊အ ကို ဖွဲ့ရန်သူနှင့် တိုင်ပင်သောအခါ ကိုတောက်တဲ့ အကြီးအကျယ်သဘောကျလေကာ ကျွန်တော်၏ နှစ်ယောက်သား မိမိတို့ကဲ့သို့ ယောက္ခမနှင့်မတည့်သူများကို လိုက်လံဆွယ်တရားဟောလေရာ တတိယမြောက်နေ့ ညနေအချိန်၌ ဗိုလ်ခိုင်ထန်းတောတွင် ပထမဦးဆုံးအကြိမ် ယ၊တ၊သ၊အ သမက်ထု ညီလာခံသဘင်ကို ဆင်ယင်ကျင်းပရပေသည်။

အစည်းအဝေးပွဲ၌ ညှော်ခံသည်မှာ ထန်းရည်နှင့် အရက်ဖြစ်၏။ သောက်ရှိန် တော်တော်ရကြသောအခါ၌ ခွက်လှည့်မပျက်စေဘဲ အစည်းအဝေးပွဲကို စတင်ဖွင့်လှစ်ပါသည်။ မြက်ခင်းပေါ်တွင် ဆောင့်ဆောင့်၊ တချို့ တင်ပျဉ်ခွေတစ်ဖုံ ထိုင်ချင်သလို ထိုင်နေကြသော လူစုထဲတွင် ကျွန်တော်သည် မတ်တတ်ရပ်လိုက်ကာ . . .

'ကဲ . . . ကဲ ရဲဘော်တို့၊ အဲ . . . အဲ ပြောထားရဦးမယ် ကိုယ်တို့အသင်းသားချင်းဟာ တစ်ယောက်ကိုတစ်ယောက် ရဲဘော်လို့ ခေါ်ကြရမယ်။ အဟမ်း . . . ရဲဘော်တို့ ငါတို့အသင်းကြီးမှာ . . . အဲ . . နေဦး၊ နောက်တစ်ခု ပြောထားရဦးမယ်။ စကားပြောတဲ့အခါ ကိုယ့်ကိုယ်ကို 'ငါတို့' ဒို့ပြင်လူတွေကို 'နင်တို့' လို့ ပြောရမယ်။ ဒါဟာ ရိုင်းစိုင်းတယ်လို့ မဆိုရဘူး၊ တင်းမာပြတ်သားခြင်းဖြစ်တယ်။ ကဲ ရဲဘော်တို့ ငါတို့အသင်းကြီးမှာ ပထမ ဥက္ကဋ္ဌခန့်ဖို့ လိုတယ်။ မိမိထက် နှစ်သက်ရာလူကို အဆိုသွင်းကြ။ သဘောမကျရင်ကန့်ကွက်၊ အပြိုင်





အဆိုင်ဖြစ်နေရင် မဲခွဲ၊ ကဲ' ဆိုပြီး ကျွန်တော်ကပြန်ထိုင်သည်၌။

'ဟာ . . . တက်ပု ဒီလူလေး နှစ်ယောက်တစ်ပိုင်းတော့ ရွေးမနေပါနဲ့တော့ကွာ၊ မင်းစထွင်တဲ့အလုပ် မင်းပဲလုပ်ပါ'

'အားလုံး သဘောတူကြပါသလား'

'တူတယ်ကွာ . . . တူတယ်'

'ဒါဖြင့် ရဲဘော်တက်ပု တို့ဥက္ကဋ္ဌလို့အော်ကြပါ'

'ငါ့လခွီးတဲ့ ရှုပ်လိုက်တာ၊ ကဲ အော်လိုက်ကြစမ်းဗျာ'

'ရဲဘော်တက်ပု တို့ဥက္ကဋ္ဌ'

'အဲ . . . ဟုတ်ပြီ၊ နို့ပြီး ဒီစကားပြောပွဲအတွက် နာယက ရွေးရဦးမယ်'

'ဘာလဲကွ နာယက၊ တို့နားမလည်ဘူး'

'စကားပြောတာမှာ အငြင်းအခုံဖြစ်ရင် အုပ်ထိန်းဖို့ လူကြီးကွာ'

'ဟာ . . . ဒါဖြင့် ဗလကောင်းကောင်းလူ လုပ်ခိုင်းမှပဲ၊ ဟော ပန်းပဲဆရာ ကိုတောက်တဲ့'

'အင်း . . . ဟုတ်တယ် . . . ဟုတ်တယ်၊ တို့အထဲ သူ အကြီးဆုံးပဲ အသန်ဆုံးပဲ'

ဤတွင် ကျွန်တော်က . . .

'ဘယ့်နှယ် . . . ကိုတောက်ကြီး လုပ်မယ်မဟုတ်လား'

မျက်ခုံးမွေးထူထူ မျက်လုံးပြူးပြူးကြီးနှင့် . . .

'လုပ်မှာပေါ့ကွ'

'အဲ . . . ဟုတ်ပြီ၊ အတွင်းရေးမှူးတို့ ပလင်းရေးမှူးတို့တော့ နောက်မှရွေးကြတာပေါ့၊ ကဲ ဒီအသင်းဖွဲ့ရတဲ့ အကြောင်းနဲ့ ရည်ရွယ်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



စဉ်ကိုပြောပြပါမယ်'

'ဟော့ . . . တက်ပု နေဦးကွ၊ မင့်အလှည့် လုပ်လိုက်ဦး'

ကျွန်တော်တို့အသင်းမှာ စည်းဝေးရင်းလည်း အသောက်မပျက်ချေ။ အရက်နှင့် ထန်းရည်ရောထားသော ခွက်ကိုမော့ချလိုက်ပြီး . . .

'အသင်းကို ဖွဲ့ရတဲ့ အကြောင်းကတော့ အထူးပြောစရာတောင် လိုမယ်မထင်ပါဘူး။ လောကမှာ ယောက္ခမနဲ့ သမက်ပဋိပက္ခမှုတွေကြောင့်ပါပဲ၊ ပဋိပက္ခဆိုတော့ ချိတ်ချိတ်ချင်းမို့ ချိတ်ကြတာပါပဲ၊ သို့သော်လဲ ယောက္ခမနဲ့ သမက်ဖြစ်လိုက်ရင် အများအမြင်က သားသမီးနဲ့မိဘ လူကြီးနဲ့လူငယ် သမက်ကိုချည်း အပြစ်ချတတ်ကြတယ်။ နို့ပြီးကြည့်ဦး ယောက္ခမဆိုတာက မိန်းမတွေဗျ၊ သမက်နဲ့ကျွီခနဲဖြစ်ပြီးလို့ ရန်ပွဲစဲသွားပေမယ့် သူတို့မှာ ကိစ္စပြီးသေးတာမဟုတ်ဘူး။ သူတို့မိန်းမချင်းလာမေးလို့လည်ကောင်း၊ အိမ်တော်တကာ လည်၍လည်းကောင်း၊ သမက်မကောင်းကြောင်း အတင်းပြောလိုက်ကြသေးတယ်။ ကျုပ်တို့ အယ် . . . ဟုတ်ပါဘူး၊ ငါတို့သမက်များမှာတော့ ယောက္ခမနဲ့ ရန်ဖြစ်ရတယ်ဆိုပဲ ရှက်လှလို့ဘယ်သူ့မှ ဘာမှမပြောဝံ့တဲ့ပြင် မေးမယ့်လူမြင်ရင် ရှောင်တောင်နေရပါသေးတယ်'

'ယောက်ျားကိုးဗျ၊ မိန်းမသားဖြစ်တဲ့ယောက္ခမနဲ့ ရန်ဖြစ်ရတာကိုရှက်တယ်။ အရပ်ကကြားလို့မလျော်ဘူးလို့ ယူဆတယ်။ အဲဒါကြောင့်ပဲ ငါတို့သမက်ထု နစ်နာမှုဖြစ်နေတာ ငါတို့မကောင်းကြောင်းပဲ အရပ်မှာ ပျံ့နှံ့တယ်၊ သင်းတို့ဆိုးတဲ့ အချက်ကိုတော့ငါတို့က နှုတ်ငြိမ်နေလေတော့ အရပ်ကမသိကြဘူး။ ဒီတော့ ဘာပဲ





ဖြစ်ဖြစ် သမက်ဆိုးတယ်၊ သမက်ဆိုးတယ် လူကြီးနဲ့လူငယ် ပြန်ပြောခံတဲ့ကောင် အဝိစီတစ်သက် လွတ်ရက်မရှိလောက်အောင် အပြောခံကြရတယ်။ နို့ပြီး ကြည့်ဦး၊ ယောက္ခမနဲ့သမက် ရန်ဖြစ်ကြပြီဟော့ဆိုရင် သမီးက ဟော . . . ငါ့အမေဟဲ့ဆိုပြီး တကတဲ မအေဘက်ချက်ချင်းပါသွားရော၊ ဒါဟာ လောကထုံးစံကြီးလိုပဲ ဖြစ်နေတယ်၊ တကယ်လို့ သမီးက မပါပြန်ရင်လဲ ၎င်းယောက္ခမဟာ သမီးကိုလဲ ချမ်းသာမပေးဘူး၊ 'ဟဲ့ . . . နင်က ဒီလင် ဒီလောက်မက်ရအောင်ဘာများ ပိုထူးလို့လဲဟဲ့၊ ဘာပဲညာပဲနဲ့ မကြားဝံ့မနာသာ အယုတ္တအနုတ္တပြောပါလေရော၊ ယောက္ခမကို ယုတ်ခမလို့ ပြောင်းပစ်ဖို့ကောင်းတယ်'

'ဟော့ . . . တက်ပု၊ ရော့ . . . မင်းအလှည့်လုပ်လိုက်ဦး'

အဆင်သင့်ပင် ကျွန်တော် အာခြောက်ပြေသွားကာ ဟော့ခနဲ လေတစ်ချက်တက်လိုက်ပြီး တော်တော်ထွေစပြုပြီဖြစ်၍ စကားဘယ်ရောက်သွားသည်မသိ။

'အင်း . . . အဲဒီတော့ရင် ဒါကြောင့် ဒီအသင်းကြီးကို ငါတို့ဖွဲ့ရခြင်းဖြစ်တယ်။ နောင်အသင်းမှာဆိုရင်လဲ အခုငါတို့လက်ရှိယောက္ခမဒဏ် ခံစားနေရသူများသာ မဟုတ်ဘဲ၊ လက်ရှိသမက်အပေါင်းတို့ပါဝင်တဲ့ အသင်းကြီးဖြစ်ရမယ်၊ ဘာကြောင့်လဲဆိုရင်မိန်းမဆိုတာ ဆောင်းလေပမာညီဆိုတော့ ယောက္ခမဆိုတာလဲဆောင်းလေပမာညီပဲ။ အခုကောင်းနေပေမယ့် တော်တော်ကြာပြောင်းချင်ပြောင်းတဲ့ဟာမျိုးတွေ၊ ဒါကြောင့် ယောက္ခမလက်ရှိ သမက်အားလုံးတို့ဟာ ငါတို့အသင်းကြီးကို ဝင်ထားကြရမယ်၊ ဝင်အောင်ငါတို့က ဝါဒဖြန့်ကြိုးပမ်းရမယ်၊ ငါတို့အသင်းကြီး အခြေစိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့အခါမှာ ရဲဘော်တို့ကြားဖူးမှာပေါ့၊ 'ကမ္ဘာ့ကုလသမဂ္ဂ' ဆိုတဲ့ အသင်းကြီးနဲ့ ဆက်သွယ်ရမယ်၊ အဲဒီအသင်းကြီးနဲ့ ဆက်သွယ်မိလို့ အမေရိကန်ရဲ့ ဩဇာခံမယ်ဆိုရင် ငွေကို လိုချင်သလောက်ရသတဲ့ ဆရာတို့၊ အဲဒီအခါမှာ ငါတို့သည် ခုလိုထန်းရည်မစွက်ဘဲ ချက် အရက်မီးတောက် သက်သက်ချည်းသောက်နိုင်တော့မည်။ ကဲ . . . ရဲဘော်တို့သိချင်တာရှိရင် မေးကြပါ'

ဤကား ကျွန်တော်သည် ဟိုနိုင်ငံရေး ဆရာကြီးတွေလို ကိုယ့်ကိုယ်ကို တော်လှပြီထင်၍ မေးချင်တာမေးခိုင်းသည်မဟုတ်ပါ။ ကျွန်တော် ရှေ့ဆက်ပြီးဘာဆက်ပြောရမှန်း မသိ၍ ဖြစ်ပါသည်။

ယင်း၌ တစ်ယောက်သောသူက . . .

'ကဲ . . . အသင်းဖွဲ့ အသင်းဝင်ကြတာတော့ ဟုတ်ပါပြီ အရေးအကြောင်းတစ်စုံတစ်ခုဖြစ်လာတဲ့အခါမှာ အသင်းက ဘယ်လို ဆောင်ရွက် နိုင်မှာလဲ'

ကျွန်တော့်မှာ မိမိရထားသော ဗဟုသုတဖြင့် . . .

'ဥပမာ . . . အသင်းသားတစ်ယောက်ဟာယောက္ခမနဲ့ ပဋိပက္ခဖြစ်ခဲ့ပြီဆိုပါတော့၊ အသင်းအစည်းအဝေး ဖိတ်ခေါ်ပြီး အစီရင်ခံရမယ်၊ အားလုံးနဲ့ ညှိနှိုင်းပြီးကိုယ်လိုချင်တဲ့ဆန္ဒကို ၎င်း ယောက္ခမဆီမှာ အသင်းအနေနဲ့ တောင်းရမယ်၊ မပေးဘူးဆိုတဲ့ အခါမှာ အသင်းသားအားလုံးဟာ ရွာထဲ စီတန်းလမ်းလျှောက်ပြီး အော်ဟစ်ကြွေးကြော်သမှုပြုရမယ်'

'ဘာတွေ ဟစ်အော်ရမှာလဲ'

'ဖြစ်ခဲ့တဲ့ကိစ္စမှာ ယောက္ခမရဲ့ ဆိုးတဲ့အချက်တွေချည်း ရွေးထုတ်ပြီးတော့ ကိုယ်လိုချင်တဲ့ဆန္ဒနဲ့ တွဲအော်ရမယ်ပေါ့'





'ဒီတော့ ဘာဖြစ်မလဲ'

'အရပ်က နားငြီးပြီးတော့ ကြားဝင်ဖျန်ဖြေရမယ်၊ အဲဒီအခါ မှာကိုယ်လိုချင်တဲ့ဆန္ဒ ရတာပေါ့'

ဤတွင် ကိုပန်းရွှေဆိုသူ လူဂျပုလေးက . . .

'ဟင်၊ ဒီအတိုင်းမှန်ရင် ဟန်ကျပြီ၊ ခု . . . ကျုပ် ယောက္ခမ ဆီမှာ အမွေခွဲပေးဖို့ တောင်းထားတယ်။ ခင်ဗျားကြီး မသေခင် ကိုယ့်သားသမီးလေးတွေ ချောင်ချောင်လည်လည်စားသုံးနေတာ မြင်သွားရအောင် ထိုက်သင့်သမျှ ပေးပါဆိုတာ အလကားသက်သက် ပေကတ်နေတယ်။ ဒါကို အသင်းအနေက အရေးဆိုပေးစေချင် တယ်။ ဘယ့်နှယ်လဲ . . . ဖြစ်နိုင်ပါ့မလား ရဲဘော်တက်ပု'

'အသင်းသားရဲ့ ကိစ္စမှန်သမျှရဲဘော်ပန်းရွှေ သိထားရဖို့က အသင်းအနေမှာ မဖြစ်နိုင်တာ မရှိရဘူး။ ဘာပဲဖြစ်ဖြစ် ဖြစ်ရမယ်။ ကဲ . . . ကိုယ်တို့ကိစ္စတွေ ခုညပဲ စတင်ပြီး အရေးဆို အင်အားပြကြရ အောင်'

'ဘယ်လို အင်အားပြမှာလဲ'

'ဒီလိုလေ၊ ဥပမာ ကျုပ်ကိစ္စဆိုပါတော့ တက်ပုအရေး တို့အရေး၊ တက်ပုဆန္ဒ ယောက္ခမ ပေးဟချက်ချင်း ခုလက်ငင်း၊ အဲလို ရှာရိုးလျှောက်အော်တာပေါ့။ ကိုတောက်ကြီးကိစ္စဆိုလဲ 'တောက်ကြီး အရေး တို့အရေး၊ တောက်ကြီးဆန္ဒယောက္ခမ၊ ပေးဟချက်ချင်း ခုလက်ငင်း၊ ကိုပန်းရွှေကိစ္စဆိုလဲ ဒီလိုပဲ၊ ဥစ္စာရှင် နာမည်ပြောင်းရုံပေါ့၊ နောက်အရပ်ကထွက်မေးမှ ကိစ္စကိုအကျယ်ရှင်းပြတာပေါ့။ ဟုတ်ဖူး လား'

'အဲ . . . ဟုတ်ပီ ဟုတ်ပီ'



www.burmeseclassic.com

www.burmeseclassic.com



'ကဲ . . . ကျန်တဲ့အရက်ကလေးကို ကုန်အောင် သောက်လိုက်ကြဦးစို့'

'ကိုယ်တော့ တော်တော်မူးနေပြီ'

'အမယ်လေး . . . ကိုပန်းရွှေရာ အားလုံး အတူတူ သောက်ကြတာ၊ မူးတဲ့လူချည်းပေါ့'

ကျွန်တော်တို့သည် နောက်ဆုံး သောက်စရာကုန်သည်နှင့် ရှာရိုးကိုလျှောက်၍ အော်ကြလေသည်။

ပန်းရွှေအရေး၊ တို့အရေး

ပန်းရွှေဆန္ဒ၊ ယောကျ္ာမ

ပေးဟချက်ချင်း၊ ခုလက်ငင်း . . .

တောက်ကြီးအရေး၊ တို့အရေး

တောက်ကြီးခယ်မ၊ ယောကျ္ာမ

ပေးဟချက်ချင်း၊ ခုလက်ငင်း . . .

တက်ပုအရေး၊ တို့အရေး

တက်ပုမိန်းမ၊ ယောကျ္ာမ

ပေးဟချက်ချင်း၊ ခုလက်ငင်း . . .

လူတွေ မူးမူးရူးရူးနှင့် ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါများ ရှာရိုးလျှောက်ပြီး အသွားအပြန်အော်လိုက်ကြသည်မသိ။ နောက်ဆုံး၌ သူကြီးအိမ်ရောက်ကြကာ စစ်ဆေးမေးမြန်းခြင်းကို ခံရလေသည်။ ကျွန်တော်မှတ်မိသမျှမှာ . . .

သူကြီး. . . 'မင်းတို့မူးပြီး ဘာအရူးထကြတာလဲ'

'အရူးထတာမဟုတ်ဘူး ဆန္ဒပြကြတာ'

'ဘာဆန္ဒလဲ'





'ကျုပ်တို့ ယ၊တ၊သ၊အ ရဲ့ ဆန္ဒ'

'ယောကျ္ာမတော်လှန်ရေးသမက်များ အစည်းအရုံး'

'မင်းတို့အစည်းအရုံးကို ငါ မတရားအသင်း ကြေညာတယ်ကွာ၊ လူတွေကို ပုဒ်မ ၅ နဲ့ ဖမ်းတယ်'

'ဘာလဲ၊ ကျုပ်တို့ကို ၅ ယောက်စီ ၅ ယောက်စီ ပုတ်ထဲမသွင်းထားမှာလား'

'အမူးစကားတွေပြောမနေပါနဲ့။ ငါ့အိမ်မှာ ပုတ်မရှိဘူး။ သွား . . . ခုည ငါ့စပါးကျီထဲ အိပ်ကြ၊ မနက်အမူးပြေတော့ ငါ့ကို ကျေနပ်အောင် တောင်းပန်၊ နို့မဟုတ်ရင် မလွှတ်ဘူး၊ ထိတ်တုံးခတ်ထားမယ် မှတ်ထား'

ဤလူစုထဲတွင် ခေါင်းအမာဆုံးကား ကျွန်တော်ဖြစ်သည်။ အကြောင်းမူကား နောက်တစ်နေ့နံနက် ဘယ်သူမှ မနိုးခင် အစောဆုံးထကာ စပါးကျီအပြင်ဘက် တံခါးပိတ်ထားသည်ကို နံရံပေါ်က ကျော်၍ဆင်းလျှက် သူကြီးကိုနှုတ်၍ ရှိခိုးပြီး ဝေလီဝေလင်းမြို့သို့ သုတ်ခြေတင်ခဲ့ပါသတည်း။

*

www.burmeseclassic.com



၁၅

'ထက်ကမူ လမ်းမြေအကွေ့ဆီက
အခက်ဖြူ ပန်းတွေပွေ့ပြီး
မြန်းခွေ၍ တကယ်ဆုံမည်
စံပယ်ရုံ ချုံပုတ်က
ချိုးမှုတ်လို့ခေါ်စမ်း' ဆိုတဲ့ဆိုင်းဆင့်ကလေးနဲ့ 'တကူး ကူးကူး' လို့ လက်နှစ်ဖက်အုပ်ပြီး ချိုးမှုတ်ခေါ်လိုက်မှဖြင့် ကျွန်တော်တို့ ရည်းစားဘဝက အခုကျွန်တော့်မယားအလှကလေး ကျွန်တော်ရှိရာကို လာပါရော။

အနှိုအကြောင်းတွေ ပြန်ပြောင်းတွေးပြီးတော့ ဟိုတစ်နေ့တလေ သူရေခပ်ထွက်အလာမှာ ကျွန်တော်ကဆီးချုံကွယ်ကနေပြီး 'တကူးကူး . . . ကူး' လို့ ချိုးမှုတ်ခေါ်လိုက်တယ်။ သူသည် အသံမှတ်မိနေတော့ အသံလာရာ ဘက်သို့လှည့်ကြည့်ပြီး ရပ်နေတယ်။ ဒါပေမယ့် ကျွန်တော်သူ့အနား မရွှံ့မရဲနဲ့ လျှောက်သွားတော့ . . .





'ဟဲ့ . . . သေချင်းဆိုးရဲ့ ကာလနာရဲ့၊ မြွေပွေးကိုက်ရဲ့၊ ဟိုမှာအမေလာနေတယ်'

သူ့အမေသောမက သားတော်မောင် ဟစ်တလုံးပါ ပါလာတော့ ကျွန်တော် တစ်ခါတည်း သုတ်ခြေတင်ခဲ့ရတော့တယ်။ ကောင်လေးလက်ထဲမှာ ဓားမတိုကလေးနဲ့ဗျ။ နို့ပြီး ဘယ်သူ့တူတယ် မသိပါဘူး၊ သက်ရဲဇက်ရဲကလေး။

ကျွန်တော့်မှာ ဦးမြတ်ချမ်းတို့အိမ် ပြန်ရောက်သည့်ဒိုသားနှင့် မယားကိုပဲ တတွေးတွေး တ တတနေရပါသည်။

တစ်နေ့သ၌ အရီကျွန်တော့်အနီးရောက်လာကာ သူ့မျက်နှာလည်း တယ်မကြည်သာဘဲ . . .

'လောကမှာ ခက်တာပါပဲကိုကြီးရာ၊ အူဆင်ပြေတယ်ကိုရှိပါဘူး။ ကိုကြီးနဲ့ အရီအဖြစ်ဟာ ကျောချင်းကပ်ခရီးပေမယ့် အဆုံးစွန်ရောက်တာချင်း မှာ တူနေတယ်'

ကျွန်တော်သူ့စကားနားမလည်ဘဲ . . .

'ဟင် . . . ဘာပြောတာလဲ အရီ'

'ကိုကြီးမှာ ချစ်ခင်နှစ်သက်သူနဲ့ ကွေကွင်းရခြင်း မဟုတ်လား၊ အရီမှာတော့ မချစ် မနှစ်သက်သူနဲ့ ပေါင်းသင်းရတော့မယ်'

ကျွန်တော် အံ့အားသင့်ကာ . . .

'ဟင် အရီ တကယ်ပြောနေတာလား'

'တကယ်ပေါ့ ကိုကြီးရယ်၊ ကိုကြီးစိတ်မကောင်းဖြစ်မှာမို့ မပြောဘူးလို့ နေပေမယ့် ကျောချင်းကပ် ခရီးအဆုံးစွန်ချင်း တူနေတာ တွေးမိတာနဲ့'

'ဘယ်လိုလဲ အရီ'



www.burmeseclassic.com

www.burmeseclassic.com



'အမေ့တွက်ပေါ့ကိုကြီးရယ်၊ အမေစိတ်ချမ်းသာအော
အရီ့ကိုယ် အရီအနစ်နာခံရမှာပါ'

'ဩော် . . . ဘာလဲ ဒီလူကို အရီကမကြိုက်ဘဲနဲ့ အမေ
အတင်းသဘောတူနေတာလား'

'အမေက သဘောတူတယ်လဲ မဟုတ်ပါဘူး၊ ဒီလူ
အကျပ်ကိုင်လို့ပါ'

'ဘယ်လို အကျပ်ကိုင်တာလဲ'

'အဆန်းတော့ မဟုတ်ပါဘူးကိုကြီးရယ်၊ မြန်မာပြည်
ဆင်းရဲသူမကလေးတွေ တွေ့လေ့ တွေ့ထရှိတဲ့အတိုင်းပါပဲ၊ အဲဒီလူ
အမေ့အပေါ်မှာ အကြွေးရှိတယ်လေ'

'ဘယ်သူလဲ'

'အစ်ကိုကြီး သိပါတယ်။ အရီတို့အိမ်ကို မကြာခဏ လာ
တဲ့ ကိုအောင်ဝင်းဆိုတဲ့ လူပေါ့'

'ဟင် . . . ဒီလူက လူပျိုမို့လား'

'မုဆိုးဖိုလေ'

'အသက်ကြီးတာ မုဆိုးဖိုဖြစ်တာကို လင်တော်ဖို့ အရီ
မစိုက်ပါဘူး။ ဒါပေမယ့် ဒီလူကို အရီအရွံဆုံး၊ အစက်ဆုပ်ဆုံး
ဒီလူဟာရဲဘော်အရေခြုံခဲ့တဲ့ နိုင်ငံရေးအချောင်သမား။ တစ်လော
အရီတို့မြို့မှာ ရဲဘော်ဖြူအုပ်စိုးစဉ်အခါတုန်းက ဗိုလ်အောင်ဝင်းဆို
နာမည်နဲ့ ကြီးစိုးခဲ့တယ်၊ နောက်ပိုင်းမှာ သူ့လက်အောက်ငယ်သာ
တွေနဲ့ ဓားပြတိုက်ခဲ့တယ်၊ လူတွေကိုပြန်ပေးလုပ်ခဲ့တယ်၊ သစ်
ထုတ်ပြီးရောင်းခဲ့တယ်၊ အဲဒီနည်းတွေနဲ့ လက်ထဲပစ္စည်းတွေ
မြို့ကို အစိုးရပြန်သိမ်းတဲ့အခါမှာ သူလက်နက်ချပြီး လူချမ်း





လုပ်နေတာ၊ လူမသမာ လူယုတ်မာ သစ္စာဖောက်။ တိုင်းပြည်ရဲ့
ရန်သူ။ ဒါကြောင့်ပေါ့ ကိုကြီးရာ နို့မဟုတ်ရင် မိခင်စိတ်ချမ်းသာဖို့ကို
အရီဝမ်းသာအားရကြီး ပြုလိုက်မှာပေါ့။ ယောကျ်ားဟာ ယောကျ်ားပဲ၊
မုဆိုးဖိုရယ် တစ်ခုလပ်ရယ် အသက်ကြီးတယ်ရယ် အရီမခွဲခြားပါဘူး၊
မိန်းမပုခက်တွင်း ယောကျ်ားပခွင်းဆိုတဲ့ စကားလဲရှိတယ် မဟုတ်
လား'

ကျွန်တော် သူကလေးကို တွေတွေကြီးကြည့်ကာ . . .

'သူ့ငွေက ဘယ်လောက်ရှိနေတာမို့လဲ'

'ငါးထောင်'

'ဟင် . . . အများကြီးပဲ'

'သူက ဒီယုန်မြင်ပြီး တမင်ချေးချေးနေတာလေ၊ အမေ
မရွှေရိုးကြီးကလဲ အတိုးမပေးရဘူးဟဲ့ဆိုပြီး ယူယူပြီး ကုန်ကူးလိုက်တာ
တစ်ချီမော်တော်ကားလမ်း ဓားပြတိုက်ခံလိုက်ရတာနဲ့ ရှိသမျှလေး
တုန်သွားပါရောလား'

'ဟင် . . . ဖြစ်မှဖြစ်ရလေ'

'ဒါဟာ သူ့စနက်မကင်းဘူးလို့တောင် အရီထင်တယ်'

'ဟင်း . . . ဒီအတိုင်းမှန်ရင်ဖြင့်'

ကျွန်တော်အံကြိတ်မိသည်။

'မတရားသူ . . . မင်းမူတဲ့ခေတ်ကိုး ကိုကြီးရဲ့'

'အင်း . . . ဒါနဲ့ သူ့ငွေမပေးနိုင်မှန်းသိတော့ သမီးကို
လာတောင်းရောဆိုပါတော့'

'ဒီငွေငါးထောင်အပြင် သူမှာရှိတဲ့ ငါးသောင်းခင်းကို ဖက်ဖွဲ့
ပါဦးမတဲ့လေ။ ဒီတော့ အမေက ဘယ်လိုလူ ဘယ်လိုပစ္စည်းရယ်



www.burmeseclassic.com

www.burmeseclassic.com



တော့် မကြည့်ဘူး၊ ယူလိုက်ပါသမီးရယ်တဲ့။ အရိုကငြင်းမယ်ဆိုရင် သမီးစိတ်မချမ်းသာဖြစ်မှာကို အမေက အတင်းတိုက်တွန်းမယ်တော့ မဟုတ်ပါဘူး၊ သို့သော်လည်း သူကြွေး ငါးထောင်ကို တရားစွဲတော့ အခု အရိုတို့မှာရှိတဲ့ အိမ်ကလေးခြံကလေးနဲ့ လူတောထဲ မျက်နှာမွဲ စိတ်ဆင်းရဲရတော့မယ်၊ ဒါကြောင့် အမေ့အတွက် သမီးကိုယ်ကို အနစ်နာခံတော့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်ရတာပဲ ကိုကြီးရယ်

ကျွန်တော့်ရင်မှာ လေးလံလှကာ . . .

'အင်း . . . ဖြစ်မှ ဖြစ်ရလေ၊ ညီမလေးရယ် ဘယ်တော့ထဲ လဲ ရက်ကန့်သတ်ပလား'

'ခု ဝါမဆိုခင်တဲ့ကိုကြီး'

'အို . . . နီးပါရောလား၊ သူ့ငွေငါးထောင်ပေးနိုင်ရင်ဖြင့် ဒီမှာ အရိ ဟော့ဒီ ဦးမြတ်ချမ်းတို့အိမ် ပြောကြည့်ပါလား'

'အို . . . ကိုကြီးရာ၊ ဒီလိုလူတွေဆီက ရတာမျိုးလား'

'ဟုတ်တယ်လေ၊ အင်း . . . ကိုကြီးသာ တတ်နိုင်မယ်ဆို ရင်တော့ တောက် . . . ညီမလေးရယ်'

*

ကျွန်တော် သူကလေးအတွက် ရင်ထုမနာရှိလှပါသည်။ ကျွန်တော် ချစ်သူနှင့်ကွေကွင်းရသည်ဆိုသည်မှာ လင်နှင့်မယားလျှာနှင့်သွား တစ်ခဏသာဖြစ်ပါသည်။ သူကလေးမှာတော့ မချစ်မနှစ်သက်သူနှင့် အပျိုကလေးဘဝဆုံးရှုံးရပေတော့မည်။ ဤလို ရာဇဝင်ဆိုးရှိသူနှင့် ရာဇဝင်စာတင်လှမည့် မိန်းကလေးမျိုးမှ ကြုံကောင်းကြုံရသည်။

ကျွန်တော် သူကလေးကို ချစ်ကြည်ညိုသည်။ သံယောဇဉ်





ကွယ်ကာငြိသည်။ ကျွန်တော်သာ ဦးမြတ်ချမ်းတို့လို ချမ်းသာပါက အို . . . သူတို့လောက် မချမ်းသာချင် နေပါစေ၊ ဤငွေလောက်သာ တတ်နိုင်ပါက ဘုရားစူးရစေရဲ့။

ခုတော့ ကျွန်တော့်မှာ နွားတစ်ကောင်နှင့် စပါး ၁၅ တင်းမျှ ရှိသည်။ ငွေငါးထောင်နှင့်ဆိုတော့ . . .

အို . . . တောင်မင်း မြောက်မင်း မကယ်နိုင်ပြီ။ ဝါမဆိုမီဆို တော့ အခုပဲ နယုန်လကုန်တော့မည်။ ကျွန်တော်သည် သူတို့မင်္ဂလာ ဆောင်၊ သူကလေးအတွက် အ မင်္ဂလာနေ့ရက်ကို မည်သို့ ရင်ဆိုင် ပါမည်နည်း။

ကြေကွဲသော မျက်နှာ၊ မသာသော နှလုံးဖြင့် လုပ်ခင်း ဆောင်တာတို့ကို ကူညီညာလုပ်ရပေတော့မည်။ ကနဖျင်းမဏ္ဍပ်ထိုး ရမည်။ စားပွဲကုလားထိုင်တွေ သယ်ပိုးရမည်။ ကွမ်းအစ်၊ ထွေးခံတွေ ပြင်ဆင်ရမည်။ သူကလေး ချစ်သူနှင့် ဆိုလျှင် မည်မျှလောက် ပျော်ပျော်ပါးပါးကြီးလုပ်ကိုင်လို့ ကောင်းလိုက်မည်နည်း။ ယခု သူ ချစ်မနှစ်သက်သူနှင့်ဆိုတော့ . . . ၊ အို တွေးလိုက်တိုင်း တွေးလိုက် တိုင်း စိတ်လေးလံလှပါသည်။ ကျွန်တော်၏ကိုယ်ရေးကိုယ်တာကိုပင် မေ့သလောက်ဖြစ်သွားပါသည်။

ယင်းသို့ရှိစဉ် ရက်မကြာမီ၌ အိမ်ရှေ့တွင် မြင်းလှည်းရပ်၍ ကျွန်တော့်မိန်းမ၏ မောင်ကျွန်တော့်ယောက်ဖကလေးဆင်းလာကာ

'ကိုလေးတက်ပု . . . ကိုလေးတက်ပု'

'ဟေး . . . ဘာတုန်း မောင်ကြွယ်'

'အစ်မလေးက ခင်ဗျားကိုပြန်လာတော့တဲ့'

ကျွန်တော် မျက်လုံးပင် ဝိုင်းဝိုင်းလယ်သွားကာ . . .



www.burmeseclassic.com

www.burmeseclassic.com



'ဟော'

'ပြန်လာတော့တဲ့၊ ခင်ဗျာ့ကို အစ်မဇလေးကရော အမေကရော စိတ်ပြေပြီတဲ့'

'ဟော . . . စိတ်ပြေပြီ'

'ဟုတ်တယ် . . . သူတို့အထင်မှားတာတဲ့၊ ဟိုကြက်နိုးတာပေါ်ပြီ၊ အိုအင်ဖူးရယ်ပဲတဲ့'

'ဟင် . . . ဟုတ်လား၊ ဘယ်သူပြောတာလဲ'

'ကိုအင်ဖူးကိုယ်တိုင်ကပဲ၊ ခင်ဗျာ့ ဦးကြီးဖြိုးက သူ့ကို အိမ်ခေါ်လာပြီး ဝန်ခံခိုင်းတာ'

'အို . . . ဟုတ်လား'

အာဂ ဦးကြီးဖြိုးပေတည်း။ သူမည်သို့ကြံဆောင်ပေသနည်း။

'ဟုတ်တယ်၊ သူကခိုးပြီး မပန်းစုံကိုပေးတာတဲ့၊ အစ်မလေးကိုရော အမေ့ကိုရောသူတောင်းပန်တယ်၊ ဒါနဲ့သူတို့စိတ်ပြေပြီး ခင်ဗျားကိုပြန်ခေါ်တာ၊ မြန်မြန်ပြန်ခဲ့ပါတဲ့၊ ဟိုသင်းလဲ သတိထားနော်တဲ့'

'ဟော . . . ဘာဟိုသင်းလဲ'

'ဟာ. . . ခင်ဗျားကြီးကလဲ မသိချင်ယောင်ဆောင်ပြီးတော့ကဲ . . . ကျုပ်သွားတော့မယ်၊ မြင်းလှည်းစောင့်နေတယ်'

'ဟေ နေပါဦး၊ ဟိုသင်းဆိုတာက ဘာတုန်း'

'ဟာ . . . ကိုလေးတက်ပုကလဲဗျာ၊ ခင်ဗျား ကျွန်တော့်ကို ပိုးပုဆိုးဝယ်ပေးရမယ်နော်'

ပြုံးစိစိကလေးနှင့်ကျောခိုင်းသွားကာ မြင်းလှည်းပေါ် တက်၍ မြင်းလှည်းထွက်သွားလေသည်။

သူ 'ဟိုသင်း' ကို ကျွန်တော် နားမရှင်းခဲ့၊ နဝေတိမ်တောင်





ညီသာမြင်းခွာသံ လှည်းဘီးကြိတ်သံတို့ကို နာခံ၍ ကျန်ခဲ့လေသည်။

ဟင် . . . ဘာများတုန်း၊ ဟိုကျတော့ သိရပေမည်။ ကျွန်တော့်မနှင့် ပြန်ပေါင်းထုတ်ရပေတော့မည်။ ကျွန်တော်ဝမ်းသာလေသည်။

ဦးမြတ်ချမ်းတို့ကို ပြန်တော့မည့်အကြောင်း ပြော၍ ပါလာသော အဝတ်အစားတွေကို ထုပ်ပိုးပြင်ဆင်သည်။ ကျွန်တော့်သား၏ မျက်နှာ၊ သားကလေးတွေ၏ မျက်နှာမြင်ယောင်လာသည်။

အငယ်ကလေးကို ပွေ့ချီနမ်းရှုပ်ရတော့မည်။ ဦးမြတ်ချမ်းက ကျွန်တော့်ကို တယ်ပြီး မပြန်စေချင်သေးပေ။

'ဟေး . . . တက်ပုရဲ တစ်ရက်လောက်နေပါဦးလားကွာ၊ ဟို . . . ထင်းတုံးကြီးနှစ်ခု ဖြတ်ပြီးသွားအောင်'

သို့သော် ကျွန်တော်မနေနိုင်ပြီ။

'ကျွန်တော် နောက်မှ လာဖြတ်ပေးပါ့မယ်ဗျာ'

ဤတွင် ဒေါ်အေးဆင့်က . . .

'နေမလားတော်၊ မယားနဲ့ကွဲလို့ လာနေတာ၊ မယားက ခေါ်တော့ ချက်ချင်းကြွမှာပေါ့ရှင်'

'ဟီးဟီး . . . ဟီးဟီး'

ကျွန်တော်ရယ်ချလိုက်လေသည်။ ပြီးလျှင် ကျွန်တော် သူတို့ထံမှာ တစ်လနီးပါးမျှ စားသောက်နေသည့်အတွက် ဦးမြတ်ချမ်းကိုလည်းကောင်း၊ ဒေါ်အေးဆင့်ကို ဒုတိယ ဦးသုံးကြိမ်စီ ချခဲ့ပါသည်။

'အေး . . . ဘုန်းကြီးလို့ သက်ရှည်ပါစေကွာ၊ သားမယားနဲ့ အောင်မင်းအောင် ပေါင်းရပါစေကွယ်၊ ဟော့ . . . ငါ့ငှက်ပျောခြံနဲ့ ကျက်ခြံကို ဂရုစိုက်လိုက်ပါကွာ နော်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ စိတ်ချပါခင်ဗျာ'

ကျွန်တော်အရီလေးဆီကို နှုတ်ဆက်ရအောင် သွားသော အခါ၌ကား ကျွန်တော်၏ဝမ်းသာသော မျက်နှာပြောင်းသွား သည်။အကျိုးအကြောင်းကို ပြောပြပြီးသည်၌ သူ့မျက်နှာကသေ ပပဝင်းကာ . . .

'အရီ အစ်ကိုကြီးအတွက် ဝမ်းသာလိုက်တာကွာ၊ နောက် သင့်သင့်မြတ်မြတ်နဲ့ ရန်မဖြစ်အောင်ပေါင်းနော်'

ကျွန်တော် ဘာမျှ ပြန်မပြောနိုင်ချေ။

'အချိန်အဆင်သင့်ပါပဲ ကိုကြီးရာ၊ မိုးတွေရွာနေပြီ၊ ရွာ ရောက်ရင် လယ်ခွင်ဆင်းဖို့ပဲ၊ လုပ် . . . လုပ် ကိုကြီးရေ ကိုယ့်သား မယားအတွက်သာ မဟုတ်ဘဲ မြန်မာပြည်တစ်ပြည်လုံးသာမက နိုင် ခြားသားတွေပါ စားရအောင် တို့တောသားတွေ စုလုပ်ပေးကြတယ် စေတနာထားပြီးလုပ် ကုသိုလ်ရမယ်သိလားကိုကြီး'

'ရယ်စရာတွေ အများကြီးပြောတတ်တဲ့ ကိုကြီးရာ ပြုံး ပါဦး၊ ဘယ့်နှယ် ဖြစ်နေတာလဲ အရီအတွက် စိတ်မကောင်း ဖြစ် တယ်လား၊ မဖြစ်ပါနဲ့ ကိုကြီးရာ၊ သတ္တဝါ တစ်ခု ကံတစ်ခုပါ ကိုကြီး ဘုရားဟောကို ယုံတယ်မှတ်လား'

'ဩော် ခုကိုကြီးမြို့ရောက်လာလိုက်တာ ဟီး . . . အင်မတန် ခက်ခဲတဲ့ စာတ်စက်မောင်းလဲ တတ်သွားပြီး ဘိုင်စယ်စီး တတ်သွားပြီ၊ လူလဲ ဗိုလ်ဆံတောက်နဲ့ ဘာနဲ့ အသားတွေ ဘာတွေ လတ်လို့၊ တော်တော်ကို သေသေသပ်သပ်ဖြစ်နေတာပဲ၊ ဒီလိုဆိုတော့ အရီတို့ကိုကြီးက လူချောဆရာ'

ဤမှ ကျွန်တော်ပြုံးမိကာ . . .





'အရီက အမြှောက်တတ်လိုက်တာ'

'အစားလဲတတ်တယ် ကိုကြီးရဲ့၊ ကဲ . . . ကိုကြီးတို့ ရွာကို အရီလာလည်တော့ ဘာကျွေးမလဲပြော'

'ဟင် . . . အရီက ဘယ်တော့လာမှာလဲ'

'တစ်နေ့နေ့ လာမှာပေါ့၊ ဩော် . . . ကိုကြီးရေ အရီလာဖြစ် အောင် ခုကိုကြီးက အရီ့ဘိုင်စကယ်ကို စီးသွား၊ ဒီတော့မှ အရီက အမေ့ကို ဘိုင်စကယ်ယူရအောင်လို့ပြောပြီးလာခဲ့မယ်၊ မကောင်းဘူး လား'

ကျွန်တော့်မှာ သူ့ကလေးကို ရွာသို့လာစေချင်သည်ဖြစ်၍

'ကောင်းတယ် . . . ကောင်းတယ်၊ ဒါပေမယ့် ဘိုင်စကယ် ယူသွားရမလားလို့ အရီအမေက ဆူနေမလား'

'ကိစ္စမရှိပါဘူး၊ အမေဒီလောက် သဘောထားမသေးပါဘူး'

ကျွန်တော့်မှာ ရွာတွင် ဘိုင်စကယ်တွေ ဘာတွေစီးပြချင် သည်နှင့်လည်း အဆင်သင့်ဖြစ်သွားလေသည်။

'ကောင်းပြီ အရီ၊ ရွာထဲ ရွံ့ဗွက်တွေမဖြစ်ခင် လာခဲ့နော်၊ အရီ လာတော့ မြို့မှာ မစားဘူးတာကို ကျွေးမယ်'

'ဘာလဲ . . . လင်းတသားနဲ့ ပဒိုင်းသီးလား'

'မဟုတ်ပါဘူး အကောင်းပြောတာ၊ ဖားသား၊ ဖားသားဆိုလို့ ဲ အဖေ့ကိုရွက်ချက်ကျွေးမယ် မအောက်မေ့နဲ့ဦး'

'အမယ် . . . ကိုကြီးက ဒါတွေတောင်သိနေပြီ'

'အမယ်ဒါလောက် ဘယ်ကမလဲ၊ ဦးမြတ်ချမ်းသားလေး ဝ်လိပ်စာ အံအံနေတာ။ မားသားဆိုတာအမေ၊ စစ်စတာဆိုတာ (နွားမ)'



www.burmeseclassic.com

www.burmeseclassic.com



'နှမပါကိုကြီးရဲ့'

'ဟဲ . . . ဟဲ အရှီမိပဟော့၊ ကိုကြီးသိပါတယ်ကွာ၊ နွား
ဆိုတာ 'ကောင်း' တဲ့၊ နို့ပြီး ဖားကိုဘာခေါ်သလဲဟင်'

'ဖရော့ခ်'

'အေး . . . အရှီ့ကို အဲဒီဖလော့သားချက်ကျွေးမယ်၊ ခုနှ
မိုးဦးကျမှာ ကိုကြီးတို့တောသားတွေ ရာသီစာပေါ့ကွာ'

'ဒီ့ပြင်အချိန်မှာတော့ မရဘူးလား'

'ရတော့ ရနိုင်တယ်၊ ခက်ခက်ခဲခဲ တွင်းတွေဘာတွေ
တူးချိတ်ယူရတယ်'

'ဟင် . . . အရှီ ဖားကိုသေသေချာချာ လေ့လာကြည့်ဖူး
တယ်။ သူတို့ခြေတွေ လက်တွေက ဘဲခြေလိုပဲ ပျော့ဖပ်ဖပ် ရေယ
ကြီးတွေနဲ့ တွင်းကျစ်နိုင်သလား'

'အဲ . . . အရှီသိချင်ရင် ပြောပြဦးမယ်၊ သူတို့ကဘာတွင်း
လုပ်နိုင်တာ မဟုတ်ဘူး၊ မိုးတွင်းအချိန်မှာတော့ ရေထဲမှာပဲ နေတယ်
မိုးနှောင်းရေခန်းတော့မယ်ဆိုတော့ သူတို့ပုစွန်တွင်းတွေထဲဝင်ပြေး
အထဲက တွင်းရှင်ပုစွန်ကို မျိုပစ်ပြီး အပိုင်စီးနေလိုက်တာပဲ'

'နို့ ပုစွန်က မညှပ်ဘူးလား'

'ညှပ်တာပေါ့၊ အဲဒီနေရာမှာ သူတို့တစ်ဆောင်း တစ်နွေခို
အိမ်ဂေဟာ တိုက်ပွဲကြီးပေါ့၊ ပုစွန်က ကြီးရင်လဲ ဖားသေတာပဲ၊ ဖား
မျိုနိုင်ရင်လဲ ပုစွန်မှာ အသက်ရော စည်းစိမ်ရော ဆုံးတယ်ဆိုသ
ပေါ့ကွာ'

'ဒါ့ဖားက မတရားတာနော်'

'သဘာဝကိုးကွယ်၊ အဲလိုပဲ ဖားက တွင်းရပြီဆိုရင် အပေါ်





က အပေါက်ဝကို ရွံ့ကိုနဖူးနဲ့ တွန်းပိတ်ပြီး တစ်ဆောင်းနဲ့ တစ်နွေ
မြေကြီးစားပြီး အထဲမှာနေတာပဲ၊ အဲ မိုးဦးကျ မိုးရွာလို့ သူ့နဖူးနဲ့
တွန်းပိတ်ထားတဲ့ မြေကြီးဟာ ရွံ့ပြန်ဖြစ်တော့မှ သူ့နဖူးနဲ့တွန်းပြီး
ပြန်ဖွင့်လိုက်တယ်။ အဲ မိုးသည်းသည်း ရွာတဲ့ညကျတော့ သူတို့တွေ
အားလုံးပဲ တွင်းကိုယ်စီထဲက ထွက်လာကြပြီး တင်ခါစ လယ်ထဲက
ရေအိုင်ကလေးတွေထဲမှာ မင်္ဂလာဆောင်ကြတာပဲ၊ အုံး . . . အုံး၊
အောက် . . . အောက်ဆိုတဲ့ အတီးအမှုတ်တွေနဲ့'

'အဲဒီအတီးအမှုတ်သံကြားတော့ သူတို့မင်္ဂလာပွဲကို ဘယ်သူ
တွေလာသလဲ . . . သိလား၊ ကိုကြီးတို့လို တောသားတွေပေါ့ကွာ၊
မီးရှူးမီးတုတ်တွေနဲ့ လက်ဖွဲ့ဖို့ ပစ္စည်းကတော့ လက်ကောက်
ဝတ်လောက်ရှိတဲ့ ဝါးရင်းတုတ်ပဲ၊ အဲ . . . မင်္ဂလာတစ်ပွဲတွေ့ရင်
သတို့သမီးနဲ့ သတို့သား နှစ်ဦးစလုံးကိုပဲ ကျောကုန်းဝါးရင်းတုတ်
တစ်ချက်စီ လက်ဖွဲ့ပြီး အိတ်ထဲကောက်ထည့်၊ အိတ်လဲဖောင်းရော
အိမ်ပြန်ခဲ့ရော၊ အိမ်ရောက်တော့ သူတို့ကိုပေါင်ကိုလိမ် တင်ပျဉ်ခွေ
ထိုင်ခိုင်းပြီး တညှပ်မှာတပ်၊ သူတို့မင်္ဂလာဆောင်ရင်း အအေးမိနေ
တာကို မီးနဲ့ကင်၊ နောက်တစ်နေ့ကျတော့ သူတို့အသားအရေစစ်လို့
ခြောက်ခြောက်ကပ်ကပ်ဖြစ်သွားရော၊ အဲဒီတော့မှ ကိုကြီးတို့က
ချက်စားရော၊ ဆီများလေ ကောင်းလေပဲ အရှီရေ့ . . . ချခါနီးမှာ
ငယာရွက်ကလေးအုပ်လိုက်မှဖြင့် အို မွှေးလိုက်တဲ့ဖြစ်ခြင်း၊ ကြက်သား
ဝက်သားတွေနဲ့ ဘယ်လဲလိမ့်မတုန်း'

'ဘာလဲ . . . ကြက်သား ဝက်သားက မလဲတာမှတ်လား'

'အောင်မာ . . . ဘယ်ဟုတ်မလဲ အရှီ၊ ပြောမယ့်ကြုံရင်မှ
သိမယ်လေ၊ လာသာ လာခဲ့နော် ဆက်ဆက်၊ ဖားသားဆီပြန်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဦးကျ ပေါ်ဦးစ ချဉ်ပေါင်ဟင်းရယ်၊ ပီနံသီးစပ်စပ် ငါးပိထောင်းလေးရယ်၊ အရိစားဖူးရင်ဖြင့် ဆွေမျိုးမကကိုယ့်နာမည်တောင်ကိုယ်မေ့သွားလို့ လူများကခေါ်တော့ မထူးမိတာနဲ့ 'ဟင် ဒီ သူငယ်မ တယ်နားလေးပါလား' အပြောခံရမယ်နော'

'ကိုကြီးအပြောကလေးကဖြင့် သိပ်ပါတာ၊ ဒါကြောင့်ရီ့ကိုကြီးကိုရီချစ်တာကွ'

*

ဟဲ . . . ဟဲ . . . ။

ဘိုင်စကယ်ကြီးနဲ့ ဗိုလ်ကေစီးပြီး၊ အဲ ဟုတ်ပါဘူး၊ ဗိုလ်ကေကြီးနဲ့ ဘိုင်စကယ်စီးပြီး ရွာထဲဝင်ရတော့ ကိုယ့်ကိုယ်ကို အင်္ဂလိပ်ကျောင်းသားများလား၊ ဟဲ . . . ဟဲ'အင်္ဂလိပ်ကျောင်း ကျောင်းသားရယ်၊ နေရှင်နယ်ကျောင်းသားရယ်၊ အေ-ဘီ-စီ-ဒီ မတတ်ဘဲနဲ့ အရပ်ထဲကိုလည် မော်ရယ်ကြောက်တယ်လျှောက်လည်' လို့များ ကျွန်တော့်မိန်းမ မငွေမြိုင်ကြီးက ဆီးဆိုလိုက်လေမလား၊ ဟီး . . . ဟီး။

ဒါပေမဲ့ အင်္ဂလိပ်ကျောင်းသားနဲ့တူရအောင် ကျွန်တော့်မှာက စာအုပ်တွေ ဘာတွေပါတာမဟုတ်ပါဘူး။ ဘိုင်စကယ်နောက်ခုံမှာ အဝတ်ကလေးတွေ စုထုပ်ထားတဲ့ ပုဆိုးထုပ်တော့ပါရဲ့။ နို့ပြီး ဘိုင်စကယ်ကလည်း ရှေ့ကတန်းမပါဘဲ မိန်းကလေးစီးဖြစ်နေလို့ မြို့ထဲမှာတုန်းက လူပုံပတ္တလားနဲ့ ဒီဘိုင်စကယ်ကြည့်ပြီး တချို့တရယ်လိုက်ကြသေးတယ်။ စီးတတ်ခါစဆိုတော့ ခါးကလည်း ခပ်စောင်းစောင်းဗျ။ ရယ်ကြလေ ရယ်ကြ။ ကျုပ်က ရှက်ပါဘူး။ သူတို့တဒင်္ဂပဟာန် ရွှင်မြူးအောင်လုပ်ပေးရလို့ ကုသိုလ်ရတယ်တောင် အောက်မေ့ပါသေးတယ်။

ကလင်လင် . . . ကလင်လင် . . . ။

ရွာထဲအရောက်မှာ နှိပ်လိုက်ရတဲ့ ဂလိုင်ကလည်း ကိုယ့်အဖြစ် ထူးခြားလာတာကို ကိုယ့်ရွာသားတွေ ဝိုင်းပြီးမြင်စေချင်တာကိုး။

ကလင်လင် . . . ကလင်လင် . . . ။

'ဟား . . . တက်ကလေး'

'ဟေး . . . ကိုတက်ပုကြီး'

'ဟ . . . ဖိုးတက်ပု၊ တယ်လုပ်လာလိုက်ပါလားဟ . . . ဘိုကေနဲ့ ဘိုင်စကယ်နဲ့'

'ကုသိုလ်ကံထူးတဲ့ လူပဲကွာ၊ မောက်နိုင်ပေမပေါ့၊ တော်ကြာ မော်တော်ကားတောင် ဝယ်စီးဦးမှာ'

ကလင်လင် . . . ကလင်လင် . . .

စုတ်ဝုတ် . . . ဝုတ် . . . ဝုတ် . . .

ကလင်လင် . . . ကလင်လင် 'ဟ . . . ခွေး၊ လူ နင့်အမေ လင် မှတ်လို့လားဟ၊ အယ် . . . ဟုတ်ပါဘူး'

'တက်ပု ဝမ်းသာလုံးဆို့လာတာနဲ့ စကားတွေဘာတွေ တောင် ဘားပြီဟေ့၊ သွား . . . မင့်မိန်းမဆီ အမြန်သွားလိုက်ပါကွာ'

'ဗျို့ . . . ဦးကြီးဖြိုးနဲ့ ဘကြီးဖက်ထုပ်'

'ဟေး'

'ဟေး . . . ငါတို့ဆီနောက်မှလာပါကွာ၊ မင့်မိန်းမနဲ့ ခင့်ယောက္ခမဆီ အရင်သွားလိုက်ပါ။ မျှော်လှပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ လင်မယားပြန်ပေါင်းထုပ်ကြသည်ကို တစ်ရွာလုံးကပဲ ဝမ်းသာဟန်တူသည်။ ဘယ့်နှယ်တုန်း . . . ကွာမယ်လုပ်ကြတုန်းကဖြင့် ဘယ်သူမှ ဝင်ပြီး မဖျန်ဖြေကြဘဲနဲ့၊ လူများနည်းနည်းတော့ ဆန်းသည်။ အခုဖြင့် မြင်တဲ့လူတိုင်းကပဲ ကျွန်တော့်ကို ဝမ်းသာအားရ ဆီးပြီး နှုတ်ဆက်ကြသည်။ တချို့ အိမ်ထဲကများ ပြေးထွက်လာကြသည်။ ဘိုင်စကယ်နဲ့ ဝိုလ်ကေကြောင့်ပဲလား ဒါမှမဟုတ် ကျွန်တော့်ဇာတာ ခေါင်မိုးရောက်နေတာပဲလား။

ကလင်လင် . . . ကလင်လင် . . .

ရွာတစ်ရိုးတွင် ကလိုင်သံ တညံညံနှင့် ကျွန်တော့်မိန်းမရှိရာ ကျွန်တော့် ယောက္ခမအိမ်သို့ တိုက်ရိုက်သွားသည်။ ကျွန်တော့် ယောက်ဖ ကြွယ်လေးသည် ကျွန်တော်လာတာမြင်လျှင်ပင် အိမ်ထဲ ပြန်ဝင်ပြေးကာ . . .

'အစ်မလေး . . . အစ်မလေး၊ ကိုလေးတက်ပု ပြန်လာပြီ'

ဤတွင် ကျွန်တော့်မယားက သနပ်ခါးဘဲကျားအဖွေးသားနှင့် ရင်သွေးအငယ် ပစ်မမုန်းကိုချီ၍ ထွက်လာသည်။ နောက်က ယောက္ခမနှင့် ဟစ်တလုံးပါလာသည်။ အားလုံးပင် ရွှင်ရွှင်ပြုံးပြုံးရှိကြသည်။ ဟစ်တလုံးတစ်ယောက်သာ ခပ်မှုန်မှုန်ပင်။ ဟိုကြက်သား သူမစားလိုက်ရသည့်အတွက် ယခုတိုင် စိတ်ပြေဟန်မတူသေးချေ။ အထူးသဖြင့်ကား ကျွန်တော့် ယောက္ခမကြီးဟာ ကျွန်တော်တစ်ခါမှ မမြင်ဖူးသေးသော မျက်နှာကြီးဖြစ်နေသည်။ ကျွန်တော့် ကိုယ်ကို ဖက်ယက်ခမန်းချိုလှသည်။

ကျွန်တော် ဘိုင်စကယ်ကိုထောင်လိုက်ပြီး ပစ်မမုန်းလေးကို လှမ်းယူလိုက်သည်၌ ကျွန်တော့်မိန်းမက ပြုံးပြုံးကြီးပေးပြီး ဘိုင်စကယ်နောက်ခုံက အဝတ်ထုပ်ကိုကြည့်လျက် . . .

'ကိုယ့်အဝတ်တွေ အကုန်ပြန်ပါခဲ့ရဲ့လား'

ကျွန်တော်ကလေးကို ဘယ်ပြန်ညာပြန်နမ်းပြီ . . .

'ပါ ပါတယ်'

ဤတွင် ယောက္ခမကြီးက သူ့သားအား . . .

'ဟဲ့ . . . ကြွယ် နင့်အစ်ကို အဝတ်ထုပ်ကို ဘိုင်စကယ်က ကြိုးဖြေပြီး အိမ်ပေါ် ယူသွားလေ'

အင်း . . . ယောက္ခမတော့ ထူးခြားလှသည်။ ပစ္စည်းလေးအနည်းအကျဉ်းရှိတဲ့ ကျွန်တော့်အဖေအသည်းအသန် မမာနေတယ်များ သူတို့ကြားရော့သလား။

နောက် အားလုံး အိမ်ထဲရောက်ကြသည်၌ ကျွန်တော့်မိန်းမက ကျွန်တော့်ကိုယ်နားပွတ်သီးပွတ်သပ် ကပ်ပြီး . . .

'ဘယ်မလဲ ဟိုသင်းကော'

အဲ . . . အဲ . . . 'ဟိုသင်း' ပြန်ပဟော့၊ မြို့ကိုသူ့မောင်လာတုန်းကလည်း 'ဟိုသင်းသတိထားနော်' လို့ မှာလိုက်သတဲ့။ ခက်တော့တာပဲ၊ ကျွန်တော် ဘာမှန်းလည်း မသိဘူး။

'နေပါဦးကွ၊ ဘာ 'ဟိုသင်း' လဲ'

ဤတွင် ကျွန်တော့်မိန်းမက မျက်စောင်းကလေးထိုးကာ . . .

'ဟင်းနော် . . . အူကြောင်ကြောင်တော့ မလုပ်နဲ့ဆရာ'

'ဟာ . . . ဘာများတုန်း'

'အမယ် . . . ဟန်ကောင်းလိုက်တာ၊ လူများ မသိတော့ဘူးအောက်မေ့နေလား၊ ဟင်း . . . ဒါပဲ'

'အို . . . ခက်ရချည့် ဘာများတုန်းဆိုတာလဲ ပွင့်ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းလင်းပြောပါဦး'

ကျွန်တော့်ကျောကိုထုကာ . . .

'ကဲ . . . စိတ်ကို မရှည်နိုင်တော့ဘူး၊ ထီလက်မှတ်ရှင်၊ ထီလက်မှတ်'

ဤမှ ကျွန်တော် ဟိုထီတစ်စောင် ထိုးခဲ့သည်ကို သတိရ ကာ. . .

'အေး အဲဒါရှိသားပဲ၊ ဒါ ဘာဖြစ်သလဲ'

'ကြည့်လေနော်၊ သူ့ခုထက်ထိပဲ၊ ဒီက မသိတော့ဘူး အောက်မေ့နေသလား၊ ဟောဒီမှာရှင့် လက်ဆုပ်လက်ကိုင်နဲ့'

ပြောပြောဆိုဆိုနှင့် သူ့အိတ်ထဲမှ ထီပေါက်စဉ်ကို ထုတ်ပြီး ဖြန့်ပြပါသည်။

ကျွန်တော့်မှာ ရုတ်တရက်မြင်ရသော အရာကိုပင် မယုံ နိုင်ဘဲ မျက်စိတွေ ထုံမှုန်ထိုင်းမှိုင်း၍ပင် သွားပါသည်။ ရင်ထဲ တဒိတ်ဒိတ်ဖြစ်ကာ မျက်စိကိုတတ်နိုင်သလောက် မမှိတ်ဘဲပင် ကြည့်နေမိပါသည်။

နှစ်သောင်းဆု (ခ) ၇၅၇၅၇၅ မောင်တက်ပု၊ လှည်းဝင်မှီ ပင်ရွာစုစပ်မြို့။

ကျွန်တော်နောက်ဆုံး၌ တစ်ခွန်းတည်း အော်လိုက်မိသေး သည်။

'ဟား'

'ဟင် . . . ရှင်ပေါက်မှန်း တကယ်မသိခဲ့သေးဘူး'

'အိုး . . . ဘုရားစူးရစေရဲ့၊ ထီဖွင့်ပြီဆိုတာတော့ ကြားပါ တယ်၊ ဒီလက်မှတ်တိုက်ဖို့ သတိတောင် မရသေးဘူး'





'ရွာကတော့ ဦးဖက်ထုပ် ထီပေါက်စဉ်တွေ ယူလာတတည်း က အားလုံးသိနေကြပြီရှင့်'

'အင်း ဒါကြောင့် တစ်ရွာလုံးက ငါ့ကို ဂရုစိုက်ကြတာကိုး'

'နို့ . . . ထီလက်မှတ်ကော'

'ရှိပါတယ်၊ ဟို ပုဆိုးထုပ်ထဲမှာ လက်ကိုင်ပဝါနဲ့ ချည်ထား တယ်'

ကျွန်တော့် မိန်းမသည် ကသောကမျောပင် အထုပ်ကို ဖြေကာ ထီလက်မှတ်ကိုယူ၍ ဖြန့်ကြည့်လေသည်။ သူ့လက်များ ဆတ်ဆတ် တုန်နေသည်။ ကျွန်တော့်မှာလည်း ရင်တဒုန်းဒုန်းနှင့် ဖြစ်နေသည်။ ပေါက်စဉ်နှင့် တစ်လုံးမလွဲကိုက်သည်။

အင်း လူ့ကုသိုလ်ကံများ ဆန်းပါဘိခြင်း၊ တေက်ပုတို့တော့ သူဌေးကလေးဖြစ်သွားချေပြီတကား ဘုရား၊ တရား၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးပါပေပဲ။ ဆရာမိဘဂုဏ်ကျေးဇူးလည်းပါပေမည်။ အနန္တော အနန္တငါးပါးရှိခိုးပါသည်။ အင်း . . . ငွေလေးကြေးလေး ရှိတယ်ဆိုရင်ပဲ ဘုရားသံ တရားသံတွေ ရွတ်မိပေပြီ။

'ဟော . . . ဟော . . . ဟိုမှာ ဧည့်သည်တွေ လာကြတယ် ဟေ့၊ မနော်ခေါ်ပါ'

ဦးကြီးဖြိုး ခေါင်းဆောင်လာသည်။ ဦးဖက်ထုပ်လည်းပါ သည်။ ဦးဂန်ဂျားလည်းပါသည်။ ဗိုလ်ခိုလည်းပါသည်။ အင်ဖူး လည်းပါသည်။ မှိုနီရိုးလည်းပါသည်။ မိန်းမပိုင်းက အရီးချစ်စုနှင့် မဖွားသက်ကလေးလည်း ပါလာသည်။

'လာကြဗျို့ . . . လာကြ'

'အေးကွာ . . . သူဌေးအိမ်ဆိုတော့ တို့ခေါ်မှပဲ လာဝံ့တော့



www.burmeseclassic.com

www.burmeseclassic.com



မှာ'

'ဒီလို မပြောကြပါနဲ့ဗျာ'

'တို့ . . . ဘာလို့လာလဲ သိလား၊ မင်းတို့ပြန်ပေါင်းထုပ်မင်္ဂလာမှာ ခဲဖိုးတောင်းရအောင်လာတာကွ'

'ဟာ . . . အခု ငွေမထုတ်ရသေးတာပဲဗျ၊ နောက်တော့ သဘောရှိ ကလောဟိကြပါ'

'နောက်တော့လဲ နောက်ယောက်ရားပေါ့ကွာ၊ ခုလဲ ခုပေါ့ အေး . . . မရရင်တော့မင်းတို့အိမ် တစ်ညလုံး တဒုန်းဒုန်းကျပြီ မှတ်တော့။ ဘယ့်နှယ်လဲ ကိုယ့်လူတို့'

'အို . . . ဆော်မယ်'

'တွယ်မယ်'

'နှိပ်မယ်'

'နှံမယ်'

အင်ဖူး၊ မှုံနီရိုး၊ ဗိုလ်ခို၊ ကိုဆတ်ကလေးတို့က တစ်ယောက်တစ်ပေါက်ပြောကြသည်၌ ကျွန်တော်ခေါင်းကုတ်ကာ . . .

'ခုမှ . . . လက်ထဲငွေမရှိသေးတာ ဘယ့်နှယ်လုပ်မလဲဗျာ'

ဦးဖက်ထုပ်က . . .

'မင့်ယောက္ခမဆီ ချေးပေါ့ကွာ၊ ဘယ့်နှယ်မအေကြီးက ကိုယ့်သမက် နှစ်သောင်းခင်း သေချာနေပြီဟာ အနည်းအကျဉ်း မချေးနိုင်ဘူးလား'

ကျွန်တော့် ယောက္ခမကို လှမ်း၍ ပြောလိုက်သည်၌ ဆေးပေါ့လိပ်ကြီးကို ပြုံးပြုံးကြီးဖွာနေရာမှ . . .

'လိုရင်လဲ ချေးရတာပေါ့တော်'





'အား . . . ဟုတ်ပဟေ့'

ကျွန်တော့် ယောက္ခမမှာ ရွာတွင် ငွေကြေးချောင်လည်သူဖြစ်ပါသည်။

'ဘယ်လောက်လိုချင်သလဲ'

'တို့လူစုကြည့်လေ၊ ငါးဆယ်တော့လုပ်ဟာ'

'မများဘူးလားတော် . . . အစိတ်ဆို တော်ရောပေါ့'

'နင့်အဖို့ များချင်များပေမယ့် သူဌေးအဖို့တော့ မများဘူးဟ၊ နင့်ဟာ နှစ်ဆသုံးဆတိုးနဲ့ ပြန်ရမှာပဲဟာ၊ ဆစ်ဆက်မနေစမ်းပါနဲ့'

ဤတွင် ကျွန်တော့်ယောက္ခမက ကျွန်တော်တို့လင်မယား မျက်နှာကိုကြည့်ရာ သမီးက . . .

'ပေးလိုက်ပါ အမေရယ်'

'အဲ . . . သူဌေးကတော်ဆို အဲလိုမှပေါ့ကွ'

မကြာမီ၌ သူတို့လက်ထဲတွင် ငွေငါးဆယ် ရောက်သွားလေသည်။ ဤတွင် အရီးချစ်စုနှင့် မဖွားသက်ကလေးက . . .

'ဟေး . . . ဟေး . . . တို့တော့ ယောကျ်ားတွေ သောက်တာ စားတာထဲ မပါဘူး၊ တို့အတွက်ခွဲပေးရမယ်'

ယင်း၌ ငွေကိုင်သူ ဦးကြီးဖြိုးက . . .

'ဟုတ်တယ်၊ ရော့ . . . ချစ်စု ငါးကျပ်။ ဖွားသက်ကလေး သုံးကျပ်'

မဖွားသက်ကလေးက . . .

'အမယ် . . . အမယ် . . . ကိုရင်ဖြိုးက ဒီလိုတော့ မျက်နှာမလိုက်ပါနဲ့။ အတူတူလာတဲ့လူချင်း ညီတူမျှတူပေးပါ'

'အလကား နင့်ကစားတာပါဟယ်၊ ရော့ . . . ငါးကျပ်ပါပဲ'



www.burmeseclassic.com

www.burmeseclassic.com



မဖွားသက်ကလေး ဝမ်းသာသည်ကို ကျွန်တော်မှာကြည်နူး ပီတိဖြစ်နေမိသည်။

ငွေပေးပြီးသောအခါ ဦးကြီးဖြိုး . . .

'ကဲ ကြက်တို့ အရက်တို့ကို မင်းတို့လူငယ်တွေက စီမံကြ ကွာ၊ သတို့သားတက်ပုတို့အိမ်မှာပဲ ခုညစာပျော်ပွဲစားကြတာပေါ့ ဟော အင်ဖူးရေ သူတို့ ကြက်ခိုးမိတာ တက်ပုကိုလဲ တောင်းပန် လိုက်ပါကွာ၊ မင့်အတွက်ကြောင့် သူတို့သားတစ်ကွဲ မယားတစ်ကွဲ ဖြစ်သွားကြရရှာတယ်'

အင်ဖူးက . . .

'ကျွန်တော် အများကြီးစိတ်မကောင်းပါဘူး ကိုလေး တက်ပု ရာ၊ ကျွန်တော့်ကိုအပြစ်လွှတ်ပါ၊ ရှိခိုးဆို ကျွန်တော်ခိုးပါမယ်'

ဒါ ငွေရှိန်ကြေးရှိန်ကိုးဗျ။

'အို . . . မလိုပါဘူး အင်ဖူးရာ၊ ဒါထက် မင်းနဲ့ငါဟာ ကြက်ခိုးဝိဇ္ဇာအချင်းချင်း ငါ့ကိုများ ဘယ်လိုလှည့်လိုက်တာလဲ ဆိုတာ တော့ သိချင်တယ်ကွာ'

'စိတ်မဆိုးနဲ့နော် ကျွန်တော်ပြောပြမယ်'

'အို . . . မင့်ကို ငါအပြစ်လွှတ်ထားပြီဆိုမှပဲ'

'ဒီလို ကိုလေးတက်ပုရဲ့၊ ခွေးဟောင်သံကြားတော့ ကိုလေး တက်ပု ဆင်းလိုက်မယ်ဆိုတာသိလို့ ကျွန်တော်က လူနဲ့တစ်ပါတည်း ယူမဖြစ်မှန်းသိတော့ ကြက်ကိုမအော်နိုင်အောင် နှုတ်သီးမျှော့ကြိုး ကလေးနဲ့စည်း၊ မထနိုင်အောင် အတောင်ပံလိမ်ပြီး သရက်ပင်ကြီး ဒီဘက်နားက ချိုင့်ပက်ကလေးထဲမှာ ဝှက်ပစ်ခဲ့တယ်၊ နောက် ကိုလေး တက်ပု ကျွန်တော်တို့ဆီလိုက်လာပြီး ပြန်သွားတော့မှ ကျွန်တော်က





န်းစုံဆီဝင်ပြီးဝှက်ထားတဲ့နေရာကိုပြောခဲ့တာ၊ ကိုလေးတက်ပုပန်းစုံနဲ့ တွေ့တော့ ကြက်ကသူ့ခေါင်းပေါ်က ခံတောင်းထဲမှာရှိတယ်'

ကျွန်တော်မှာ ကြက်သူခိုးပညာသည်အချင်းချင်း ကိုယ့် ထက်သာသွားသည်ကို အတော်ကလေးခံပြင်းပါသည်။

ဤတွင် ကျွန်တော့်မိန်းမက . . .

'ဟင် . . . ဒါဖြင့် သူပန်းစုံကို ဖက်နမ်းတယ် ဆိုတာတော့ အဟုတ်ပဲပေါ့၊ ဟင်ဟုတ်လား ကိုတက်ပု၊ ဟုတ်ရင် ဟုတ်တယ် ပြောစမ်း'

ကျွန်တော့်မှာ မိမိဖွင့်ဟထားသော ဦးကြီးဖြိုး၊ ဦးဂန်ဂျားနှင့် အခြားလူပေါင်းစုံရှေ့တွင် ရှက်အမ်းအမ်းကြီးဖြစ်နေရာ. . . အလဲ့ သူ့အမေ ကျွန်တော်ယောက္ခမကြီးက . . .

'အမယ်လေးအေ မေးမနေပါနဲ့တော့ညည်းနှယ်၊ ယောကျ်ားပဲ ဒါမျိုးအချောင်ရရင် သူ့မောင်ကိုယ့်မောင် ကင်းမလားအေ့၊ ပေး ညည်းကလေး၊ ညည်းတို့အိမ်ပြန်မှာဖြင့် ပြင်ကြဆင်ကြ' ဆိုပြီး သူ့သား ကလေးဘက်လှည့်၍ 'ဟဲ့ . . . ကြွေယ်၊ သူတို့နွားလေးဆွဲပြီး အိမ်သွား ချီလိုက်'

ဤတွင် ဦးကြီးဖြိုးကလည်း . . .

'ဟုတ်သဟေ့ . . . သွားချစ်စု၊ အိမ်ပြန်ပြီး နင့်သား စံနဂုတ် သဲ ဟိုနွားတစ်ကောင် ပို့ဖို့ပြောလိုက်စမ်း၊ နွားနှစ်ကောင်လဲ တစ်မြက် င်ထဲ ပြန်ပြီးမျက်နှာချင်းဆိုင်ကြပေါ့ကွာ၊ မင်းတို့ လင်မယားလဲ အဟား . . . ဟားဟား . . . ဟားဟား'

*



www.burmeseclassic.com

www.burmeseclassic.com



၁၆

ထိုနေ့ညနေ၌ ကျွန်တော်တို့အိမ်မှာ ဟိုးယခင်ကျွန်တော်တို့ မင်္ဂလာဆောင်စဉ်တုန်းက ကဲ့သို့ပင် စည်ပင်လှပါသည်။ သတင်းကောင်းလာရောက်မေးမြန်းကြသူတွေကို (ကျွန်တော့်တွင် ငွေမရှိသေးလင့်ကစား) ကျွန်တော့်ယောက္ခမ အလိမ္မာမကြီးက ကမကထပြု၍ လက်ဖက်၊ ဂျင်းသုပ်၊ လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံပါသည်။

ကျွန်တော်ကလည်း အကောင်းဆုံးအဝတ်ကို ဝတ်ထား၍ ကျွန်တော့်မယားကလည်း အလှဆုံးပြင်ဆင်လို့ပေါ့၊ ဘယ်လောက် စံပယ်တင့်တယ်နေမယ်ဆိုတာကို မိတ်ဆွေစဉ်းစားကြည့်တော့။

ကလေးထိန်းပေးမယ့်၊ ကလေးချီပေးမယ့်လူကလည်းမရှား

ညဦးပိုင်းတွင် ဦးကြီးဖြိုးဦးစီးသော ကာလသားတစ်စု အရက်များ၊ ကြက်များနှင့်သောက်စားပျော်ပါးကြသည်။ သူငယ်ချင်း ဆိတ် ဟာစ်တလုံးတို့ ပြစ်မမုန်းတို့ အိပ်ပျော်ချိန် ကျလတ်သော် ကျွန်တော်မည်သော အသစ်တစ်ဖန် သတို့သားကြီးကို အခန်းအပ်၍ သူတို့ပြန်ကြလေသည်။





လူပျိုအပျို မင်္ဂလာညတုန်းကလိုမဟုတ်၊ ရှောက်တိရှောက်ကြက်ကလေးတွေမဖြစ်။ ယခု ကျွန်တော်တို့မှာ ဘဝင်မတုန်၊ ရင်မခုန်ဘဲ စက်လည်းပျော်ပါနိုင်၊ စကားတွေတော်တော်ပြောနေကြသေးသည်။

'ကျွန်မတို့ထိပေါက်ရတာ အဆန်းကြီးနော်'

'ဟုတ်တယ်၊ ကိုယ်တို့လင်မယားကွဲသွားလို့ အဲဒီနေ့ အဲဒီအချိန်မှာ အဲဒီနံပါတ်ထိုးမိတာ'

'ဒါဖြင့် လင်မယားရန်ဖြစ်အောင် ကြက်ခိုးသွားတဲ့ အင်ဖူးပဲကျေးဇူးတင်ရဦးတော့မလို'

'ပန်းစုံကောကွ . . . ပန်းစုံ'

'တော်ပါ သူ့ပန်းစုံကြီး။ နောက် ဒါမျိုးကြားရရင်နော် . . . ဟင်း'

'ကုန်တာမျိုးမှတ်လို့ကွာ'

'ဟင်းနော် . . . ဟင်းနော် . . . ဟင်းနော်'

'ဟ . . . မနော်ရ . . . နာတယ်ကွ'

'နာအောင်လုပ်တာပဲ သူ့အကောင်းစကားမပြောဘူး ဒီမှာ ကိုတက်ပုံ၊ ရန်ကုန်ငွေထုတ်သွားရင် ကျွန်မရော အမေရော လိုက်မယ်နော်'

'လိုက်ပေါ့ကွာ'

'ရွှေတိဂုံဘုရားကြီး ဖူးချင်နေတာကြာလှပြီ၊ ဟင်း ခုမှပဲ'

'အမယ် . . . ခု ကမ္ဘာအေးဆိုတဲ့ဘုရားက ရွှေတိဂုံဘုရားကြီးထက် ခေတ်စားနေသတဲ့ဆရာ'

'ဟုတ်လား . . . ဒါဖြင့် အဲဒီဘုရားလဲ သွားဖူးမယ်'



www.burmeseclassic.com

www.burmeseclassic.com



'ရောက်မှဖြင့် ဘုရားကုန် လျှောက်ဖူးကြတာပေါ့ကွာ၊ ဆူးလေဘုရားရော၊ ဗိုလ်တထောင် ဘုရားရော၊ ၉ ထပ်ကြီးရော၊ ၁၀ ထပ်ကြီးရော၊ ၁၅ ထပ်ကြီးရော'

'ဟင် . . . ရန်ကုန်မှာ ဖူးစရာဘုရားတွေ အများကြီးပဲနော်'

'နောက်ဆိုရင် ဒီထက်ပိုများဦးမတဲ့'

'သင်္ဂါယနာတင်တယ်ဆိုတာ ဘာလဲဟင်'

'မသိဘူးကွ၊ သာသနာရေးမှာ ကြီးကြီးကျယ်ကျယ် ကောင်းမှုကြီးတစ်ခု ဖြစ်မှာပေါ့ကွာ၊ ငွေတော့ ကုဋေတွေအများကြီး ကုန်တာပဲတဲ့၊ ဦးမြတ်ချမ်းကပြောတယ်'

'ကျွန်မတို့လဲ သူ့လိုဘုရားမတည်နိုင်၊ သင်္ဂါယနာမတင်နိုင်ပေမယ့် ပဥ္စင်းဒကာ၊ ပဥ္စင်းအစ်မလောက်ဖြစ်ရင်ကောင်းမယ်နော်'

'တို့ ဒီလောက် ငွေရှိနေမှ ဖြစ်ချင်ဖြစ်နိုင်တာပေါ့ကွာ၊ ဘုရားဒကာဖြစ်ချင်တောင် သဲပုံစေတီလေး ခပ်ငယ်ငယ် တစ်ဆူလောက် ကြိတ်လိုက်ဖြစ်တာကွာ'

'ဒီလို ရခဲတဲ့ဒုလ္လဘ လူ့ဘဝကြီး ဘုရားဒကာ ဘုရားအစ်မ ရယ်လို့ ဖြစ်ရမယ်ဆိုရင်၊ အိုး . . . အဟင့် . . . ကိုတက်ပုသိပ်ကဲတာပဲကွယ်'

နံနက်ချိန်ကျူး ကြက်ဦးတွန်၍ အိပ်ရာမှ နိုးသည်တွင် ကျွန်တော့် စိတ်သည် အရိကလေးဆီသို့ရောက်သွားလေသည်။ ယခု ကျွန်တော့်မှာ ငွေနှစ်သောင်းရှိနေချေပြီ။ ငါးထောင်သော ငွေကို သူကလေးအတွက် ရက်ရက်ရောရော ပေးကမ်းကာ သူကလေး၏ ဘဝကို ဟိုလူမသမာလက်ထဲမှ ဆွဲထုတ်မည်။ သူကလေးမည်မျှ ဝမ်းသာချိမ့်မည်နည်း။ နံဘေးလူတွေကတော့ အံ့သြကြချေမည်၊





သို့သော် ကျွန်တော်တို့၏ သန့်စင်သော မေတ္တာနှင့် သစ္စာကို သူတို့ သိကြစေသတည်း။

ထို့ကြောင့် နံနက်မိုးသောက်လျှင်ပင် ထီပေါက်စဉ်ကို အိတ်ထဲထည့်ကာ မိန်းမအား 'ဒီဘိုင်စ့ကယ်ကို ပြန်ပေးမယ် ပြောခဲ့လို့ကွာ' ဟုဆိုပြီး သူကလေးထံ သတင်းကောင်းပါးရန် အမြန်လစ်ခဲ့လေ၏။

ကျွန်တော် ဦးမြတ်ချမ်းတို့အိမ်သို့ပင်မသွားဘဲ သူကလေး ဆီ တိုက်ရိုက်ဝင်ကာ အိမ်အောက်မှ . . .

ကလင်လင် . . . ကလင်လင် . . .

'ဟေ့ . . . အရိ . . . အရိ'

အပြေးကလေး ဆင်းလာကာ . . .

'ဟင် . . . ဘယ့်နှယ်အစ်ကိုကြီး . . . စောစောစီးစီး'

'အရိ စောစောစီးစီး ဝမ်းသာရအောင်လို့ကွ'

'ဘာ . . . အရိဝမ်းသာဖို့'

'ဟုတ်တယ် . . . လာ . . . လာ . . . အိမ်ပေါ်ကို၊ အရိ့ အမေဈေးသွားပလား'

'သွားပြီ'

ကျွန်တော်တို့ အိမ်ပေါ်ရောက်၍ ထိုင်မိကြသည်၌ . . .

'အရိတို့ မင်္ဂလာဆောင်ရက်ကန့်သတ်ပလား'

'ဝါဆိုလဆန်းတဲ့'

'ဖျက်ပစ်လိုက်'

'ဘာ . . . ကိုကြီး'

'အရိ ဒီလူကို မလိုချင်ဘူး မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ကြည့်တောင် မကြည့်ချင်ပါဘူးရှင်'

'ဒါဖြင့် . . . ကျော်ခိုင်းလိုက်တော့'

'အစ်ကိုကြီး ဘာပြောတာလဲ'

'အရီ ငွေငါးထောင်အတွက် မဟုတ်ဘူး'

သူခေါင်းညိတ်သည်။

'ဒီငါးထောင် အရီ့ကို ပေးမယ့်လူရှိပြီ'

'ဘယ်သူလဲ'

'အခု အရီနဲ့ စကားပြောနေတဲ့လူပဲ'

'ဟင် . . . အစ်ကိုကြီး'

'ယုံဖို့တော့ တော်တော်ခက်မှာပဲ၊ သို့သော် ဒီမှာကြည့်'

ထီပေါက်စဉ်ကို ထုတ်ပြီးဖြန့်၍ ကျွန်တော့်နာမည်နှင့် နံပါတ်ကိုပြလိုက်သည်။

'ဟင် . . . အစ်ကိုကြီးထီပေါက်တယ်'

'နှစ်သောင်းခွဲဗျ'

'အား'

သူ့မျက်လုံးကလေးသည် ပြူး၍ ဝိုင်း၍သွားလေသည်။

'ဒါကြောင့် ငါ့ညီမအတွက်ငွေငါးထောင် ပေးနိုင်တာပေါ့'

'ဟာ . . . အစ်ကိုကြီးရယ်'

'ဘာမှ . . . အားမနာနဲ့ ငါ့ညီမ၊ အလကားရတဲ့ငွေ၊ နို့ပြီး မနေ့ကလဲ အစ်ကိုကြီးမှာ ဒီလောက်ငွေသာရှိမယ်ဆိုရင် ပြောသွားတယ်မဟုတ်လား၊ ကြည့်စမ်း . . . အခု အစ်ကိုကြီးစေတနာ အရီ့ကုသိုလ်ပဲ၊ အရီဝမ်းမသာဘူးလား၊ ဝမ်းသာလိုက်စမ်းပါ ညီမလေးရဲ့'

'ဝမ်းသာပြီလား . . . ကိုကြီးရယ်၊ ဒါပေမယ့် ဖြစ်နိုင်ပါ့မလား



ကိုကြီး'

'ဘာလို့ မဖြစ်နိုင်ရမှာတုန်း'

'အစ်ကိုကြီး မိန်းမက'

'အိုးဟိုး . . . အမှန်က ဒီငွေ သူနဲ့တောင်ဘာမှမဆိုင်ဘူး၊ တစ်ယောက်နဲ့ တစ်ယောက်ကွာထားတုန်းမှာ ကိုကြီးဟာ ကိုကြီးထီးလို့ပေါက်တာပဲ၊ ဒီအတွက် ဘာမှမပူနဲ့ ငါ့ညီမ၊ ကိုကြီး သဘောတစ်ခုပဲ'

'နို့ပြီး ကိုကြီးငွေ အရီ ဘယ့်နှယ်လုပ် ပြန်ဆပ်ပါ့မလဲ'

'အမယ်လေး . . . အမယ်လေး အရီ၊ မရှေရီ ဘယ်လို စကားပြောလိုက်တာလဲ။ ကိုကြီးက အရီကို ငွေချေးရအောင်များ လာပြောနေတယ် မှတ်သလား၊ အရီဒီလိုပြောတာပဲ လွန်လှပြီကွယ်'

'ဟင် . . . ကိုကြီး'

သူ့မျက်နှာကို လက်ဝါးကလေးနှစ်ဖက်ဖြင့် အုပ်လိုက်သည်။

'ဘာဖြစ်တာလဲ အရီ'

'ကိုကြီးစေတနာ သိရတော့ အရီ့စိတ်ထဲ ထိခိုက်လိုက်တာ ကိုကြီးရယ်'

'အို . . . ဘာထိခိုက်စရာလဲ ညီမလေးရယ်၊ တို့မောင်နှမ တစ်ယောက် တစ်ယောက်စောင်မနိုင်လို့ စောင်မရတာပဲ'

'ကိုကြီးကိုသိပ်အားနာတာပဲ၊ ဒီငွေမပေးဖို့ တောင်းပန်ချင်တယ်ကိုကြီး'

'ဟိုး . . . ဒီမှာ ညီမလေး၊ အရင်တုန်းက အရီ့မှာ မွေးချင်း ရှိလို့ အစ်ကိုကြီးလို အစ်ကိုကြီးတစ်ယောက်ရချင်တယ် ပြောတယ် မဟုတ်လား၊ တကယ်တမ်းသာ ကိုကြီးကို အစ်ကိုအရင်းလို သဘော

www.burmeseclassic.com



ထားရုံမှန်ရင် နောက်ထပ် ဒီစကားမျိုးမပြောနဲ့တော့။ အစ်ကိုကြီးက အရီ့ကို ညီမလေးအရင်းလို ချစ်လေတော့ ငါ့နှမကို ဒီကောင်မျိုး လက်ထဲ အရောက်မခံနိုင်ဘူးကွာ၊ အရီက ဒီလူ ယူချင်ပါတယ်။ တားမရဘူးဆိုရင်တောင် ကိုယ့်နှမကိုယ် ရိုက်ရလိမ့်မယ်။ ကဲ . . . ငါ့ညီမနားလည်ပြီမဟုတ်လား၊ အို . . . ဘာလို့မျက်ရည်တွေ ဝိုင်းလာသလဲကွာ'

'ဝမ်းသာလွန်းလို့ ကိုကြီး . . . ဝမ်းသာလွန်းလို့'

'ကဲ . . . ဝမ်းသာရင် ကိုကြီးစားဖို့ တစ်ခုခုပေး၊ ကိုကြီး အစောကြီး အိမ်ကထွက်လာခဲ့တာ ဘာမှ မစားခဲ့ရသေးဘူး၊ ဆာတယ် ထမင်းကြမ်းရှိသလား၊ အဖန်ရည်အိုးတည်ကွာ'

'ဘယ့်နှယ် . . . ထမင်းကြမ်းနဲ့ အဖန်ရည်လဲ ကိုကြီးရဲ့ အရီကော်ဖီဖျော်လိုက်မယ်၊ ပေါင်မုန့်နဲ့ ထောပတ်သုတ်နဲ့ သောက်'

'အေး . . . လုပ်လဟယ်၊ ကိုယ်လဲ နှစ်သောင်းခင်းလောက် ချမ်းသာမယ့်လူပဲ၊ ဒါမျိုးတွေ စားကြည့်ရတာပေါ့'

သူကလေး မီးဖိုဆောင်သို့ သွားနေစဉ် ကျွန်တော့်မှာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ကာ လောကကြီးကို ကြည်နူးသာယာ လျက်ရှိလေသည်။ မနေ့ကပင် သူကလေးကို ကျွန်တော် ကယ်ဆယ် ချင်စိတ်ပေါ်သည်။ ယခု ပြည့်ဝရသည်။ လိုတရ ဆိုသည့်အတိုင်း ဖြစ်နေပြီ။ အဘယ်သူ မကြည်နူးဘဲ ရှိပါအံ့နည်း။ ၎င်းပြင် ကျွန်တော့်မှာ လူ့ဘဝတွင် ချမ်းချမ်းသာသာကြီးနေနိုင်ပြီ။ လယ်ခွင်ကိုယ်တိုင် မဆင်းရတော့ပြီ။ သူရင်းငှားနှင့် ထားနိုင်သည်။ ဦးမြတ်ချမ်းတို့လို မြို့က လာနေချင်လျှင်လည်း နေနိုင်ပြီ။ သားကလေးတွေ့မြို့က အင်္ဂလိပ်ကျောင်းထားနိုင်မည်။ ကောင်းကောင်းကြီး လှူနိုင်တန်း





နိုင်ပြီ။ ဟီး ဟီး ဘုန်းကြီးကြီး မည်သို့မိန့်တော်မူဦးမည်နည်း။ သည်လောက်ရှိတဲ့တေက်ပ၊ ကျောင်းမလာကောင်းလား။ မျှော်လှချေ မယ်ထင့်။ နေဦး ကိုယ်တော်ကြီး . . . လှူမယ် . . . လှူမယ် ဝိုက်ပြ နေအောင် လှူမယ်၊ ဟင်း . . . ဟု ဥပုသ်နေ့က ဦးမြတ်ချမ်းတို့ရှေ့မှာ ပြောလိုက်တာတော့ မကျေသေးဘူးပေါ့ကွာ။

မကြာမီ၌ အရီက ပေါင်မုန့်၊ ကော်ဖီ လင်ပန်းနှင့် လာသည်။

'ကဲ . . . ကိုကြီး သုံးဆောင်'

ကျွန်တော် ခန့်ခန့်ကြီး သုံးဆောင်လိုက်လေသည်။ ပေါင်မုန့် နှစ်ယှက်နှင့် ကော်ဖီတစ်ခွက်ကို ကုန်သွားလေပြီ။

'ဟင်း . . . ငါ့လခွီးတဲ့ စားလို့ တော့ ကောင်းပါရဲ့ ထမင်း ကြမ်း တစ်ပန်းကန်နဲ့လက်ဖက်ရည်ကြမ်း တစ်အိုးလောက် သောက် နေတဲ့ဗိုက် ဘာမှမဖြစ်သေးဘူးကွယ်'

'ကဲ . . . ဒါဖြင့် ကိုကြီး ဝအောင်ကြိတ်စမ်း၊ အရီယူပေး မယ်'

'အေး . . . လုပ်စမ်းလဟယ်၊ ကိုယ်ချမ်းသာတော့မယ့်လူပဲ၊ ငါ့ဗိုက်ဘယ်လောက်စားနိုင်မလဲ သိရအောင်'

အရီသည် ပေါင်မုန့် လှီးလက်စအလုံးနှင့် ထောပတ်ဘူးကို ယူလာကာ ပေါင်မုန့်ကို လှီးလှီးပြီးထောပတ်သုတ်၍ သုတ်၍ပေး သည်။ ကော်ဖီကို ထပ်ဖျော်ပေးသည်။ နောက်ထပ်မပေါင်မုန့် ငါးယှက် နှင့် ကော်ဖီနှစ်ခွက်ကုန်မှ . . .

'အင်း . . . ခုမှ တော်ကာကျတော့တယ်ဟေ့၊ ထပ်သွင်း ဝင်သေးတယ်ကွ၊ ဒါပေမယ့် တော်ပါပြီကွာ၊ ကန်ဆေးလွန်ဘေးတဲ့ နေပါဦး ဒီပေါင်မုန့် တစ်လုံးဘယ်လောက်ပေးရသလဲ'

'ငါးမူး'



www.burmeseclassic.com

www.burmeseclassic.com



'ဒီထောပတ်ဘူးကကော'

'လေးကျပ်ခွဲ'

'အဲဒီက နို့ဆီဖိုး သကြားဖိုးနဲ့ ငါတို့အိမ်သားတွေ နေ့တိုင်း ဒီလိုသာ စားကြမယ်ဆိုရင် ထီပေါက်ထားတဲ့ငွေကလေးတော့ တယ်ပြီး ကြာကြာခံမယ် မထင်ဘူးဟေ့၊ ဦးမြတ်ချမ်းတို့တောင် ဒီလိုမစားကြဘူး'

'အရီတို့လဲ အမြဲစားနေတာ မဟုတ်ပါဘူး။ ဒါ အမေအိပ်ရာဝင်ခါနီးမှာ စားတာ'

'ဟာ . . . ဒါဖြင့် အရီ့အမေတော့ ခုည ငတ်ရောဟေ့'

'ကိစ္စမရှိပါဘူးကိုကြီး၊ ပေါင်မုန့်က ခုသွားဝယ် ခုရပါတယ်'

'အေး . . . နောက်တော့ ကိုကြီး ဒါမျိုးတွေ အများကြီး ဝယ်ပေးမယ်ပေါ့ကွာ၊ အရီရေ တို့ပျော်ပျော်ပါးပါးနေရအောင် ဦးမြတ်ချမ်းတို့အိမ်သွားပြီး ကိုကြီးက ဓာတ်စက်မောင်းမယ်၊ အရီက က,ပြော . . . အရီက ဆုန်ညောင်ရေသွန်းပွဲတုန်းက မြို့ပိုင်သမီး အငြိမ့်စင်ပေါ်တက်ကတာ ဘာအကခေါ်တယ်'

'ဟာဝေယံအက'

'အစ်ကိုကြီးကတော့ အဲဒီ နာမည်မသိတာနဲ့ သူက ပုံကနည်းပဲကြည့်ပြီး 'နိဗ္ဗာန ပစ္စယောအက' လို့ခေါ်ထားတယ်၊ အရီ အဲဒီအကမျိုးကတတ်လား'

'တော်ပါ၊ အစ်ကိုကြီးပြောတာနဲ့ကို'

သူမျက်စောင်းကလေး ထိုးလိုက်သည်ကိုပင် နိဗ္ဗာန ပစ္စယောထိုးကလေးဟု ဆိုလိုက်ချင်ပါသည်။ ဟာ . . . ဘွာဘွာ ကျုပ်တို့မောင်နှမလို့ ဆိုထားပါလား။





ယင်းအခိုက်ဝယ် အိမ်ရှေ့မှ ဦးမြတ်ချမ်းမြေးတလေး တစ်ယောက်၏အသံ။

'ဒီအိမ်မှာ ကိုတက်ပု ရှိသလားဗျို့'

ကျွန်တော်ပြတင်းပေါက်မှ ခေါင်းပြူကာ . . .

'အေး . . . ရှိတယ်ကွ၊ ဘာလို့လဲ'

'အိမ်မှာ ခင်ဗျားဦးကြီးဖြိုး ရောက်နေတယ်၊ ခင်ဗျား တွေ့ချင်လို့တဲ့'

'အေး . . . လာမယ်ပြောလိုက်'

'မြန်မြန်လာတဲ့ဗျ'

'အေးပါကွ'

ကျွန်တော် ခေါင်းပြန်လှည့်ပြီး . . .

'ဘာကိစ္စများပါလိမ့်၊ လာ . . . အရီသွားကြမယ်'

'ဟင်းအင်း . . . အစ်ကိုကြီး အရီမအားသေးဘူး၊ အမေ့အချိန်မီပို့ဖို့ ထမင်းဟင်းချက်ရဦးမယ်'

'ဒါဖြင့် ကိုကြီးသွားမယ်နော်'

'ဟုတ်ကဲ့'

'ငါ့ညီမ စိတ်ချမ်းသာပါတော့ကွယ်'

ကျွန်တော်အရီတို့အိမ်ပေါ်မှဆင်းခဲ့တာ စိတ်ထဲ ဇကန္တတွက်ရသည်မှာ 'ဟင်း . . . ဦးကြီးဖြိုးတော့ ငါ့မြို့သွားတယ်ဆိုတာနဲ့ လိုက်လာတာ၊ ငါထီပေါက်ကြောင်း ဦးမြတ်ချမ်းတို့ကိုပြော၊ သူတို့ဆီ ပိုက်ဆံချေးခိုင်းပြီး တရုတ်ဆိုင်မှာ တိုက်ခိုင်းဦးမှာပဲ' အကြောင်းမှာ ဦးကြီးဖြိုးသည် အသောက်အစား အလွန်ဝါသနာပါသူဖြစ်၍ မြို့ရောက်လျှင် ခေါက်ဆွဲနှင့် ဦးရေကိုအင်မတန်ကြိုက်သူဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ဆွဲသုံးခွက်နှင့် ဦးရေသုံးပုလင်းကို ပြောင်အောင် ရှင်းနိုင်သူဖြစ်ပါသည်။

'အင်း . . . ကိုယ်ချမ်းသာတော့ ကိုယ့်ဆွေမျိုးသားချင်း ကြိုက်တာကလေးတွေ ပြုစုရတာပေါ့လေ၊ နို့ပြီး သူ့ကြောင့်ပဲ ဒီထီပေါက်တာပဲ မဟုတ်လား။ သောက်ပစေ . . . စားပစေ၊ သဘော ရှိ ကလောဟိ နိဗ္ဗာနပစ္စယောပေါ့' အနို့လိုပဲ စိတ်ထဲက ရေရွတ်လိုက်ပါသည်။

သို့ရာတွင် ဦးမြတ်ချမ်းတို့ရှေ့မှာ သူနှင့်ကျွန်တော် မျက်နှာချင်းဆိုင်မိကြသော အခါ၌ကားသူ့အသံမှာ ခက်ထန်လျက် . . .

'မင်း . . . အခုမိုးမလင်းခင် ရွာကထွက်လာပြီးတော့ ဟိုကောင်မလေးအိမ်မှာ ဘာသွားလုပ်နေတာလဲ၊ မင်းဟာ ကဲတိုကဲတယ်'

'မင်းတို့ မရိုးတာ မဆန်းတာ နံဘေးထားပါဦး၊ မင့်ကိုယ် မင်း တကယ်ထီပေါက်တယ်များ အောက်မေ့နေသလား'

ဤသည်၌ကားကျွန်တော့်ကိုယ်မှာ ငယ်ထိပ်ကို တင်းပုတ်နှင့်ထုလိုက်သကဲ့သို့ ပုဝင်သွားသည်ဟု ထင်ရကာ . . .

'ဗျာ'

'မင်းကိုယ်မင်း တကယ်ထီပေါက်တယ် ထင်နေသလား'

'နို့ ပေါက်စဉ်တွေထဲမှာ ပါနေတာပဲ'

'ဒီပေါက်စဉ်တွေက တို့ရွာအတွက်တင် ငါနဲ့ ဦးဖက်ထုပ်တ ပုံနှိပ်တိုက်မှာ သွားလုပ်ထားတာဟေ့'

အောင်မယ်လေးဗျ . . .

ဤစကားလုံး နှုတ်မှထွက်မသွားသော်လည်း စိတ်ထဲတွင်





အသံမြည်၍သွားကာ လူမှာ ပျော့ခွေ၍ လဲကျသွားသည်ဟု ထင်လိုက်မိပါသည်။

'မယားနဲ့ ယောက္ခမက ပြန်ခေါ်အောင်လို့ ငါတ ကြံရတာ ဒီကိစ္စဟာငါနဲ့ဦးဖက်ထုပ်ကလွဲလို့ ရွာမှာ ဘယ်သူမှမသိကြသေးဘူး။ မင်းကို ငါက ခုမနက်မှ ပြောထားမယ်လို့ အိမ်လာတော့ ကိုယ်တော်မြတ်က မရှိဘူး၊ စောစောစီးစီး အိမ်က ထွက်သွားလေတော့ တကယ်ပေါက်တာပဲ မှတ်ပြီးတွေ့ကရာတွေ လျှောက်လုပ်နေမှာစိုးလို့ ငါလိုက်လာရတာဟေ့'

*

ကျွန်တော် ခွေးဖြစ်ပါပြီ၊ ခွေးမှ ခွေးလုံးလုံး ဖြစ်ပါပြီ၊ ခွေးလုံးလုံးမှ ခွေးဝဲစားဖြစ်ပါသည်။ အရီလေးဆီကိုပြန်၍ မျက်နှာမပြဝံ့တော့ပြီ။

ဘယ့်နှယ်တုန်း. . . ။ သူဌေးကြီးစတိုင်နဲ့ သူ့အိမ် အကျအန သွားပြီး ငွေငါးထောင်ပေးမည်ဟု ပြောသည်။ သူ့အမေ အိပ်ရာဝင်ခါနီးစားသည့် ပေါင်မုန့် ခုနစ်ယှက် ခုနစ်ရက်စာကို ကျွန်တော် တစ်ထိုင်တည်းနှင့် တွယ်ခဲ့သည်။ နို့ပြီး စည်းစိမ်ရှင်ကြီးစတိုင်နှင့် မျက်စိအရသာခံချင်လို့ သူကလေးကို ဟာဝေယံအက ခေါ်တဲ့နိဗ္ဗာန ပစ္စယောက ကခိုင်းသေးသည်။

ကဲ . . . သည်တော့ သည်သောက်ခွက် ပြန်ပြလို့ကောင်းပါဦးမတဲ့လား အရပ်ကတို့ရယ်။

ထို့ကြောင့် ကျွန်တော်မှာ 'ရှေ့မျက်နှာ နောက်ထား' ဟုသည့်စကားနှင့် တစ်သဝေမလွဲ ဦးမြတ်ချမ်းတို့ အိမ်ကအထွက်၌ သူတို့ဘက်ကျောခိုင်း၍ မျက်နှာကို သမင်လည်ပြန်လှည့်ကာ 'အရီ



www.burmeseclassic.com

www.burmeseclassic.com



လေးများလာရင် အဲဒီအကြောင်းပြောပြလိုက်ပါဗျာ' ဟုမှာပြီး တစ်ဟုန်ထိုး လစ်ခဲ့ရပါတော့၏။

ဦးကြီးဖြိုးနှယ်ဗျာ၊ ဒီငွေနှစ်သောင်းထီပေါက်တာမဟုတ်ဘဲ ရွှေဒင်္ဂါးတွေ ၇၅ ကုဋေရတဲ့နည်းလုပ်လိုက် အကောင်းသား၊ ဒါမှ ကျွန်တော်ရော၊ မယားရော ယောက္ခမရော ဝမ်းသာလုံးဆို့ သေသွားလို့ အားလုံးအေးကြရော။

ခုတော့ မတင်မကျ၊ မိန်းမဆီပြန်ရတာတော့ ဟုတ်ပါရဲ့ ယောက္ခမက ကြွေးပူတယ်ဗျ၊ ဟိုနေ့က ကာလသားတွေ ပြန်ပေါင်းခဲဖို့ပေးရတာက ၅၀ ကျပ်၊ နောက်ထပ်ညမှာ အိမ်လာတဲ့ ညှော်သည်တွေ ညှော်ခဲ့ရတာနဲ့ ဘာနဲ့က အစိတ်တဲ့ဗျ၊ ပေါင်း ၇၅ ကျပ်တဲ့။

အင်း . . . ဒီ . . . ၇၅ . . . ၇၅ . . . ၇၅ ကျွန်တော့် ညှဉ်းဆဲတာပါပဲဗျာ။

ကျွန်တော့် သဘောကတော့ ဒီယောက္ခမကြွေး၊ အပျောက် ရှင်းဖို့ပါပဲဗျာ၊ ဒါပေမယ့် သူ့အမေသမီးက 'အမေ့ကြွေးပေးမှပေါ့' တဲ့။

ဒီတော့ ကျွန်တော်က 'စပါးပေါ်မှပေးနိုင်မယ်' ပေါ့။

လုပ်ဟဲ့ . . .

လယ်ခွင် ဆင်းခဲ့ရပါပြီ။

တစ်မိုးတွင်းလုံး နွားနှင့် ရုန်းရတော့မည်။

နွေဦးပေါက်လို့ စပါးပေါ်တော့ . . .

တောက် . . . ဒီတော့လဲ ကျုပ်တို့ လယ်သမားတွေမှာ မသက်သာသေးဘူးဗျို့၊ ခုခေတ် စပါးရောင်းရတဲ့ကိစ္စ 'အက်စေအင်ဘီ' ဆိုတာနဲ့ 'ဗတလစ' နှစ်ခုကြားမှာ မိုးတွင်းတုန်းက နွားတစ်





ကောင်နဲ့ ဖက်ရုန်းရတာထက် စိတ်ပင်ပန်းသေးသဗျာ။

ဘာ့ကြောင့်နည်း . . .

ကျုပ်တို့ တောသူတောင်သားတွေ ခံစားချက်ကိုခင်ဗျားတို့ မြို့ကြီးစံ သုတေသီတို့ သိရှိရန် အရင်းတိုင်းကို ပြောပြမည်။

လယ်သမားတွေ စပါးကို အက်စေအင်ဘီနှင့် ဗတလစက ခိုင်းနေသည်။ လယ်သမား စပါးရောင်းချင်လျှင် ဗလတစဆီက ရောင်းခွင့်အမိန့်စာရအောင်ယူရသည်။ ဤအမိန့်စာပါမှ အက်စေအင်ဘီက ဝယ်သည်။ ၎င်းအမိန့်စာဖြတ်ပိုင်းများသည် သူကြီးဆီမှာရှိသည်။ အဘယ်ကြောင့်ဆိုသော် သူကြီးသည် ၎င်းပိုင်ရွာများ၌ ဗတလစ ဗမာတောင်သူလယ်သမား အစည်းအရုံး (ဗမာတောသား သူလည်များ အစည်းအရုံးဟုလည်း ဆိုကြသည်) ၏ ဥက္ကဋ္ဌဖြစ်သည်။ သူကြီးအောက်၌ ကျေးရွာကော်မတီများရှိသေးသည်။

မြို့နယ်ဆိုင်ရာ ဗတလစအဖွဲ့ချုပ်က 'သူကြီးမေပိုင် လယ်သမားဦးရေ ဘယ်လောက်ရှိ၊ ဘယ်ရွာက (ဤအရစ်တွင်) လယ်တစ်တုံးလုပ် ဘယ်နှစ်တင်း၊ လယ်ကူလီ ဘယ်နှစ်တင်းနှင့် စပါးတင်းရေ မည်မျှကို ဘယ်နေ့အရောက် ဘယ်ဒိုင်တွင်ချရမည်' ဟု အမိန့်ကျလာသည်။

သည်တော့ သူကြီးက စပါးရောင်းချင်သူများကို ဆင့်ခေါ်ပြီး ဖြေ ဘယ်နှစ်တင်း၊ ညို ဘယ်နှစ်တင်းဟု အမိန့်စာဖြတ်ပိုင်းပေးသည်ကိုလယ်သမားက ၎င်းဖြတ်ပိုင်းနှင့် စပါးကို နွားနှင့် ရုန်းစေ ဘာ အက်စေအင်ဘီ စပါးဒိုင်သို့သွားရသည်။

ဟုတ်ပြီ။

ဤကား မြန်မာပြည်ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့၏



www.burmeseclassic.com

www.burmeseclassic.com



အစီအမံ။

ငင်းအစီအမံ၏ အတွင်းတွင် ကိုယ်ကျိုးရှာသူတို့ ယုတ်ဖေ နေကြပုံကို ဖော်ပြမည်။

သူကြီး (မှတ်ချက်။ ယုတ်မာသောသူကြီး ပြောတာနော် ကောင်းသောသူကြီးက အေးအေးနေစမ်း) သူသည် သူ့ရွာ ကော်မတီများနှင့် စားဖော်စားဖက်ဖြစ်၏။ သူတို့လူစုလက်ထဲတွင် အရေးတကြီး ရောင်းရသော လယ်သမားဆီက လျှော့ဈေးနှင့် ဝယ်ထားသောစပါးမပြတ်ရှိ၏။ အထက်အဖွဲ့ချုပ်က ဤရွာမှ စပါး ရောင်းဖို့ အမိန့်ကျတိုင်း ကျတိုင်း သူတို့ စပါးတွေကို ပထမစာရင်း သွင်း၏။ သူပိုင်ရွာက ဘယ်သူဘယ်ဝါဆိုတဲ့ နာမည်တွေနဲ့ပေါ့။

ကဲ . . . သည်လို ထွင်စားတာထားဦး၊ သူတို့မှာ သည်ထက် ကောင်းသော တစ်နည်းရှိသေး၏။

ရောင်းဖို့ အမိန့်ကျလာသောအခါ၌ ခရီးအလှမ်းကွာသော ရွာများကို အချိန်ကပ်၍ ပြော၏။ ဤအမိန့်ကိုကြားရသော လယ်သမားသည် ဖုတ်ပူမီးတိုက်နှင့် စပါးတွေလှည်းနှင့်တင်၍လာ၏ သို့သော် ရောက်သောအခါတွင် စပါးဒိုင်မှာ အဝယ်ပိတ်နေပြီ။ သည် တော့ သူကြီးက မာန်၏။

'ခင်ဗျားတို့တွေဟာ ဘယ်တော့မှ အချိန်မီမလာဘူး၊ ကျုပ် မှာ အထက်က အမိန့်ကျတဲ့ စပါးတင်းရေမပြည့်လို့ ခင်ဗျားတို့စောင့် ရင်း ခေါင်းမီးတောက်နေတာပဲ၊ နောက်ဆုံးမတက်နိုင်တော့ အနီး အနားရှိတဲ့ စပါးကလေးတွေပဲ ဖြည့်ချလိုက်ရတာပေါ့၊ ကဲသွား . . . ပြန်ကြ၊ နောက်တစ်ရက်မှ စောစောလာကြ'

သူကြီး ထွက်ခွာသွားသောအခါ၌ သူကြီး၏ စားဖော်များ





ရောက်လာ၏။

'ခက်တာပဲ ခင်ဗျားတို့ ဒီစပါးတွေ အိမ်ပြန်ယူသွားမလား။ နောက်တစ်ရက် စောင့်ဦးမလား၊ တော်တော်နဲ့တော့ လာမှာ မဟုတ် ဘူး၊ ခုရောင်းခဲ့ချင်ရင်တော့ ဘယ်ဈေးနဲ့ ဝယ်မယ့်လူတော့ ရှိလေရဲ့။ ကျုပ်တို့ ကြည့်လုပ်ပေးမယ်၊ ဒါ ခင်ဗျားတို့သနားလို့'

အစိုးရက ၂၈၅ ကျပ်ဈေး ကန့်သတ်ထားသည်ကို ထိုလူ များသနားသဖြင့် အများဆုံး ၂၅၀ ကျပ်ဈေးလောက်နှင့် ကျန်ခဲ့ တော့၏။

ကောင်းပါပြီ၊ ဝယ်ချိန်မီ ရောက်လာသော လယ်သမား ဒိုင်နဲ့ကို ဘယ်လိုနှိပ်ကြဦးမည်နည်း၊ ရှုဦးလော့။

အက်စေအင်ဘီက စပါးချိန်သည်မှာ နောက်လူနောက် အရင်လူအရင် အစီအစဉ်အတိုင်းစပါးများကို ပုံစေ၍ နံပါတ် ၁၊ ၂၊ ၃၊ ၄ လျှောက်တပ်ထား၏။ စပါးပုံတွေက (ဥပမာဆိုစို့) နံပါတ် ၇၅ ရောက်နေပြီဆိုပါတော့။ သည့်နောက် ရောက်လာသော ရပ်ဝေး လယ်သမားများမှာ မျက်လုံးပြူးရလေပြီ။ သူ့စပါးပုံ ၇၆ ဖြစ်ပြီဆိုပါက နက်ဖြန်ညနေတောင်မှ ချိန်နိုင်တော့မည် မဟုတ်ချေ။ သည်တော့ အိုးနဲ့အိမ်ကို ရပ်ဝေးကြီးမှာ (ခုနှယ်သူခိုးတားပြကလဲ ပူသနဲ့) သည်လို တစ်ရက်နှစ်ရက်ကြီး ပစ်မထားနိုင်။

အဲလို ငင်းလယ်သမားမှာ ပွပေါက်တိုးနေတုန်း၊ လူ တစ်ယောက်နှစ်ယောက်က သူ့အနား ရောက်လာ၏။ ခင်ဗျာ့ စပါး စောစောချိန်ရအောင် လုပ်ပေးမယ်၊ ကျုပ်တို့ ဘယ်လောက်ပေးမလဲ ဘယ်၍ ဘယ်မျှပေးဗျာ။

ကဲ . . . ပေးပါမယ်ဗျာ . . .။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ လာပြောသူမှာ အက်စေအောင်ဘီက စပါးချိန်သူနှင့် အပေါက်အလမ်းတည့်နေသော သူကြီး၏ လူများဖြစ်၍ သူတို့တွင် နှစ်ဆယ် အစိတ်စီပုံထားသော နံပါတ် ၃၊ ၄၊ ၅၊ တွေရှိ၏။ ၄ အပုံကို ၃ သို့ပြောင်းလိုက်ပြီး ဟိုလူအား ၄ နံပါတ်ကိုချစေ၏။ ရှင်းပါရဲ့လားခင်ဗျား၊ အောက်ခြေကစားပုံကလေးတွေ။ အထက်က စားကြတာတော့ ကျွန်တော်တော့သား တေက်ပု ဘယ်သိမလဲဗျာ။ အက်စေအင်ဘီက ဆန့်ဝန်ထောက်နဲ့ သူကြီးနဲ့တော့ သိပ်တည့်တာပဲ။

ကဲ . . . ထိုငနဲသည် စပါးရောင်းရပါပြီ။ သို့သော် ငွေပတ္တမြား ရော့နဂါးမဟုတ်၊ အက်စေအင်ဘီက ငွေကိုချက်ချင်း မပေးသေး။ ၃ ရက်၊ ၄ ရက်၊ ၅ ရက်၊ ၆ ရက်၊ ၇ ရက်၊ အိုး . . . ကြာချင်သလိုကြာမည်။

အဲသည်တော့ သည်ရက်တွေ မစောင့်နိုင်တဲ့လယ်သမား အလုပ်တစ်ဖက်နဲ့ ငွေတောင်းရအောင် ခဏခဏမလာနိုင်တဲ့ လယ်သမား၊ ဧမယားက စပါးရောင်းအပြန် ဘာတွေညာတွေ ဝယ်ခဲ့ပါမှာလိုက်တဲ့ လယ်သမား၊ ငင်းလယ်သမားတွေဆီက ငွေထုတ်လက်မှတ်ကို လျှော့ဈေးနှင့် ဝယ်သူသည် အသင့်ရှိ၏။

စပါးအစိတ်ဖိုး တစ်ရာလျှင် အစိုးရကန့်သတ်သော ၂၈၅ ဈေးနှင့် သင့်ငွေ ၇၀၊ ၄ ပဲကို အနည်းဆုံး ဈေးနှင့်ဝယ်သည်။

ကဲ. . . သည်တော့ ခုခေတ်မှာ တောသူတောင်သား လယ်သမား ကျောမွဲတွေ ဘယ်လောက်ဝက်ဝက်ကွဲနေသလဲဆိုတာ စဉ်းစားကြတော့ဗျာ။ သည်အထဲ စားပြက လာလာရိုက်လို့ ကျောမွဲနေပြီး ကျောကွဲ ကျောပြဲဖြစ်ကြတဲ့လူတွေလဲ ရှိသေးသဗျ။ ဝမ်းသာစရာကြီးနော်။





အနီးသို့လျှင် ကျွန်တော်က ကျွန်တော်တို့ တောသူ တောင်သားလယ်သမားတွေ 'ဖြစ်ပုံ ပျက်ပုံ၊ ကင်ပွန်းချို့ ငပုံနှမကားရားခွဲ'ဆိုတာတွေ ပြောပြတော့ မိတ်ဆွေက ကျွန်တော်နဲ့ ရင်းနှီးနေသူမို့ 'ဩော် . . . တေက်ပုကလေးလဲ ဒီလို နှစ်နာချက်တွေ ခံစားနေရမှာပဲ' လို့ ကျွန်တော့်ကို သနားကရုဏာစိတ်ပေါ်ကောင်းပေါ်ကြလိမ့်မယ်။ သို့သော် ကျွန်တော့်တော့ မသနားကြနဲ့ဗျ။ ကျွန်တော်က ဗတာလစဝင်ထားတဲ့ တောသားလူလည်ပဲ။ ကိုယ်ကမခံရတဲ့အပြင် တိုယ့်ထတ်ဝနေကြတဲ့ လူတွေကို ဆီးဆီးနှိပ်လိုက်သေးတယ်။

ဘယ်လိုလဲဆိုရင် ကျွန်တော်က ကိုယ်စားရရင် သူကြီးလဲ ရှယ်ယာပေးတယ်။ အက်စေအင်ဘီက စပါးဒိုင်က လူတွေလဲကြွက်ပေး အရက်ပေးလုပ်ထားတော့ စပါးပုံခွဲ ၃၊၄၊၅ တွေဘာတွေရတယ်ဗျ။ နို့ပြီး ကျွန်တော့်ယောက္ခမကိုလဲ ငွေထုတ်လက်မှတ် အချောင်ရအောင် ဆွယ်ဆွယ်ပေးသေးတယ်ဗျ။

အေးလေ စပါးပေါ်ချိန်ကျမှ အဲသည် ကလိမ်ကျတဲ့ နည်းတွေနဲ့ပဲ ယောက္ခမငွေ ၇၅ ကျပ် ဆပ်ရတော့မှာပဲ။

ကဲ . . . ခုတော့ ကျွန်တော် လယ်ထဲ သွားလိုက်ဦးမယ်ဗျာ။ ပျိုးခင်းလေး ထွန်နေရပြီဗျ။

'ဟေ . . . လူကလေးရေ ဟစ်တလုံး'

'ဘာတုန်း'

'အဖေ လွန်ထယ်သွားမယ်ဟေ၊ ပဇောက်ကွန်ရအောင် လိုက်ခဲ့'

'မနိုက်ချင်ဘူး၊ ခညားကြီးဟာ ခညားကြီး ကောက်ခဲ့'

'ဟ . . . ငါလယ်ထွန်ရင်း တန်လန်းပုစွန်ဖမ်း နေနိုင်ပါ့မလား



www.burmeseclassic.com

www.burmeseclassic.com



ကွ'

'ဂျကားညားမနေနဲ့၊ အပြန် ဘဂျွန်ပါရင်ပါ မပါရင် ခင်ညား ကြီး အသိပဲ'

'အေး . . . ကောင်းပါပြီမောင်ရာ၊ ခွေးမသားလေး'

'ရှင့်သားရှင် ဆဲချင်ရင် ခွေးထီးသားလို့ ဆဲရှင့်'

'ဟော . . . သူ့အမေက ကြားသွားတာကိုး'

'ဟ . . . ခွေးထီးသားလို့ဆဲရိုးထုံးစံမှ မရှိတာဘဲ မိန်းမရေ့ ဒါနဲ့စကားမစပ် မင်းအခု ပဥ္စင်းအစ်မ၊ ဘုရားအစ်မဖြစ်ချင်စိတ် များရှိသေးလား'

'တော်စမ်း . . . သေချင်းဆိုး၊ ကာလနာ၊ မွေ့ပွေးကိုက်'

'ဟဲ့ . . . မွေ့ပွေးကိုက်လို့တော့ မပြောစမ်းပါနဲ့ အခု လယ်ထဲ သွားမလို့'

'ရှင်သေရင်ကောင်းမယ်'

'ဒါလောက်ဘဲ ချစ်တယ်လား'

'ရှင့်အခု ကျွန်မချစ်တယ်များ အောက်မေ့နေလား'

'ဟို ထီပေါက်တာသာ အမှန်ဖြစ်ရင် ချစ်လိုက်မယ့်အမျိုး မိုးထိုးနေမှာပဲနော်၊ တကတည်း လက်ထဲငွေမရောက်သေးဘူး ပဥ္စင်း အစ်မ ဖြစ်ချင်လိုက်တာနဲ့ ဘုရားအစ်မဖြစ်ချင်လိုက်တာနဲ့'

'တော်စမ်း ကာလနာ၊ ရှင့်ဦးကြီးဖြိုးတော့ ကျုပ်အမေတော သတိရတိုင်း ကျိန်ဆဲနေတာပဲ'

'သြော်ကွာ သူ့ခမျာ တို့လင်မယား ပြန်ပေါင်းရအောင်ကြံ ရတာ'

'ကြံပုံကလဲတော် အရပ်ထဲ အရှက်ကွဲရအောင်ပဲ'





'မင့်အမေ ငွေမက်မှန်းသိတာကိုး'

'တော် . . . ကျုပ်အမေကို ငွေမက်တယ်မပြောနဲ့'

'မပြောပါဘူးဗျာ . . . မပြောပါဘူး၊ ကဲ . . . ငါ လယ်ထဲ သွားမလို့၊ ခမောက်မှာ ဆေးပေါ့လိပ်ထိုးလိုက်ပါကွာ'

'အဆင်သင့်ပဲတော့ အဆင်သင့်ပဲ၊တော်မျိုဖို့ ဆို့ဖို့'

'မိန်းမွှဲခါ ပျိုးကြဲနိုင်မယ်ဟေ့၊ ကောက်စိုက်ချိန်းတော့'

ပျိုးကြဲရက် တစ်လပြည့်သော နေ့ကိုတွက်၍ ကြိုကြိုတင် တင် ကောက်စိုက်သင်းကို ရက်တောင်းထားရပါသည်။

'ဘယ်အသင်းချိန်းမလဲ'

'ကိုယ့်အနီးအနား မမြတ်ကွန်းတို့အသင်းပဲ ချိန်းပေါ့ကွာ'

'အောင်မာ . . . ဘာလဲ၊ တော်က ပန်းစုံပါတဲ့ အသင်းတို လား'

'အဟီး . . . ဟီး'

'ကာလနာကြီးနော်ဘာရမလဲ၊ ဒေါ်ရွှေခအသင်းချိန်းမယ်'

'မင့်သဘောပါပဲကွာ'

'သေနာဟာ ကမြင်းကြောထချင်တဲ့စိတ်ကို မပျောက်သေး ဘူး . . . ဟင်း'

'ဒါတော့ မင်းအထင်လွဲတာပါကွာ'

'အောင်မယ် တော်မဟုတ်ဘူးလား'

'ဟုတ်သားပဲ'

'သေနာ . . . သွား . . . သွား လယ်ထဲ မြန်မြန်သွားမယ် ညိုကျောတော့ ပြောတင်မိတော့မယ်'

ကျွန်တော် တင်းကုပ်ထဲရောက်ခဲ့ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဩော် . . . ဒီနွားတော့ ခက်ပါတယ်။ ဒီကောင်ကို ချုချာချင်တယ်၊ နွေတုန်းက ခွာနာ လျှာနာ ဖြစ်သည်။ ယခုကလမူ စွဲပြန်ပြီ 'ကလမူ' ဆိုသည်မှာ နွားနားရွက်ထဲ၌ ဖြစ်သော ဝေဒနာကိုခေါ်သည်။ ဤနေရာစွဲလျှင် နားရွက်ရောင်ရမ်းကာ အောက်သို့ကုပ်နေပြီး တဖျပ်ဖျပ်ခါ၍ နေသည်။ လူတွေနားကိုက်တာနှင့် တူလိမ့်မည်။

'ဟော့ . . . မနော်ရေ၊ ဒီနေ့ ငါးပိရည် ပိုပိုလျှံလျှံ ကျိုထားဦး ဟော့၊ လယ်ထွန်အဖြုတ်မှာ ဒီနွားနားရွက်ထဲ လောင်းထည့်ဦးမှပဲ'

ကုလားမူစွဲလျှင် ငါးပိရည် လောင်းထည့်ရသည်။

'ဒီနွားကိုပဲ ချုချာပါတယ်တော် မိုးနှောင်းတော့ သူ ရောင်းပစ်ပြီး နွားပြောင်းမှပါပဲ'

'အေးဟာ . . . ငါလဲ ဒီလိုစိတ်ကူးထားတာပါပဲ'

အင်း . . . တင်းကုပ်ထဲထားတဲ့ ထွန်သွား ငါးချောင်းဟာ နှစ်ချောင်း မရှိပြန်ဘူး။

'ဟ . . . ကောင်လေး၊ ထွန်သွားတွေ ယူဆော့ပြန်သလား ဟ၊ မအေကြီးရေ . . . မင့်သားမေးစမ်းပါဦး'

'ဟော့ဒီမှာ နှစ်ချောင်း ကိုတက်ပု၊ သူ နွားလုပ်ဆွဲပြီးပစ်ထားတာ'

'အင်း . . . ဒီကောင်လုပ်ပုံနဲ့ တစ်နေ့နေ့တော့ ပျောက်ဦးမယ်၊ လယ်ထဲထားခဲ့ရင် သူများချွတ်ယူမှာစိုးလို့၊ အိမ်ယူလာကာမှ ခက်တော့တာပါပဲ'

အကြောင်းမှာ ကျွန်တော်သည် ထွန်ကို လယ်ထဲ၌ အငြိမ်းထားခဲ့၍ ထွန်သွားကိုသာ လူခိုးမှာစိုး၍ ချွတ်ချွတ်ယူခဲ့ပါသည်။ ကျွန်တော့်ထွန်ကိုကား မည်သူမှ မခိုးချေ။ ကျွန်တော့် ထွန်နာမည်ကို



'ရန်ကင်း' ဟု ခေါ်၏။ အကြောင်းမှာ ကျွန်တော်သည် ထွန်တံ ထွန်ကိုင်းကို လူများနည်းတူ ဘယ်တော့မှ သေသေသပ်သပ် လေ့စ်ချေ။ ဖြစ်ကတတ်ဆန်း အကြမ်းသာ တွယ်ထား၏။ ကျွန်တော့် ထွန်ကိုမြင်လျှင် လူတွေက 'ဟင်' ကြ၏။ ကဲ့ရဲ့ကြ၊ ရယ်မောကြ၏။

အမှန်က ကျွန်တော်ပျင်းလို့ဖြစ်၏။ သို့သော် လူများတွေက 'တက်ပု မင့်ထွန်ကလဲကွာ' ပြောလျှင် . . .

'အို . . . ခင်ဗျားတို့ ဘာနားလည်လို့လဲ၊ ကျုပ်ထွန်ကို မိုးဦးတစပြီး မိုးနှောင်းအထိ လယ်ထဲမှာ ထားတယ်၊ ဘာမှ အန္တရာယ်မရှိဘူး။ ခင်ဗျားတို့ထွန်ကောင်း ထွန်လှတော့ ဟင် . . . တစ်ရက်မထားခဲ့ဝံ့ဘူး။ တကတည်း ရှာရိုးစုံပြီး အသွားအပြန်ရွှံ့ဗွက်ထဲ မောင်းမောင်းနေရတယ်၊ ဟော . . . ကျုပ်ကတော့ နွားချည်းဆိုတော့ ရှာနောက် လူသွားလမ်းက ဖြတ်ဝင်လိုက်ရုံပဲ၊ ဘယ်လောက် သက်သာသလဲဟင်၊ ဒါကြောင့်ကျုပ်ထွန်ကို ရန်ကင်းလို့ခေါ်တာဗျ'

မိတ်ဆွေမှတ်ထား၊ လူပျင်းတာဟာ နာမည်သာ ဆိုးတယ်။ သက်သာတယ်ဆိုတာတော့ တကယ်ဗျ။ ယခုကြည့်လေ၊ ကျွန်တော် လယ်ထွန်သွားတယ် ဆိုတာတောင် အိမ်က ထွန်ကြီးတပ်သွားရတာ မဟုတ်ဘူး၊ ထွန်သွား ငါးချောင်းပြုးကို နွားတစ်ကောင် လည်ပင်းမှာ ချည်ပြီးရှေ့တစ်ကောင်၊ နောက်တစ်ကောင် မောင်းထွက်ခဲ့ရုံပဲ။

'တောက် . . . ဟ . . . နွား'

'ကိုတက်ပုရေ'

'ဟေး'

'ရှင်ပြန်ရင် ကန်စွန်းရွက် ခူးခဲ့ဦးနော်၊ ဘာမှ ငါးပိရည်တို့စရာ မရှိဘူး'

www.burmeseclassic.com



'အေး . . . အေး'

'ကျွန်တော့်ကို ပဂ္ဂျန်လုံးလဲပဲဗျ'

'အေး . . . အေး'

*





၁၈

ထိမ်းမြားမင်္ဂလာ ဖိတ်ကြားစာ

သစ်ရည်ဒိစတြိတ် စုစပ်မြို့ လည်လှီးပတ်တန်းနေ

ပွဲစားကြီး ဦးကာ-ဒေါ်ရန်လုံတို့၏သား

မင်းတိုင်ပင်အမတ်

ဦးသာခို၏ အစ်ကို

မောင်အောင်ဝင်း (ခေါ်) ဗိုလ်အောင်ဝင်းကို

ရင်းမြို့ ဈေးလမ်းနေ ကွယ်လွန်သူ စာရေးကြီး

ဦးအေးမော်-ဒေါ်သက်ရွှေတို့၏ တစ်ဦးတည်းသောသမီး

အရို (ခေါ်) မခင်နီနှင့်

ထိမ်းမြားမင်္ဂလာ ပြုလိုပါ၍ ၁၃၁၅ ခုနှစ်

ပထမဝါဆိုလဆုတ် ၉ ရက် (၅. ၇. ၅၃) နေ့တွင် နံနက်

၈ နာရီမှ

၁၁ နာရီအထိ ဖော်ပြပါ ဒေါ်သက်ရွှေ၏ နေအိမ်သို့

ကြွရောက်ရန်လေးမြတ်စွာ ဖိတ်ကြားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှိသေစွာ အစီရင်ခံပါသည် အစ်ကိုကြီးရှင့် . . .

အစ်ကိုကြီး ထီပေါက်တာမဟုတ်ကြောင်းဟိုနေ့ကပဲ ကြီးကြီးတို့ဆီက အကြောင်းစုံသိရပါသည်။ အစ်ကိုကြီး အရီကို ပြောခဲ့သော စကားတွေအတွက် မည်သို့မှ စိတ်မကောင်းမဖြစ်ပါနှင့် အရီမှာ ဤငွေကို အကယ်မရသော်လည်း အစ်ကိုကြီးရဲ့ စေတနာကို သိရ၍ တကယ်ရသည်နှင့်မခြား ကျေးဇူးတင်လှပါသည်။ အစ်ကိုကြီးရဲ့ မေတ္တာစစ်၊ မေတ္တာမှန်ကို သိရ၍လည်း ဝမ်းသာလှပါသည်။ သွေးမစပ်ဘဲလျက် ဒီလို အစ်ကိုမျိုးရတာကိုလည်း ဂုဏ်ယူမိပါသည်။ တကယ်တော့ လောကတွင် သွေးနှင့်မဆိုင် ခင်ရာသာ ဆွေမျိုးဖြစ်ပါ၏။

အရီတော့ ဘဝက ဖန်တီးလာသည့် အတိုင်းပင် အရှိုကိုယ်ကိုဟိုလူထက်ထဲ ဝကွက်၍အပ်ရတော့မည်။ ဝမ်းမနည်းပါနဲ့ ကိုကြီးရာအရီ့ကုသိုလ်ပေါ့။

ဒီမင်္ဂလာဆောင် ဆိုတာကို အစ်ကိုကြီးလာချင်လည်းလာ မလာချင်လည်းနေပါ။ နောက်နောင်ကိုတော့ အရီ့အိမ်ကိုစားအိမ်သောက်အိမ်ထားပြီး ဝင်ပါထွက်ပါ။ အစ်ကိုကြီး အလိုရှိသမျှ တတ်နိုင်သလောက် အကူအညီပေးပါမည်။ အစ်ကိုကြီးတို့ အိမ်သားအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ။

အစ်ကိုကြီးကို ရာသက်ပန်ချစ်မယ့် . . .

ညီမလေး အရီ

ဖိတ်စာနှင့် ဤစာတစ်တွဲတည်း ကျွန်တော့် ဆီလူကြုံနှင့် ရောက်လာပါသည်။

ကျွန်တော်ဖတ်ပြီး ရင်ဆို့သည်။ မျက်ရည်လည်လာသည်။





ကျွန်တော့်စိတ်ထဲ ဘယ်လိုခံစားရသည်ကို အထူးဖော်ပြစရာလိုတော့မည် မထင်ပါ။ မိမိ၏နှမရင်းချာကိုကိုယ်က မနှစ်သက်ဘဲ ညီမလေးကလည်း အလိုမတူဘဲ အတင်းပေးစားခြင်းခံရသော အစ်ကိုတစ်ယောက်၏ ခံစားမှုထက်ယုတ်လျော့လိမ့်မည် မဟုတ်ပါ။ ပိုကောင်း ပိုဦးမည်။ အကြောင်းမှာ ကျွန်တော်သည် အရီကလေးကို ညီမလေးလို ချစ်တာမျှမက တယ်ပြီး အသိဉာဏ်ကြီးတဲ့ မိန်းကလေးပါလားဟူ၍လည်း ကြည်ညိုနေသူဖြစ်ပါသည်။

ရုပ်ဆင်းအင်္ဂါလည်း ရက်ရက်စက်စက်လှပသည်။ သည်လို ရတနာကလေးမှ လူမသမာ အသက်ချင်းလည်းကွာလှသည့် မုဆိုးဖိုလက်ထဲရောက်ရသည်။ ငွေ၊ ငွေ၊ ငွေစကားပြောနေသော ခေတ်၌ ကြွေးနှင့် အသိမ်းခံရသည်။

ကျွန်တော်မခို၊ ကျွန်တော်မခို။

ကျွန်တော်၏ တစ်သက်တာတွင် စိတ်နှလုံး အထိခိုက်ဆုံးသော အကြောင်းအရာ တစ်ခုဖြစ်ဘိသည်။

သူတို့မင်္ဂလာဆောင်ကိုလည်းသွားရ ကောင်းမလား၊ မသွားရကောင်းမလား၊ ချီတုံ ချတုံနှင့် နောက်ဆုံးတွင် လယ်အလုပ်တွေကလည်း ပူလာသည် တစ်ကြောင်းကြောင့် မသွားဖြစ်တော့ချေ။

ကျွန်တော်ပို၍ ခံစားရသည်မှာ မင်္ဂလာဆောင်ပြီးသောညဖြစ်သည်။ ဟိုလူ ကိုအောင်ဝင်း(အဲဒီညမှာတော့ သူ့လင်ဖြစ်ပြီပေါ့ခင်ဗျာ)၏ ရုပ်ပုံသဏ္ဌာန်ပေါ်လာသည်။ အသက် ၃၅ နှင့် ၄၀ ကြား ကြီးမားကြမ်းတမ်းသော ကိုယ်ခန္ဓာရှိသည်။ အသားညိုညစ်သည်။ မျက်နှာတွင် ဝက်ခြံ မှဲ့ခြောက်ထူပြော၍ အဖုအပိစ်များသည်။ အရပ်ပုအိုက်၍ လည်ကုပ်တိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရွှင်ဖော်ရွေခြင်း ပြုမူသည်၏ နောက်ကွယ်၌ ရက်စက်ခက်ထရော်သော မျက်နှာရှိသည်။ လူထု၏ ရဲဘော်အရေခြုံကာ စားပြတိုက်ခြင်း ပြန်ဖမ်းပေးခြင်းဖြင့် စီးပွားစုခဲ့သူဖြစ်သည်။ သူ ကိုယ်ကိုင် သော်လည်းကောင်း၊ အမိန့်အာဏာနှင့်လည်းကောင်း၊ လူမည်မျှ သတ်ခဲ့သည်ကို ယမမင်း၏ ခုံရုံးကျမှ အတိအကျသိရပေမည်။

အစ်ရီ . . .

တစ်ခါသော် ကျွန်တော်သတိပြုခဲ့သည်။ သူလက်မောင်းပေါ် ပုရွက်ဆိတ်ကလေး တက်နေသည်ကို လက်နှင့်ပွတ်မချဘဲ မြေကြီးနှင့်ကပ်ကာ လေဖြင့်မှုတ်၍ မှုတ်၍ချသည်။ ခြင်ကိုမှ ရိုက်တတ်သူမဟုတ်ချေ။

ဟိုညက ဟိုနွားကလေးကိုသူတို့အိမ်အောက် ယူအိပ်စေသည်ကို သတိရလာသည်။ သူကလေးနှင့် ကျွန်တော်နွားအိပ်ရာရအောင် ဟိုသင်း သည်သင်းတွေ ရွှေ့ပြောင်းခဲ့ရပုံတွေ မျက်စိထဲမြင်ယောင်လာသည်။

သူကျွန်တော့်ကိုဘိုင်စကယ်စီး သင်ပေးသည်။ စာအုပ်တွေ ဖတ်ခိုင်းသည်။ နိုင်ငံရေးနှင့်တောသူ တောင်သားတွေ သနားစရာကောင်းကြောင်းများ ပြောခဲ့သည်။

တစ်ခါတရံ၌ သူနှင့်ကျွန်တော်ရယ်မောစရာများ အပြန်အလှန်ပြောခဲ့သည်။ သူရေတွင်းနံဘေး မြက်ခင်းပေါ်၌ တင်ပျဉ်ခွေကြီးထိုင်ကာ ပေါင်နှစ်လုံးပေါ် တံတောင်ဆစ်တင်၍ လက်ဖဝါးနှစ်ခုထဲ မေးစေ့ထည့်ကာ လောကကြီးမှာ တွေးစရာချည်းပေါ့ကိုကြီးရယ် ဆိုသံကလေးကို ကျွန်တော့်နားထဲ ကြားယောင်လာသည်။





ထို့ကြောင့် ထိုည၌ကျွန်တော် တော်တော်နှင့် အိပ်မပျော်နိုင်။ သန်းခေါင်ကျော်လောက် ကျမှသာနေ့တွင် နွားနှင့် ဖက်ရုန်းခဲ့ရသော ခန္ဓာကိုယ်၏ဆန္ဒကို မလွန်ဆန်နိုင်၍ အတွေးအဆွေးက ပျောက်သွားသေည်။ ဤသည် အိပ်မက်ထဲတွင် သူကလေးအတွက် ဖမ်းချုပ်မရသော သောကဝေဒနာကို ခံစားရသေးသည်။

နံနက်မိုးသောက်၍ ကျွန်တော် အိပ်ရာမှ နိုးလတ်သော် ချက်ချင်းသူကလေးကိုပဲ သတိရ၍ ဟင်းခနဲ သက်ပြင်းကြီး ချလိုက်လေသည်။

ဘာတတ်နိုင်မည်နည်း။

ဘာတတ်နိုင်တော့သနည်း။

သို့သော် . . . သို့သော် . . .

လူ့ကိုသည် ဆန်းကြယ်၏။ လောက၌ အမှန်တရားသည် ရှိ၏။

*



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်သိမ်း

'ဘယ်အချိန်လဲဟင်၊ အရီတို့အိပ်ရာဝင်ပြီးတော့မှ လား'

'အစ်ကိုကြီးမေးတာ အရီနားလည်ပါတယ်၊ အရီ့ကိုယ်ကို သူလက်ဖျားနဲ့မှ မထိရသေးဘူး'

'အမယ်လေး . . . ဝမ်းသာလိုက်တာ အရီရယ်၊ ဝမ်းသာလိုက်တာ၊ ယေရှုခရစ်တွေလိုပြောရရင် ဘုရားစီမံတာပေါ့၊ ဘယ်သူတွေများပါလိမ့်၊ မနက်ကျတော့ ဝင်းထရံမှာ စာတွေ့သေးဆို၊ အဲဒီစာ ဂါတ်ကိုယူသွားရောလား'

'အရီ ကူးယူထားလိုက်သေးတယ်၊ ဟောဒီမှာ'





အများသိစေရန်

သစ္စာဖောက် အောင်ဝင်းကို ငါတို့စီရင်သည်၊ တလောက တော်လှန်ရေးသမား အရေကိုခြုံကာ လက်နက်ကိုင် နောက်လိုက်လူစုနှင့် စားပြတိုက် ပြန်ပေးဆွဲနှင့် စီးပွားစုခဲ့သည်ကို အများတကာ သိကြသည်မဟုတ်လား။

ဖဆပလ အစိုးရအောက် လက်နက်ချဝင်သည်နှင့် သူ့ ပြစ်မှုတွေ ငြိမ်းအေးပြီဟု သူထင်နေသည်။ ငါတို့ကား ဤသစ္စာဖောက်မျိုးတွေကို (အနေးနှင့်အမြန်) စီရင်ရန် တာဝန်ယူထားပေရာ၊ ယခုမူ သူသည် သူနှင့်မထိုက်တန်သော အမျိုးသမီးကလေးကိုပင် ငွေနှင့်ပေါက်၍ ယူသည်ဖြစ်သောကြောင့် အချိန်မီ စီရင်လိုက်ရတော့ကြောင်း။

ကမ္ဘာတွင်သစ္စာဖောက်တွေ ကွယ်ပျောက်ရမည်။
အရေးတော်ပုံ အောင်ရမည်။

လူထုရဲဘော်များ

ကျွန်တော်သည် ဤစာကိုကျေကျေနပ်နပ်ကြီးဖတ်ပြီး . . .

'ပုလိပ်က အမှုလိုက်သေးလား . . . ဟင်'

'ထုံးစံအတိုင်း အမှုဖွင့်တာပေါ့'

'သူပစ်သတ်တော့ အိမ်ထဲမှာလား၊ အိမ်ပြင်မှာလား'

'အိမ်ပြင်မှာ၊ သူဧည့်သည်တွေလိုက်ပို့ပြီး နှုတ်ဆက်နေတုန်း ဟိုက မှောင်ရိပ်က ဂျစ်ကားနဲ့စောင့်နေတာပဲ၊ ဒိုင်းခနဲ တစ်ချက်တည်း ပစ်ပြီး မောင်းပြေးတာပဲ'

'ကောင်းလိုက်တာ အရီရာ၊ မသာတွေ အမျိုးမျိုးကြုံရပြီ၊ ဒီမသာ ငါဝမ်းအသာဆုံးပဲ၊ မသာချရင်တော့ လိုက်ပို့ဦးမှပဲ အရီကော



www.burmeseclassic.com

www.burmeseclassic.com



ငိုချင်ယောင်ကလေး ဘာလေး ဆောင်ဦးမလား'

'ဘာလို့ဆောင်ရမလဲ ကိုကြီးရာ'

'မျက်ခမ်း ကြက်သွန်လေးဘာလေးတိုက်ပြီး နည်းနည်းပါးပါးတော့ လုပ်ဦးလေ၊ တော်ကြာသူ့ဘက်ကဆွေမျိုးတွေက ပြောနေဦးမယ်'

'ခုပဲ ပြောနေကြပြီ'

'ဘယ်လိုပြောကြသလဲ၊ မငိုကောင်းလားတဲ့'

'မဟုတ်ဘူး၊ အရီရဲ့ ရဲဘော်တွေကိုခေါ်ပြီး သတ်ခိုင်းတာ တဲ့'

'ဟုတ်များကော ဟုတ်လားကွာ'

'မဟုတ်ရပါဘူးကိုကြီးရာ။ အရီစိတ်ထဲမှာကလေ အခြေအနေက ဖန်တီးလာတဲ့အတိုင်းပဲဆိုပြီး သူ့အပေါ် ဘယ်လိုမှ မစွဲရိုးစိတ်မရှိတော့ပါဘူး၊ ကိုယ်လင်ရယ်လို့ဖြစ်လာမှ ဟိုတုန်းက ဘယ်လိုပဲဆိုးခဲ့ဆိုးခဲ့ကိုယ့်လက်ထဲမှာ လူကောင်းဖြစ်အောင် ပြုပြင်တော့မယ်လို့ စေတနာထားရိုးအမှန်ပါ၊ အရီကျမ်းကျိန်ပြောရဲပါတယ်'

'မကျိန်ပါနဲ့အရီရာ၊ ကိုကြီးကတော့ ယုံပါတယ်'

'အဲဒါလေ သူ့ဘက်က ဆွေမျိုးတွေက အရီက ပစ္စည်းလိုချင်လို့ လက်ထပ်ပြီးရုံသက်သက်ကလေး လုပ်တာတဲ့၊ အရီ စိတ်ပေါက်ပေါက်ရှိပြီး ဒီလို မသမာတဲ့နည်းနဲ့ ရခဲ့တဲ့ ပစ္စည်းတွေ ဘာလုပ်ဖို့လဲဆိုပြီး တစ်ရွေးမကျန် ပြန်ပေးပစ်လိုက်မယ်လို့ စိတ်ကူးပါသေးတယ်၊ နောက် စဉ်းစားလိုက်တော့ ဒီပစ္စည်းတွေဟာ တကယ်တော့ လူထုရဲ့ပစ္စည်းပဲ၊ သူ့မိဘပြန်ပေးလိုက်လို့ ဘယ်တရားနည်းလမ်းတွေမလဲ၊ လူထုပစ္စည်းဟာ လူထုဆီ အကျိုးရှိတဲ့နည်းနဲ့ ပြန်ရောက်မှသာ အမှန်တရားဖြစ်တော့မယ်လို့ ဆုံးဖြတ်ချက် ချလိုက်တယ်။ အရီ





ဒီပစ္စည်းတွေနဲ့ ဘာက စလုပ်မယ်ဆိုတာ အစ်ကိုကြီးကြည့်၊ နောက်လဲ ဆင်းရဲသားတွေအတွက် သုံးမှာပဲ'

*

လူထုသွားတိုက်ကြလော့

'လာကြ . . . လာကြ . . . လာပါယူပါ အလကား ပလာတာ၊ စမူဆာဝယ်စား၊ လာကြ လာကြ တစ်ယောက်စီလာ အရမ်းမတိုးကြနဲ့ တစ်ရွာလုံး သွားရှိသူမှန်သမျှ တစ်ယောက်မကျန်ရမှာပဲ၊ ဖြည်းဖြည်း ဖြည်းဖြည်း၊ ဟေး . . . မှိုနီရိုး အရမ်းမတိုးနဲ့၊ ရော့ . . . မဂျမ်းဘုံကြီး ရော့ သမီးတော်ဖွတ်ကြီးနင်တကယ်သွားတိုက်နော်၊ ဒီသွားပွတ်တံမှာ ချည်ထားတဲ့ ပိုက်ဆံယူပြီး လွှတ်ပစ်ဖို့ မဟုတ်ဘူး'

အကြောင်းမှာ သူဌေးမလေး မရွှေရီက သွားပွတ်တံတစ်ခုငွေတစ်ကျပ်စီချည်၍ ရွာလုံးကျွတ်စေသည်။ ကျွန်တော့်အိမ်ရှေ့မှာ ဝါးလုံးတန်းနှစ်ခုစိုက်၍ တစ်ယောက်စီဝင်ပြီးယူစေသည်။ ကျွန်တော်က ဤတံခါးလယ်မှ အခန့်သားထိုင်ကာ သွားပွတ်တံတွေ တောင်းကြီးထဲထည့်၍ ဝေငှနေသည်။

မရွှေရီ အပျိုချောကတော့ ကျွန်တော့်အိမ်ရှေ့ဝရန်တာမှာ ကျွန်တော့် မယားနှင့်သားကလေးတွေနှင့်အတူ ထိုင်လို့၊ လာကြတဲ့ လူတွေကို အားရနှစ်သိမ့်စွာ ကြည့်နေသည်။ ကျွန်တော်ခဏခဏ သူ့ကို လှည့်၍ လှည့်၍ ကြည့်သည်။

တောက် . . . လှကိုလှတဲ့ ကောင်မလေး။

အောင်မာ . . . သည်လိုပြင်လိုက် ဆင်လိုက်တော့ ကျွန်တော့် အုံမာဒါနီမင်္ဂလာမြိုင်ကြီးကလဲ မခေပါဘူးဗျ၊ ဟင်း . . . သနပ်ခါး ဘဲကျားနဲ့ စံပယ်ပန်းတွေပန်လို့၊

www.burmeseclassic.com



ကျွန်တော့်သားလေးတွေဆိုလဲ ဝတ်စားထားလိုက်တာ အနိုင်ဗျ။ မရွှေရီကဝယ်ပေးတာ နေဗီဆုဆိုလား၊ ဆေးလားဆု ဆိုလား ရေတပ်မတော်သား အဝတ်တဲ့ဗျာ။

'ယူ . . . ယူ . . . ယူ . . . ယူပြီး သွားတိုက်ကြနော်၊ သွားတိုက်ကြဆိုလို့လဲ စားပြုတိုက်ခိုင်းတယ် မအောက်မေ့ကြနဲ့ဦး၊ မီးသွေးနဲ့ ဆားနဲ့ထောင်းပြီး ဒီသွားပွတ်တံနဲ့ ပါးစပ်ထဲက သွားကိုတိုက်ဖို့ ပြောတာ၊ ခင်ဗျားတို့ဟာ နွားတော့ သွားဖြဲကြည့်ကြပြီးတော့ ကိုယ့်သွားတော့ ကိုယ်ဂရုမစိုက်ကြဘူးတဲ့၊ သူဌေးမလေးက ပြောတယ် မဟုတ်လား'

အကြောင်းမှာ အရီသည် သူတို့အား သွားတိုက်ဖို့တရားကို ပြောပြီးလေပြီ။

'အင်း . . . လူထုတစ်ဝက် မကျသေးဘူး၊ ပေးရတာ လက်ညောင်းလှပြီ၊ လာကြ . . . ယူကြ၊ အောင်မာ . . . မရွှေကလေးက နင့်ကလေးပါပေးရအောင် ကလေးသွားပေါက်ပလား၊ မှန်းစမ်း အဲ အဲ နှစ်ချောင်းပေါက်နေပြီ ရော့ . . . ရော့၊ ဟိုး . . . ဟိုး ဒီအဘွား ကြီးက ခင်ဗျာ့သွားရှိသေးလို့လား၊ မှန်း ပါးစပ်ဟ စမ်းပါဦး'

'ဟဲ့ . . . သုံးလေးချောင်း ရှိပါသေးတယ်၊ စောက်တစ်ကောင်ရဲ့ ပေးပါဟ'

'ဟင်း . . . မျက်ခုံးမွေးတော့ မဆွဲနဲ့နော်၊ ရော့ . . . လာ လာ ဖေါ်ဇာနု၊ ကွမ်းစားတဲ့ခင်ဗျားသွားမဟူရာကြီးတွေ တိုက်စမ်း အောင်မာ . . . နောက်က စုံထောက်ကြီး ဦးဂန်ဂျားကြီးကို၊ ရှော့ ဟာ ဘကြီးဖက်ထုပ် ခင်ဗျားက နှစ်ပတ်ပြန်ကျော့တာ ထင်တယ်'

'မဟုတ်ရပါဘူး တာက်ပုရာ'





'လာ . . . မဖွားသက်ကလေးရော့၊ မမြစ်ကလေး . . . ဝိုလ်ခိုကို ညနေ ထန်းရည်ကောင်းကောင်းထဲက ထားလိုက်လို့ပြော လိုက်စမ်းဗျာ၊ အောင်မာ အရိုးချစ်စုက ဘယ့်နှယ်ဆွေမျိုးရယ်လို့ နှစ်ချောင်းပေးရမလဲဗျ၊ ဂတိမလိုက်စားရဘူးတဲ့၊ နောက်မှ အိမ် တိတ်တိတ်လာခဲ့ရောပေါ့၊ ဒါတွေ ပိုဦးမှာ ဘာဖြစ်လို့လဲဆို ကျွန်တော် သူဌေးမလေးကို ရွာမှာ ရှိတဲ့ လူဦးရေထက် ပိုပြောထားတာ၊ ဟဲ ဟဲ . . . ပန်းစုံ နင့်တော့ ငါပိုပေးချင်သားဟယ်'

အမယ်လေး၊ပြောရင်းဆိုရင်း နောက်ပြန်လှည့်လိုက်ရသည်။

ကျွန်တော့်မိန်းမ၏ မျက်စောင်း။

အရီကလေး၏ အပြုံး။

ဟစ်တလုံးလက်ထဲက စားဆိုးမ။

'ကိုလေးတက်ပုပေးပါဗျ၊ ဘယ့်နှယ် နောက်ပြန် ကြည့်နေ တာတုန်း'

'အောင်မာ . . . ခွေးမသား အင်ဖူး၊ ပန်းစုံနောက်က ကပ်ပါ လာတာကိုး၊ ရှော့ . . . မအေပေး ကြက်သူခိုး၊ တစ်နေ့တော့ နင့်ကြက် ငါရအောင် ပြန်ခိုးမယ် မှတ်ထား'

ဤတွင် 'ဘွဲ့နှောကြက်သူခိုး' ဝတ္ထုကြီး ပြီးပါပြီ ခင်ဗျား။ သိပ်ကောင်းတာပဲနော်. . .။ ။

သော်တာဆွေ

၁၉၅၃ ခုနှစ်



BURMESE CLASSIC .com

www.burmeseclassic.com